http://www.dhammadownload.com



ပဒုမ္မာ

ပဒုမ္မာချနည်း-နိဿယည်း

ခေါ်

သုတ်သီလက္ခန် အဋ္ဌကထာ

နိဿယသစ်

(ပထမအုပ်)

ပဒုမ္မာမြို့၊ မဟာဝိသုတာရာမတိုက်ကြီး၏

ဂဏ မဟာ ဝိနာယက ဆရာတော်

အဂ္ဂမဟာပဏ္ဍိတ

အသျှင်နန္ဒဝံသ မဟာထေရ်

စီရင်တော်မူသည်

(စတုတ္ထအကြိမ်)

ကောဏာသက္ကရာဇ် ၁၃၇၉ ခု

http://www.dhammadownload.com





ဗုဒ္ဓ– ဓမ္မ– သံဃ – လောက အသင်းကြီး မှ

လှူဒါန်းပါသည်။



http://www.dhammadownload.com

ပခုက္ကူမှူ
ပခုက္ကူချုနည်း-နိဿယည်း
ခေါ်

သုတ်သီလကွန်အဋ္ဌကထာ

နိဿယသစ်

(ပထမအုပ်)

ပခုက္ကူမြို့ - မဟာဝိသုတာရာမတိုက်ကြီး၏
ဂဏ မဟာ ဝိနာယက ဆရာတော်
အဂ္ဂမဟာပဏ္ဍိတ
အသျှင် နန္ဒဝံသ မဟာထေရ်
စီရင်တော်မူသည်

(စတုတ္ထအကြိမ်)

ကောဇာသက္ကရာဇ် ၁၃၅၉ ခု၊

http://www.dhammadownload.com

ပုံနှိပ်ခြင်း

ပထမအကြိမ် (၅၀၀)

ထုတ်ဝေခြင်း

ဇန်နဝါရီ၊ ၂၀၁၈

တန်ဖိုး

(ဓမ္မဒါန)

ဦးကျော်ကျော်ဝေ၊ ရွှေစိမ်းစာပေ (၀၀၀၄၇)၊
အမှတ် ၄၃၊ ၄ လမ်း၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့က ထုတ်ဝေ၍
ဦးမျိုးညွှန့် (၀၀၄၃၀)၊ စာပေလောက ပုံနှိပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံးနှင့် အတွင်းစာသားများ ပုံနှိပ်သည်။

http://www.dhammadownload.com


ဥယျောနေကထာစာလွှာ

ပခုက္ကူမြို့ မဟာဝိသုတာရာမ ကျောင်းတိုက်ကြီး၏ ဂဏမဟာဝိနာယက ဆရာတော်အသျှင် နန္ဒဝံသမဟာထေရ် ရေးသားစီရင်တော်မူသည့် သုတ်သီလက္ခန် အဋ္ဌကထာ နိဿယသစ် ပထမအုပ် ကျမ်းစာကို ပြန်လည်ရိုက်နှိပ်လျှုဒါန်းခွင့် ပေးတော်မူသည့် ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက် မဟာနာယက ဆရာတော်ကြီး နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစာရ မဟာ ထေရ်ကို လည်းကောင်း ကျမ်းစာအုပ်ရိုက်နှိပ်ရာတွင် စာမူများကို အမှားအယွင်းနည်းအောင် ကြီးကြပ်ပြင်ဆင်ပေးပါသော တိုက်အုပ်ဆရာတော် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သောဘနမဟာထရ်နှင့် တိုက်အုပ်၊ စာချဆရာတော်များကို လည်းကောင်း ကျမ်းစာအုပ် ရိုက်နှိပ်လျှုဒါန်းရန် စတင်ခွင့်ပန် လျှောက်ထားခဲ့ချိန်မှ ကျမ်းစာအုပ် ရိုက်နှိပ်ပြီးစီးသည့်အခါချိန်ထိ အစစအရာရာ အလုံးစုံ တာဝန်ယူ ကူညီဆောင်ရွက်ပေးပါသော ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဝိသုတာရုံ ဓမ္မဗိမာန် (ပခုက္ကူ) ကျောင်းတိုက် တိုက်အုပ်ဘုန်းကြီး ဘဒ္ဒန္တ ဓမ္မပိယထေရ်ကို လည်းကောင်း တပည့်တော်များ ဗုဒ္ဓ - ဓမ္မ - သံဃ - လောကအသင်းကြီး၏ အမှုဆောင်များက အထူးပင် ကျေးဇူးတင် ဝမ်းမြောက် ဂုဏ်ယူပါသည်ဘုရား။

တပည့်တော်များ၏ ဗုဒ္ဓ - ဓမ္မ - သံဃ - လောက အသင်းကြီးသည် သာသနာတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့် သာသနာ့ဓဇ ဓမ္မစရိယ စာချတန်းဖြေဆိုကြမည့် ရဟန်းသာမဏေများ သီလရှင် ဆရာကြီး ဆရာလေးများ လူပုဂ္ဂိုလ်များစွာအတွက် အထောက်အပံ့ဖြစ်သည့် သုတ်သီလက္ခန် အဋ္ဌကထာ နဿယသစ် ကျမ်းစာကို ရိုက်နှိပ်လျှုဒါန်း ပူဇော်ခွင့်ရသည့်အတွက် ကုသိုလ်စိတ် အစဉ်ဖြစ်ပွားလျှက် နှစ်စဉ်လည်း မြန်မာနိုင်ငံအရပ်ရပ်ရှိ ထင်ရှားကြော်ကြားဆရာတော်ကြီးများ ရေးသားပြုစုခဲ့သည့် ကျမ်းစာများကို အလျဉ်းသင့်သလို ရိုက်နှိပ် လျှုဒါန်းသွားပါမည်။ ရိုးသေစွာ လျှောက်ထားပါသည် ဘုရား။

ဗုဒ္ဓ-ဓမ္မ-သံဃ လောကအသင်းကြီး

http://www.dhammadownload.com



အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဥဒ္ဒဝံသ

http://www.dhammadownload.com

သာသနသမ္ဘတ္တိပကာသနတ္ထမိဒံ-နိဒါန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဓမ္မိဿရ ဓမ္မသာမိ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဓမ္မဂမ္ဘီရတာ ပစ္စဝေက္ခဏာဇော ကြောင့် အပ္ပေါသုက္က ကြောင့်ကြမဝင် နေတော်မူစဉ်အခိုက်၌ သောင်းတိုက် စကြဝဠာ ဗြဟ္မာ အပေါင်း ခွင့်တောင်းခြင်းဟူသော ဗာဟီရသမုဋ္ဌာန်နှင့်တကွ လေးတန်သော ဝဲသြဃ ဝဋ္ဋဒုက္ခ ပင်လယ်၌ ပေါ်ယယ်အစုပ် နစ်မြုပ်သမျှ ဝနေယျတို့ကို သဒ္ဓမ္မဒေသနာ ဉာဏ်ပညာ လက်ကမ်း၍ ဘက်ကမ်းကုန်းပြင် ကျူးရှင်သကဲ့သို့ ဆွဲတင်ကယ်ယူတော်မူခြင်းငှာ အစ္ဆရိယတ္တသမုဋ္ဌာန အသာဓာရဏ မဟာကရုဏာတော် နှိုးဆော်တိုက်တွန်းခြင်းကို အရင်းမူလ အခြေခံပဘဝပြုတော်မူ၍ ဒေသေတဗ္ဗ ဓမ္မတပွကာရ ဝနေယျဇ္ဈာသယတို့ကို ကျုံ့နုပိုင်ပိုင် သိစွမ်းနိုင်သော သဗ္ဗညုတ ဉာဏ်တော်အရှင် ဖြစ်တော်မူသည်နှင့် လျော်ညီစွာ ဌာနာဌာန ကောသလ္လ စသော ဗလဉာဏ်တော် အဖော်သဟဲ ရဲမက်အပေါင်းတို့နှင့်တကွ ဝနေယျအကြိုက်စရိုက်နှင့် သင့်လျော်သော ဟောဖော်မြွက်ကြား ထား တော်မူခဲ့သော ဒေသနာတော်တို့တွင် ဒီဃနိကာယ ပါဝစန အစဉ်သည်ကား-

နာနာနယနိပုဏ အတိသဏှ အတိသုခုမ-ဖြစ်၍ သိမ်မွေ့နက်နဲ ခက်ခဲဆန်းကြယ်လှပေ၏။

ဝိညူပသတ္ထ ဒုဒ္ဒသ ဒုရနုဗောဓ-ဖြစ်လောက်အောင် ဗျူဟနရသ၊ အတ္တရသတို့၏ အစွမ်း အားဖြင့် သာယာကောင်းမြတ် နှစ်သက်အပ်သော အဆင်တန်ဆာ အလင်္ကာလည်း ရှိပေ၏။

ဣဒ္ဓိအာဒေသနာ အနုသာသနီ-တည်းဟူသော တန်ခိုးဂုဏ်တို့ဖြင့် မွမ်းထုံဖန်တီး ပြီးစေ အပ်သည်သာမက ဓမ္မ, အတ္ထ, ဒေသနာ, ပဋိဝေဓ ဟူသော အကြောင်းလေးချက် အခက် လေးသွယ်ဖြင့် သမုဒ္ဒရာအလယ် ယုန်ငယ်တရုတည် ထောက်တည်ရာမရ ပရမဂမ္ဘီရကြီးလည်း ဖြစ်ပေ၏။

ဓမ္မသာမိစင်စစ် ပိုင်ရှင်ကြီးဖြစ်တော်မူသော ဒေသက ဘုရားရှင် နိဗ္ဗာန်ဝင်တော်မူပြီးရာ ကာလ ပထမသင်္ဂါယနာပွဲကြီး ငြာတော်မူစဉ်၌ သံဃတ္ထေရ ဂဏပါမောက္ခ သံဃဉ်စီးပွဲမှူးကြီး ဖြစ်တော်မူသော အရှင်မဟာကဿပနှင့်တကွ ပထမသင်္ဂါယနာဝင် အရှင်သံဃာ

http://www.dhammadownload.com

ထေရ်ငါးရာတို့သည် ဒေသနာအဝှန့် ကျယ်ပြန့်ရှည်လျားများသော စကားအစဉ်ရှိသော ဤသည့် ဒီဃနိကာယ ပါဝစန အစဉ်သည် သာမန်ပုဂ္ဂိုလ်တို့ ရွက်ဆောင်ထိန်းသိမ်းခြင်းငှာ စွမ်းနိုင်မည် မဟုတ်ချေ။ ဗဟုသုတ, သတိမန္တ, ဂတိမန္တ, ဓိတိမန္တ-ဖြစ်၍ အတ္ထဓမ္မ ဗျဉ္ဇနနိရုတ္တိ ပုဗ္ဗာပရ ကုသလဖြစ်သော ဓမ္မဘဏ္ဍာဂါရိက **'အရှင်အာနန္ဒာ'** သည်သာ ရွက်ဆောင် ထိန်းသိမ်းလျက် သာသနာအခွန့် အရှည်ကွန့်အောင် ဖွဲ့ဖြိုးတိုးတက်စေလိမ့်မည်ဟု ကြံစည်ဆုံးဖြတ်၍ **'အာဝုသော ဣမံတုယ္ဟံ နိဿီတကေဝါစေဟိ'** ဟူသော အမိန့်တော်ဖြင့် ပေးအပ်ဆောင်နှင်း လွှဲပုံခြင်းကို ပြုလျက် အရှင်အာနန္ဒာ၏ သိဿာနုသိဿသာဝက အဆက်ဆက် ဆောင်ရွက်မပြတ် သင်မှတ်လေ့လာ ကောင်းစွာ စောင့်ရှောက်ခဲ့သော ဒေသနာပန်းခိုင် တန်ဆောင်တိုင်ကြီးလည်း ဖြစ်ပေ၏။

ထိုသည့် ဒေသနာ တန်ဆောင်တိုင်ကြီးသည်ကား-သင်္ဂီယနာ အဆက်ဆက်အားဖြင့် ထွန်းတက်တောက်ပြောင် အရောင်လင်းလျက် ရှိသော်လည်း မာဂဓိက မာဂဓဆေက မာဂဓကုသလ လောကကြီး အတွင်း၌သာလျှင် အစွမ်းရှိသလောက် ထွန်းတောက် ထိန်လင်းလျက် ရှိခဲ့ပေသည်။ ဘာသန္တရိက အညဝေါဟာရိက မြန်မာ့လောကကြီး အတွင်း၌မူကား စွမ်းအားရှိသမျှ တောက်ပ ထွန်းလင်းခြင်းငှာ မစွမ်းနိုင်ခဲ့ချေ။

အကြောင်းမူကား ထိုသည့် မာဂဓဘာသာ သညာအမှတ်ဖြင့် ပညတ်အစဉ် တင်အပ်ပြီးသော ဒီဃနိကာယ်ပါဠိတော် အဋ္ဌကထာတို့၏ မှီရာအတ္ထ မြန်မာပြန် နိဿယများသည် ဤမြန်မာ့ဝေါဟာရ လောကအတွင်း၌ ထင်လင်းစွာ ရှိပေလင့်ကစား ရှေးဟောင်းဝေါဟာရ ပေါရာဏအသုံး စကားလုံးတို့နှင့် ရောပြွမ်းလျက် ရှိရုံမျှမက အလွန်ကျဉ်းမြောင်းလျက် အနက်အဓိပ္ပာယ် ဝှက်ကွယ်တိမ်မြုပ်လျက် ရှိခဲ့ချေသည်။

အကျယ်တဝင့် ထပ်ဆင့်ဖော်ပြရလျှင် သက္ကရာဇ် ၆၈၇ ခုနှစ်၊ ပုဂံမြို့တွင် နန်းတက်သော စောမွန်နှစ်မင်းညီတော် ရာဇသူ မြောက်သားတော်-စောမြတ်လှတို့မှ မွေးဖွားသူ ညောင်ရမ်း သာဂရနှစ်မြို့စား-ဂုဏ္ဍန္တရာဇ် မင်းသားက ပုဂံမြို့တွင် ရွှေကျောင်းကြီး ဆောက်လုပ်ကိုးကွယ်သည့် ဆရာတော် **"အရှင်ဂုဏဝင်္သကထေရ်"** သည် ရှေးဦးစွာ စီရင်အပ်သော ဒီဃနိကာယပါဠိ-အဋ္ဌကထာ မှီရာနိဿယတို့သည်လည်းကောင်း။

သက္ကရာဇ် ၁၀၇၆ ခု၊ ရတနာပုရ၊ အင်းဝမြို့တော်တွင် နန်းတက်သော လေးကျွန်းမာရ်အောင်, ဇေယျမာရ်အောင်, မင်္ဂလာမာရ်အောင်, လောကမာရ်အောင် စေတီတော် ဒါယကာ **"သိရိပဝရမဟာဓမ္မရာဇာဓိပတိ"** တံဆိပ်နာမံ ခံယူတော်မူသော မှန်နန်းဆင်ဖြူရှင် တနင်္ဂနွေမင်းတရားလက်ထက် ပုခမ်းကြီးမြို့စီရင်စု နေရင်းရွာဇာတိ မဏိရတနာတိုက်နေ **"အရှင်အရိယာလင်္ကာရဓေရ်"** တတိယ အကြိမ် စီရင်အပ်သော ထိုနိကာယ်၏ မှီရာအတ္ထ နိဿယတို့သည်လည်းကောင်း၊ ပေါရာဏိက သကဘာသာ ကုသလ မြန်မာ့လောကကြီးကိုသာ ထိန်ညီးတောက်ပြောင် အရောင်လင်းစေနိုင်ခဲ့ပေသည်။ ထိုခေတ်ထိုအခါ ထိုမြန်မာလောကသားတို့သည် ထိုဘာသာဝေါဟာရ မြန်မာ့အခေါ်အသုံး ထိုရေးထုံးတို့ဖြင့် အကျဉ်းချုံး၍ပြအပ်သော ထိုသည့်မှီရာ အတ္ထနိဿယများကို အားရနှစ်သက် ကျေနပ်လျက် ရှိခဲ့ကြရလေသည်။

http://www.dhammadownload.com

သို့ရာတွင် အာဓုနိက သကဘာသာ ကုသလ မြန်မာလောကသားတို့အလယ်၌ အဓိပ္ပာယ် ကျဉ်းမြောင်းခြင်းနှင့် ရှေးဟောင်းအသုံး ရေးထုံးဝေါဟာရတည်းဟူသော မောဟမှောင်ကြီး ပိတ် ဆီးကွယ်ထောင့် မရောင့်ရဲနိုင် အသိ မပိုင်အောင် ရှိစေခဲ့လေသည်။

ထိုသည့် အခြင်းအရာ လက္ခဏာတို့ကို ကောင်းစွာ ကြံသိ ကရဏာရှိတော်မူလှသော သက္ကရာဇ် ၁၂၄၄ ခု၊ နတ်တော်လဆန်း ၂ ရက်၊ စနေနေ့ ညနေ သုံးချက်တီးအချိန်တွင် မြင်းခြံဒီစတြိတ် ပုဂံ မြို့နယ်၊ ဆင်သားမွေးရွာ **"ဦးအိုး၊ ဒေါ်ဖိုး"** ဟူသော မယ်တော်ခမည်းတော်တို့မှ ဖွားမြင်တော်မူသော သာသနာတော် ပြန့်ပွားရေးကို ရှေးရှုသော စိတ်နလုံးတော်ဖြင့် ညောင်ဦးမြို့ ညောင်တုံး မြို့တို့၌ ပရိယတ္တိ ဓမ္မသာသနာ့ရောင်ခြည် လှည့်လည်ဖြန့်ခင်း၍ စာပွဲကျင်းတော်မူခဲ့ခြင်းကို အရင်း ပြုလျက် **"ညောင်ဦးဆရာတော်၊ ညောင်တုံးဆရာတော်"** ဟု ကျော်စောထင်ရှားတော်မူသော ဤ မြန်မာနိုင်ငံတော် မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး၏ ဂဏမဟာဝိနာယက၊ ပခုက္ကူ မြို့ **"မဟာဝိသုတာရာမတိုက် သံဃနာယက၊ အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်ရ **"အရှင်နန္ဒဝံသမဟာထေရ်"** အရှင်သူမြတ်သည် အရှင်မဟာကဿပ အရင်းစံခဲ့သော ထေရဝံသ အဆက်ဆက်မှ ဆင်းသက် စပ်သွယ် အလွန်စင်ကြယ်သည့် အနွယ်ဝံသရှိသော မင်းအို သာသနာပိုင်, သဲအင်း သာသနာပိုင်, နတ်ရဲတောင် သာသနာပိုင်-ပခုက္ကူမြို့ **"မဟာဝိသုတာရာမ အာဒိမာမက အရှင်ဂန္ဓသာရ-ရေစကြိုဆရာတော်"** ဟူသော သာသနပါလက ထေရဝံသပတိဋ္ဌာပက အာစရိယ အဆက်ဆက်မှ အစဉ်မပျက် ဆောင်ရွက်မှတ်သားခဲ့သော အာဂမတန္တိ ပဝေဏီလက်သုံး ထုံးဥပဒေသ နယမုဒ္ဒါ လက်ကိုင်တော် ရှိသည်နှင့်အညီ-

ထို ဒီဃနိကာယ်၌ ရှည်သွယ်ပြန့်ပြော သဘောသရုပ် တိမ်မြုပ်ကွယ်ဝှက် အသိခက် အောင် ထွေးယှက်သမျှ ဂဏ္ဌိဋ္ဌာန ပါဠိပဒေသတို့၌ သဘာဝယုတ္တိ အာဂုံဖြင့်ညှိလျက် တိတိ ပြတ်ပြတ် ဆုံးဖြတ်သုခ်သင်အပ်သော ဝိနိစ္ဆယ-မှတ်ချက်နှင့်တကွ ဝါကျနက်အတွင်း မငုပ် အောင် ဖော်ထုတ်နိုင်သမျှ ဓာတ္ထတ္ထ ပစ္စယတ္ထတို့ကို ဝိသေသနဟိတ်ပြလက္ခဏာ လျော်စွာ ထည့်သွင်း၍ လိုရင်းပိတ္ထတ္ထ ဝေါဟာရပညတ်-ပေါ်လွင်အောင် အဆုံးသတ်လျက် အစပ်သမ္မန္ဒ သင့်သမျှ အချက်ချက် ဝိကပ်နက်အဖုံဖုံ နည်းစုံအောင် စပ်ပြ၍ တစ်ဖက်ပြဖြစ်သော ဧက ပက္ခိက အပရာနုသန္ဓိက ဝါကျမျိုးတို့၌ ကေဝလပရိပုဏ္ဏ ဖြစ်စိမ့်သောဌာ ဂမျမာန ပုဗ္ဗာန သန္ဓိက ဝါကျကို ဖော်ခြင်း။

ဥပမာပြ အပရိပုဏ္ဏ ဝါကျတို့၌ ဥပမာန ဥပမေယျ နှိုင်းဆထောင့်ချင့် ရသင့်သမျှ ဆောင်ပြဖြည့်စွက် အနက်ယောဇနာခြင်း။

အန္ဓယပက္ခ၌ ဗျတိရေကကို ဗျတိရေကပက္ခ၌ အန္ဓယကို ဖော်ခြင်း။

ဝက်, ဂုဇ္ဇ, သမာသ ဝါကျတို့၌ ဥဇုက, ဥတ္တာန, ဗျာသတ္ထတို့ကို ဖော်ပြခြင်း။

ဝိဿဇ္ဇနာကို မျှော်ထောက်၍ ရောက်သင့်သော ပုစ္ဆာဝါကျ ခင်းခြင်း။

စောဒက ပရိဟာရက နှစ်ဝဓာဘော် ဟိတ်နှင့်လျော်အောင် ထုတ်ဖော်ကော်လှန်ခြင်း။

နိပါတ်ပုဒ်တို့၏ သရုပ်အနက် အချက်ချက်ကို ပြက်ပြက်လင်းလင်း နည်းသေခင်းလျက် စည်းမျဉ်းတကျ တစ်ဌာနတည်း၌ ဝါဒမျိုးစုံ စုပုံဖော်ပြလျက် နည်းသေရစေခြင်း။

http://www.dhammadownload.com

သံဝေဏ္ဏာတဗ္ဗ သံဝဏ္ဏနာ နှစ်ဖြာနှစ်ထပ် ဂဟေစပ်သကဲ့သို့ တစ်ထပ်တည်း ညီညွတ်စေခြင်း။

ဟေတုဥပမာန အန္တောနီတပြု၍ သခေါ်ပယောဇနာနည်း, တဗ္ဘဟိကရဏ ပုစ္ဆာဝါကျသွင်း၍ ဝိတ္ထာရယောဇနာနည်း, အတ္ထဝသဝိဘတ္တိ ဝိပရိဏာမပြု၍ အနုဝတ္တေတဗ္ဗ သပေက္ခပုဒ်တို့ကို ယထာရဟ- နောက်ဝါကျသို့ လိုက်၍ ပေါ်လွင်ထင်ရှားအောင် စပ်ပြခြင်း။

အာဓုနိက ခေတ်သုံးဝေါဟာရနှင့် ပေါရာဏိက ရှေးသုံး ဝေါဟာရတို့ကို တူကွယှဉ်စပ်ပရိယာယ် အထပ်ထပ်ပြု၍ ပေါ်လွင်ထင်ရှားစေခြင်း စသော အထူးထူးသော နည်းတို့ဖြင့် ဆန်းကြယ်လှစွာ **"ပခုဏ္ဏူခုန်းနိဿယညှိး"** တည်းဟူသော မိုးရှူးတန်ဆောင်ကြီးကို အာဓုနိက မြန်မာ့လောက စာချ စာသင် အရှင်အပေါင်းတည်းဟူသော တောင်ထိပ်တောင်ဦး၌ ကွန်မြူးထိန်ဝင်း ရောင်ခြည်လင်းလျက် မှောင်တွင်းခိုအောင်း သောတုနအပေါင်းတို့ကို နှစ်ထောင်းအားရ ဉာဏ်ရည်ဝ၍ ပိဋကတ်ပင်လယ် ငါးနိကာယ်ကို အလွယ်ပေါက်မြောက် ဘက်ကမ်းရောက်စေခြင်းငှာ ပါဠိအဋ္ဌကထာ ဋီကာအရပ်ရပ် နှံ့စပ်မွေနှောက် ရင်းဖျားလျှောက်၍ ချင့်ထောက်သုံးသပ် ဆုံးဖြတ်ဖော်ပြလျက် ဒီဃနိကာယ် ပါဠိတော်-အဋ္ဌကထာတို့၏ လျှို့ဝှက်ခဲကပ် အသိကျပ်သည့် ပုဒ်ပါဠိရှုပ်ထွေးအမြွေးအယှက်တို့ကို ပြက်ပြက်လင်းလင်း ပယ်ရှင်းသုခိသင် ပေါ်လွင်အောင် ပြနိုင်သော (သုမင်္ဂလဝိလာသိနီ-အတ္ထပကာသနီ) မည်သော ဤ **"ဒီဃနိကာယ်အဋ္ဌကထာနိဿယ"** ကျမ်းကို ကြိုးပမ်းအားထုတ် ပြုလုပ်စီရင်တော်မူသတည်း။

ဂန္ဆကာရမဟာထေရဿ
အန္တေဝါသိကော-ရတနသိဒ္ဓိဝိဟာရဝါသီ
နန္ဒိယတ္ထေရော။

သာသနာတော်နှစ်၊ ၂၄၉၇ ခု၊
မြန်မာသက္ကရာဇ် ၁၃၁၅ ခု၊

✣ ✣ ✣

http://www.dhammadownload.com

အထူး မှာထားချက်

ဤဒီဃနိကာယ သီလက္ခန္ဓ အဋ္ဌကထာ နိဿယသစ်ကို ကြည့်ရှုသုံးသပ်ကြကုန်သော ပုဂ္ဂိုလ်များသည် အချို့ အချို့ နေရာများ၌ အထူးသဖြင့် ကြိုးစား၍ သုဓံသင် ပြင်ဆင်ပါသော်လည်း လက်ရေးကော်ပီမူဖြင့် ပထမဦးစွာ ပုံနှိပ်ရိုက်ထုတ်ရခြင်း ဖြစ်၍ အနည်းငယ် မှားယွင်းချွတ်ချော်မှုများကို တွေ့ကြပေဦးမည် ဖြစ်ရကား **"ဝိလျှင်ဖျက် လိုလျှင်စွက်"** ဟူသော သဘောအရ သည်းခံ၍ ကြည့်ရှုသုံးသပ်ကာ လိုအပ်သော နည်းနာနယတို့ကို ရယူသုံးစားတော်မူကြပါရန် အကြောင်း။

http://www.dhammadownload.com

အာသီသပတ္ထနာကထာ

ဒေသကနှင့် ဒေသနာတော်ဂုဏ်

အောင်သူတကာတို့၏ ဇေယျာဘိ-ဇေယျူတ္တမ အနုတ္တရမုနိကူ သယမ္ဘူထွတ်ထား ပုဉ်းတော် အလွန်ကြီးမြတ်တော်မူသော သဗ္ဗညုတဉာဏ်ရှင်သည် နူးညံ့သိမ်မွေ့ခြင်း, သဒ္ဒါအနက်အားဖြင့် ကောင်းမြတ် နှစ်သက်ဖွယ်ရာ အဆင်တန်ဆာ အလင်္ကာရသနှင့် စုံညီပြည့်ဝခြင်း, သမုဒ္ဒရာ၏အလယ် ယုန်သူငယ်၏ ထောက်တည်ရာမလွယ် ခက်ခဲနည်းနယ်သို့ နက်ခဲသည့် ပရမဂမ္ဘီရနှင့် ကြွယ်ဝခြင်း, သိသာနုသိသာ သာဝကအဆက်ဆက် ဆောင်ရွက်လေ့လာ စောင့်ရှောက်ကာ ဖြင့် ယခုတိုင် ထွန်းပြောင်လာခဲ့သည်ဖြစ်၍ ဒေသနာပန်းကုံး ပတ္တမြားတုံးကြီး ဖြစ်တော်မူခြင်း စသော လေးသွယ်ဂုဏ်အင် ပြည့်စုံလင်သည့် ဤမည်သော ဒီဃနိကာယ ဓမ္မစေတီ တရားစည်ကြီးကို ရိုက်ဟည်းဆော်သွင်းတော်မူခဲ့ရာ-

သဓေါပနှင့် ဝေါဟာရကာဆီးမှု

ယင်း မဟာဂန္ထ ဓမ္မစေတီတော်တစ်ဆူ စာတော်မူမြတ်ဓမ္မာသည် ရှေးရှေးအခါက ပြန်ဆိုရေးသားထားတော်မူခဲ့ကြသော အဋ္ဌနိသယများ ရှိပါသော်လည်း ဤသည့်နိသယများကား ခေတ်ကာလ အားလျော်စွာ ဝေါဟာရအသုံး ဖုံးကွယ်နေသဖြင့် အသိခက်ခြင်း, အနက်အဓိပ္ပာယ် ကျဉ်းမြောင်းသဖြင့် မပေါ်လွင်ခြင်း စသည်များကြောင့် နောင်လာနောက်သား နှောင်းလူများအတွက် အခက်အခဲနှင့် တွေ့ကြရ၍ ကျမ်း၏ သဘောအရသာကို ဝဝပိုင်ပိုင် ရယူသုံးစားနိုင်ခြင်း မရှိကြဖြစ်လေသည်။

ကျမ်းပြုဆရာ၏ ဆန္ဒနှင့် ကျမ်းပြုခြင်းရာ

သို့ဖြစ်ခြင်းကြောင့် ဝဝလင်လင် ရယူသုံးစားနိုင်ကြခြင်းဖြင့် ပရိယတ်သာသနာတော်ကြီး

http://www.dhammadownload.com

ဘုန်းမီးနေလ ထွန်းတောက်ပ၍ အခွန့်ရှည်ကြာ ပွင့်လင်းတည်တံ့ပါစေခြင်းငှာ ရည်သန်ရိုးရင်း ရှိခြင်းကြီး ရှိလှသော ကရဏာတော်ရှင် ကျေးဇူးရှင် ပခုက္ကူမြို့၊ မဟာဝိသုတာ ရာမိက ဂဏဝါစက နိကာယကြီး၏ ဂဏမဟာဝိနာယက သံဃနာယက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ **"အရှင် ဒန္ဓဝံသမဟာထေရ်"** ဆရာတော် ဘုရားကြီးသည် ဤမည်သော ဒီဃနိကာယ သီလက္ခန္ဓ အဋ္ဌကထာ နိဿယသစ် ရွှေကျမ်းစာကို ပေါ်လွင်သော အနက်၊ ထင်ရှားသော အဓိပ္ပာယ်၊ ပြတ်သားတိကျသော အဆုံးအဖြတ်၊ စေ့စပ်သေချာသော အကိုးသာဓကများဖြင့် တန်ဆာဆင်လျက် အထူးပြုပြင်စီရင်ဖန်တီး တည်ဆောက်တော်မူလေသည်။

ဟံသာဝတီ၏ ဇစတနာနှင့် အလိုဖြည့်မှု

ဤသို့လျှင် ပြုစီရင်တော်မူအပ်သော ရွှေကျမ်းစာမူ ဓမ္မစေတီတော်တစ်ဆူကို ဆရာတော် ဘုရားကြီး၏ အဆိုပါ အာသီသဆန္ဒ ပြည့်ဝစေရန်တစ်ကြောင်း၊ ပြကတော့ ပင်ကို စိတ်ရင်းစွဲ အလိုအားဖြင့် ဗုဒ္ဓသာသနာတော်ကြီး၏ အခြင်းခပ်သိမ်း ထွန်းတောက်ပလျက် အခွန့်ရှည်စွာ တည်တံ့ဖွံ့ဖြိုးစေရန် ထက်သန်ရိုးရင်း နှလုံးသွင်း စိတ်မြတ်အရ တတ်နိုင်သမျှ အားသွန်၍ သာသနာ့ဝန်ကို ထမ်းရွက်လို ချီးမြှောက်လိုသော ပဓာနရည်ရွယ်ချက် စေတနာကြောင့်တစ်ကြောင်း၊ ဤအကြောင်းကြောင်းတို့ကို ထောက်၍ သန့်ရှင်းစင်ကြယ်စွာ ပြင်ဆင်သုတ်သင်လျက် ကျွန်ုပ်တို့ **"ဟံသာဝတီ ဝိဋ္ဌကတ်ပုံနှိပ်တိုက်"** က ရိုက်နှိပ်ထုတ်ဝေ ဖြန့်ချိအပ်ပါကြောင်း။

အာသီသနှင့် ပတ္ထနာ

သို့ဖြစ်ပါ၍ ပရိယတ်မှုအတွက် တစ်ခဲနက် ကြိုးပမ်းဆောင်ရွက်တော်မူကြကုန်သော သာသနဓဇ သာသနာပါလထေရ် သံဃာအဝဝတို့နှင့် ထိုထိုသော စာချစာသင် စာပွဲဝင် သောထုဇနပုဂ္ဂိုလ်တို့မှစ၍ အားလုံးသော သာသနာတော်ဝန်ထမ်း ရဟန်းသံဃာ အရိယာနွယ်ဝင် သူတော်စင် အရှင်မြတ်တို့သည် အလိုလိုသော မိမိတို့၏ ဉာဏ်ရည်ဖြင့် မမှိနိုင် မဆုံးဖြတ်နိုင် မသုံးသပ်နိုင် မထင်နိုင် မမြင်နိုင် မကြံစည်နိုင်သည့် ဝိနယ္ဓယ သံသယကခ်ါဝိတရဏ ယုံမှားချက်အဝဝတို့၌ ဤကျမ်းရွှေစာကို ကြည့်ရှုသုံးသပ်ခြင်းဖြင့် လက်ဖဝါးတွင် ပတ္တမြားရတနာ တင်သကဲ့သို့ ထင်ရှားပေါ်လွင်၍ လွယ်လင့်တကူ မှတ်ယူကျင့်သုံးလျက် သိသာနုသိသာ အဆက်ဆက်တွင်လည်း ပရိယတ္တိသာသနာတော်ကြီး အခွန့်ရှည်လျားစွာ တည်တံ့အောင် အထူးစွမ်းဆောင်နိုင်ကြပါစေကြောင်း မွန်မြတ်သော အာသီသမနသိကာရ စိတ်ထားကောင်းဖြင့် ဆုတောင်းပတ္ထနာပြုအပ်ပါသတည်း။

သောဓိတော တံသာဝတိယာ၊
ဒီဃနိကာယ နိဿယော။
ဟုတ္ဝာ သုဗောဓော သောတူနံ၊
သမ္မူရေတု မနောရထံ။

(ဟံသာဝတီ)

http://www.dhammadownload.com

သုတ်သီလကွန် အဋ္ဌကထာနိဿယ

ပဏာမာဒိပရိစ္ဆေဒ

(၁) ယော ဘာသိတွာန သဒ္ဓမ္မံ၊ ဂမ္ဘီရံ ဒုန္နယံ ဝရံ။
ဒီဃဒဿီ စိရကာလံ၊ ပတိဋ္ဌာပေသိ သာဂုကံ။ ။

(၂) ဝေနေယျဏ္ဍာသယေ ဆေကံ၊ မဟာဒယံ မဟာမတိံ။
နမာမိ တံ သသဒ္ဓမ္မ၊ သံဃံ ဂါရဝဘာဇနံ။ ။

(၃) သုဋ္ဌု သဒ္ဓမ္မပါလက၊ မာမကဝတအာလယေ။
သဗ္ဗေ အာစရိယေ သာဓု၊ ဝန္ဒေ အာစရိယေ သရံ။ ။

(၄) ပေါရာဏေဟိ သမာရဒ္ဓါ၊ ဒီဃာဂမထရဿ ယေ။
သံသောဘဏာ သာဓုတောသာ၊ ထောမိတာ သာဓုပတ္ထနာ။

(၅) သံခေပတ္ထာစ သောတူဟိ၊ သမ္မာ ဉာတုံ သုဒုက္ကရာ။
တသ္မာ သဗ္ဗဟ္မစာရီနံ၊ ယာစနံ သမနုဿရံ။ ။

(၆) နိဿယံ အာရဘိဿာမိ၊ သာမိပ္ပါယမဟာပယံ။
အတ္ထံနယုပနိဿာယ၊ အညဋ္ဌာပိ ယထာဗလံ။ ။

(၇) စက္ကာဘိဝုမိုကာမာနံ၊ ဓီရာနံ စိတ္တတောသနံ။
သောတုသံတောသနံနာမ၊ တံသုဏာထ သမာဟိတာတိ။ ။

(၁) ဒီဃဒဿီ၊ ကာလမြင့်တည် ကောင်းကြောင်းရည်၍ အရှည်ကို မြင်ခြင်း အလေ့ရှိတော်မူသော။ ယောဘဂဝါ၊ အကြင် ကိလေသာနက်ကြုတ် သဘက်ယုတ်ကို ဖျက်ဖြုတ်ချိုးဖဲ့ဖျက်ဆီးတော်မူသော မြတ်စွာဘုရားသည်။ ဂမ္ဘီရံ၊ ဓမ္မ, အတ္ထ, ဒေသနာ, ပဋိဝေဓအားဖြင့် နက်နဲသော။ ဒုန္နယံ၊ သိခြင်းငှာ ခဲယဉ်းသော။ ဝရံ၊ တောင့်တအပ် မြတ်သော။ သဒ္ဓမ္မံ၊ သူတော်ကောင်းတို့၏ ဥစ္စာဖြစ်သော ပရိယတ္တိ, ပဋိပတ္တိ, ပဋိဝေဓ တရားတော်ကို။ ဘာသိတွာန၊ လေးဆယ့်ငါးဝါ မြင့်ရှည်ကြာအောင် ကောင်းစွာ ဟောတော်မူပြီး၍။ သာဂုကံ၊ ကောင်းသော သာသနာတော်ကို။ စိရကာလံ၊ ငါးထောင်သာသနာ မြင့်ရှည်ကြာအောင်သော ကာလပတ်လုံး။ သာဂုကံ၊ ကောင်းစွာ။

http://www.dhammadownload.com

(တန္တန္နည်း, သိလေသနည်း ဖြစ်၍ နှစ်ထပ်ပေးသည်)။ ။ ပတိဋ္ဌာပေသိ၊ ကောင်းကျိုး များထွေ ရကြလေအောင် တည်စေတော်မူခဲ့ပေပြီ။ ။

(၂) ဝေနေယျဿာသယေ၊ ဆုံးမထိုက်စွာ သတ္တဝါ၏ နှစ်ဖြာယုတ်မြတ် အလိုအရှာသယဓာတ် ၌။ ဆေက်၊ ပြိုင်ဘက်မပေါ် လိမ္မာတော်မူသော။ မဟာဒယံ၊ ကြီးကျယ်များမြတ် ပူဇော်အပ်သော အသာဓာရဏာ ကရဏာရှိတော်မူသော။ မဟာမတိ၊ ကြီးကျယ်များမြတ် ပူဇော်အပ်သော အရဟတ္တ မဂ္ဂပညာ, သဗ္ဗညုတ ပညာရှိတော်မူသော။ သသဒ္ဓမ္မသံဃံ၊ ဆယ်ပါးသော သူတော်ကောင်းတို့၏ တရား, ရှစ်ပါးသော အရိယာသံဃာနှင့်တကွ ဖြစ်တော်မူသော။ ဂါရဝဘာဇနံ၊ အလေးပြုတတ်သော ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော အလေးပြုခြင်း ကိရိယာ၏ တည်ရာဖြစ်တော်မူသော။ ဝါ၊ အလေးပြုအပ်သော ပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော သီလ, သမာဓိ, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်တို့၏ တည်ရာဖြစ်တော်မူသော။ တံ ဘဂဝန္တံ၊ ထိုကိလေသာနက်ကြုတ် သဘက်ယုတ်ကို ဖျက်ဖြုတ်ချိုးဖဲ့ ဖျက်ဆီးတော်မူတတ်သော မြတ်စွာဘုရားကို။ နမာမိ၊ ဘယလာဘ သမ္မောဟနှင့် ကုလ အာစာ မိစ္ဆာကျင့်ရိုး မမျော်ကိုးဘဲ ရှိခိုးပါ၏။ နတွာ၊ ရှိခိုးပြီး၍။ ။ (ပုဗ္ဗကာလ ကိရိယာ-ပြင်ယူ)။ ။

(၃) သုဠု၊ ကောင်းစွာ။ သဒ္ဓမ္မပါလက မာမကဝတအာလယေ၊ သူတော်ကောင်း တရားကို စောင့်တတ်၊ သူတော်ကောင်း တရားကို မြတ်နိုးတတ်၊ စာရိတ္တသီလ, ဝါရိတ္တသီလတည်းဟူသော အကျင့်တို့၏ တည်ရာဖြစ်ကုန်သော။ သဗ္ဗေ၊ အလုံးစုံကုန်သော။ အာစရိယေ၊ ကျေးဇူးရှင်ဥပဇ္ဈာယ် ရေစကြီဆရာတော်ဘုရားကြီး အမှူးရှိကုန်သော ဆရာအပေါင်းတို့ကို။ အာစရိယေ၊ ဆရာသခင် ကျေးဇူးရှင်တို့၏ များဖြင့်ချီးကျူး ဂုဏ်ကျေးဇူး အပေါင်းတို့ကို။ ။ (ဂုဏာနောက် ပုဒ်ကျေ)။ ။ သရဲ၊ အောက်မေ့မိသည်။ ဝါ၊ အမှတ်ရမိသည်။ ဟုတ္တာ၊ ဖြစ်၍။ သာဓု၊ မြဲမြံတင်းကျပ် လေးမြတ်ရှိသေစွာ။ ဝန္ဒေ၊ အမြတ်တနိုး ရည်ရွယ်ကိုး၍ ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ ။

(၄) ပေါရာဏေဟိ၊ ရှေးဆရာကြီးတို့သည်။ သမာရဒ္ဓါ၊ ကောင်းစွာ အားထုတ်အပ်ကုန်ပြီးသော။ သံသောဘဏာ၊ လွန်စွာတင့်တယ်ကုန်သော။ သာဓုတောသာ၊ သူတော်ကောင်းတို့ကို ကောင်းစွာ နှစ်သက်စေတတ်ကုန်သော။ ထောမိတာ၊ သူတော်ကောင်းတို့သည် ကောင်းစွာ ချီးမွမ်းအပ်ကုန်သော။ သာဓုပတ္ထနာ၊ သူတော်ကောင်းတို့သည် ကောင်းစွာ တောင့်တအပ်ကုန်သော။ ဒီဃာဂမဝရဿ၊ လောကီ, လောကုတ္တရာ နှစ်ဖြာသောအကျိုးတို့၏ လာရာလာကြောင်းဖြစ်၍ ကောင်းမြတ်သော ဒီဃနိကာယ် အဋ္ဌကထာ၏။ ယေနိဿယာ၊ အကြောင်နိဿယဟောင်းတို့သည်။ သန္တိ၊ ရှိကြပါပေကုန်၏။

(၅) စ၊ ထိုသို့ပင် ရှိကြပါကုန်သော်လည်း။ တေသံနိဿယာနံ၊ ထိုနိဿယဟောင်းတို့၏။ သံခေပတ္ထာစ၊ ကျဉ်းကုန်သည်၏အဖြစ်ကြောင့်လည်းကောင်း။ ပေါရာဏာကတ္ထာစ၊ ရှေးကျကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ ။ (စ-သဒ္ဒါဖြင့် ပေါရာဏာကတ္ထာ-ဟိတ်ကိုယူ။ စ-သဒ္ဒါကိုလည်း အရုစိသံသူစန-တစ်နက်၊ အဝုတ္တသမ္ဘိဏ္ဍန-တစ်နက်၊ နှစ်ချက်သင့်ကြံ)။ ။ တေနိဿယာ၊ ထိုနိဿယဟောင်းတို့ကို။ ။ (နိယမ-ထည့်)။ ။ သောတူဟိ၊ စာသင်နုနယ် များသူငယ်တို့သည်။ သမ္မာ၊ မဖောက်မပြန် ဟုတ်မှန်စွာ။ ဉာတုံ၊ သိခြင်းငှာ။ ယသ္မာ၊ အကြောင်ကြောင့်။ သုဒုက္ကရာ၊

http://www.dhammadownload.com

အလွန်ပင် ခဲယဉ်းလှကုန်၏။ တသွာ၊ ထိုသို့ ခဲယဉ်းကုန်သည်၏ အဖြစ်ကြောင့်။ အဟံ၊ ငါသည်။ သဗ္ဗဟ္မစာရိနံ၊ သီတင်းသုံးဖော်တို့၏။ ယာစနံ၊ ရဟန်းလေးဝါ ရစဉ်ခါက ညီညာဖြဖြ တောင်းပန်ကြခြင်းကို။ သမနုဿရံ၊ သာသနာတည်ရေး အရှည်တွေးလျှင် တန်ခေးနေး အောက်မေ့မိသည်။ ဟုတွာ၊ ဖြစ်၍။ ။

(၆) သာဓိပ္ပါယံ၊ အဓိပ္ပာယ်နှင့်တကွ ဖြစ်သော။ ဝါ၊ အလိုရှိအပ်သော သဒ္ဒါအဆုံးအဖြတ်, အနက်အဆုံးအဖြတ်နှင့်တကွ ဖြစ်သော။ အတ္ထံ၊ အနက်ကို။ အဟာပယံ၊ မယုတ်မလျော့စေရဘဲ။ ဒီဃာဂမဝရဿ၊ လောကီ, လောကုတ္တရာ နှစ်ဖြာသောအကျိုးတို့၏ လာရာ လာကြောင်းဖြစ်၍ ကောင်းမြတ်သော ဒီဃနိကာယ် အဋ္ဌကထာ၏။ ။ (လိုက်ခဲ့)။ ။ နိဿယံ၊ နိဿယကို။ ဝါ၊ စာသင်များမြတ် ပရိသတ်တို့ မှီအပ်သော ကျမ်းသစ်ကို။ နယံစ၊ ဆရာ့ထံမှောက် ဆည်းကပ်ရောက်၍ မဖောက်မပြန် ဇကန်ဆည်းပူး နည်းအထူးကိုလည်းကောင်း။ အညဉ္စာပိ၊ တစ်ပါးတခြား ကျမ်းစာများမှ မှတ်သားစုဆောင်း နည်းအပေါင်းကိုလည်းကောင်း။ ဥပနိဿာယ၊ အားကိုးတစ်ခု အမှီပြု၍။ ယထာဗလံ၊ အကြင် အကြင် ဉာဏ်စွမ်း သတ္တိအတိုင်း။ ဝါ၊ ဉာဏ်စွမ်းသတ္တိအားလျော်စွာ။ ဝါ၊ ဉာဏ်စွမ်းသတ္တိ ရှိသလောက်။ အာရဘိဿာမိ၊ အမှားမလစ် တရားချစ်လျက် အားသစ်ကြိုးကုတ်ပေအံ့။

(၇) စက္ကာဘိဝုဒ္ဓိကာမာနံ၊ သာသနာတော်စက်၏ ကြီးပွားခြင်းကို အလိုရှိကြကုန်သော။ မီရာနံ၊ ပညာရှိသော ပုဂ္ဂိုလ်တို့၏။ စိတ္တတော-သနံ၊ စိတ်ကို နှစ်သက်စေတတ်သော။ သောတုသံတောသနံနာမ၊ စာသင်အပေါင်း သူတော်ကောင်းကို နှစ်ထောင်းအားရ စေတတ်သည်၏ အဖြစ်ကြောင့် သောတုသံတောသန အမည်ရှိသော။ တံနိဿယံ၊ ထိုဒီဃနိကာယ် အဋ္ဌကထာ နိဿယသစ်ကို။ သာဓေဝေါ၊ မိမိ သူတစ်ပါး နှစ်ဦးသား၏ စီးပွားချမ်းသာ အဖြာဖြာကို ကောင်းစွာ ပြီးစေတတ်သည်၏ အဖြစ်ကြောင့် သူတော်ကောင်း ဖြစ်ကုန်သော။ တုမှေ၊ စာချစာပြင် စာသင်စုပေါင်း သင်သူတော်ကောင်းအပေါင်းတို့သည်။ သမာဟိတာ၊ သမာဓိဖြင့် ကောင်းစွာ အာရုံ၌ ထားအပ်ပြီးသော စိတ်ရှိကြကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ သုဏာထ၊ အမှားမလိုက် တရားပိုက်လျက် နားစိုက်ကြကုန်လော့။ ဣတိ၊ ဤကား-ပဏာမ ပဋိညာဉ် ဥယျောဇဉ်နှင့် များဖြင့် ကရဏပုဂ္ဂာ အဖြာဖြာကို ဆိုရာစကားရပ် အပြီးသတ်တည်း။ ။

✤ ✤ ✤

http://www.dhammadownload.com

ပဏာမနှင့် ပတ္ထနာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ယောဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ ဒီပင်္ကရဿ၊ ဒီပင်္ကရာအမည်ရှိတော်မူသော။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သန္တိကာ၊ အထံတော်မှ။ တွံ၊ ရှင်ရသေ့ကြီးသည်။ ခုဝံ၊ စင်စစ်ဧကန် အမှန်မချွတ်။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ဘဝိဿတိ၊ ဖြစ်လိမ့်လတ္တံ့။ ဣတိ၊ ဤသို့။ နိယတဗျာကရဏာလဉ္ဆံ၊ နိယတဗျာဒိတ် ပန်းတံဆိပ်ကို။ ပိလန္ဓိတွာန၊ ပန်ဆင်တော်မူခဲ့၍။ သုမေဓတ္တဘာဝတော၊ သုမေဓာရှင်ရသေ့၏ အတ္တဘောမှ။ ပဘုတိ၊ စ၍။ ယာဝ ဝေဿန္တရတ္တဘာဝါ၊ ဝေဿန္တရာမင်း၏ အတ္တဘောတိုင်အောင်။ အနေကေသု၊ များစွာကုန်သော။ အသင်္ချေယျေသု၊ မရေတွက်အပ် မရေတွက်နိုင်ကုန်သော။ အတ္တဘာဝေသု၊ အတ္တဘောတော်တို့၌။ သမတိံသပါရမိယော၊ အယုတ် အလတ် အမြတ်အားဖြင့် အမျှသုံးဆယ်သော ပါရမီတော်တို့ကို။ ပူရေတွာ၊ မဆုတ်မနစ် ဖြည့်ကျင့်တော်မူပြီး၍။ အန္တိမတ္တဘာဝေ၊ နောက်ဆုံးဖြစ်သော သိဒ္ဓတ္ထမင်း၏ အတ္တဘော၌၊ ဧကူနတိံသဝဿယေ၊ နှစ်ဆယ့်ကိုးနှစ်အရွယ်၌။ နိက္ခမိတွာ၊ တောထွက်တော်မူ၍။ ဆဗ္ဘဿာနိ၊ ခြောက်နှစ်တို့ပတ်လုံး။ ဒုက္ကရစရိတံ၊ ဒုက္ကရစရိယာကို။ ဝါ၊ ပြုနိုင်ခဲသောအကျင့်ကို။ ဝါ၊ ကျင့်နိုင်ခဲသောအကျင့်ကို။ ဝါ၊ ဆင်းရဲသဖြင့် ကျင့်အပ်သောအကျင့်ကို။ စရိတွာ၊ ကျင့်တော်မူပြီး၍။ ပဉ္စတိံသဝဿဝယေ၊ သုံးဆယ့်ငါးနှစ်အရွယ်၌။ ဝိသာခါပုဏ္ဏမဒိဝသေ၊ ကဆုန်လပြည့်နေ့၌။ သူရိယေ၊ နေသည်။ အနတ္ထင်္ဂတေယေဝ၊ မဝင်မီသာလျှင်။ ဒေဝပုတ္တမာရံ၊ ဒေဝပုတ္တမာရ်ကို။ ဇိနိတွာ၊ အောင်တော်မူပြီး၍။ ရတ္တိယာ၊ ညဉ့်၏။ ဝါ၊ ညဉ့်တွင်။ ပထမယာမေ၊ ပထမယာမ်၌။ ဝါ၊ ညဉ့်ဦးယာမ်၌။ ပုဗ္ဗေနိဝုတ္ထက္ခန္ဓပဋိပ္ပာဒကံ၊ ရှေးဘဝ၌ နေအပ်ဖူးသော ခန္ဓာအစဉ်ကို ဖုံးလွှမ်းတတ်သော။ အဝိဇ္ဇာကောသံ၊ အဝိဇ္ဇာတည်းဟူသော ဥခွံကို။ ပုဗ္ဗေနိဝါသာနုဿတိဉာဏေ မုခတုဏ္ဍကေန၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တည်းဟူသော နှုတ်သီးဖျားဖြင့်။ ပဒါလေတွာ၊ ဖောက်ခွဲတော်မူပြီး၍။ ဝါ၊ ပေါက်ခွဲတော်မူပြီး၍။ ဝါ၊ ခွဲထွက်တော်မူပြီး၍။ မဇ္ဈိမယာမေ၊ မဇ္ဈိမယံ၌။ ဝါ၊ သန်းခေါင်ယံ၌။ စုတုပပါတ ပဋိစ္စာဒကံ၊ စုတိ ပဋိသန္ဓေကို ဖုံးလွှမ်းတတ်သော။ အဝိဇ္ဇာကောသံ၊ ကို။ စုတုပပါတဉာဏ မုခတုဏ္ဍကေန၊ စုတိပဋိသန္ဓေကို သိတတ်သော ဒိဗ္ဗစက္ခုဉာဏ်တည်းဟူသော နှုတ်သီးဖျားဖြင့်။ ပဒါလေတွာ၊ ၍။ ပစ္ဆိမယာမေ၊ ပစ္ဆိမယံ၌။ ဝါ၊

http://www.dhammadownload.com

မိုးသောက်ယံ၌။ ဝါ၊ လင်းအားကြီးယံ၌။ စတုသစ္စ ပဋိစ္စာဒက်၊ လေးပါးသောသစ္စာကို ဖုံးလွှမ်းတတ်သော။ အဝိဇ္ဇာကောသ၊ ကို။ အာသဝက္ခယဉာဏ မုခတုဏ္ဍကေန၊ အာသဝေါတရားတို့ကို ကုန်စေတတ်သော အရဟတ္တမဂ်ဉာဏ်တည်းဟူသော နှုတ်သီးဖျားဖြင့်။ ပဒါလေတွာ၊ ၍။ သဗ္ဗကိလေသေ၊ တစ်ခုမကြွင်း ခပင်းဥသုံ အလုံးစုံသော ကိလေသာတို့ကို။ ဘဉ္ဇိတွာ၊ ချိုးဖဲ့ဖျက်ဆီးတော်မူပြီး၍။ အနုတ္တရံ၊ မိမိကိုလွန်သော တရားမရှိသော။ ဝါ၊ မိမိထက်မြတ်သော တရားမရှိသော။ ဝါ၊ အတုမရှိမြတ်သော။ သမ္မာသမ္ဗောဓိ၊ မဖောက်မပြန် ကိုယ်တိုင်သိတတ်သော အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို။ အဘိသမ္ဗုဒ္ဓေါ၊ ထိုးထွင်း၍သိတော်မူပြီးသည်။ ဟုတွာ၊ ၍။ ရာဇာတိ ရာဇာ၊ မင်းအပေါင်းတို့ထက် မြတ်သောမင်းမြတ်အစစ် ဖြစ်ကြီး ဖြစ်တော်မူသည်။ ဒေဝါတိ ဒေဝေါ၊ နတ်အပေါင်းတို့ထက် မြတ်သော နတ်မြတ်အစစ် ဖြစ်ကြီး ဖြစ်တော်မူသည်။ သက္ကာတိသက္ကော၊ သိကြားအပေါင်းတို့ထက် မြတ်သော သိကြားမြတ်အစစ် ဖြစ်ကြီးဖြစ်တော်မူသည်။ ဗြဟ္မာတိ ဗြဟ္မာ၊ ဗြဟ္မာအပေါင်းတို့ထက် မြတ်သော ဗြဟ္မာမြတ်အစစ် ဖြစ်ကြီးဖြစ်တော်မူသည်။ အနာဝရဏဉာဏောာ၊ အပိတ်အပင် အဆီးအတား အကန့်အကွက် အနှောင့်အယှက် မရှိသော သဗ္ဗညုတဉာဏ် ရှိတော်မူသည်။ မဟာဝဇိရဉာဏောာ၊ ကြီးကျယ်များမြတ် ပူဇော်အပ်သော စိန်တုံးနှင့်တူသော မဟာဝိပဿနာဉာဏ် ရှိတော်မူသည်။ ဒသဗလဓရော၊ ဆယ်ပါးသော ကာယဗလ, ဆယ်ပါးသော ဉာဏဗလကို ဆောင်တော်မူနိုင်သည်။ ဟုတွာ၊ ဖြစ်၍။ ပဋ္ဌစတ္တာလီသဝဿာနိ၊ လေးဆယ့်ငါးဝါတို့ပတ်လုံး။ အရဟတ္တဖလသေတစ္ဆတ္တံ၊ အရဟတ္တဖိုလ်တည်းဟူသော ထီးဖြူတော်ကို။ ဓာရေတွာ၊ ဆောင်မိုးတော်မူပြီး၍။ ဓမ္မဝိဇယဘေရိ၊ တရားတည်းဟူသော အောင်စည်တော်ကို။ ပဟရိတွာ၊ ကောင်းကင်မြေကြီး ပဲ့တင်ဟည်းအောင် ရိုက်တီးဆော်ရွှမ်းတော်မူပြီး၍။ ဓမ္မဝိဇယသင်္ခံ၊ တရားတည်းဟူသော အောင်ပွဲသင်္ဘောကို။ ပသာရေသိ၊ ကျင်းပတော်မူလေပြီ။ ဝါ၊ ခင်းကျင်းတော်မူလေပြီ။ အရဟာတော၊ ပုညာပုည အာနေဉ္ဇဟု သုံးဝစနက်ကန့်အကွက်ကို ပယ်ဖျက်ခုတ်ထွင် ငုတ်မတင်အောင် သုတ်သင်တော်မူတတ်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ သစ္စာလေးလီ ခိုင်နှင်းဆီကို မမှိဆရာ ကိုယ့်ချည်းသာလျှင် ကောင်းစွာသိမြင်တော်မူပြီးသော။ တဿ ဘဂဝတော၊ ထိုမြတ်စွာဘုရားအား။ မေ၊ အက္ခန်ပ်၏။ နမော၊ ရှိခိုးခြင်းသည်။ ဝါ၊ ညွတ်ယိမ်းကိုင်းရှိုင်းခြင်းသည်။ ဝါ၊ ခြေလက်နဖူး တံတောင်ဒူးဟု ငါဦးတည်ရိုး ကော်ရော်မျိုးဖြင့် ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါ၏။ ဣမိနာ ဗုဒ္ဓပဏာမေန၊ ဤဗုဒ္ဓပဏာမဖြင့်။ ဝါ၊ ကြောင့်။ ဝါ၊ ဤမြတ်စွာဘုရားအား ရှိခိုးကြောင်းဖြစ်သော စေတနာဖြင့်။ ဝါ၊ ကြောင့်။ မေ၊ အက္ခန်ပ်အား။ ဝါ၊ ၏။ ဝါ၊ သည်။ ယထိစ္ဆိတတ္ထော၊ အကြင်အကြင် အလိုရှိအပ်သော ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းသည်။ ယထာလ္ဘာသယံ၊ အကြင်အကြင် အလိုအတိုင်း။ ဝါ၊ အလိုအားလျော်စွာ။ သမိဇ္ဈတု၊ ပြီးပြည့်စုံပါစေသတည်း။ ဝါ၊ ပြီးပြည့်စုံပါစေခလို။ ဝါ၊ ပြီးပြည့်စုံပါစေသား။ ဝါ၊ ပြီးပြည့်စုံပါစေသော်။ ။

✤ ✤ ✤

http://www.dhammadownload.com

ဂန္ဆာရမ္ဘကထာ

အဟံ၊ ဧကသည်။ ကရဏာသီတလဟဒယံ၊ ကရဏာတော်ဖြင့် အေးမြသောစိတ်နှလုံး ရှိတော်မူသော။ ပညာပဒ္မောတဝိဟတမောဟတမံ၊ ပညာတည်းဟူသော ဆီမီးရောင်ဖြင့် ပယ်ဖျောက်ဖျက်ဆီးအပ်ပြီးသော မောဟတည်းဟူသော အမိုက်တိုက်ရှိတော်မူသော။ သနရာမရလောကဂရုံ၊ လူယောကျ်ား, ဥပပတ္တိ နတ်ယောကျ်ားနှင့်တကွဖြစ်သော သတ္တလောကဓာ၏ ဆရာဖြစ်တော်မူသော။ သုဂတံ၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော။ ဂတိဝိမုတ္တံ၊ ငါးပါးသောဂတိတို့မှ မယှဉ်ဘဲ လွတ်တော်မူပြီးသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ဝန္ဒေ၊ ရှိခိုးပါ၏။ ဝါ၊ ချီးမွမ်းပါ၏။ ကရဏာသီတလဟဒယံ၊ ကရဏာတော်ဖြင့် အေးမြသောစိတ်နှလုံး ရှိတော်မူသော။ ပညာပဒ္မောတ ဝိဟတမောဟတမံ၊ ပညာတည်းဟူသော ဆီမီးရောင်ဖြင့် ပယ်ဖျောက်ဖျက်ဆီးအပ်ပြီးသော မောဟတည်းဟူသော အမိုက်တိုက်ရှိတော်မူသော။ သနရာမရလောကဂရုံ၊ လူယောကျ်ား, ဥပပတ္တိ နတ်ယောကျ်ားနှင့်တကွဖြစ်သော သတ္တလောကဓာ၏ ဆရာဖြစ်တော်မူသော။ သုဂတံ၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော။ ဂတိဝိမုတ္တံ၊ သော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ ဝါ၊ ချီးမွမ်းပြီး၍။ ။

မှတ်ချက်။ ။ [ဤကား သဗ္ဗညာဓာရဏာ နည်းအားဖြင့် သာမည ယောဇနာအပ်သော ယောဇနာနည်းတည်း]

တစ်နည်း။ ။ အဟံ၊ ဧကသည်။ ကရဏာသီတလဟဒယံ၊ မြတ်စွာဘုရား၏ သန္တာန်တော်၌ ဖြစ်သော ကရဏာတော်ဖြင့် အေးမြသော စိတ်နှလုံးရှိတော်မူသော။ ဝါ၊ အသာဓာရဏာ မဟာကရဏာတော်ဖြင့် အေးမြသော စိတ်နှလုံးရှိတော်မူသော။ ဝါ၊ သုံးပါးသော ဟေတုသမ္ဘဒါ, ဖလသမ္ဘဒါ, သတ္တုပကာရသမ္ဘဒါ အခိုက်အတန့်တို့၌ မြတ်စွာဘုရား၏ သန္တာန်တော်၌ဖြစ်သော ကရဏာတော်ဖြင့် အေးမြသော စိတ်နှလုံးရှိတော်မူသော။ ဝါ၊ သူများသန္တာန် ဒုက္ခရန်ကို ပယ်လှန်တွန်းဖယ်တတ်သော ကရဏာတော်ဖြင့် အေးမြသော စိတ်နှလုံးရှိတော်မူသော။ ဝါ၊ ဒုက္ခိတသတ္တာ ဝေနေယျာ၌ ကောင်းစွာဖြန့်အပ်သော ကရဏာတော်ဖြင့် အေးမြသော စိတ်နှလုံးရှိတော်မူသော။ ဝါ၊ ပရဒုက္ခိ ဘေးကြီးထိသော် မိမိကိန်းရာ သတ္တဝါကို ပြင်းစွာနှိပ်စက်တတ်သော ကရဏာတော်ဖြင့် အေးမြသော စိတ်နှလုံးရှိတော်

http://www.dhammadownload.com

မူသော။ ဝါ၊ သူများသန္တာန် ဒုက္ခရန်ကို ပယ်လှန်ဖျက်ဆီးတတ်သော ကရုဏာတော်ဖြင့် အေးမြသော စိတ်နှလုံးရှိတော်မူသော။ ဝါ၊ သူများအတွက် ဒုက္ခစက်ကြောင့် အချက်သိတတ် သူတော်မြတ်၏ စိတ်ဓာတ်မခိုင် လှုပ်ရှားယိုင်အောင် ပြုနိုင်သော ကရုဏာတော်ဖြင့် အေးမြသော စိတ်နှလုံးရှိတော်မူသော။ ဝါ၊ နှစ်ဖြာကိုယ်စိတ် ချမ်းသာရိပ်ကို ဆို့ပိတ်တတ်သော ကရုဏာတော်ဖြင့် အေးမြသော စိတ်နှလုံးရှိတော်မူသော။ ပညာပဇ္ဇောတ ဝိဟတမောဟတမံ၊ အပြားအားဖြင့် သိတတ်သော အရဟတ္တမဂ် ပညာတည်းဟူသော ဆီမီးရောင်ဖြင့် ပယ်ဖျောက်ဖျက်ဆီးအပ်ပြီးသော မောဟတည်းဟူသော အမိုက်တိုက်ရှိတော်မူသော။ ဝါ၊ အပြားအားဖြင့် သိတတ်၊ အပြားအားဖြင့် သိစေတတ်သော အရဟတ္တမဂ်ပညာ၊ ဒေသနာပညာတည်းဟူသော ဆီမီးရောင်ဖြင့် မိမိသူတစ်ပါး နှစ်ဦးသား၏သန္တာန်၌ ပယ်ဖျောက် ဖျက်ဆီးအပ်ပြီးသော မောဟတည်းဟူသော အမိုက်တိုက်ရှိတော်မူသော။ ဝါ၊ အပြားအားဖြင့် သိတတ်၊ အပြားအားဖြင့် သိစေတတ်သော သဗ္ဗညုတပညာတည်းဟူသော ဆီမီးရောင်ဖြင့် မိမိသူတစ်ပါး နှစ်ဦးသား၏သန္တာန်၌ ပယ်ဖျောက်ဖျက်ဆီးအပ်ပြီးသော မောဟတည်းဟူသော အမိုက်တိုက်ရှိတော်မူသော။ သနရာမရ လောကဂရုံ၊ လူယောကျ်ား၊ ဥပပတ္တိ နတ်ယောကျ်ားနှင့်တကွဖြစ်သော သတ္တလောကဓာ၏ ဆရာဖြစ်တော်မူသော။ ဝါ၊ လူယောကျ်ားနှင့်တကွဖြစ်သော ဥပပတ္တိနတ်၊ ဝိသုဒ္ဓိနတ်အပေါင်း၏ ဆရာဖြစ်တော်မူသော။ သုဂတံ၊ တင့်တယ်လျောက်ပတ်သော ကိုယ်တော်၏ သွားခြင်း၊ ဉာဏ်တော်၏သွားခြင်း ရှိတော်မူသော။ ဝါ၊ လောကတည်းဟူသော ဒုက္ခသစ္စာကို ပရိညာဘိသမယ၏ အစွမ်းအားဖြင့် ကောင်းစွာ သိတော်မူပြီးသော။ ဝါ၊ လောကတည်းဟူသော ဒုက္ခသစ္စာ၏ ဖြစ်ကြောင်းဖြစ်ရာဖြစ်သော သမုဒယသစ္စာကို ပဟာနာဘိသမယ၏ အစွမ်းအားဖြင့် ကောင်းစွာလွန်တော်မူပြီးသော။ ဝါ၊ လောကတည်းဟူသော ဒုက္ခသစ္စာ၏ ကွယ်ပျောက်ချုပ်ငြိမ်း လက်စသိမ်းရာဖြစ်သော နိဗ္ဗာန်တည်းဟူသော နိရောဓသစ္စာကို သစ္ဆိကိရိယာဘိသမယ၏ အစွမ်းအားဖြင့် ကောင်းစွာ ရတော်မူပြီးသော။ ဝါ၊ လောကတည်းဟူသော ဒုက္ခသစ္စာ၏ ကွယ်ပျောက်ချုပ်ငြိမ်း လက်စသိမ်းရာဖြစ်သော နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ကောင်းစွာ သွားရောက်တတ်သော မဂ္ဂသစ္စာကို ဘာဝနာဘိသမယ၏ အစွမ်းအားဖြင့် ကောင်းစွာ ကျင့်တော်မူပြီးသော။ ဝါ၊ ကောင်းသော သမ္မာသမ္ဗောဓိကို ရတော်မူပြီးသော။ ဝါ၊ ကောင်းသောနိဗ္ဗာန်ကို ရတော်မူပြီးသော။ ဝါ၊ စကားဆိုရိုး ခွန်းခြောက်မျိုးတွင် အကျိုးနှင့်စပ် စကားမြတ်ဟု နှစ်ရပ်ဆိုရိုး စကားမျိုးကို အကျိုးများလတ် မြတ်ထက်မြတ်အောင် ကောင်းစွာ ဆိုတော်မူတတ်သော။ ဂတိဝိမုတ္တံ၊ ငရဲပြိတ္တာ တိရစ္ဆာနှင့် မနုဿာမနုဿ ဤငါးဝသော ဂတိတို့မှ မယှဉ်ဘဲ လွတ်တော်မူပြီးသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ဝါ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီးသော မြတ်စွာဘုရားကို။ ဝန္ဒေ၊ ဘယလာဘ သမ္မောဟနှင့် ကုလအာစာမိစ္ဆာကျင့်ရိုး မမျှော်ကိုးဘဲ ရှိခိုးပါ၏။ ဝါ၊ ဘယလာဘ သမ္မောဟနှင့် ကုလအာစာ မိစ္ဆာကျင့်လမ်းမရည်မှန်းဘဲ ချီးမွမ်းပါ၏။ ကရုဏာသီတလဟဒယံ၊ သော။ ပညာပဇ္ဇောတ ဝိဟတမောဟတမံ၊ သော။ သနရာမရလောကဂရုံ၊ သော။ သုဂတံ၊ သော။ ဂတိဝိမုတ္တံ၊ သော။ ဗုဒ္ဓံ၊ ကို။ ဝန္ဒိတွာ၊ ၍။ ။

မှတ်ချက်။ ။ ဤကား ဝိသေသအားဖြင့် ရသင့်သည်အားလျော်စွာ ယောဇနာအပ်သော ယောဇနာနည်းတည်း။ ကရုဏာသဒ္ဒါ၏ အတ္ထဝိကပ်တို့တွင် ပထမဝိကပ်ကို။ ။ တီသု

http://www.dhammadownload.com

စေတ္ထ ဝိကပ္ပေသု ပထမေ ဝိကပ္ပေ အဝိသေသဘူတာ ဗုဒ္ဓဘူမိဂတာ။ ။ဟူသော သီလက္ခန် ဒ္ဓီကာသစ်ပါဠ်ကို မှီ၍ ရေးလိုက်ပေ၏။ ဒုတိယဝိကပ်ကို။ ။ ဒုတိယေ တထေဝ မဟာ ကရုဏာဘာဝူပဂတာ။ ။ ဟူသော သီလက္ခန် ဒ္ဓီကာသစ်ပါဠ်ကို မှီ၍ ရေးလိုက်ပေ၏။ တတိယဝိကပ်ကို။ ။ တတိယေ ပထမာဘိနိဟာရတော ပဋ္ဌာယ တီသုပိ အဝတ္ထာသု ပဝတ္တာ ဘဂဝတော ကရုဏာသင်္ဂဟိတာ။ ။ ဟူသော သီလက္ခန် ဒ္ဓီကာသစ်ပါဠ်ကိုမှီ၍ ရေးလိုက်ပေ၏။ တီသု စေတ္ထ ဝိကပ္ပေသု ပထမေဝိကပ္ပေ- အစရှိသည်ဖြင့်လာသော သုံးပါး သော ဝိကပ်များသည် သီလက္ခန်ဒ္ဓီကာဟောင်း, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရ နိကာယ် ဋ္ဌီကာများ၌လည်း လာ၏။ မဟာကရုဏာနှင့်ယှဉ်ရာ အခိုက်အတန့်၊ ဗောဓိသမ္ဘာရကို ဖြည့်ကျင့်ရာ အခိုက်အတန့်ကို ဟေတုသမ္ပဒါ အခိုက်အတန့်ဟု ယူရမည်။ ဉာဏသမ္ပဒါ, ပဟာနသမ္ပဒါ, အာနုဘာဝသမ္ပဒါ, ရူပကာယသမ္ပဒါ အခိုက်အတန့်များကို ဖလသမ္ပဒါ အခိုက်အတန့်ဟု ယူရမည်။ ထိုတွင် သဗ္ဗညုတဉာဏ်၏ နီးသောအကြောင်းဖြစ်သော အရဟတ္တ မဂ်ဉာဏ်, အရဟတ္တမဂ်ဉာဏ်ဟူသော အကြောင်းရင်းရှိသော ဒသဗလစသော ဉာဏ်အပေါင်း သည် ဉာဏသမ္ပဒါမည်၏။ ဝါသနာနှင့်တကွဖြစ်သော အလုံးစုံသော သံကိလေသတို့ကို အကြွင်းမဲ့ ပယ်သတ်ခြင်းသည် ပဟာနသမ္ပဒါမည်၏။ အကြင်အကြင် အလိုရှိအပ်ပြီးသော မိမိအကျိုး၊ ဝေနေယျတို့၏ အကျိုးကို ပြီးစေခြင်း၌ အစိုးရတော်မူသည်၏အဖြစ်သည် အာနု ဘာဝသမ္ပဒါမည်၏။ အလုံးစုံသော သတ္တလောကဓာတ်၏ မျက်စိကို ရေစင်ဖြင့် သွန်းလောင်းသကဲ့ သို့ဖြစ်သော သုံးဆယ့်နှစ်ပါးသော ယောက်ျားမြတ်တို့၏ လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာငယ်တော်တို့ဖြင့် တန်ဆာဆင်အပ်သော အတ္တဘောတော်၏ ပြည့်စုံခြင်းသည် ရူပ ကာယသမ္ပဒါမည်၏။ ပယောဂ, အာသယအားဖြင့် နှစ်ပါးအပြားရှိသော တစ်ပါးသော ဝေနေယျတို့၏ အကျိုးစီးပွားကို ကျင့်တော်မူခြင်းသည် သတ္တူပကာရသမ္ပဒါမည်၏။ လာဘ သက္ကာရ သိလောကကို မငဲ့ကွက်ဘဲ သဗ္ဗဒုက္ခ နိယျာနိကတရားကို ဟောတော်မူခြင်းသည် ပယောဂပရဟိတပဋိပတ္တိ မည်၏။ ဒေဝဒတ် အစရှိသော ဝိရုဒ္ဓ သတ္တဝါတို့၌သော်လည်း အမြဲ အကျိုးစီးပွားကို အလိုရှိတော်မူသည်၏အဖြစ်၊ ဝိနေတဗ္ဗ သတ္တဝါတို့၏ ဉာဏ်၏ရင့်ရာ အခါကို မျှော်လင့်ဆိုင်းငံ့တော်မူခြင်းသည် အာသယ ပရဟိတ ပဋိပတ္တိမည်၏။ နောက် ခြောက်ဝိကပ်များကို။ ။ ကိရတိတိ ကရုဏာ၊ ပရဒုက္ခံ ဝိကိရိတိ၊ ပစ္စယဝေကလ္လကရဏေန အပနေတီတိ အတ္ထော။ ဒုက္ခိတေသုဝါ ကိရိယတိ ပသာရိယတီတိ ကရုဏာ။ အထဝါ၊ ကိဏာတီတိ ကရုဏာ၊ ပရဒုက္ခေသတိ ကာရုဏိကံ ဟိသတိ ဝိဟာဓေတိ၊ ပရဒုက္ခံဝါ ဝိနာသေ တီတိ အတ္ထော။ ပရဒုက္ခေသတိ သာဓုနံ ကမ္မနံ ဟဒယခေဒံ ကရောတီတိဝါ ကရုဏာ။ အထဝါ၊ ကမီတိသုခံ၊ တံ ရုန္ဓတီတိ ကရုဏာ။ ။ ဟု သီလက္ခန် ဒ္ဓီကာဟောင်း, ဒ္ဓီကာ သစ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ် ဋ္ဌီကာ, နေတ္တိဒ္ဓီကာဟောင်း, ဋ္ဌီကာသစ်, သာရတ္ထဒီပနီဋ္ဌီကာတို့၌ လာသောဝိဂြိုဟ်များကို ရည်ရွယ်၍ ရေးလိုက်ပေ၏။ ထိုတွင် ပထမဝိကပ်အလို ကိရ-ဓာတ်၊ အပနယနတ္ထ။ ။ ဝရာရ-ကရ-တရ-ဒရ-ယမ-အဇ္ဈ-မိထ-သကာ-ကုနော။ ။ ဟူသော ဏွာဒိမောဂ္ဂလာန် သုတ်ဖြင့် က-အနုဗန်ရှိသော

http://www.dhammadownload.com

ဥန-ပစ္စည်းသက်။ ။ ရာ နဿ ဏော။ ။ဟူသော ဝုတ္တိမောဂ္ဂလာန်သုတ်ဖြင့် ရကာရန္တ ဓာတ်မှ နောက်ဖြစ်သော န-ငယ်ကို ဏ-ကြီးပြန်။ ။ ဝရာရ-ကရတျာဒိ မောဂ္ဂလာနသုတ္တေန ကုနော။ ။ ဟု ပါရာဇိကဏ် ယောဇနာဌ် ဆို၏။ ။ အဋ္ဌသာလိနီယောဇနာဌ်ကား။ ။ ယဒနုပပန္နာ နိပါတနာ သိဒ္ဓန်တိသုတ္တေန ဥန ပစ္စယော၊ ရဟာဒိတော ဏာဒိ သုတ္တေန နဿ ဏော၊ ကိရဓာတုမှိ ဣကာရဿ အကာရော။ ။ ဟု ဆို၏။ ။ ဒုတိယဝိကပ်အလို ကိရ-ဓာတ်၊ ပသာရဏတ္ထာ၊ ယခင်နည်း ဥန-ပစ္စည်း။ တတိယဝိကပ်အလို ကိ-ဓာတ်၊ ဟိသတ္ထာ၊ ဥန-ပစ္စည်းသာ။ စတုတ္ထဝိကပ်အလို ကိ-ဓာတ်၊ ဝိနာသနတ္ထာ၊ ဤမျှသာထူး၏။ ပါရာဇိကဏ်ယောဇနာဌ်ကား။ ။ ကရောတိ ပရဒုက္ခေ သတိ ကာရဏိကံ ဟိသတီတိ ကရဏာ။ ကရ- ဟိသာယံ။ ကရောတိဝါ ပရဒုက္ခေ သတိ ဝိနာသေတီတိ ကရဏာ။ ကရ- ဝိနာသေ။ ။ ဟု ဆို၏။ ပဉ္စမဝိကပ်အလို ကရ-ဓာတ်၊ ကရဏတ္ထာ၊ ဥန-ပစ္စည်းသာ။ ဆဋ္ဌဝိကပ်အလို ကံ-ပုဗ္ဗ- ရုဓဓာတ်၊ အာဝါရဏတ္ထာ၊ ယု-ပစ္စည်းသက်၊ အနုပြု၊ နငယ်ကို ဏကြီးပြန်၊ ဓာတွန်ဓကို ချေ။

ပညာ-ဟူသောပုဒ်၌ ပထမဝိကပ်အလို။ ။ ပဇာနာတီတိ ပညာ။ ။ ဟု သုဒ္ဓကတ္တု သာဓန ပြုအပ်၏။ ။ ဒုတိယဝိကပ်အလို။ ။ ပဇာနာတီတိ ပညာ။ ပညာပေတီတိ ဝါ ပညာ။ ။ ဟု သုဒ္ဓကတ္တုသာဓန, ဟေတုကတ္တုသာဓန ပြုအပ်၏။ ဤဝိကပ်များအလို ပထမဝိကပ်ကဲ့သို့ ပဋိဓေဒပညာကိုသာ မယူဘဲ သာမညနိဒ္ဒေသနည်း, ဓကသေသနည်းအားဖြင့် ပဋိဓေဓပညာ, ဒေသနာပညာ နှစ်ပါးကို ယူအပ်၏။ တတိယဝိကပ်၌လည်း သုဒ္ဓကတ္တုသာဓန, ဟေတုကတ္တုသာဓနပြု၍ သဗ္ဗညုတဉာဏ်ကို ကောက်ယူအပ်၏။

သနရာမရလောကဂရုံ ဟူသောပုဒ်ဝယ် နှစ်ဝိကပ်ယောဇနာရာ ပထမဝိကပ်အလို။ ။ နရာစ အမရာစာတိ နရာမရာ။ ။ ဟု ဒွန်သမာသ်ပြုပြီးမှ။ ။ သဟ နရာမရေဟိတိ သ နရာမရော။ ။ ဟု ပထမာဗဟုဗ္ဗီဟိသမာသ် ပြုရာ၏။ ဒုတိယဝိကပ်အလို။ ။ သဟ နရေဟိတိ သနရာ။ ။ ဟု ပထမာဗဟုဗ္ဗီဟိသမာသ် ပြုပြီးမှ။ ။ သနရာစ တေ အမရာ စာတိ သနရာမရာ။ ။ ဟု ကမ္မဓာရယ်သမာသ် ပြုပြီး၍။ ။ သနရာမရာနံ လောကော သမူဟော သနရာမရလောကော။ ။ ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ပြုအပ်၏။ ရှေးဝိကပ်အလို လောက ဟူသောပုဒ်၌။ ။ လောကီယန္တိ ဇတ္ထ ပုညာပုညာနိ တဗ္ဘိပါကောစာတိ လောကော။ ။ ဟု အဓိကရဏသာဓန ပြုအပ်၏။ လောက-ဓာတ်၊ ဒဿနတ္ထာ၊ အ-ပစ္စည်း။ ဒုတိယဝိကပ်အလို။ ။ လောကီယတိ ပညာပီယတီတိ လောကော။ ။ ဟု ကမ္မသာဓန ပြုအပ်၏။ လောက-ဓာတ်၊ ပညာပနတ္ထာ။

သုဂတံ-ပုဒ်ဝယ် ရှစ်ဝိကပ်ယောဇနာရာ ပထမဝိကပ်၌။ ။ သောဘဏ် ဂတံ ဂမနံ ဇတဿာတိ သုဂတော။ ။ စတုတ္ထီဗဟုဗ္ဗီဟိသမာသ် ပြုအပ်၏။ ဒုတိယဝိကပ်အလို။ ။ သကလမ္ပိ လောကံ ပရိညာဘိသမယဝသေန သမ္မာဂတော အဝဂတောတိ သုဂတော။ ။ ဟု ကတ္တုသာဓန ပြုအပ်၏။ တတိယဝိကပ်အလို။ ။ လောကသမုဒယံ ပဟာနာဘိသမယ ဝသေန သမ္မာဂတော အတီတောတိ သုဂတော။ ။ဟု ကတ္တုသာဓနပင် ပြုအပ်၏။ စတုတ္ထ

http://www.dhammadownload.com

ဝိကပ်အလို။ ။ လောကနိရောဓံ သစ္ဆိကိရိယာဘိသမယဝသေန သမ္မာဂတော အဓိဂတောတိ သုဂတော။ ။ ဟု ကတ္တုသာဓနပင် ပြုအပ်၏။ ပဋိပဒဝိကပ်အလို။ ။ လောကနိရောဓဂါမိနိ ပဋိပဒ ဘာဝနာဘိသမယဝသေန သမ္မာဂတော ပဋိပန္နောတိ သုဂတော။ ။ ဟု ကတ္တုသာဓနပင် ပြုအပ်၏။ ဆဋ္ဌဝိကပ်အလို။ ။ သုန္ဒရံ သမ္မာသမ္ဗောဓိ ဂတော အဓိဂတောတိ သုဂတော။ ။ ဟု ကတ္တုသာဓနပင် ပြုအပ်၏။ သတ္တမဝိကပ်အလို။ ။ သုန္ဒရံ နိဗ္ဗာနံ ဝါ ဂတော အဓိဂတောတိ သုဂတော။ ။ ဟု ကတ္တုသာဓနပင် ပြုအပ်၏။ အဋ္ဌမဝိကပ်အလို။ ။ ဘူတံတစ္ဆံ အတ္ထသံဟိတံ ဝါစံ သမ္မာဂဒတီတိ သုဂတော။ ဒကာရသ္သ တကာရံ ကတွာ။ ။ ဟု ကတ္တုသာဓနပင် ပြုအပ်၏။

ဂတိဝိမုတ္တံ ဟူသောပုဒ်၌ ဂတိအရ နိရယဂတိ, ပေတဂတိ, တိရစ္ဆာနဂတိ, မနုဿဂတိ, ဒေဝဂတိတို့ကိုယူ။ ဝိသဒ္ဒါ ဝိသံယုတ္တတ္ထ။ ဝန္ဒေ၌ ဝဒိ-ဓာတ်သည် ဝန္ဒနတ္ထ, ထဝတ္ထတို့၌ ဖြစ်၏။ ဝန္ဒ-ဓာတ်လည်း ယူကြ၏။

(ပထမဂါထာ၌ ခက်ဆစ်နည်းအမြွက် ပြီး၏)

တစ်နည်း။ ။ အဟံ၊ သည်။ ကရဏာသီတလဟဒယံ၊ သော။ ပညာပဒ္ဓောတ ဝိဟတ မောဟတမံ၊ သော။ သနရာမရလောကဂရုံ၊ သော။ သုဂတံ၊ သော။ ဂတိဝိမုတ္တံ၊ သော။ ဗုဒ္ဓံ၊ ကို။ အတိအာဒရေန၊ အလွန်ရိုသေသောအားဖြင့်။ ဝါ၊ အလွန်ရိုသေစွာ။ ဝန္ဒေ၊ ၏။ ကရဏာသီတလဟဒယံ၊ သော။ ပညာပဒ္ဓောတ ဝိဟတမောဟတမံ၊ သော။ သနရာမရလောကဂရုံ၊ သော။ သုဂတံ၊ သော။ ဂတိဝိမုတ္တံ၊ သော။ ဗုဒ္ဓံ၊ ကို။ အတိအာဒရေန၊ အလွန်ရိုသေသောအားဖြင့်။ ဝါ၊ အလွန်ရိုသေစွာ။ ဝန္ဒိတွာ၊ ၍။

မှတ်ချက်။ ။ [ဤကား အာကာရကို ဖော်ပြခြင်းငှာ အတိအာဒရေနဟု ပါဠိသေသထည့်စွက်၍ ယောဇနာအပ်သော အာကာရတ္ထ ယောဇနာနည်းတည်း]

တစ်နည်း။ ။ ယထာဓိပ္ပေတာယ၊ အကြင်အကြင် အလိုရှိအပ်သော။ သံဝဏ္ဏနာယ၊ သံဝဏ္ဏနာ၏။ ဝါ၊ ဖွင့်ရာဖွင့်ကြောင်းဖြစ်သော အဋ္ဌကထာ၏။ အနန္တရာယေန၊ ကိုယ်ပကိုယ်တွင်းအန္တရာယ်ကင်းသဖြင့်။ နိဋ္ဌာနဂမနတ္ထံ၊ ပြီးဆုံးခြင်းသို့ ရောက်ရခြင်းငှာ။ ဝါ၊ ပြီးဆုံးခြင်းသို့ ရောက်ရခြင်းအကျိုးငှာ။ အဟံ၊ သည်။ ကရဏာသီတလဟဒယံ၊ သော။ ပညာပဒ္ဓောတဝိဟတမောဟတမံ၊ သော။ သနရာမရလောကဂရုံ၊ သော။ သုဂတံ၊ သော။ ဂတိဝိမုတ္တံ၊ သော။ ဗုဒ္ဓံ၊ ကို။ ဝန္ဒေ၊ ၏။ ယထာဓိပ္ပေတာယ၊ သော။ သံဝဏ္ဏနာယ၊ ၏။ အနန္တရာယေန၊ သဖြင့်။ နိဋ္ဌာနဂမနတ္ထံ၊ ငှာ။ ကရဏာသီတလဟဒယံ၊ သော။ ပညာပဒ္ဓောတ ဝိဟတမောဟတမံ၊ သော။ သနရာမရလောကဂရုံ၊ သော။ သုဂတံ၊ သော။ ဂတိဝိမုတ္တံ၊ သော။ ဗုဒ္ဓံ၊ ကို။ ဝန္ဒိတွာ၊ ၍။ ။

မှတ်ချက်။ ။ [ဤကား မနသာဝဝတ္ထာပိတတ္ထကို ဖော်ပြရခြင်းငှာ ယထာဓိပ္ပေတာယ သံဝဏ္ဏနာယ အနန္တရာယေန နိဋ္ဌာနဂမနတ္ထံ- ဟု ပါဠိသေသ ထည့်စွက်၍ ယောဇနာအပ်သော မနသာဝဝတ္ထာပိတတ္ထ ယောဇနာနည်းတည်း။ ။ ဤအာကာရတ္ထ ယောဇနာနည်း, မနသာ

http://www.dhammadownload.com

ဝဝတ္ထာပိတတ္ထ ယောဇနာနည်းများကိုလည်း အာကာရတ္ထတခြား၊ မနသာဝဝတ္ထာပိတ တခြား ဤသို့ တခြားစီ ခွဲခြမ်း၍ ယောဇနာလိုက်သတည်း။

တစ်နည်း။ ။ ယထာဓိပ္ပေတာယ၊ သော။ သံဝဏ္ဏနာယ၊ ၏။ အနန္တရာယေန၊ သဖြင့်။ နိဒ္ဒာနဂမနတ္ထံ၊ ဌာ။ အဟံ၊ သည်။ ကရဏာသီတလဟဒယံ၊ သော။ ပညာပဒ္ဓောတ ဝိဟတမောဟတမံ၊ သော။ သနရာမရလောကဂရုံ၊ သော။ သုဂတံ၊ သော။ ဂတိဝိမုတ္တံ၊ သော။ ဗုဒ္ဓံ၊ ကို။ အတိအာဒရေန၊ အားဖြင့်။ ဝါ၊ စွာ။ ဝန္ဒေ၊ ပါဒ၏။ ယထာဓိပ္ပေတာယ၊ သော။ သံဝဏ္ဏနာယ၊ ၏။ အနန္တရာယေန၊ သဖြင့်။ နိဒ္ဒာနဂမနတ္ထံ၊ ဌာ။ ကရဏာသီတလဟဒယံ၊ သော။ ပညာပဒ္ဓောတ ဝိဟတမောဟတမံ၊ သော။ သနရာမရလောကဂရုံ၊ သော။ သုဂတံ၊ သော။ ဂတိဝိမုတ္တံ၊ သော။ ဗုဒ္ဓံ၊ ကို။ အတိအာဒရေန၊ အားဖြင့်။ ဝါ၊ စွာ။ ဝန္ဒိတွာ၊ ၍။ ။

မှတ်ချက်။ ။ [ဤကား အာကာရတ္ထ, မနသာဝဝတ္ထာပိတတ္ထ နှစ်ပါးကို တစ်ပေါင်းတည်း ရောစပ်၍ ယောဇနာအပ်သော သခ်ိပ ယောဇနာနည်းတည်း]

တစ်နည်း။ ။ ယထာ၊ အကြောင်းသို့သော အခြင်းအရာအားဖြင့်။ မယာ၊ ငါသည်။ ဗုဒ္ဓေ၊ မြတ်စွာဘုရားကို။ ဝန္ဒိယမာနေ၊ ရှိခိုးအပ်သည်ရှိသော်။ အတိအာဒရော၊ အလွန်ရိုသေခြင်းသည်။ ဟောတိ၊ ဖြစ်နိုင်လောက်၏။ တထာ၊ ထိုရိုသေခြင်း၏ ဖြစ်နိုင်လောက်အောင်သော အခြင်းအရာအားဖြင့်။ အဟံ၊ သည်။ ကရုဏာသီတလဟဒယံ၊ သော။ ပညာပဒ္ဓောတ ဝိဟတမောဟတမံ၊ သော။ သနရာမရလောကဂရုံ၊ သော။ သုဂတံ၊ သော။ ဂတိဝိမုတ္တံ၊ သော။ ဗုဒ္ဓံ၊ ကို။ အတိအာဒရေန၊ အားဖြင့်။ ဝါ၊ စွာ။ ဝန္ဒေ၊ ၏။ ယထာ၊ အားဖြင့်။ မယာ၊ သည်။ ဗုဒ္ဓေ၊ ကို။ ဝန္ဒိယမာနေ၊ ရှိသော်။ အဘိအာဒရော၊ သည်။ ဟောတိ၊ ၏။ တထာ၊ အားဖြင့်။ ကရုဏာသီတလဟဒယံ၊ သော။ ပညာပဒ္ဓောတ ဝိဟတမောဟတမံ၊ သော။ သနရာမရလောကဂရုံ၊ သော။ သုဂတံ၊ သော။ ဂတိဝိမုတ္တံ၊ သော။ ဗုဒ္ဓံ၊ ကို။ အတိအာဒရေန၊ အားဖြင့်။ ဝါ၊ စွာ။ ဝန္ဒိတွာ၊ ၍။ ။

မှတ်ချက်။ ။ [ဤကား အာကာရတ္ထကို ပေါ်လွင်ထင်ရှားစေခြင်းငှာ အကျယ်ချဲ့၍ ယောဇနာအပ်သော ဝိတ္ထာရအာကာရတ္ထ ယောဇနာနည်းတည်း]

တစ်နည်း။ ။ မယာ၊ ငါသည်။ ဗုဒ္ဓေ၊ မြတ်စွာဘုရားကို။ ဝန္ဒိယမာနေ၊ ရှိခိုးအပ်သည်ရှိသော်။ ယထာဓိပ္ပေတာ၊ အကြောင်းအကြောင် အလိုရှိအပ်သော။ သံဝဏ္ဏနာ၊ သံဝဏ္ဏနာသည်။ ဝါ၊ ဖွင့်ရာဖွင့်ကြောင်းဖြစ်သော အဋ္ဌကထာသည်။ အနန္တရာယေန၊ ကိုယ်ပကိုယ်တွင်း အန္တရာယ်ကင်းသဖြင့်။ နိဒ္ဒာနံ၊ ပြီးဆုံးခြင်းသို့။ ဂမိဿတိ၊ ရောက်လိမ့်လတ္တံ့။ ဣတိမနသိကတွာ၊ ဤသို့နှလုံးသွင်း၍။ ယထာဓိပ္ပေတာယ၊ အကြောင်းအကြောင် အလိုရှိအပ်သော။ သံဝဏ္ဏနာယ၊ သံဝဏ္ဏနာ၏။ ဝါ၊ ဖွင့်ရာဖွင့်ကြောင်းဖြစ်သော အဋ္ဌကထာ၏။ အနန္တရာယေန၊ သဖြင့်။ အဟံ၊ သည်။ ကရုဏာသီတလဟဒယံ၊ သော။ ပညာပဒ္ဓောတ ဝိဟတမောဟတမံ၊ သော။ သနရာမရလောကဂရုံ၊ သော။ သုဂတံ၊ သော။ ဂတိဝိမုတ္တံ၊ သော။ ဗုဒ္ဓံ၊ ကို။ ဝန္ဒေ၊ ၏။ မယာ၊ သည်။ ဗုဒ္ဓေ၊ ကို။ ဝန္ဒိယမာနေ၊ ရှိသော်။ ယထာဓိပ္ပေတာ၊ သော။ သံဝဏ္ဏနာ၊ သည်။ အနန္တရာယေန၊ သဖြင့်။ နိဒ္ဒာနံ၊ သို့။ ဂမိဿတိ၊

http://www.dhammadownload.com

လတ္တံ့။ ကြတိမနသိကတ္တာ၊ ၍။ ယထာဓိပ္ပေတာယ၊ သော။ သံဝဏ္ဏနာယ၊ ၏။ အနန္တရာယေန၊ သဖြင့်။ နိဋ္ဌာနဂမနတ္ထံ၊ ဌာ။ ကရဏာသီတလဟဒယံ၊ သော။ ပညာပဒ္ဓောတ ဝိဟတမောဟတမံ၊ သော။ သနရာမရလောကဂရုံ၊ သော။ သုဂတံ၊ သော။ ဂတိဝိမုတ္တံ၊ သော။ ဗုဒ္ဓံ၊ ကို။ ဝန္ဒိတ္ဝာ၊ ၍။ ။

မှတ်ချက်။ ။ [ဤကား မနသာဝဝတ္ထာပိတတ္ထကို ပေါ်လွင်ထင်ရှားစေခြင်းငှာ အကျယ်ချဲ့၍ ယောဇနာအပ်သော ဝိတ္ထာရမနသာဝဝတ္ထာပိတတ္ထ ယောဇနာနည်းတည်း]

တစ်နည်း။ ။ မယာ၊ သည်။ ဗုဒ္ဓေ၊ ကို။ ဝန္ဒိယမာနေ၊ ရှိသော်။ ယထာဓိပ္ပေတာ၊ သော။ သံဝဏ္ဏနာ၊ သည်။ အနန္တရာယေန၊ သဖြင့်။ နိဋ္ဌာနံ၊ သို့။ ဂမိဿတိ၊ လတ္တံ့။ ကြတိမနသိကတ္တာ၊ ၍။ ယထာဓိပ္ပေတာယ၊ သော။ သံဝဏ္ဏနာယ၊ ၏။ အနန္တရာယေန၊ သဖြင့်။ နိဋ္ဌာနဂမနတ္ထံ၊ ဌာ။ ယထာ၊ အားဖြင့်။ မယာ၊ သည်။ ဗုဒ္ဓေ၊ ကို။ ဝန္ဒိယမာနေ၊ ရှိသော်။ အတိအာဒရော၊ သည်။ ဟောတိ၊ ၏။ တထာ၊ အားဖြင့်။ အဟံ၊ သည်။ ကရုဏာသီတလဟဒယံ၊ သော။ ပညာပဒ္ဓောတ ဝိဟတမောဟတမံ၊ သော။ သနရာမရလောကဂရုံ၊ သော။ သုဂတံ၊ သော။ ဂတိဝိမုတ္တံ၊ သော။ ဗုဒ္ဓံ၊ ကို။ အတိအာဒရေန၊ အားဖြင့်။ ဝါ၊ စွာ။ ဝန္ဒေ၊ ၏။ မယာ၊ သည်။ ဗုဒ္ဓေ၊ ကို။ ဝန္ဒိယမာနေ၊ ရှိသော်။ ယထာဓိပ္ပေတာ၊ သော။ သံဝဏ္ဏနာ၊ သည်။ အနန္တရာယေန၊ သဖြင့်။ နိဋ္ဌာနံ၊ သို့။ ဂမိဿတိ၊ လတ္တံ့။ ကြတိမနသိကတ္တာ၊ ၍။ ယထာဓိပ္ပေတာယ၊ သော။ သံဝဏ္ဏနာယ၊ ၏။ အနန္တရာယေန၊ သဖြင့်။ နိဋ္ဌာနဂမနတ္ထံ၊ ဌာ။ ယထာ၊ အားဖြင့်။ မယာ၊ သည်။ ဗုဒ္ဓေ၊ ကို။ ဝန္ဒိယမာနေ၊ ရှိသော်။ အတိအာဒရော၊ သည်။ ဟောတိ၊ ၏။ တထာ၊ အားဖြင့်။ ကရုဏာသီတလဟဒယံ၊ သော။ ပညာပဒ္ဓောတဝိဟတ မောဟတမံ၊ သော။ သနရာမရ လောကဂရုံ၊ သော။ သုဂတံ၊ သော။ ဂတိဝိမုတ္တံ၊ သော။ ဗုဒ္ဓံ၊ ကို။ အတိအာဒရေန၊ အားဖြင့်။ ဝါ၊ စွာ။ ဝန္ဒိတ္ဝာ၊ ၍။ ။

မှတ်ချက်။ ။ [ဤကား အာကာရတ္ထ, မနသာဝဝတ္ထာပိတတ္ထတို့ကို ပေါ်လွင်ထင်ရှားစေခြင်းငှာ အကျယ်ချဲ့၍ တစ်ပေါင်းတည်း ယောဇနာအပ်သော ဝိတ္ထာရ အာကာရတ္ထ မနသာဝဝတ္ထာပိတတ္ထ ယောဇနာနည်းတည်း]

(၁) သဝိညာဏာ၊ အဝိညာ၊ ဒုက ကိရိယာ။
(၂) သဝိညာဏာ၊ ကိရိယာဒ္ဒ၊ ကာယဝစီ၊ မနမ္မိ၊ သုံးလီ ကိရိယာ။
(၃) အဝိညာဏာ၊ အဘေဒ၊ ဧက ကိရိယာ။
(၄) မနဝဝတ္ထ၊ အာကာရ၊ ကာယဝစီမှာ။
(၅) မနောဒ္ဓါရ၊ အဝိညာ၊ ဧကာ အာကာရာ။
(၆) ပိဋ္ဌကတ်သုံးသွယ်၊ ငါးနိကာယ်၊ ဉာဏ်ကျယ် ဤနည်းသာ။

နိယံသစ်များ။ ။ ဤနိယံသစ်များအတိုင်း ပိဋ္ဌကတ်တော်မှာ သဝိညာဏာက ကိရိယာ, အဝိညာဏာက ကိရိယာဟု ကိရိယာနှစ်မျိုးသာ ရှိ၏။ ထို့ပြင် မရှိပြီ။ သဝိညာဏာက ကိရိယာ

http://www.dhammadownload.com

မှာလည်း ကာယဒွါရကိရိယာ၊ ဝစီဒွါရကိရိယာ၊ မနောဒွါရကိရိယာ ဟု သုံးမျိုးပြား၏။ အဝိညာဏက ကိရိယာမှာ အပြားမရှိ။ ကာယဒွါရကိရိယာ၊ ဝစီဒွါရကိရိယာများမှာ မနသာဝဝတ္ထာပိတာ၊ အာကာရဟု နှစ်မျိုးရှိမြဲ။ မရှိက ဆောင်၍ယူမြဲ။ မနောဒွါရကိရိယာ၊ အဝိညာဏက ကိရိယာများ၌ အာကာရတစ်မျိုးသာ ရှိမြဲ။ မရှိက ဆောင်၍ယူရမြဲ။ ထိုတွင် ကာယဒွါရကိရိယာ၌ ပြယုဂ်ကား။ ။ အနေကဂဇ္ဈ ပါသာဒံ မာပေတိ။ စျာယိတုံစ ဝိပဿိတုံစ။ ။ အစရှိသည်တည်း။ ဤပြယုဂ်၌ အနေကဂဇ္ဈဟူသော ပုဒ်ဝယ် အနေကဟူသော ပုဒ်ဖြင့် အာကာရကို ပြ၏။ စျာယိတုံစ ဝိပဿိတုံစဟူသော ပုဒ်များဖြင့် မနသာဝဝတ္ထာပိတကို ပြ၏။ မနသာဝဝတ္ထာပိတဟူသည် စိတ်ဖြင့် ပိုင်းခြား မှတ်သားခြင်းတည်း။ အာဘောဂ မနသိကာရ ဟူ၍လည်း ဆိုရ၏။ နှလုံးသွင်း ရည်ရွယ်ချက်ဟူလို။ ။

ဝစီဒွါကိရိယာ၌ ပြယုဂ်ကား။ ။ သုဗ္ဗဒ္ဒံ ဝက္ခာမိ သုသန္ဓိကပွံ။ ။ အစရှိသည်တည်း။ ဤပြယုဂ်၌ သုဗ္ဗဒ္ဒံ ဟူသောပုဒ်ဖြင့် မနသာဝဝတ္ထာပိတကို ပြ၏။ သုသန္ဓိကပွံ ဟူသော ပုဒ်ဝယ် သု ဟူသော ပါဠိဖြင့် အာကာရကို ပြ၏။ ။

မနောဒွါရကိရိယာ၌ ပြယုဂ်ကား။ ။ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ ။ အစရှိသည်တည်း။ ဤပြယုဂ်၌ အနိစ္စတော အစရှိသော သုံးပုဒ်ဖြင့် အာကာရကို ပြ၏။

အဝိညာဏက ကိရိယာ၌ ပြယုဂ်ကား။ ။ သမ္မာဒေဝေါ ပဝဿတု။ ။ အစရှိသည်တည်း။ ဤပြယုဂ်၌ သမ္မာသဒ္ဒါဖြင့် အာကာရကို ပြ၏။ ဤနည်းအတိုင်းသာ ပိဋ္ဌကတ်သုံးပုံ၌ ရှိသော ကိရိယာများကို ခွဲခြမ်းဝေဖန်ရမည်။ ဤသို့ ခွဲခြမ်းဝေဖန်ရသည့်အတိုင်း ဤဂါထာ၌ ဝန္ဒေဟူသော ကိရိယာကို ခွဲခြမ်းဝေဖန် စိစစ်သည်ရှိသော် ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရ အားဖြင့် သုံးဒွါရလုံးဖြစ်သင့်၏။ သို့ဖြစ်သင့်သောကြောင့် နယဂ္ဂါဟ ဖြစ်စေခြင်းငှာ အာကာရ၌ သက်သက် တစ်နည်း၊ မနသာဝဝတ္ထာပိတသက်သက် တစ်နည်း၊ အာကာရ၌ မနသာဝဝတ္ထာပိတ နှစ်ပါးစုံရောရော၍ တစ်နည်း ဤသို့ သုံးနည်းသုံးစား ပိုင်းခြား၍ သခေါပဝိတ္ထာရ အားဖြင့် အမျိုးမျိုးအစားစား ယောဇနာလိုက်ပေ၏။ အရာရာတိုင်း နည်းယူရမည်။ ဤ ယောဇနာနည်းများကား-

ပါဌာနုသာရီ သမ္မန္နော၊ သမ္မန္နော ဥပမာယစ။
ဟေတုနာပိစ သမ္မန္နော၊ ဥပမာဟေတုနာပိစ။
သမ္မန္နဘေဒါ ဝိညေယျာ၊ စတ္တာရောတိ ဝိဘာဝိနာ။ ။

ဟူသော ဇာလိနီဂါထာအရ ပါဠိရှိတိုင်း သမ္မန်အပ်သောကြောင့် ပါဌာနုသာရီ သမ္မန်ချည်းသာတည်း။

တစ်နည်း။ ။ စာတုဒ္ဒီပိက မနုဿာ၊ လေးကျွန်းနေသူ လူအပေါင်းတို့သည်။ ဓမ္မိကံ၊ တရားရှိသော။ ဝါ၊ တရားကို ကျင့်တတ်သော။ ဝါ၊ တရားကို စောင့်တတ်သော။ စက္ကဝတ္တိ၊ စကြာရတနာကို လည်စေတတ်သော။ ရာဇာနံ၊ မင်းကို။ ဝန္ဒန္တိယထာ၊ ရှိခိုးကြကုန်သကဲ့သို့။ တထာ၊ ထို့အတူ။ အဟံ၊ ငါသည်။ ကရုဏာသီတလဟဒယံ၊ သော။ ပညာပဇ္ဇောတ ဝိဟတမောဟတမံ၊

http://www.dhammadownload.com

သော။ သနရာမရလောကဂရုံ၊ သော။ သုဂတံ၊ သော။ ဂတိဝိမုတ္တံ၊ သော။ ဗုဒ္ဓံ၊ ကို။ ဝန္ဒေ၊ ၏။ စာတုဒ္ဒိပိက မနုဿာ၊ တို့သည်။ ဓမ္မိကံ၊ သော။ စက္ကဝတ္တိံ၊ သော။ ရာဇာနံ၊ ကို။ ဝန္ဒန္တိယထာ၊ သို့။ တထာ၊ တူ။ ကရဏာသီတလဟဒယံ၊ သော။ ပညာပဒ္ဓောတ ဝိဟတမောဟတမံ၊ သော။ သနရာမရ လောကဂရုံ၊ သော။ သုဂတံ၊ သော။ ဂတိဝိမုတ္တံ၊ သော။ ဗုဒ္ဓံ၊ ကို။ ဝန္ဒိတွာ၊ ၍။ ။

မှတ်ချက်။ ။ [ဤကား ဥပမာဖြင့် တန်ဆာဆင်၍ သမ္မန်အပ်သောကြောင့် ဥပမာသမ္မန်တည်း]

တစ်နည်း။ ။ အန္တရာယ ဝိဃာတ ဂန္ဆနိဋ္ဌာနကာမတ္တာ၊ အန္တရာယ်ကို ပယ်ဖျောက်ဖျက်ဆီးခြင်း, ကျမ်း၏ ပြီးဆုံးခြင်းကို အလိုရှိသည်၏အဖြစ်ကြောင့်။ အဟံ၊ သည်။ ကရဏာသီတလဟဒယံ၊ သော။ ပညာပဒ္ဓောတ ဝိဟတမောဟတမံ၊ သော။ သနရာမရလောကဂရုံ၊ သော။ သုဂတံ၊ သော။ ဂတိဝိမုတ္တံ၊ သော။ ဗုဒ္ဓံ၊ ကို။ ဝန္ဒေ၊ ၏။ အန္တရာယ ဝိဃာတ ဂန္ဆနိဋ္ဌာနကာမတ္တာ၊ ကြောင့်။ ကရဏာသီတလဟဒယံ၊ သော။ ပညာပဒ္ဓောတ ဝိဟတမောဟတမံ၊ သော။ သနရာမရ လောကဂရုံ၊ သော။ သုဂတံ၊ သော။ ဂတိဝိမုတ္တံ၊ သော။ ဗုဒ္ဓံ၊ ကို။ ဝန္ဒိတွာ၊ ၍။ ။

မှတ်ချက်။ ။ [ဤကား ဟိတ်ဖြင့် တန်ဆာဆင်၍ သမ္မန်အပ်သောကြောင့် ဟေတု သမ္မန်တည်း]

တစ်နည်း။ ။ စာတုဒ္ဒိပိက မနုဿာ၊ တို့သည်။ ဓမ္မိကံ၊ သော။ စက္ကဝတ္တိံ၊ သော။ ရာဇာနံ၊ ကို။ ဝန္ဒန္တိယထာ၊ သို့။ တထာ၊ ထို့အတူ။ အန္တရာယ ဝိဃာတ ဂန္ဆနိဋ္ဌာနကာမတ္တာ၊ ကြောင့်။ အဟံ၊ ငါသည်။ ကရဏာသီတလဟဒယံ၊ သော။ ပညာပဒ္ဓောတ ဝိဟတမောဟတမံ၊ သော။ သနရာမရလောကဂရုံ၊ သော။ သုဂတံ၊ သော။ ဂတိဝိမုတ္တံ၊ သော။ ဗုဒ္ဓံ၊ ကို။ ဝန္ဒေ၊ ၏။ စာတုဒ္ဒိပိက မနုဿာ၊ တို့သည်။ ဓမ္မိကံ၊ သော။ စက္ကဝတ္တိံ၊ သော။ ရာဇာနံ၊ ကို။ ဝန္ဒန္တိယထာ၊ သို့။ တထာ၊ တူ။ အန္တရာယ ဝိဃာတ ဂန္ဆနိဋ္ဌာနကာမတ္တာ၊ ကြောင့်။ ကရဏာသီတလဟဒယံ၊ သော။ ပညာပဒ္ဓောတ ဝိဟတမောဟတမံ၊ သော။ သနရာမရ လောကဂရုံ၊ သော။ သုဂတံ၊ သော။ ဂတိဝိမုတ္တံ၊ သော။ ဗုဒ္ဓံ၊ ကို။ ဝန္ဒိတွာ၊ ၍။ ။

မှတ်ချက်။ ။ [ဤကား ဥပမာ ဟိတ်တို့ဖြင့် တန်ဆာဆင်၍ သမ္မန်အပ်သောကြောင့် ဥပမာဟေတု သမ္မန်တည်း။ ဥပမာလက််ာရသမ္မန်၊ ဟေတွာလက််ာရသမ္မန်၊ ဥပမာဟေတွာလက််ာရသမ္မန် ဟူ၍လည်း ခေါ်ရ၏။ ဟေတွာလက််ာရသမ္မန်၌ ဂါထာအတွင်းရှိ ဖြစ်သင့်သော ပုဒ်တို့ကို ဝိဂြိုဟ်ပြုနည်းအားဖြင့် အတွင်းဟိတ်လုပ်၍ သမ္မန်ကြသည်ကား များ၏။ ဤကျမ်း၌ကား အတွင်းဟိတ်မလုပ်ဘဲ အပဟိတ်သက်သက် အဝိထည့်၍ ဟိတ်ဖြစ်ရုံသာ ယောဇနာခဲ့ပေ၏]

ကရဏာသီတလဟဒယော၊ သော။ ပညာပဒ္ဓောတ ဝိဟတမောဟတမော၊ သော။ သနရာမရ လောကဂရု၊ သော။ သုဂတော၊ သော။ ဂတိဝိမုတ္တော၊ သော။ အတ္ထဝသာ ဝိဘတ္တိ ဝိပရိဏာမော

http://www.dhammadownload.com

ဟူသော ပရိဘာသာနှင့်အညီ ဝိဘာတ်ပြင်၍ လိုက်စပ်။ ။ ဗုဒ္ဓေါပိ၊ မြတ်စွာဘုရားသည်သော်လည်း။ ဝါ၊ မြတ်စွာဘုရားသော်မှလည်း။ ဝါ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်လည်း မြင်၍ သုံးပြင်ဘုံသား ဝေနေအားလည်း ပိုင်းခြားထင်ထင် သိမြင်စေတော်မူတတ်သော မြတ်စွာဘုရား သော်မှလည်း။ ဝါ၊ မောဟတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးတော်မူပြီးသော မြတ်စွာဘုရားသော်မှ လည်း။ ဝါ၊ သဗ္ဗညုတဉာဏ်တည်းဟူသော အပွင့်ဖြင့် ပွင့်တော်မူပြီးသော မြတ်စွာဘုရားသော်မှလည်း။ ယံ ခမ္မံ၊ အကြင် မဂ်ဖိုလ် နိဗ္ဗာန် ဓမ္မကွန်ဟု ဆယ်တန်သောတရားတော်ကို။ ဘာဝေတွာစေဝ၊ ပွားစေ၍လည်း။ ဝါ၊ ပွားစေခြင်းကြောင့်လည်းကောင်း။ ဝါ၊ ဖြစ်စေ၍လည်းကောင်း။ ဝါ၊ ဖြစ်စေခြင်း ကြောင့်လည်းကောင်း။ သစ္ဆိကတွာစ၊ မျက်မှောက်ပြု၍လည်းကောင်း။ ဝါ၊ မျက်မှောက်ပြုခြင်းကြောင့် လည်းကောင်း။ ဗုဒ္ဓဘာဝံ၊ ဘုရား၏အဖြစ်သို့။ ဝါ၊ ဘုရား၏ ဖြစ်ကြောင်းဖြစ်ရာဖြစ်သော အရဟတ္တ မဂ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်သို့။ ဥပဂတော၊ ကပ်ရောက်တော်မူပြီ။

မှတ်ချက်။ ။ [ဤကား သာမညယောဇနာအပ်သော ယောဇနာနည်းတည်း။ ဗုဒ္ဓေါ ပုဒ်ဝယ် လေးနည်းယောဇနာရာ၌ ပထမဝိကပ်၌ ဗုဒ္ဓ သဒ္ဒါ ကေဝလဒဗ္ဗာပေက္ခ။ ဒုတိယဝိကပ်၊ တတိယဝိကပ်၊ စတုတ္ထဝိကပ်တို့၌ ဗုဒ္ဓသဒ္ဒါ သဂုဏဒဗ္ဗာပေက္ခ။ ဗုဓ-ဓာတ်၊ ဉာဏတ္ထ၊ ဇာဂရဏတ္ထ၊ ဝိကသနတ္ထတို့၌ ဖြစ်၏။ တ-ပစ္စည်းတည်း]

တစ်နည်း။ ။ ကရဏာသီတလဟဒယော၊ သော။ ပညာပဇ္ဇောတ ဝိဟတမောဟတမော၊ သော။ သနရာ မရ လောကဂရု၊ သော။ သုဂတော၊ သော။ ဂတိဝိမုတ္တော၊ သော။ ဗုဒ္ဓေါပိ၊ သည်သော်လည်း။ ယံ ခမ္မံ၊ အကြင်လေးပါးသော မဂ်တရားကို။ ဝါ၊ အကြင်ပုဗ္ဗဘာဂ ပဋိပတ္တိနှင့်တကွ ဖြစ်သော လေးပါးသော မဂ်တရားကို။ ဘာဝေတွာစေဝ၊ ပွားစေ၍လည်းကောင်း။ ဝါ၊ ပွားစေခြင်း ကြောင့်လည်းကောင်း။ ဝါ၊ ဖြစ်စေ၍လည်းကောင်း။ ဝါ၊ ဖြစ်စေခြင်းကြောင့်လည်းကောင်း။ ယံ ခမ္မံ၊ အကြင် မဂ်ဖိုလ်နိဗ္ဗာန်တရားကို။ ဝါ၊ အကြင် ပရိယတ္တိတရား, ပဋိပတ္တိတရားနှင့်တကွ ဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်တရားကို။ သစ္ဆိကတွာစ၊ မျက်မှောက်ပြု၍လည်းကောင်း။ ဝါ၊ မျက်မှောက်ပြုခြင်းကြောင့်လည်းကောင်း။ ဗုဒ္ဓဘာဝံ၊ ဘုရား၏အဖြစ်သို့။ ဝါ၊ ဘုရား၏ဖြစ်ကြောင်းဖြစ်ရာဖြစ်သော အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်သို့။ ဥပဂတော၊ ကပ်ရောက်တော်မူပြီ။ ဗုဒ္ဓဘာဝ ဟေတု ဘူတံ၊ ဘုရားအဖြစ်၏ အကြောင်းဖြစ်၍ဖြစ်သော။ ဂတမလံ၊ ကင်းပြီးသော ရာဂ, ဒေါသ, မောဟတည်းဟူသော အညစ်အကြေး ရှိတော်မူသော။ ဝါ၊ ရာဂ, ဒေါသ, မောဟတည်းဟူသော အညစ်အကြေးမှ ကင်းတော်မူပြီးသော။ အနုတ္တရံ၊ မိမိကိုလွန်သောတရား မရှိသော။ ဝါ၊ မိမိထက်လွန်သောတရား မရှိသော။ ဝါ၊ မိမိထက် မြတ်သောတရား မရှိသော။ ဝါ၊ အတုမရှိမြတ်သော။ တံ ခမ္မံ၊ ထိုမဂ်ဖိုလ်နိဗ္ဗာန် ဓမ္မကွန်ဟု ဆယ်တန်သောတရားတော်ကို။ ဝန္ဒေ၊ ပါ၏။

မှတ်ချက်။ ။ [ဤကား ရသင့်သည်အားလျော်စွာ ခွဲခြမ်းစိတ်ဖြာ၍ အထူးယောဇနာ အပ်သော ဝိသေသယောဇနာနည်းတည်း။ ဗုဒ္ဓဘာဝဟေတုဘူတံ ဟူသော ဝိသေသနပုဒ်ကိုကား အနက် ဖြစ်သင့်သောကြောင့် အပိုထည့်၍ ယောဇနာလိုက်ပေ၏။ ဤနည်းအတူ စာကိုယ်၌ မရှိသမျှကိုလည်း ပါဠိသေသချည်းသာ ဟူ၍ မှတ်ယူရမည်]

http://www.dhammadownload.com

ကရဏာသီတလဟဒယော၊ သော။ ပညာပဒ္ဓောတ ဝိဟတမောဟတမော၊ သော။ သနရာမရ လောကဂရု၊ သော။ သုဂတော၊ သော။ ဂတိဝိမုတ္တော၊ သော။ ဗုဒ္ဓေါပိ၊ သည်သော်လည်း။ ဝါ၊ သော်မှလည်း။ ယံ ဓမ္မံ၊ အကြင်မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မကျန်ဟု ဆယ်တန်သော တရားတော်ကို။ ဘာဝေတွာစေဝ၊ ပွားစေ၍လည်းကောင်း။ ဝါ၊ ပွားစေခြင်းကြောင့်လည်းကောင်း။ ဝါ၊ ဖြစ်စေ၍လည်းကောင်း။ ဝါ၊ ဖြစ်စေခြင်းကြောင့်လည်းကောင်း။ ဗုဒ္ဓဘာဝံ၊ သို့။ ဥပဂတော၊ ကပ်ရောက်တော်မူပြီ။ ။

တစ်နည်း။ ။ ကရဏာသီတလဟဒယော၊ သော။ ပညာပဒ္ဓောတ ဝိဟတမောဟတမော၊ သော။ သနရာမရ လောကဂရု၊ သော။ သုဂတော၊ သော။ ဂတိဝိမုတ္တော၊ သော။ ဗုဒ္ဓေါပိ၊ သည်လည်း။ ယံ ဓမ္မံ၊ အကြင်လေးပါးသော မဂ်တရားကို။ ဝါ၊ အကြင် ပုဗ္ဗဘာဂ ပဋိပတ္တိနှင့်တကွဖြစ်သော လေးပါးသောမဂ်တရားကို။ ဘာဝေတွာစေဝ၊ ပွားစေ၍လည်းကောင်း။ ဝါ၊ ပွားစေခြင်းကြောင့်လည်းကောင်း။ ဝါ၊ ဖြစ်စေ၍လည်းကောင်း။ ဝါ၊ ဖြစ်စေခြင်းကြောင့်လည်းကောင်း။ ယံဓမ္မံ၊ အကြင် ဖိုလ်နိဗ္ဗာန်တရားကို။ ဝါ၊ အကြင် ပရိယတ္တိတရား, ပဋိပတ္တိတရားနှင့်တကွဖြစ်သော ဖိုလ်နိဗ္ဗာန်တရားကို။ သစ္ဆိကတွာစ၊ မျက်မှောက်ပြု၍လည်းကောင်း။ ဝါ၊ မျက်မှောက်ပြုခြင်းကြောင့်လည်းကောင်း။ ဗုဒ္ဓဘာဝံ၊ သို့။ ဥပဂတော၊ ကပ်ရောက်တော်မူပြီ။ ဗုဒ္ဓဘာဝဟေတုဘူတံ၊ သော။ ဂတမလံ၊ သော။ အနုတ္တရံ၊ သော။ တံဓမ္မံ၊ ကို။ ဝန္ဒိတွာ၊ ၍။ ။

ကရဏာသီတလဟဒယဿ၊ သော။ ပညာပဒ္ဓောတ ဝိဟတမောဟတမဿ၊ သော။ သနရာမရ လောကဂရုနော၊ သော။ သုဂတဿ၊ သော။ ဂတိဝိမုတ္တဿ၊ သော။ တဿ ဗုဒ္ဓဿ၊ ထိုမြတ်စွာဘုရား၏။ မာရသေနမထနာနံ၊ မာရ်မင်း, မာရ်မင်း၏စစ်သည်ကို လုံးထွေးနှိမ်နင်းတတ်ကုန်သော။ ဝါ၊ ဒေဝပုတ္တမာရ်၏ ကိလေသာမာရ်တည်းဟူသော စစ်သည်ကို လုံးထွေးနှိမ်နင်းတတ်ကုန်သော။ ဝါ၊ ခန္ဓမာရ်, အဘိသင်္ခါရမာရ်, မစ္စုမာရ်, ဒေဝပုတ္တမာရ် ထိုလေးပါးသောမာရ်တို့၏ စစ်သည်ဟု ဆိုအပ်သော ကိလေသာမာရ်ကို လုံးထွေးနှိမ်နင်းတတ်ကုန်သော။ ဩရသာနံ၊ ရင်၌ဖြစ်သောသားနှင့် တူကုန်သော။ ဝါ၊ ရင်၌ကြီးပွားသော သားနှင့်တူကုန်သော။ ဝါ၊ ရင်၌ဖြစ်ကုန်သော။ ဝါ၊ ရင်၌ကြီးပွားကုန်သော။ အင်္ဂနံ၊ မဂ္ဂင်္ဂန်လေးယောက် ဖလင်္ဂန်လေးယောက်အားဖြင့် ရှစ်ယောက်ကုန်သော။ ပုတ္တာနံ၊ သားတော်တို့၏။ သမ္ဘဟံ၊ အပေါင်းဖြစ်သော။ အရိယသံဃမ္ဟိ၊ အရိယာသံဃာတော်ကိုလည်း။ ဝါ၊ ကိလေသာမြူမှေး ညစ်အကြေးမှ ကင်းဝေးစင်ကြယ်ကြကုန်သော သူတော်ကောင်းတို့၏အပေါင်းကိုလည်း။ ဝါ၊ အကျိုးမဲ့၌ မဖြစ်တတ်သော သူတော်ကောင်းတို့၏အပေါင်းကိုလည်း။ ဝါ၊ အကျိုးစီးပွား၌ဖြစ်တတ်သော သူတော်ကောင်းတို့၏အပေါင်းကိုလည်း။ ဝါ၊ နတ်နှင့်တကွဖြစ်သော သတ္တလောကသည် ကိုးကွယ်လဲလျောင်း ပုန်းအောင်းမှီခိုရာဟူ၍ ဆည်းကပ်အပ်သော အရိယာတို့၏အပေါင်းကိုလည်း။ ဝါ၊ ကိလေသာမြူမှေး ညစ်အကြေးမှ ကင်းဝေးစင်ကြယ်သော သံဃာတော်ကိုလည်း။ ဝါ၊ အကျိုးမဲ့၌ မဖြစ်တတ်သော သံဃာတော်ကိုလည်း။ ဝါ၊ အကျိုးစီးပွား၌ဖြစ်တတ်သော သံဃာတော်ကိုလည်း။ ဝါ၊ နတ်နှင့်တကွဖြစ်သော သတ္တလောကသည် ကိုးကွယ်လဲလျောင်း ပုန်းအောင်းမှီခိုရာဟူ၍ ဆည်းကပ်အပ်သော သံဃာတော်ကိုလည်း။ သိရသာ၊ ဦးခေါင်းဖြင့်။ ဝန္ဒေ၊ ပါ၏။

မှတ်ချက်။ ။ [ဩရသာနံ ဟူသောပုဒ်ဝယ် လေးနည်းယောဇနာရာ ပထမယောဇနာ

http://www.dhammadownload.com

နည်း၌။ ။ ဥရသိ ဘဝါ ဇာတာ သြရသာ။ ။ ဟု ဘဝတဒ္ဓိတ် ဝိဂြိုဟ်ပြု၍ အတ္တဇသား, ခေတ္တဇသား, အန္တေဝါသိကသား, ဒိန္နကသားတို့တွင် အတ္တဇသားကို ယူရ၏။ အရိယာပုဂ္ဂိုလ်ကို ရအောင်။ ။ သြရသာ ဝိယာတိ သြရသာ။ ။ ဟု ဥပမာတဒ္ဓိတ် တစ်ဆင့်ပြုအပ်၏။ ဒုတိယယောဇနာနည်း၌။ ။ ဥရသိ ဘဝါ သံဝမှာ သြရသာ။ သြရသာ ဝိယာတိ သြရသာ။ ။ ဟု ယခင်နည်းအတိုင်း ဘဝတဒ္ဓိတ်, ဥပမာတဒ္ဓိတ် ဝိဂြိုဟ်ပြုအပ်၏။ တတိယ, စတုတ္ထ ယောဇနာနည်း၌ သဒိသကပွနာ သဒိသူပစာရနည်းနှင့် မရောမယှက် သက်သက်။ ဥရသိ ဘဝါ ဇာတာ သြရသာ၊ ဥရသိ ဘဝါ သံဝမှာ ဝါ သြရသာ။ ။ ဟု ဘဝတဒ္ဓိတ် ဝိဂြိုဟ်ပြု၍ မုချတ္ထအားဖြင့် အရိယာပုဂ္ဂိုလ်ကို ကောက်ယူအပ်၏။

မာရသေန မထနာနံ ဟူသောပုဒ်ဝယ် သုံးနည်းယောဇနာရာ ပထမယောဇနာနည်း၌။ ။ မာရံစ မာရသေနံစ မထေန္တိ ဝိလောဒ္ဒေန္တိတိ မာရသေနမထနာ။ ။ ဟု ဧကဒေသ, သရူပေကဒေသနည်း ပြုအပ်၏။ ဒုတိယယောဇနာနည်း၌။ ။ မာရဿ သေနာ မာရသေနာ။ မာရသေနံ မထေန္တိ ဝိလောဒ္ဒေန္တိတိ မာရသေနမထနာ။ ။ ဟု ကိတန္တသမာသ် ဝိဂြိုဟ်ပြုအပ်၏။ တတိယယောဇနာနည်း၌။ ။ ခန္ဓာဘိသင်္ခါရ မစ္စုဒေဝပုတ္တသင်္ခါတော မာရေစ တေသံ ကိလေသသေနာသင်္ခါတံ မာရံစ မထေန္တိ ဝိလောဒ္ဒေန္တိတိ မာရသေနမထနာ။ ။ ဟု ကိတန္တသမာသ် ဝိဂြိုဟ်ပြု၍ မာရအရ ခန္ဓမာရ်, အဘိသင်္ခါရမာရ်, မစ္စုမာရ်, ဒေဝပုတ္တမာရ်တို့ကို ယူ။ သေနာအရ ကိလေသမာရ်ကို ယူရမည်။

မြတ်စွာဘုရား၏ နောက်အဖို့၌ ဘုရားရတနာ, တရားရတနာတို့ကို သိရခြင်းသည်လည်း သံဃာရတနာနှင့်သာ စပ်ခဲ့၏။ ထို့ကြောင့် အရိယာသံဃာတော်၏ များသောကျေးဇူး ရှိသည်၏ အဖြစ်ကို ပြရခြင်းငှာ ဤသံဃပဏာမ ဂါထာ၌သာ သိရသာ ဝန္ဒေဟု ဆိုအပ်၏ဟု ဋီကာတို့၌ ဆို၏။ ဤပဏာမ သုံးဂါထာတို့၌ ဝန္ဒေဟုသာ အာချာတ်ကိရိယာနှင့်ရှိ၍ ဝန္ဒိတွာဟု တွာ ပစ္စယန္တ ကိတ်ကိရိယာနှင့် မရှိသော်လည်း နောက် အတ္ထံ ပကာသယိဿာမိ ဟူသော ကိရိယာနှင့် ပုဗ္ဗကာလကိရိယာ အပရကာလကိရိယာ အနက် ဖြစ်သင့်သောကြောင့် လည်းကောင်း, တဿ ပါဒေန မဿိတွာ အစရှိသော တွာ ပစ္စယန္တ ပုဗ္ဗကာလ ကိတ်ကိရိယာကို အဋ္ဌသာလိနီစသော အဋ္ဌကထာတို့၌ တွေ့မြင်ရခြင်းကြောင့်လည်းကောင်း ဝန္ဒေ ကိရိယာကို နည်းယူ၍ ဝန္ဒိတွာဟု တွာ ပစ္စယန္တ ပုဗ္ဗကာလ ကိရိယာ အပိထည့်စွက်၍ ယောဇနာလိုက်ပေ၏။

ဤသုမင်္ဂလဝိလာသိနီ ဒီဃနိကာယ် အဋ္ဌကထာ စသည်များ၌ လာသော ဝန္ဒေ စသော ကိရိယာများကို နည်းယူ၍ အဋ္ဌသာလိနီစသော အဋ္ဌကထာများ၌ လာသော နမဿိတွာစသော တွာ ပစ္စယန္တ ကိရိယာများ၌လည်း နမဿိတွာ ကိရိယာကို နည်းယူ၍ နမဿာမိဟု အပိထည့်စွက်၍ ယောဇနာသင့်ကြောင်းကို သိထိုက်၏။ ဤနည်းအတူ တစ်ကျမ်း၌ ဆိုအပ်ပြီးသော စကားကို တစ်ကျမ်း၌လည်း နည်းယူသင့်၏။ အထက်၌ ဆိုအပ်ပြီးသောစကားကို အောက်၌၊ အောက်၌ ဆိုအပ်သောစကားကို အထက်၌၊ အလယ်၌ ဆိုအပ်သောစကားကို အောက်,

http://www.dhammadownload.com

အထက်၌လည်း နည်းယူသင့်၏။ ဤအဆုံးအဖြတ်များသည်။ ။ ဤဒီသေသုဟိ ဌာနေသု ဧကတ္ထဝုတ္တလက္ခဏံ အညတ္ထာပိ ဒဋ္ဌဗ္ဗံ။ ။ ဟူသော မဟာဝဂ္ဂ မဟာခန္ဓကအဖွင့် တေရသကဏ် ဋီကာပါဠိ။ ။ ယဒိဧဝံ သုတ္တဋ္ဌကထာယံ ကရဏာ သီတလဟဒယံ ။ ပ ။ ဝန္ဒေ သုဂတံ ဂတိဝိမုတ္တံ။ ။ ဗုဒ္ဓေါပိ ဗုဒ္ဓဘာဝံ ။ ပ ။ ဝန္ဒေ တမနုတ္တရံ ဓမ္မံ။ သုဂတဿ ဩရသာနံ ။ ပ ။ သိရသာ ဝန္ဒေ အရိယသံဃံ။ ဤတိ မေ ပသန္နမတိနော၊ ရတနတ္တယ ဝန္ဒနာမယံ ပုညံ။ ယံသုဝိဟတန္တရာယော ဟုတ္တာ၊ တဿာနုဘာဝေန ။ ပ ။ အတ္ထံ ပကာသယိဿာမိတိ ဤမေသမ္မိ ဝစနာနံ။ အသမ္မန္နော သိယာ။ ဝန္ဒိတ္တာ ပကာသယိဿာမိ အဝုတ္တတ္တာတိ။ န၊ တတ္ထ အဟံ သုဂတံ ဝန္ဒေ ဝန္ဒာမိ။ ဓမ္မံ ဝန္ဒေ ဝန္ဒာမိ။ အရိယသံဃံ ဝန္ဒေ ဝန္ဒာမိ။ ဧဝံ သုဂတံ ဝန္ဒိတ္တာ ဓမ္မံ ဝန္ဒိတ္တာ အရိယာသံဃံ ဝန္ဒိတ္တာ ရတနတ္တယဝန္ဒနာမယံ ယံ ပုညံ၊ တဿ အာနုဘာဝေန သုဝိဟတန္တရာယော ဟုတ္တာ အတ္ထံ ပကာသယိဿာမိတိ အတ္ထဿ အဓိပ္ပေတတ္တာ။ ဧဝဥ္စိ ဤမာနိ ဝစနာနိ အဘိဓမ္မဋ္ဌကထာယံ။ ။

တဿ ပါဒေ နမဿိတ္တာ၊ သမ္မဒ္ဒဿ သိရီမတော။
သဒ္ဓမ္မဋ္ဌဿ ပူဇေတ္တာ၊ ကတ္တာ သံဃဿ စဉ္ဒလိ။ ။
နိပစ္စကာရဿေ တဿ၊ ကတဿ ရတနတ္တယေ၊
အာနုဘာဝေန သော သေတ္တာ၊ အန္တရာယေ အသေသတော။ ပ။

အတ္ထံ ပကာသယိဿာမိတိ၊ ဧတေဟိ ဝစနေဟိ သံသန္ဒန္တိ။ ။ ဟူသော မဏိသာရမဉ္ဇူသာ ပါဠိများဖြင့် သိသာထင်ရှား၏]

မှတ်ချက်။ ။ [ဤ]ဝါကျဝယ် တတ္ထဟူသောပုဒ်ကို သီလက္ခန်ဋီကာဟောင်း၌ မဖွင့်ခဲ့။ ။ ပါရာဇိကဏ်ယောဇနာ၌ကား။ ။ တတြ ဟီတိ ဟိသစ္စံ၊ တသ္မိ မဟာကဿပတ္ထေရေ။ တတြာတိပဒံ မညမာနာတိပဒေ အာဓာရော။ ဋီကာယံ ပန တတြာတိ ဧဝံသတီတိ အတ္ထော ဝုတ္တော။ သော ဝိစာရေတွာ ဂဟေတဗ္ဗော။ ။ ဟုဆိုး၏။ ဤယောဇနာစကားသည် ဝိဿတ္ထော အဟောသိ စသော အကျယ်စကားနှင့်စပ်ဟပ်၍ မရသောကြောင့် မကောင်း။ ။ သာရတ္ထဒီပနီဋီကာ၌ကား။ ။ တတြာတိ ဧဝံသတိ။ ။ ဟုဆို၏။ ဧဝံသတိ၊ ဤသို့ အလွန်အကျွမ်းဝင်သည်၏အဖြစ်, သာကီဝင်မင်းမျိုးဌ ဖြစ်သည်၏အဖြစ်, မြတ်စွာဘုရား၏ ညီတော်၏အဖြစ် ရှိခဲ့သော်။ ဝါ၊ ကြောင့်။ ။ ဥပဝဒေယျုံဌ စပ်။ ။ ဤသို့ယောဇနာရာ၏။ သာရတ္ထဒီပနီဋီကာ စကားသည် ဟေတုဝါကျနောက် ဝိတ္ထာရဝါကျ အဆုံးဌ တသ္မာဟူ၍ပင် အချို့သော အဋ္ဌကထာဋီကာများဌ ထားရိုးဖြစ်သောကြောင့် သင့်လျော်လှ၏။

http://www.dhammadownload.com

သီလက္ခန်ဒ္ဓကာသစ်ဒ္ဓကား။ ။ တတြာတိ တသ္မိ ဝိဿတ္ထာ ဘာဝေသတိ။ အတိ ဝိဿတ္ထော သက္ကကုလပွသုတ တထာဂတဘာတုဘာဝတောတိ ဝုတ္တံ ဟောတိ။ ဘာဝေန ဘာဝလက္ခဏေဟိ ကတ္ထစိ ဟေတွတ္ထော သမ္ဖဇ္ဇတိ။ တထာဟိ အာစရိယမ္မပါလတ္ထေရေန နေတ္တိဋ္ဌကထာယံ ဂုန္နဥ္စေတရ မာနာနန္တိ ဂါထာ ဝဏ္ဏနာယံ ဝုတ္တံ- သမ္ဖာတာဇိမံ ဂစ္ဆန္တိတိ သမ္ဖာတာဂါဝိယော ကုဋ္ဌိလမေဝ ဂစ္ဆန္တိ။ ကသ္မာ၊ နေတ္တေဇိမံ ဂတောသတိ၊ နေတ္တေကုဋ္ဌိလံဂတေ နေတ္တသ ကုဋ္ဌိလံ ဂတတ္တာတိ အတ္ထောတိ။ ။ ဥဒါန ကထာယမ္ပိ ဣတိ ဣမသ္မိ သတိ ဣဒံ ဟောတီတိ သုတ္တပဒဝဏ္ဏနာယံ- ဟေတု အတ္ထတာ ဘူမ္မဝစနသ္သ ကာရဏသ္သ ဘာဝေန တဒဝိနာဘာဝိ ဖလသ္သဘာဝေါ လက္ခီယတီတိ ဝေဒိတဗ္ဗာတိ၊ တတြာတိ ဝါ နိမိတ္တဘူတေ ဝိဿတ္ထာဒိမ္ပိတိ အတ္ထော၊ တသ္မိ ဥစ္စိနနေတိပိ ဝဒန္တိ။ ။ ဟုဆိ၏။ ဤ သီလက္ခန်ဒ္ဓကာသစ်စကားသည်လည်း သာရတ္ထဒီပနီဋ္ဌကာစကားနှင့် အဓိပ္ပာယ် မကွဲပြား တူရုံမျှမက နေတ္တိအဋ္ဌကထာ, ဥဒါန်းအဋ္ဌကထာတို့နှင့် ညီညွတ်လှပေ၏။ ။ တသ္မိ ဥစ္စိန နေတိပိ ဝဒန္တိ။ ။ ဟူသော စကားကိုကား နေရင်းမူ သုတ်သီလက္ခန် အဋ္ဌကထာနိသျဟောင်း ကို ရည်ရွယ်၍ ဆိုဟန်ရှိ၏။ ။ တတ္ထ၊ ထိသို့ဖြစ်လျက် အာနန္ဒာကို ရွေးကောက်တော်မူသည် ရှိသော။ ။ ဤနည်းကား နေရင်းမူ နိသျနက်တည်း။ ။ ငါတို့ကား ဤသီလက္ခန် ဋ္ဌီကာ သစ်ကိုပင်မှီ၍ လက္ခဏာအနက် ဟိတ်အနက်ကိုယူ၍ ယောဇနာခဲ့ပေကုန်၏]

ထေရော၊ သည်။ တံပရူပဝါဒံ၊ ထိုတစ်ပါးသောရဟန်းတို့၏ ကဲ့ရဲ့ပြစ်တင် စွပ်စွဲခြင်းကို။ ပရိဝဒ္ဓနွှော၊ ကြဉ်တော်မူလိုသည်၏အဖြစ်ကြောင့်။ ဝါ၊ ကြဉ်တော်မူလိုခြင်းကြောင့်။

တစ်နည်း။ ။ တံပရူပဝါဒံ၊ ကို။ ပရိဝဒ္ဓနွှော၊ သော။ ထေရော၊ သည်။ အာနန္ဒံ၊ ကို။ ဝိနာ၊ ကြဉ်၍။ ဓမ္မသံဂီတိ၊ သည်။ ဝါ၊ ကို။ ကာတုံ၊ ငှာ။ နသက္ကာ၊ ခဲ့။ အဟံ၊ သည်။ နံအာနန္ဒံ၊ ကို။ ဘိက္ခူနံယေဝ၊ တို့၏သာလျှင်။ အနုမတိယာ၊ ခွင့်ပြုခြင်းဖြင့်။ ဝါ၊ ခွင့်ပြုချက်ဖြင့်။ ဝါ၊ အလိုအားဖြင့်။ ဂဟေသာမိ၊ ရွေးကောက်ရတော့အံ့။ ဣတိ မနသိကတွာ၊ ၍။ နဥစ္စိနံ၊ မမူ။

အထတသ္မိံကာလေ၊ အရှင်မဟာကဿပထေရ်၏ အရှင်အာနန္ဒာကို မရွေးကောက်ဘဲ ချန်ထား ရာ ထိုအခါ၌။ သယမေဝ၊ မိမိတို့ကိုယ်တိုင်သာလျှင်။ ဘိက္ခူ၊ ရဟန်းတို့သည်။ အာနန္ဒသ၊ ၏။ အတ္ထာယ၊ ငှာ။ ထေရံ၊ မဟာကဿပထေရ်ကို။ ယာစိသု၊ တောင်းပန်ကြကုန်ပြီ။

ယထာဟ၊ သောတုပေါယယ် ယုံကြည်လွယ်ဖို့ အဘယ်စကားကို အဘယ်ဆရာ ဆိုပါသနည်း။ ဘိက္ခူ အာယသ္မန္တံ မဟာကဿပံ ဇေတဝေါစုံ ။ပ။ ဥစ္စိနတူတိ၊ ၍။ ဝါ၊ သော။ ဣဒံဝစနံ၊ ကို။ သဒ္ဒေယျဝါစော၊ သော။ အာယသ္မာဥပါလိတ္ထေရော၊ သည်။ ပဋ္ဌသတိက သံဂီတိက္ခန္ဓကော၊ စူဠဝဂ္ဂ ပဋ္ဌသတိက သံဂီတိက္ခန္ဓကဉ္စ။ အာဟ၊ ပြီ။

ဘိက္ခူ၊ တို့သည်။ အာယသ္မန္တံ မဟာကဿပံ၊ ကို။ ဇေတံဝစနံ၊ ကို။ အဝေါစုံ၊ လျှောက်ကြကုန်ပြီ။ ကိံ၊ သို့။ အဝေါစုံ၊ ကုန်သနည်း။ ။ ဘန္တေ၊ အရှင်မဟာကဿပ၊ အယံ အာယသ္မာ အာနန္ဒော၊ သည်။ သေက္ခော၊ သည်။ ကိဉ္စာပိဟောတိ၊ အကယ်၍ကား ဖြစ်ပါပေ၏။ အထခေါ၊ ထိုသို့ပင်ဖြစ်ပါသော်လည်း။ ယေန ကာရဏေန၊ ကြောင့်။ အာယသ္မာ အာနန္ဒော၊ သည်။ ဆန္ဒာ၊ ချစ်ခြင်းကြောင့်လည်းကောင်း။ ဒေါသာ၊ အမျက်ထွက်ခြင်းကြောင့်လည်းကောင်း။ မောဟာ၊ တွေဝေ

http://www.dhammadownload.com

ခြင်းကြောင့်လည်းကောင်း။ ဘယာ၊ ကြောက်ခြင်းကြောင့်လည်းကောင်း။ အဂတိ၊ မလားသင့်သော အရာသို့။ ဂန္တွ၊ လားခြင်းငှာ။ အဘဗ္ဗော၊ မထိုက်ပါ။ စ၊ သည်သာမကသေးပါ။ အနေန အာယသ္မတော အာနန္ဒေန၊ သည်။ ဘဂဝတော၊ ၏။ သန္တိကေ၊ ၌။ ဗဟု၊ များစွာသော။ ဓမ္မောစ၊ ကိုလည်းကောင်း။ ဝိနယောစ၊ ကိုလည်းကောင်း။ ပရိယတ္တော၊ သင်ယူအပ်ပါပြီ။ ဘန္တေ၊ အရှင်မဟာကဿပ။ တေနဟိ ကာရဏောန၊ လေးပါးသောအဂတိသို့ မလိုက်သည်၏အဖြစ်, များစွာသော သုတ်-အဘိဓမ္မာ-ဝိနည်း ကို မြတ်စွာဘုရားအထံတော်၌ သင်ယူအပ်ပြီးသည်၏ အဖြစ်ဟူသော ထိုအကြောင်းကြောင့်သာလျှင်။ ထေရော၊ သည်။ အာယသ္မန္တံပိ အာနန္ဒံ၊ ကိုလည်း။ ဥစ္စိနတု၊ ရွေးကောက်တော်မူပါလော့။ ဣတိ၊ သို့။ အဝေါစုံ၊ ကုန်ပြီ။

အထတသ္မိကာလေ၊ ရဟန်းတို့က တောင်းပန်လျှောက်ထားရာ ထိုအခါ၌။ အာယသ္မာ မဟာကဿပေါ၊ သည်။ အာယသ္မန္တံ အာနန္ဒံ၊ ကို။ ဥစ္စိနိ၊ ရွေးကောက်တော်မူပြီ။ ဧဝံ၊ ဤသို့။ ဝါ၊ ဤဆိုအပ်ပြီးသောနည်းဖြင့်။ ဘိက္ခူနံ၊ တို့၏။ အနုမတိယာ၊ အားဖြင့်။ ဥစ္စိနိတေန၊ ရွေးကောက်အပ်သော။ ဝါ၊ ရွေးကောက်၍ယူအပ်သော။ တေန အာယသ္မတော အာနန္ဒေန၊ နှင့်။ သဒ္ဓိံ၊ ကွ။ ပဋ္ဌ ထေရသတာနိ၊ ငါးရာသောထေရ်တို့သည်။ အဟေသုံ၊ ကုန်ပြီ။ ။

မှတ်ချက်။ ။ [ဧဝံ၊ သို့။ ဘိက္ခူနံ၊ တို့၏။ အနုမတိယာဧဝ၊ အားဖြင့်သာလျှင်။ ဥစ္စိနိ၊ ၏။ တေန၊ ထိုသို့ ယူတော်မူသောကြောင့်။ ။ ဟု နေရင်းမူနိသျ၌ ယောဇနာ၏။ ထိုယောဇနာခြင်းကား- ဥစ္စိနိတေနာတိ ဥစ္စိနိတ္တာ ဂဟိတေန။ ။ ဟူသော သာရတ္ထဒီပနီ ဋီကာ စကားနှင့်မညီ]

အထတသ္မိကာလေ၊ သင်္ဂါယနာတင်မည့် ရဟန်းတို့ကို ရွေးကောက်ပြီးရာ ထိုအခါ၌။ ထေရာနံ၊ ထေရ်ကြီးဖြစ်ကုန်သော။ ဘိက္ခူနံ၊ တို့အား။ ဧတံပရိဝိတက္ကံ၊ ဤသို့သောအကြံသည်။ အဟောသိ၊ ပြီ။ ကိံ၊ အဘယ်သို့သောအကြံသည်။ အဟောသိ၊ နည်း။ ကတ္ထ၊ အဘယ်အရပ်၌။ မယံ၊ ငါတို့သည်။ ဓမ္မဉ္စ၊ ကိုလည်းကောင်း။ ဝိနယဉ္စ၊ ကိုလည်းကောင်း။ သင်္ဂါယေယျာမနုခေါ၊ ပေါင်းစုရွတ်ကာ သင်္ဂါယနာ တင်ကြကုန်ရာအံ့နည်း။ ဣတိဧတံ ပရိဝိတက္ကံ၊ သည်။ အဟောသိ၊ ပြီ။

အထပစ္ဆာ၊ အကြံဖြစ်ပြီးရာကာလမှနောက်၌။ ထေရာနံ၊ ကုန်သော။ ဘိက္ခူနံ၊ တို့အား။ ဧတံပရိဝိတက္ကံ၊ သည်။ အဟောသိ၊ ဖြစ်ပြန်ပြီ။ ကိံ၊ သည်။ အဟောသိ၊ နည်း။ ရာဇဂဟံ၊ ရာဇဂြိုဟ်ပြည်သည်။ မဟာဂေါစရံ၊ ကျယ်သော နွားတို့၏ကျက်စားရာ မြက်တောစားကျက်နှင့်တူသော ဆွမ်းခံရွာရှိခဲ့၏။ ပဟူတသေနာသနံ၊ များသောကျောင်း ရှိခဲ့၏။ မယံ၊ တို့သည်။ ရာဇဂဟေ၊ ၌။ ဝဿံ၊ မိုးလပတ်လုံး။ ဝသန္တာ၊ နေကြကုန်လျက်။

တစ်နည်း။ ။ ဝဿံဝသန္တာ၊ ဝါဆိုကြကုန်လျက်။ ဓမ္မဉ္စ၊ ကိုလည်းကောင်း။ ဝိနယဉ္စ၊ ကိုလည်းကောင်း။ သင်္ဂါယေယျာမနုခေါ၊ ပေါင်းစုရွတ်ကာ သင်္ဂါယနာ တင်ကြရပါကုန်မူကား။ ယန္နူန၊ ကောင်းလေစွ။ ဝါ၊ ကောင်းလေရာ၏။ အညေ၊ ငါတို့မှတစ်ပါးကုန်သော။ ဘိက္ခူ၊ တို့သည်။ ရာဇဂဟေ၊ ၌။ ဝဿံ၊ ဝါသို့။ နု ဥပဂစ္ဆေယျုံ၊ မကပ်ရောက်ကြပါကုန်မူကား။ ယန္နူန၊ ကောင်းလေစွ။ ဝါ၊ ကောင်းလေရာ၏။ ဣတိဧတံ ပရိဝိတက္ကံ၊ သည်။ အဟောသိ၊ ပြန်ပြီ။

http://www.dhammadownload.com

ပန၊ အဖို့တစ်ပါး အနက်သွားကို ပိုင်းခြားပြအံ့။ ဝါ၊ အာဘော်မကျ သံသယကြောင့် ဒွိဟ မကင်း ငြောင့်တံသင်းကို ပယ်ရှားဆွဲနုတ် မေးဖြေပုဒ်ကို ဖွင့်ထုတ်ပြပိမ့်။ တေဟိထေရေဟိ၊ ထို ငါးရာသောထေရ်တို့သည်။ အာဝါသမစ္ဆရိယ ကုလမစ္ဆရိယာနိ၊ အာဝါသမစ္ဆရိယ, ကုလမစ္ဆရိယတို့ကို။ ပဟီနာနိနန္၊ ပယ်အပ်ပြီးပါကုန်သည် မဟုတ်တုံလော။ တသ္မာ၊ ကြောင့်။ နေသံထေရာနံ၊ ထိုငါးရာ သော ထေရ်တို့အား။ ဧတေန ပရိဝိတက္ကေန၊ သည်။ နံ ဟောတဗ္ဗံ၊ မဖြစ်သင့်, မဖြစ်ထိုက်။ အထ၊ ထိုသို့ မဖြစ်သင့်, မဖြစ်ထိုက်ပါဘဲလျက်။ ကသ္မာ၊ ကြောင့်။ နေသံထေရာနံ၊ တို့အား။ ဧတံ ပရိဝိတက္ကံ၊ သည်။ အဟောသိ၊ နည်း။ ။ ဣတိအယံ၊ သည်ကား။ စောဒနာ၊ တည်း။

ဘဒ္ဒမုခ၊ ဆရာ။ တေဟိထေရေဟိ၊ တို့သည်။ အာဝါသမစ္ဆရိယ ကုလမစ္ဆရိယာနံ၊ တို့၏။ ဝါ၊ တို့ကို။ ပဟီနဘာဝေ၊ ပယ်အပ်ကုန်ပြီးသည်တို့၏အဖြစ်သည်။ သမာနေပိ၊ လည်း။ အမှာကံ၊ တို့၏။ ဣဒံပနကမ္မံ၊ ဤသင်္ဃနာ တင်မူသည်ကား။ ထာဝရကမ္မံ၊ မြဲမြံတည်တံ့ အရှည်ခံသော အမှုပေတည်း။ ဣဒံကမ္မံ၊ ကို။ ကောစိ၊ တစ်စုံတစ်ယောက်သော။ ဝိသဘာဂပုဂ္ဂလော၊ သုဘဒ္ဒ ရဟန်းကြီးကဲ့သို့ တူသောအဖို့မရှိသော ပုဂ္ဂိုလ်သည်။ ဝါ၊ သုဘဒ္ဒ ရဟန်းကြီးကဲ့သို့ သဘောမတူသော ပုဂ္ဂိုလ်သည်။ သံဃမဇ္ဈေ၊ သံဃာ၏အလယ်သို့။ ပဝိသိတွာ၊ ဝင်၍။ ဥက္ကောဋေယျ၊ မဟုတ်မတရား အရွဲပ်များအောင် လှုပ်ချောက်ချားခဲ့လေရာ၏။ ဝါ၊ တားမြစ်ကန့်ကွက် နှောင့်ယှက်ခဲ့လေရာ၏။ ဣတိမနသိကာရာ၊ ဤသို့နှလုံးသွင်းခြင်းကြောင့်။ နေသံ ထေရာနံ၊ တို့အား။ ဧတံ ပရိဝိတက္ကံ၊ သည်။ အဟောသိ၊ ပြီ။ ။ ဣတိအယံ၊ သည်ကား။ သောဓနာ၊ တည်း။

အထပစ္ဆာ၊ ထိုအကြံ ဖြစ်ပြီးရာကာလမှ နောက်၌။ အာယသ္မာ မဟာကဿပေါ၊ သည်။ ဥတ္တိဒုတိယေန၊ နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ဥတ်ရှိသော။ ကမ္မေန၊ ကမ္မဝါစာဖြင့်။ သံဃံ၊ ကို။ သာဝေသိ၊ နာကြားစေပြီ။ ဝါ၊ သိစေပြီ။ ကိံ၊ သို့။ သာဝေသိ၊ နည်း။

အာဝုသော၊ ငါ့ရှင်တို့။ သံဃော၊ သံဃာတော်သည်။ မေ၊ အကျွန်ုပ်၏။ ဝစနံ၊ စကားကို။ သုဏာတု၊ နာတော်မူပါလော့။

တစ်နည်း။ ။ အာဝုသော၊ တို့။ သံဃော၊ သည်။ မေ၊ အကျွန်ုပ်၏စကားကို။ သုဏာတု၊ နာတော်မူပါလော့။ သံဃသ၊ ၏။ ကမ္မံ၊ သင်္ကိတသမ္မုတိကံသည်။ ပတ္တကလ္လံ၊ လျောက်ပတ်သော အခါရှိသည်။ ယဒိသိယာ၊ အကယ်၍ဖြစ်ခဲ့အံ့။

တစ်နည်း။ ။ သံဃသ၊ သံဃာတော်၏ သင်္ကိတိသမ္မုတိကံသည်။ ပတ္တကလ္လံ၊ သည်။ ယဒိသိယာ၊ အံ့။ ဧဝံသတိ၊ သော်။ သံဃော၊ သည်။ ဣမာနိ ပဉ္စဘိက္ခုသတာနိ၊ ဤငါးရာသော ရဟန်းတို့ကို။ အညေဟိ၊ ငါတို့မှတစ်ပါးကုန်သော။ ဘိက္ခူဟိ၊ တို့သည်။ ရာဇဂဟေ၊ ၌။ ဝဿံ၊ မိုးလပတ်လုံး။ နံ ဝသိတဗ္ဗံ၊ မနေရာ။

တစ်နည်း။ ။ နံ ဝဿံဝသိတဗ္ဗံ၊ ဝါမဆိုရာ။ ဣတိဣဒံဝစနံ၊ ကို။ ဝတ္တာ၊ ပြောဆို၍။ ရာဇဂဟေ၊ ၌။ ဝဿံ၊ လုံး။ ဝသန္တာ၊ နေကြကုန်လျက်။ ။ တစ်နည်း။ ။ ဝဿံဝသန္တာ၊ ဝါဆို ကြကုန်လျက်။ ဓမ္မဉ္စ၊ ကိုလည်းကောင်း။ ဝိနယဉ္စ၊ ကိုလည်းကောင်း။ သင်္ဂါယိတုံ၊ ငှာ။ သမ္မနေယျ၊ သမုတ်ရာ၏။ ဧသာ၊ ဤသည်ကား။ ဥတ္တိ၊ သံဃာတော်ကို သိစေခြင်းတည်း။

တစ်နည်း။ ။ ဥတ္တိ၊ သံဃော ဉာပေတဗ္ဗောအရ သံဃာတော်ကို သိစေခြင်းသည်။ ဧသာ၊ ဤသည်ပင်တည်း။

http://www.dhammadownload.com

မှတ်ချက်။ ။ [ဤသုဏာတု မေ သံယော အစရှိသော ဥတ်ပါဠိ၌ မေ ဟူသောပုဒ်, သံဃဿ ဟူသောပုဒ်များကို နှစ်နည်းယောဇနာရာမှာ- ပထမနည်း၌ မေ ဟူသောပုဒ်, သံဃဿ ဟူသောပုဒ်များကား သမ္ဗန်ပုဒ်တည်း။ မေ ဟူသောပုဒ်၌ ဝစနံ ဟူသောသမ္ဗန္ဓီ ပါဌသေသ၊ သံဃဿ ဟူသောပုဒ်၌ ကမ္မံ ဟူသောသမ္ဗန္ဓီ ပါဌသေသများကို ထည့်၍ ယောဇနာခဲ့ပေ၏။ ။ ဒုတိယနည်း၌ မေ၊ ငါ၏ ဟူ၍သာ ယောဇနာသင့်လျက် မေ၊ ငါ၏ စကားကို ဟူ၍ အနက်လွန် အနက်ပိုကို ယောဇနာခြင်းကြောင့်လည်းကောင်း, သံဃဿ၊ သံဃာ၏ ဟူ၍သာ ပေးသင့်လျက် သံဃဿ၊ သံဃာ၏ သဒ္ဒါတိသမ္ဗုတိက် ဟူ၍ အနက်လွန် အနက်ပိုကို ယောဇနာခြင်းကြောင့်လည်းကောင်း အတ္ထာတိသယနည်းဟူ၍ မှတ်ယူရမည်]

အာဝုသော၊ တို့။ သံယော၊ သည်။ မေ၊ ၏။ ဝစနံ၊ ကို။ သုဏာတု၊ ပါလော့။ ။

တစ်နည်း။ ။ အာဝုသော၊ တို့။ သံယော၊ သည်။ မေ၊ ကို။ သုဏာတု၊ ပါလော့။ သံယော၊ သည်။ ဣမာနိပဉ္စဘိက္ခုသတာနိ၊ တို့ကို။ အညေဟိ၊ ကုန်သော။ ဘိက္ခူဟိ၊ တို့သည်။ ရာဇဂဟေ၊ ၌။ ဝဿံ၊ လုံး။ နဝသိတမ္ဗံ၊ ရာ။

တစ်နည်း။ ။ နဝဿံဝသိတမ္ဗံ၊ ရာ။ ဣတိဣဒံဝစနံ၊ ကို။ ဝတွာ၊ ၍။ ရာဇဂဟေ၊ ၌။ ဝဿံ၊ လုံး။ ဝသန္တော၊ ကုန်လျက်။

တစ်နည်း။ ။ ဝဿံဝသန္တော၊ ကုန်လျက်။ ဓမ္မဿ၊ ကိုလည်းကောင်း။ ဝိနယဿ၊ ကိုလည်းကောင်း။ သင်္ဂါယိတုံ၊ ငှာ။ သမ္ဗနတိ၊ ၏။ ယဿအာယသ္မတော၊ အကြင်အရှင်သည်။ ဣမေသံ ပဉ္စန္နံဘိက္ခူ သတာနံ၊ တို့ကို။ အညေဟိ၊ ကုန်သော။ ဘိက္ခူဟိ၊ တို့သည်။ ရာဇဂဟေ၊ ၌။ ဝဿံ၊ လုံး။ နဝသိတမ္ဗံ၊ ရာ။

တစ်နည်း။ ။ နဝဿံဝသိတမ္ဗံ၊ ဝါမဆိုရာ။ ဣတိဣဒံဝစနံ၊ ကို။ ဝတွာ၊ ၍။ ရာဇဂဟေ၊ ၌။ ဝဿံ၊ လုံး။ ဝသန္တော၊ နေကြကုန်လျက်။

တစ်နည်း။ ။ ဝဿံဝသန္တော၊ ကုန်လျက်။ ဓမ္မဿ၊ ကိုလည်းကောင်း။ ဝိနယဿ၊ ကိုလည်းကောင်း။ သင်္ဂါယိတုံ၊ ငှာ။ သမ္မုတိ၊ သမုတ်ခြင်းကို။ ခမတိ၊ ကြိုက်နှစ်သက်အပ်၏။

တစ်နည်း။ ။ ယဿအာယသ္မတော၊ အား။ ဣမေသံ ပဉ္စန္နံဘိက္ခူ သတာနံ၊ တို့ကို။ အညေဟိ၊ ကုန်သော။ ဘိက္ခူဟိ၊ တို့သည်။ ရာဇဂဟေ၊ ၌။ ဝဿံ၊ လုံး။ နဝသိတမ္ဗံ၊ ရာ။

တစ်နည်း။ ။ နဝဿံဝသိတမ္ဗံ၊ ရာ။ ဣတိဣဒံဝစနံ၊ ကို။ ဝတွာ၊ ၍။ ရာဇဂဟေ၊ ၌။ ဝဿံ၊ လုံး။ ဝသန္တော၊ ကုန်လျက်။

တစ်နည်း။ ။ ဝဿံဝသန္တော၊ ကုန်လျက်။ ဓမ္မဿ၊ ကိုလည်းကောင်း။ ဝိနယဿ၊ ကိုလည်းကောင်း။ သင်္ဂါယိတုံ၊ ငှာ။ သမ္မုတိ၊ သမုတ်ခြင်းသည်။ ခမတိ၊ မြဲနှုက်သက်ဝင်၏။ ဝါ၊ မြဲနှုက်သက်ဝင်စေ၏။ ဝါ၊ မြဲနှုက်သက်ဝင်အောင်ပြု၏။ ဝါ၊ အားရမြဲနှုက် နှစ်သက်ကျေနပ်၏။ ဣမေသံ ပဉ္စန္နံဘိက္ခူ သတာနံ၊ တို့ကို။ အညေဟိ၊ ကုန်သော။ ဘိက္ခူဟိ၊ တို့သည်။ ရာဇဂဟေ၊ ၌။ ဝဿံ၊ လုံး။ နဝသိတမ္ဗံ၊ ရာ။

တစ်နည်း။ ။ နဝဿံဝသိတမ္ဗံ၊ ရာ။ ဣတိဣဒံဝစနံ၊ ကို။ ဝတွာ၊ ၍။ ရာဇဂဟေ၊ ၌။ ဝဿံ၊ လုံး။ ဝသန္တော၊ ကုန်လျက်။

http://www.dhammadownload.com

တစ်နည်း။ ။ ဝဿံဝသန္တော၊ ကုန်လျက်။ ဓမ္မဋ္ဌ၊ ကိုလည်းကောင်း။ ဝိနယဋ္ဌ၊ ကိုလည်းကောင်း။ သင်္ဂီယိတုံ၊ ငှာ။ သမ္မုတိ၊ ကို။ ခမမာနော၊ ကြိုက်နှစ်သက်သော။ သောအာယသ္မာ၊ သည်။ တုဏ္ဍီ၊ မပယ်မချေ ဆိတ်ဆိတ်နေသည်။ အဿ၊ ဖြစ်ရာ၏။ ယဿ အာယသ္မတော၊ သည်။ ဣမေသံ ပဉ္စန္နံဘိက္ခုသတာနံ၊ တို့ကို။ အညေဟိ၊ ကုန်သော။ ဘိက္ခူဟိ၊ တို့သည်။ ရာဇဂဟေ၊ ၌။ ဝဿံ၊ လုံး။ နံ ဝသိတဗ္ဗံ၊ ရာ။

တစ်နည်း။ ။ နံ ဝဿံဝသိတဗ္ဗံ၊ ရာ။ ဣတိဣဒံဝစနံ၊ ကို။ ဝတ္တာ၊ ၍။ ရာဇဂဟေ၊ ၌။ ဝဿံ၊ လုံး။ ဝသန္တော၊ ကုန်လျက်။

တစ်နည်း။ ။ ဝဿံဝသန္တော၊ ဝါဆိုကြကုန်လျက်။ ဓမ္မဋ္ဌ၊ ကိုလည်းကောင်း။ ဝိနယဋ္ဌ၊ ကိုလည်းကောင်း။ သင်္ဂီယိတုံ၊ ငှာ။ သမ္မုတိ၊ ကို။ နက္ခမတိ၊ မကြိုက်နှစ်သက်အပ်။ ဣမေသံ ပဉ္စန္နံဘိက္ခု သတာနံ၊ တို့ကို။ အညေဟိ၊ ကုန်သော။ ဘိက္ခူဟိ၊ တို့သည်။ ရာဇဂဟေ၊ ၌။ ဝဿံ၊ လုံး။ နံ ဝသိတဗ္ဗံ၊ ရာ။

တစ်နည်း။ ။ နံ ဝဿံဝသိတဗ္ဗံ၊ ဝါမဆိုရာ။ ဣတိဣဒံဝစနံ၊ ကို။ ဝတ္တာ၊ ၍။ ရာဇဂဟေ၊ ၌။ ဝဿံ၊ လုံး။ ဝသန္တော၊ ကုန်လျက်။

တစ်နည်း။ ။ ဝဿံဝသန္တော၊ ကုန်လျက်။ ဓမ္မဋ္ဌ၊ ကိုလည်းကောင်း။ ဝိနယဋ္ဌ၊ ကိုလည်းကောင်း။ သင်္ဂီယိတုံ၊ ငှာ။ သမ္မုတိ၊ ကို။ အက္ခမမာနော၊ မကြိုက်မနှစ်သက်သော။ သောအာယသ္မာ၊ သည်။ ဘာသေယျ၊ ငါ မကြိုက်မနှစ်သက်ဟု ပြောဆိုရာ၏။ ။ သံဃေန၊ သံဃာသည်။ ဣမာနိ ပဉ္စ ဘိက္ခုသတာနိ၊ ဤငါးရာသော ရဟန်းတို့ကို။ အညေဟိ၊ ငါတို့မှတစ်ပါးကုန်သော။ ဘိက္ခူဟိ၊ တို့သည်။ ရာဇဂဟေ၊ ၌။ ဝဿံ၊ လုံး။ နံ ဝသိတဗ္ဗံ၊ ရာ။

တစ်နည်း။ ။ နံ ဝဿံဝသိတဗ္ဗံ၊ ဝါမဆိုရာ။ ဣတိဣဒံဝစနံ၊ ကို။ ဝတ္တာ၊ ၍။ ရာဇဂဟေ၊ ၌။ ဝဿံ၊ လုံး။ ဝသန္တော၊ ကုန်လျက်။

တစ်နည်း။ ။ ဝဿံဝသန္တော၊ ကုန်လျက်။ ဓမ္မဋ္ဌ၊ ကိုလည်းကောင်း။ ဝိနယဋ္ဌ၊ ကိုလည်းကောင်း။ သင်္ဂီယိတုံ၊ ငှာ။ သမ္မတာနိ၊ သမုတ်အပ်ကုန်ပြီ။

ယသ္မာ၊ အကြောင်ကြောင့်။ သံဃသဿ၊ သည်။ ဣမေသံ ပဉ္စန္နံဘိက္ခုသတာနံ၊ တို့ကို။ အညေဟိ၊ ကုန်သော။ ဘိက္ခူဟိ၊ တို့သည်။ ရာဇဂဟေ၊ ပြည်၌။ ဝဿံ၊ လုံး။ နံ ဝသိတဗ္ဗံ၊ ရာ။

တစ်နည်း။ ။ နံ ဝဿံဝသိတဗ္ဗံ၊ ဝါမဆိုရာ။ ဣတိဣဒံဝစနံ၊ ကို။ ဝတ္တာ၊ ၍။ ရာဇဂဟေ၊ ၌။ ဝဿံ၊ ပတ်လုံး။ ဝသန္တော၊ ကုန်လျက်။

တစ်နည်း။ ။ ဝဿံဝသန္တော၊ ဝါဆိုကြကုန်လျက်။ ဓမ္မဋ္ဌ၊ ကိုလည်းကောင်း။ ဝိနယဋ္ဌ၊ ကိုလည်းကောင်း။ သင်္ဂီယိတုံ၊ ငှာ။ သမ္မုတိ၊ ကို။ ခမတိ၊ ကြိုက်နှစ်သက်အပ်၏။ တသ္မာ၊ ထိုသို့ ကြိုက်နှစ်သက်အပ်သည်၏အဖြစ်ကြောင့်။ ဣမေသံ ပဉ္စန္နံဘိက္ခုသတာနံ၊ တို့ကို။ အညေဟိ၊ ငါတို့မှ တစ်ပါးကုန်သော။ ဘိက္ခူဟိ၊ တို့သည်။ ရာဇဂဟေ၊ ၌။ ဝဿံ၊ ပတ်လုံး။ နံ ဝသိတဗ္ဗံ၊ ရာ။

တစ်နည်း။ ။ နံ ဝဿံဝသိတဗ္ဗံ၊ ဝါမဆိုရာ။ ဣတိဣဒံဝစနံ၊ ဤစကားကို။ ဝတ္တာ၊ ပြော ဆို၍။ ရာဇဂဟေ၊ ၌။ ဝဿံ၊ ပတ်လုံး။ ဝသန္တော၊ ကုန်လျက်။

တစ်နည်း။ ။ ဝဿံဝသန္တော၊ ဝါဆိုကြကုန်လျက်။ ဓမ္မဋ္ဌ၊ ကိုလည်းကောင်း။ ဝိနယဋ္ဌ၊

http://www.dhammadownload.com

ကိုလည်းကောင်း။ သင်္ဂါယိတုံ၊ ငှာ။ သမ္မုတိ၊ ကို။ ခမမာနော၊ ကြိုက်နှစ်သက်သော။ သံယော၊ သည်။ တုဏ္ဍီ၊ မပယ်မချေ ဆိတ်ဆိတ်နေသည်။ အာသိ၊ ဖြစ်ပြီ။ ဧဝံ၊ ဤသို့ ကြိုက်နှစ်သက်သည်၏အဖြစ်ဖြင့်။ ဝါ၊ ဤသို့ ကြိုက်နှစ်သက်သည်၏အဖြစ်ကြောင့်။ ဧတံခမနဘာဝံ၊ ဤသို့ ကြိုက်နှစ်သက်သည်၏အဖြစ်ကို။ အဟံ၊ အကျွန်ုပ်သည်။ ဓာရယာမိ၊ သိမှတ်ရပါ၏။ ဣတိ၊ ဤသို့။ သာဝေသိ၊ နာကြားစေပြီ။ ဝါ၊ သိစေပြီ။

ပန၊ အပြစ်တင်ရန် စုဒ်အကျွန်ုကို ပယ်လှန်ဖျက်ကာ ဆက်ပြပါအံ့။ အယံ ကမ္မဝါစာ၊ ဤ ကမ္မဝါစာကို။ တထာဂတသ၊ မြတ်စွာဘုရား၏။ ပရိနိဗ္ဗာနတော၊ ပရိနိဗ္ဗာန်စံတော်မူရာနေ့မှ။ ဧက ဝီသတိမေ၊ နှစ်ဆယ့်တစ်ရက်တို့၏ ပြည့်ကြောင်းဖြစ်သော။ ဒိဝသေ၊ နယုန်လဆန်းငါးရက်နေ့၌။ အာယသ္မတာ မဟာကဿပေန၊ အရှင်မဟာကဿပသည်။ ကတာ၊ ပြုစီရင်တော်မူအပ်ပြီ။

ဟိ၊ အလွန်ကျဉ်းဘိ ဂုဠ္ဠရှိ၍ မသိမိပွာ လိနတ္ထာကို ကျယ်စွာချဲ့ပိမ့်။ ဘဂဝါ၊ သည်။ ဝိသာခါ ပုဏ္ဏမာယံ၊ ဝိသာခါနက္ခတ်နှင့်ယှဉ်သော ကဆုန်လပြည့် အင်္ဂါနေ့၌။ ပစ္ဈူသသမယေ၊ အမိုက်ကို ဖျောက် အလင်းရောက်သည့် မိုးသောက်ခါနီး လင်းအားကြီးအချိန်၌။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်စံတော်မူပြီ။ အထတသ္မိံကာလေ၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးရာကာလမှ အခြားမဲ့ဖြစ်သောကာလ၌။ မလ္လရာဇာနော၊ မလ္လာမင်းတို့သည်။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ အဿဘဂဝတော၊ ထိုမြတ်စွာဘုရား၏။ သုဝဏ္ဏဝဏ္ဏံ၊ ရွှေအဆင်းနှင့်တူသောအဆင်းရှိသော။ သရီရံ၊ ကိုယ်တော်ကို။ ဝါ၊ အလောင်းတော်ကို။ ဂန္ဓမာလာဒီဟိ၊ နံ့သာပန်း အစရှိသည်တို့ဖြင့်။ ပူဇယိသု၊ ပူဇော်ကြကုန်ပြီ။ ဧဝံ၊ ဤသို့။ ဝါ၊ ဤဆိုအပ်ပြီးသောနည်းဖြင့်။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ သာဓုကီဠနဒိဝသာနာမ၊ သံဝေဂဝတ္ထုကို ပြောဆိုထုတ်ဖော် ကြွေးကြော်၍ အနိစ္စတာနှင့်စပ်သော သီချင်းတို့ကို သီဆို၍ ကောင်းစွာ ကစားရာဖြစ်သော နေ့တို့မည်ကုန်သည်။ ဝါ၊ သူတော်ကောင်းတို့၏ ပြောဆိုထုတ်ဖော် ကြွေးကြော်၍ ကစားရာဖြစ်သော နေ့တို့မည်ကုန်သည်။ ဝါ၊ ကောင်းချီးကစားရာဖြစ်သော နေ့တို့မည်ကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ တတော သတ္တာဟာတော၊ ထိုသာဓုကီဠနသတ္တာဟမှ။ ပရံ၊ နောက်၌။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ ဝါ၊ ခုနစ်ရက်၌။ ဝါ၊ ခုနစ်ရက်တွင် တစ်ပါးသောနေ့၌။ ဝါ၊ ခုနစ်ရက်တွင် နောက်ဆုံးဖြစ်သောနေ့၌။ သရီရံ၊ ကိုယ်တော်ကို။ ဝါ၊ အလောင်းတော်ကို။ စိတကာယ၊ အတောင်တစ်ရှာနှစ်ဆယ်မြင့်သော စန္ဒကူးထင်းပုံ၌။ အဂ္ဂိနာ၊ မီးသည်။ ဈာယိ၊ လောင်ကျွမ်းအပ်ပြီ။

သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ မလ္လရာဇာနော၊ တို့သည်။ သတ္တိပဉ္ဇရံ၊ လုံချိုင့်ကို။ ဝါ၊ လုံခရိုင်ကို။ ဝါ၊ လုံကိုင်ယောကျ်ား မင်းမှုထမ်းသားတို့ဖြင့် ရှစ်ပါးဒိသာ ရပ်မျက်နှာ၌ ကာရံခြင်းတည်းဟူသော ခရိုင်နှင့်တူသော အစောင့်အရှောက်ကို။ ကတွာ၊ ပြုကြကုန်၍။ သန္ဓာဂါရသာလာယံ၊ လွှတ်ရုံးဇရပ်၌။ ဝါ၊ ဆင်, မြင်း, ရထား, ခြေသည်အားဖြင့် လေးပါးသောစစ်သည်၏ အစေ့အစပ် အပိုင်းအခြားကို ပြုရာဖြစ်သော လွှတ်ရုံးဇရပ်၌။ ဝါ၊ အပန်းဖြေ၍ နားနေရာဖြစ်သော လွှတ်ရုံးဇရပ်၌။ ဝါ၊ မင်းတို့၏တကွ အကျိုးကို ဆုံးမရာဖြစ်သော လွှတ်ရုံးဇရပ်၌။ ဝါ၊ ပေါက်ကြားသော အိမ်၏ကိစ္စကို ကောင်းစွာဆောင်ရာဖြစ်သော လွှတ်ရုံး၌။ ဓာတုယူဇံ၊ ဓာတ်တော်အား ပူဇော်ခြင်းကို။ ကရိသု၊ ပြုကြကုန်ပြီ။ ဣတိ၊ ဤသို့။ ဧကဝီသတိ၊ နှစ်ဆယ့်တစ်ပါးသော။ ဒိဝသာ၊ နေ့တို့သည်။ ဂတာ၊ ရောက်ကုန်ပြီ။ ဝါ၊ ဖြစ်ကုန်ပြီ။ ဇေဋ္ဌမူလသုက္ကပက္ခပဉ္စမီယံယေဝ၊ ဇေဋ္ဌနက္ခတ်, မူလနက္ခတ်နှင့်

http://www.dhammadownload.com

ယှဉ်သော နယုန်လဆန်းပက္ခ ငါးရက်တို့၏ ပြည့်ကြောင်းဖြစ်သော နေ့၌သာလျှင်။ သတ္တ၊ ခုနစ်ဦး ကုန်သော။ ရာဇာနော၊ မင်းတို့သည်။ ဓာတုယော၊ ဓာတ်တော်တို့ကို။ ဘာဇယိသု၊ ဝေဖန်ကြကုန်ပြီ။

ဇတသို့ ဓာတုဘာဇနဒိဝသေ၊ ဤဓာတ်တော် ဝေဖန်ရာဖြစ်သော နယုန်လဆန်း ငါးရက်နေ့၌။ သန္နိပတိတာသ၊ ကောင်းစွာကျရောက်သော။ ဝါ၊ စည်းဝေးသော။ ဝါ၊ သာမဂ္ဂီရေး ကိုယ်စိတ်ပေး၍ စည်းဝေးညီညာ ကောင်းစွာရောက်လာသော။ မဟာဘိက္ခုသံဃသ၊ များစွာသော ရဟန်းအပေါင်းအား။ သုဘဒ္ဒေန၊ သုဘဒ္ဒအမည်ရှိသော။ ဝုမ္ဗပဗ္ဗဇိတေန၊ သက်ကြီးယိုယွင်း အိုမင်းရာအခါ၌ ရဟန်းပြုသော ရဟန်းကြီးသည်။ ဝါ၊ တောထွက်ရဟန်းကြီးသည်။

တစ်နည်း။ ။ ဝုမ္ဗပဗ္ဗဇိတေန၊ သက်ကြီးယိုယွင်း အိုမင်းရာအခါ၌ ရဟန်းပြုသော။ သုဘဒ္ဒေန၊ သုဘဒ္ဒသည်။ ကတံ၊ ပြုအပ်သော။ အနာစာရံ၊ မလျောက်ပတ်သောအကျင့်ကို။ အာရော စေတွာစ၊ ပြောဆို၍လည်းကောင်း။ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသောနည်းဖြင့်သာလျှင်။ ဘိက္ခူ၊ တို့ကို။ ဥစ္စိနိတွာစ၊ ရွေးချယ်၍လည်းကောင်း။ အယံကမ္မဝါစာ၊ ဤဥတ္တိဒုတိယကမ္မဝါစာကို။ အာယသ္မတာ မဟာကဿပေန၊ အရှင်မဟာကဿပသည်။ ကတာ၊ ပြုစီရင်တော်မူအပ်ပြီ။

မှတ်ချက်။ ။ [ဤအဋ္ဌကထာ၌ သာဓုကီဠနသတ္တာဟ၊ စိတကသတ္တာဟ၊ ဓာတုပူဇာသတ္တာဟ ဟူ၍ သုံးသတ္တာဟ ဆို၏။ ။ ပါရာဇိကဏ်အဋ္ဌကထာ၊ မဂ််လသုတ် အဋ္ဌကထာတို့၌ သာဓုကီဠနသတ္တာဟ၊ ဓာတုပူဇာသတ္တာဟဟု နှစ်သတ္တာဟသာ ဆို၏။ ဤအဋ္ဌကထာ၌ ဒီဃဘာဏကထေရ်တို့၏ အလိုအားဖြင့် သုံးသတ္တာဟသာ ဆို၏။ ဝိနည်းအဋ္ဌကထာ၊ သုတ္တန်ပါတ် အဋ္ဌကထာ၊ ခုဒ္ဒကပါဌအဋ္ဌကထာတို့၌ ခုဒ္ဒကဘာဏကထေရ်တို့၏ အလိုအားဖြင့် မီးပူဇော်ရာ စျာယနဒိဝသနှင့်ကို တစ်နေ့တည်းပြု၍ သာဓုကီဠနသတ္တာဟ၊ ဓာတုသတ္တာဟတို့၏ အစွမ်းအားဖြင့် အမှုမာသော အတိက္ကန္တော ဒိယမောမာသောသေသော။ ။ ဟုဆို၏ ဟုသာ ယူသင့်၏။ သာရတ္ထဒီပနီဋီကာ၊ သီလက္ခန်ဓဋီကာသစ် စသော ဋီကာများ၌လည်း အမျိုးမျိုးအစားစား ဆိုကြသေး၏။ အလိုရှိက ထိုကျမ်းတို့ကို ကြည့်ရမည်]

စ ပန၊ အထူးတစ်ဖန် စကားကျန်ကို ဖော်လှန်ထုတ်ကာ ဆက်ပြပါအံ့။ ဣမံကမ္မဝါစံ၊ ဤဥတ္တိဒုတိယကမ္မဝါစာကို။ ကတွာ၊ ပြုပြီး၍။ ထေရော၊ မဟာကဿပထေရ်သည်။ ဘိက္ခူ၊ ရဟန်းတို့ကို။ အာမန္တေသိ၊ သိစေတော်မူပြီ။ ဝါ၊ မိန့်တော်မူပြီ။ ကိ၊ သို့။ အာမန္တေသိ၊ သိစေတော်မူသနည်း။ ဝါ၊ မိန့်တော်မူသနည်း။ အာဝုသော၊ ငါ့ရှင်တို့။ ဣဒါနိ၊ ဤအခါ၌။ ဝါ၊ ယခုအခါ၌။ တုမှာကံ၊ သင်တို့အား။ စတ္တာလီသ၊ လေးဆယ်သော။ ဒိဝသာ၊ နေ့တို့ကို။

တစ်နည်း။ ။ စတ္တာလီသဒိဝသာ၊ အရက်လေးဆယ်တို့ကို။ ဩကာသော၊ အခွင့်ကို။ ကတော၊ ပြုအပ်ပြီ။ တတော စတ္တာလီသဒိဝသတော၊ ထိုအရက်လေးဆယ်တို့မှ။ ပရံ၊ နောက်၌။ နော၊ ငါတို့အား။ အယံနာမ ပလိဗောဓော၊ ဤမည်သော အလိုရှိအပ်, တောင့်တအပ်သောအကျိုးကို ပိတ်ပင်နှောင့်ယှက် ကန့်ကွက်တားမြစ်တတ်သော အန္တရာယ်သည်။ အတ္ထိ၊ ရှိခဲ့၏။ ဣတိ၊ ဤသို့။ ဝတ္တုံ၊ ပြောဆိုခြင်းငှာ။ နလဗ္ဘာ၊ မရအပ်။ တသ္မာ၊ ထိုသို့မရအပ်သည်၏အဖြစ်ကြောင့်။ ဇတ္ထန္တရေ၊ ဤအရက်လေးဆယ်၏အတွင်း၌။ ယဿဘိက္ခုနော၊ အကြင်ရဟန်းအား။ ရောဂပလိဗောဓော၀ါ၊

http://www.dhammadownload.com

ရောဂါဟူသော အလိုရှိအပ်, တောင့်တအပ်သောအကျိုးကို ပိတ်ပင်နှောင့်ယှက် ကန့်ကွက်တားမြစ်တတ်သော အန္တရာယ်သည်သော်လည်းကောင်း။ အာစရိယုပဇ္ဈာယ ပလိဗောဓောဝါ၊ ဆရာ ဥပဇ္ဈာယ်ဟူသော အလိုရှိအပ်, တောင့်တအပ်သောအကျိုးကို ပိတ်ပင်နှောင့်ယှက် ကန့်ကွက်တားမြစ်တတ်သော အန္တရာယ်သည်သော်လည်းကောင်း။ ဝါ၊ ဆရာ ဥပဇ္ဈာယ်တို့၌ ပြုအပ်, ပြုသင့်, ပြုထိုက်သောကိစ္စဟူသော အလိုရှိအပ်, တောင့်တအပ်သောအကျိုးကို ပိတ်ပင်နှောင့်ယှက် ကန့်ကွက်တားမြစ်တတ်သော အန္တရာယ်သည်သော်လည်းကောင်း။ မာတာပိတု ပလိဗောဓောဝါ၊ အမိအဖဟူသော အလိုရှိအပ်, တောင့်တအပ်သောအကျိုးကို ပိတ်ပင်နှောင့်ယှက် ကန့်ကွက်တားမြစ်တတ်သော အန္တရာယ်သည်သော်လည်းကောင်း။ အမိအဖတို့၌ ပြုအပ်, ပြုသင့်, ပြုထိုက်သောကိစ္စဟူသော အလိုရှိအပ်, တောင့်တအပ်သောအကျိုးကို ပိတ်ပင်နှောင့်ယှက် ကန့်ကွက်တားမြစ်တတ်သော အန္တရာယ်သည်သော်လည်းကောင်း။ အတ္ထိ၊ ရှိခဲ့အံ့။

ပန၊ ထိုမှတစ်ပါး။ ယဿဘိက္ခုနော၊ အကြင်ရဟန်းသည်။ ပတ္တံဝါ၊ သပိတ်ကိုသော်လည်း။ ပစိတဗ္ဗံ၊ ဖုတ်အပ်, ဖုတ်သင့်, ဖုတ်ထိုက်၏။ စီဝရံဝါ၊ သင်္ကန်းကိုသော်လည်း။ ကာတဗ္ဗံ၊ ပြုအပ်, ပြုသင့်, ပြုထိုက်၏။ သောဘိက္ခု၊ ထိုပလိဗောဓရှိသော ရဟန်းသည်။ တံ ပလိဗောဓံ၊ ထိုအလိုရှိအပ်, တောင့်တအပ်သောအကျိုးကို ပိတ်ပင်နှောင့်ယှက် ကန့်ကွက်တားမြစ်တတ်သော အန္တရာယ်ကို။ ဆိန္နိတ္တာ၊ ဖြတ်၍။ တံ ကရဏီယံ၊ ထိုမဂ္ဂတ်ဧကန် ပြုအပ်, ပြုသင့်, ပြုထိုက်သော သင်္ဂီဃနာတင်မှုကို။ ကရောတု၊ ပြုကြလော့။ ဝါ၊ ပြုကြရမည်။ ဣတိ၊ ဤသို့။ အာမန္တေသိ၊ သိစေတော်မူပြီ။ ဝါ၊ မိန့်တော်မူပြီ။

စ ပန၊ အထူးတစ်ဖန် စကားကျန်ကို ဖော်လှန်ထုတ်ကာ ဆက်ပြပါအံ့။ ဧဝံ၊ ဤသို့။ ဝတ္တာ၊ မိန့်တော်မူပြီး၍။ ထေရော၊ မဟာကဿပထေရ်သည်။ အတ္တနော၊ မိမိ၏။ ပဋ္ဌသတာယ၊ ငါးရာအတိုင်းအရှည်ရှိသော။ ပရိသာယ၊ ပရိသတ်သည်။ ပရိဝုတော၊ ခြံရံအပ်သည်။ ဟုတ္တာ၊ ၍။ ရာဇဂဟံ၊ ရာဇဂြိုဟ်ပြည်သို့။ ဂတော၊ ကြွသွားတော်မူပြီ။ အသြော၊ မဟာကဿပထေရ်မှ တစ်ပါးကုန်သော။ မဟာထေရာပိ၊ မဟာထေရ်တို့သည်လည်း။ အတ္တနော အတ္တနော၊ မိမိ မိမိတို့၏။ ပရိဝါရေ၊ အခြံအရံတို့ကို။ ဂဟေတ္ဝာ၊ ယူကြကုန်၍။ ဝါ၊ ခေါကြကုန်၍။ သောကသလ္လသမပ္ပိတံ၊ သောကတည်းဟူသော မြားသည် စူးဝင်အပ်သော။ မဟာဇနံ၊ များစွာသောလူအပေါင်းကို။ အဿာသေတုကာမာ၊ သက်သာရာ ရစေခြင်းငှာ အလိုရှိကုန်သည်။ ဟုတ္တာ၊ ဖြစ်ကုန်၍။ တံတံဒိသံ၊ ထိုထိုအရပ်မျက်နှာသို့။ ပက္ကန္တာ၊ ဖဲကြတော်မူကုန်ပြီ။

ပန၊ အဖို့တစ်ပါး အနက်သွားကို ပိုင်းခြားပြအံ့။

တစ်နည်း။ ။ ပန၊ စကားသာမန် လျှဉ်းပါးရန်ကို ပယ်လှန် အထူးပြဆိုဦးအံ့။ ပုဏ္ဏတ္ထေရော၊ ပုဏ္ဏထေရ်သည်။ သတ္တသတ ဘိက္ခုပရိဝါရော၊ ခုနစ်ရာသော ရဟန်းအပေါင်း အခြံအရံရှိသည်။ ဟုတ္တာ၊ ၍။ အဟံ၊ ငါသည်။ တထာဂတဿ၊ မြတ်စွာဘုရား၏။ ပရိနိဗ္ဗာနဒွာနံ၊ ပရိနိဗ္ဗာန်စံရာအရပ်သို့။ အာဂတာဂတံ၊ ရောက်လာတိုင်း ရောက်လာတိုင်းသော။ မဟာဇနံ၊ များစွာသောလူအပေါင်းကို။ အဿာသေဿာမိ၊ သက်သာရာ ရစေရတော့အံ့။ ဣတိမနသိကတ္ဝာ၊ ဤသို့ နှလုံးသွင်း၍။ ကုသိနာရာယမေဝ၊ ကုသိနာရုံ ပြည်၌သာလျှင်။ အဒ္ဒသ၊ တည်ပြီ။ အာယသ္မာ အာနန္ဒော၊ အရှင်အာနန္ဒာ

http://www.dhammadownload.com

သည်။ ပုဗ္ဗေ၊ ရှေးဦး။ အပရိန္တိဗ္ဗုတာသ၊ ပရိန်ဗ္ဗာန် စံတော်မမူသေးသော။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းကို။ အာဒါယ၊ ယူ၍။ ပက္ကမိယထာ၊ ဖဲကြွသကဲ့သို့။ ဧဝံ၊ တူ။ ပရိန်ဗ္ဗုတာသပိ၊ ပရိန်ဗ္ဗာန် စံတော်မူပြီးသည်လည်းဖြစ်သော။ ဘဂဝတော၊ ၏။ ပတ္တစီဝရံ၊ ကို။ သယမေဝ၊ ကိုယ်တိုင်သာလျှင်။ အာဒါယ၊ ယူ၍။ ပဗ္ဗဟိဘိက္ခုသတေဟိ၊ ငါးရာသောရဟန်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ ယေနဒ္ဒါနေန၊ အကြင်အရပ်၌။ သာဝတ္ထိ၊ သာဝတ္ထိပြည်သည်။ အတ္ထိ၊ ၏။ တေနဒ္ဒါနေန၊ ထိုသာဝတ္ထိပြည်ရှိရာအရပ်သို့။ စာရိကံ၊ လှည့်လည်ခြင်းငှာ။ ပက္ကမိ၊ ဖဲသွားပြီ။

တစ်နည်း။ ။ ယေန ဒိသာဘာဂေန၊ အကြင်အရပ်မျက်နှာအဖို့ဖြင့်။ သာဝတ္ထိ၊ သာဝတ္ထိပြည်သို့။ ပက္ကမိတဗ္ဗာ၊ ဖဲသွားအပ်၏။ တေနဒိသာဘာဂေန၊ ထိုအရပ်မျက်နှာအဖို့ဖြင့်။ သာဝတ္ထိ၊ သာဝတ္ထိပြည်သို့။ စာရိကံ၊ လှည့်လည်ခြင်းငှာ။ ပက္ကမိ၊ ဖဲသွားပြီ။

တစ်နည်း။ ။ ယေန မဂ္ဂေန၊ အကြင်ခရီးဖြင့်။ သာဝတ္ထိ၊ သာဝတ္ထိ ပြည်သို့။ ပက္ကမိတဗ္ဗာ၊ ဖဲသွားအပ်၏။ တေနမဂ္ဂေန၊ ထိုခရီးဖြင့်။ သာဝတ္ထိ၊ သာဝတ္ထိပြည်သို့။ စာရိကံ၊ လှည့်လည်ခြင်းငှာ။ ပက္ကမိ၊ ဖဲသွားပြီ။

ပန၊ မပြတ်စပ်လာ ဝါကျတ္ထာကို ဆက်ခါပြပိမ့်။ ဂစ္ဆတော ဂစ္ဆတော၊ သွားသော သွားသော။ အဿ အာယသ္မတော အာနန္ဒဿ၊ ထိုအရှင်အာနန္ဒာ၏။ ပရိဝါရာ၊ အခြံအရံဖြစ်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဂဏနပထံ၊ ရေတွက်ခြင်း၏အကြောင်းကို။ ဝါ၊ သိခြင်း၏အကြောင်းဖြစ်သော အရေအတွက်ကို။ ဝါ၊ ဂဏနံလမ်းကို။ ဝီတိဝတ္တာ၊ လွန်ကြကုန်ပြီ။ တေန အာယသ္မတာ အာနန္ဒေန၊ ထိုအရှင်အာနန္ဒာသည်။ ဂတဂတဋ္ဌာနေ၊ ရောက်အပ်တိုင်း ရောက်အပ်တိုင်းသောအရပ်၌။ ဝါ၊ သွားအပ်တိုင်း သွားအပ်တိုင်းသောအရပ်၌။ ပရိဒေဝေါ၊ ငိုကြွေးမြည်တမ်းခြင်းသည်။ မဟာ၊ ကြီးသည်။ ဝါ၊ များသည်။ အဟောသိ၊ ဖြစ်ပြီ။

ပန၊ မပြတ်စပ်လာ ဝါကျတ္ထာကို ဆက်ကာပြပိမ့်။ ထေရေ၊ အရှင်အာနန္ဒာထေရ်သည်။ အနုပုဗ္ဗေန၊ အစဉ်အားဖြင့်။ သာဝတ္ထိ၊ သာဝတ္ထိပြည်သို့။ အနုပ္ပတ္တေ၊ ရောက်ပြီးသည်ရှိသော်။ သာဝတ္ထိ ဝါသိနော၊ သာဝတ္ထိပြည်၌ နေလေ့ရှိကုန်သော။ မနုဿာ၊ လူတို့သည်။ ထေရော၊ အရှင်အာနန္ဒာထေရ်သည်။ အာဂတောကိရ၊ ကြွလာတော်မူပြီတဲ့။ ဣတိ၊ သို့။ သုတ္ဝာ၊ ကြားကြကုန်၍။ ဂန္ဓမာလာဒိဟတ္ထာ၊ လက်၌ နံ့သာပန်း အစရှိသည် ရှိကြကုန်သည်။ ဟုတ္ဝာ၊ ဖြစ်ကုန်၍။ ပစ္ဆာဥ္စန္တာ၊ ရှေးရှုသွားကြကုန်၍။ ဝါ၊ ခရီးဦးကြိုဆိုကြကုန်၍။ ဘန္တေ အာနန္ဒ၊ အရှင်ဘုရား အာနန္ဒာ။ တုမှေ၊ အရှင်ဘုရားတို့သည်။ ပုဗ္ဗေ၊ ရှေးဦး။ ဝါ၊ ရှေးက။ ဘဂဝတာ၊ မြတ်စွာဘုရားနှင့်။ သဒ္ဓိံ၊ တကွ။ အာဂစ္ဆထ၊ ကြွလာတော်မူပါကုန်၏။ အဇ္ဇ၊ ဤနေ့၌။ ဝါ၊ ယနေ့၌။ တုမှေ၊ အရှင်ဘုရားတို့သည်။ ကုဟိံ၊ အဘယ်အရပ်၌။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ထပေတွာ၊ ထားခဲ့ကြကုန်၍။ အာဂတာ၊ ကြွလာကုန်သည်။ အတ္ထ၊ ဖြစ်ပါကုန်သနည်း။ ဣတိ အာဒီနိ၊ ဤသို့အစရှိသော စကားတို့ကို။ ဝဒမာနာ၊ ပြောဆိုကြကုန်လျက်။ ပရောဒိသု၊ အပြားအားဖြင့် ငိုကြွေးမြည်တမ်းကြကုန်ပြီ။ ဝါ၊ ပြင်းစွာငိုကြွေးမြည်တမ်းကြကုန်ပြီ။ ဘဂဝတော၊ ခြောက်ပါးသောဘုန်းရှိတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ပရိန်ဗ္ဗာနဒိဝသေ၊ ပရိန်ဗ္ဗာန် စံတော်မူရာနေ့၌။ ပရိဒေဝေါ၊ ငိုကြွေးမြည်တမ်းခြင်းသည်။ မဟာ၊ ကြီးသည်။ ဝါ၊ များသည်။ ဟောတိဝိယ၊ ဖြစ်သကဲ့သို့။ တထာ၊ ထို့အတူ။ ပရိဒေဝေါ၊ ငိုကြွေးမြည်တမ်းခြင်းသည်။ မဟာ၊ ကြီးသည်။ ဝါ၊ များသည်။ အဟောသိ၊ ဖြစ်ပြီ။

http://www.dhammadownload.com

သုဒ်၊ စင်စစ်။ တတြတိသဲ သာဝတ္ထိယဲ၊ ထိုသာဝတ္ထိပြည်၌။ အာယသ္မာ အာနန္ဒော၊ အရှင်အာနန္ဒာသည်။ အနိစ္စတာဒိ ပဋိသံယုတ္တာယ၊ အနိစ္စတာ အစရှိသည်နှင့် စပ်ယှဉ်သော။ ဝါ၊ မမြဲသည်၏အဖြစ် အစရှိသည်နှင့် စပ်ယှဉ်သော။ ဓမ္မိယာ၊ တရားရှိသော။ ဝါ၊ တရားနှင့်ယှဉ်သော။ ကထာယ၊ စကားဖြင့်။ တံ မဟာဇနံ၊ ထိုများစွာသော လူအပေါင်းကို။ သညာပေတွာ၊ သိစေ၍။ ဇေတဝနံ၊ ဇေတဝန်ကျောင်းတော်သို့။ ပဝိသတွာ၊ ဝင်၍။ ဒသဗလေန၊ မြတ်စွာဘုရားသည်။ ဝသိတ ဂန္ဓကုဋိံ၊ နေတော်မူအပ်သော ဂန္ဓကုဋိတိုက်တော်ကို။ ပရိဘောဂ စေတိယဘာဝတော၊ ပရိဘောဂ စေတီ၏အဖြစ်ကြောင့်။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဒွါရံ၊ တံခါးကို။ ဝိဝရိတွာ၊ ဖွင့်၍။ မဉ္ဇပိဋ္ဌံ၊ ညောင်စောင်းအင်းပျဉ်ကို။ နီဟရိတွာ၊ ထုတ်၍။ ပဖ္ဖောဋေတွာ၊ ခါ၍။ ဂန္ဓကုဋိံ၊ ဂန္ဓကုဋိတိုက်တော်ကို။ သမ္မဇ္ဇိတွာ၊ တံမြက်လှည်း၍။ မိလာတမာလာကစဝရံ၊ ညှိုးနွမ်းလေပြီးသော ပန်းမိုက်ကို။ ဆဒ္ဒေတွာ၊ စွန့်၍။ မဉ္ဇပိဋ္ဌံ၊ ညောင်စောင်းအင်းပျဉ်ကို။ အတိဟရိတွာ၊ ထားမြဲတိုင်းသောအရပ်သို့ တစ်ဖန် ရွေးရွှေ့ဆောင်၍။ ပုန၊ နောက်ထပ်တစ်ဖန်။ ယထာဌာနေ၊ အကြင်ထားမြဲတိုင်းသောအရပ်၌။ ထပေတွာ၊ ထား၍။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဌိတကာလေ၊ သက်တော်ထင်ရှား ရှိတော်မူရာအခါ၌။ ဝါ၊ သက်တော်ထင်ရှား ရှိတော်မူစဉ်အခါ၌။ ကရဏီယဲ၊ ပြုအပ်, ပြုသင့်, ပြုထိုက်သော။ သဗ္ဗံ၊ သော။ ဝတ္တံ၊ ဝတ်ကြီး, ဝတ်ငယ်ကို။ အကာသိ၊ ပြုပြီ။ ။

စ၊ မပြတ်စပ်လာ ဝါကျတ္ထာကို ဆက်ကာပြပိမ့်။ ကုရုမာနော၊ ပြုသည်ရှိသော်။ နာနကောဋ္ဌက သမ္မဇ္ဇနဥဒကူပဋ္ဌာပနာဒိကာလေသု၊ ရေချိုးအံ့ကို တံမြက်လှည်းရာအခါ ရေချိုးအံ့၌ ချိုးရေတည်ရာအခါ အစရှိသောအခါတို့၌။ ပရိဘောဂစေတိယဘာဝတော၊ ပရိဘောဂစေတီ၏အဖြစ်ကြောင့်။ ဂန္ဓကုဋိံ၊ ဂန္ဓကုဋိတိုက်တော်ကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဘဂဝါ၊ မြတ်စွာဘုရား။ အယံ ကာလော၊ ဤအခါသည်။ တုမှာကံ၊ အရှင်ဘုရားတို့၏။ နာနကာလောနနဲ၊ ရေချိုးတော်မူရာအခါ မဟုတ်ပါလော။ အယံ ကာလော၊ ဤအခါသည်။ ဓမ္မဒေသနာကာလောနနဲ၊ တရားဟောတော်မူရာအခါ မဟုတ်ပါလော။ အယံကာလော၊ ဤအခါသည်။ ဘိက္ခူနံ၊ ရဟန်းတို့အား။ သြဝါဒဒါနကာလောနနဲ၊ အဆုံးအမကို ပေးတော်မူရာအခါ မဟုတ်ပါလော။ အယံကာလော၊ ဤအခါသည်။ သီဟသေယျကပွနကာလောနနဲ၊ ခြင်္သေ့မင်း၏ အိပ်ခြင်းနှင့်တူသော အိပ်ခြင်းကို ပြုတော်မူရာအခါ မဟုတ်ပါလော။ ဝါ၊ မြတ်သော မြတ်စွာဘုရား၏ အိပ်ခြင်းကို ပြုတော်မူရာအခါ မဟုတ်ပါလော။ အယံကာလော၊ ဤအခါသည်။ မုခမောဝနကကာလောနနဲ၊ မျက်နှာသစ်တော်မူရာအခါ မဟုတ်ပါလော။

ဣတိအာဒိနာ၊ ဤသို့အစရှိသော။ နယေန၊ နည်းဖြင့်။ ပရိဒေဝမာနောဝ၊ ငိုကြွေးမြည်တမ်းလျက်သာလျှင်။ အကာသိ၊ ပြုပြီ။ ။

ယထာ၊ မျက်မှောက်မြင်ရ သဘာဝဖြင့် ချိန်ဆသည်ရာ ဥပမာမည်သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဂုဏာဂုဏာမတရသညုတ္တာယ၊ ဂုဏ်အပေါင်းတည်းဟူသော အမြိုက်အရသာကို သိတတ်သည်၏အဖြစ်ကြောင့်။ ဘဂဝတိ၊ ၌။ ပတိဋ္ဌိတပေမောစေဝ၊ တည်ပြီးသောချစ်ခြင်း ရှိသည်လည်းဖြစ်သော။ အခီဏာသဝေါစ၊ ကုန်ပြီးသောအာသဝေါ မရှိသည်လည်းဖြစ်သော။ ဝါ၊ ရဟန္တာ မဟုတ်သည်လည်းဖြစ်သော။ အနေကေသု၊ များစွာကုန်သော။ ဇာတိသတသဟဿေသု၊ ဘဝအသိန်းတို့၌။ ဝါ၊ အသိန်းသောဘဝတို့၌။ အညမညဿ၊ အချင်းချင်း၏။ ဝါ၊ တစ်ယောက်သည်တစ်ယောက်

http://www.dhammadownload.com

၏။ ဥပကာရ သဠာနိတစိတ္တာမဒ္ဒဝေါစ၊ ကျေးဇူးပြုခြင်းသည် ဖြစ်စေအပ်သောစိတ်၏ နူးညံ့ပျော့ပျောင်းသည်၏ အဖြစ်ရှိသည်လည်းဖြစ်သော။ အညော၊ အရှင်အာနန္ဒာမှတစ်ပါးသော။ ပုဂ္ဂလောပိ၊ ပုဂ္ဂိုလ်သည်လည်း။ ဘဂဝါ၊ မြတ်စွာဘုရား။ အယံကာလော၊ ဤအခါသည်။ တုမှာကံ၊ အရှင်ဘုရားတို့၏။ နာနကာလောနနု၊ ရေချိုးတော်မူရာအခါ မဟုတ်ပါလော။ အယံကာလော၊ ဤအခါသည်။ ဓမ္မဒေသနာကာလောနနု၊ တရားဟောတော်မူရာအခါ မဟုတ်ပါလော။ အယံကာလော၊ ဤအခါသည်။ ဘိက္ခူနံ၊ ရဟန်းတို့အား။ သြဝါဒဒါနကာလောနနု၊ အဆုံးအမကို ပေးတော်မူရာအခါ မဟုတ်ပါလော။ အယံကာလော၊ ဤအခါသည်။ သီဟသေယျကပွနကာလောနနု၊ ခြသေ့မင်း၏ အိပ်ခြင်းနှင့်တူသော အိပ်ခြင်းကို ပြုတော်မူရာအခါ မဟုတ်ပါလော။ ဝါ၊ မြတ်သော မြတ်စွာဘုရား၏ အိပ်ခြင်းနှင့်တူသော အိပ်ခြင်းကို ပြုတော်မူရာအခါ မဟုတ်ပါလော။ အယံကာလော၊ ဤအခါသည်။ မုခမောဝနကကာလောနနု၊ မျက်နှာသစ်တော်မူရာအခါ မဟုတ်ပါလော။

ဣတိအာဒိနာ၊ သော။ နယေန၊ ဖြင့်။ ပရိဒေဝမာနောဝ၊ လျက်သာလျှင်။ အကာသိယထာ၊ ပြုသကဲ့သို့။ တထာ၊ တူ။ ဘဂဝတော၊ ၏။ ဂုဏာဂဏာမတရသညုတာယ၊ ဂုဏ်အပေါင်းတည်းဟူသော အမြိုက်အရသာကို သိတတ်သည်၏အဖြစ်ကြောင့်။ ဘဂဝတိ၊ မြတ်စွာဘုရား၌။ ပတိဋ္ဌိတပေမောစေဝ၊ တည်ပြီးသောချစ်ခြင်း ရှိသည်လည်းဖြစ်သော။ အခီဏာသဝေါစ၊ ကုန်ပြီးသော အာသဝေါ မရှိသည်လည်းဖြစ်သော။ ဝါ၊ ရဟန္တာ မဟုတ်သည်လည်းဖြစ်သော။ အနေကေသု၊ များစွာကုန်သော။ ဇာတိသတသဟဿေသု၊ ဘဝအသိန်းတို့၌။ ဝါ၊ အသိန်းသောဘဝတို့၌။ အညမညဿ၊ အချင်းချင်း၏။ ဝါ၊ တစ်ယောက်သည်တစ်ယောက်၏။ ဥပကာရ သဠာနိတစိတ္တာမဒ္ဒဝေါစ၊ ကျေးဇူးပြုခြင်းသည် ဖြစ်စေအပ်သောစိတ်၏ နူးညံ့ပျော့ပျောင်းသည်၏ အဖြစ်ရှိသည်လည်းဖြစ်သော။ အာယသ္မာ အာနန္ဒော၊ သည်။ ဘဂဝါ၊ ဘုရား။ အယံကာလော၊ သည်။ တုမှာကံ၊ တို့၏။ နာနကာလောနနု၊ လော။ အယံ ကာလော၊ သည်။ ဓမ္မဒေသနာကာလောနနု၊ လော။ အယံကာလော၊ သည်။ ဘိက္ခူနံ၊ တို့အား။ သြဝါဒဒါနကာလောနနု၊ လော။ အယံကာလော၊ သည်။ သီဟသေယျကပွနကာလောနနု၊ လော။ အယံကာလော၊ သည်။ မုခမောဝနကကာလောနနု၊ လော။ ဣတိအာဒိနာ၊ သော။ နယေန၊ ဖြင့်။ ပရိဒေဝမာနောဝ၊ လျှင်။ အကာသိ၊ ပြီ။

တစ်နည်း။ ။ ကသ္မာ၊ ကြောင့်။ ကုရုမာနော၊ ပြုသည်ရှိသော်။ နာနကောဋ္ဌက သမ္မဇ္ဇန ဥဒကူပဋ္ဌာပနာဒိကာလေသု၊ ရေချိုးအုံကို တံမြက်လှည်းရာအခါ, ရေချိုးအုံ၌ ချိုးရေတည်ရာအခါ အစရှိသောအခါတို့၌။ ပရိဘောဂစေတီယဘာဝတော၊ ပရိဘောဂစေတီ၏အဖြစ်ကြောင့်။ ဂန္ဓကုဋ္ဌိ၊ ဂန္ဓကုဋိတိုက်တော်ကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဘဂဝါ၊ မြတ်စွာဘုရား။ အယံကာလော၊ ဤအခါသည်။ တုမှာကံ၊ အရှင်ဘုရားတို့၏။ နာနကာလောနနု၊ ရေချိုးတော်မူရာအခါ မဟုတ်ပါလော။ အယံကာလော၊ ဤအခါသည်။ ဓမ္မဒေသနာကာလောနနု၊ တရားဟောတော်မူရာအခါ မဟုတ်ပါလော။ အယံကာလော၊ ဤအခါသည်။ ဘိက္ခူနံ၊ တို့အား။ သြဝါဒဒါနကာလောနနု၊ အဆုံးအမကို ပေးတော်မူရာအခါ မဟုတ်ပါလော။ အယံကာလော၊ ဤအခါသည်။ သီဟသေယျကပွနကာလောနနု၊ ခြသေ့မင်း၏ အိပ်ခြင်းနှင့်တူသော အိပ်ခြင်းကို ပြုတော်မူရာအခါ မဟုတ်ပါလော။ အယံကာလော၊ ဤအခါသည်။ မုခမောဝနကကာလောနနု၊ မျက်နှာသစ်တော်မူရာအခါ မဟုတ်ပါလော။ ဣတိအာဒိနာ၊ ဤသို့အစရှိ

http://www.dhammadownload.com

သော။ နယေန၊ နည်းဖြင့်။ ပရိဒေဝမာနောဝ၊ ငိုကြွေးမြည်တမ်းလျက်သာလျှင်။ အကာသိ၊ ပြုရ သတဲ့နည်း။ ဣတိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊ တည်း။

ယထာယသ္မာ၊ အကြင်ကြောင့်။ အာယသ္မာ အာနန္ဒော၊ သည်။ ဂုဏာဂဏာမတရသညုတာယ၊ ဂုဏ်အပေါင်းတည်းဟူသော အမြိုက်အရသာကို သိတတ်သည်၏အဖြစ်ကြောင့်။ ဘဂဝတိ၊ ၌။ ပတိဋ္ဌိတပေမောစေဝ၊ တည်ပြီးသောချစ်ခြင်း ရှိသည်လည်းကောင်း။ အခီဏာသဝေါစ၊ ကုန်ပြီးသော အာသဝေါ မရှိသည်လည်းကောင်း။ ဝါ၊ ရဟန္တာ မဟုတ်သည်လည်းကောင်း။ အနေကေသု၊ များစွာ ကုန်သော။ ဇာတိသတသဟဿေသု၊ ဘဝအသိန်းတို့၌။ ဝါ၊ အသိန်းသောဘဝတို့၌။ အညမညဿ၊ အချင်းချင်း၏။ ဝါ၊ တစ်ယောက်သည်တစ်ယောက်၏။ ဥပကာရ သဉ္ဇနိတစိတ္တမဒ္ဒဝေါစ၊ ကျေးဇူးပြုခြင်းသည် ဖြစ်စေအပ်သောစိတ်၏ နူးညံ့ပျော့ပျောင်းသည်၏ အဖြစ်ရှိသည်လည်းကောင်း။ အဟောသိ၊ ဖြစ်ပြီ။ တသ္မာ၊ ထို့ကြောင့်။ ကုရုမာနော၊ သော်။ နာနကောဋ္ဌက သမ္မဇ္ဇန ဥဒကူပဋ္ဌာပနာဒိကာလေသု၊ တို့၌။ ပရိဘောဂစေတိယဘာဝတော၊ ကြောင့်။ ဂန္ဓကုဋ္ဌိ၊ ကို။ ဝန္ဒိတွာ၊ ၍။ ဘဂဝါ၊ ဘုရား။ အယံကာလော၊ ဤအခါသည်။ တုမှာကံ၊ တို့၏။ နာနကာလောနနု၊ လော။ အယံကာလော၊ သည်။ ဓမ္မဒေသနာကာလောနနု၊ လော။ အယံကာလော၊ သည်။ ဘိက္ခူနံ၊ တို့အား။ ဩဝါဒဒါန ကာလောနနု၊ လော။ အယံကာလော၊ သည်။ သီဟသေယျကပ္ပနကာလောနနု၊ လော။ အယံကာလော၊ သည်။ မုခဓောဝနကာလောနနု၊ လော။ ဣတိအာဒိနာ၊ သော။ နယေန၊ ဖြင့်။ ပရိဒေဝမာနောဝ၊ လျှင်။ အကာသိ၊ ပြုပြီ။ ဣတိအယံ၊ ကား။ ဝိဿဇ္ဇနာ၊ တည်း။

မှတ်ချက်။ ။ [ဤယထာဟံ အစရှိသော ဝါကျကို နှစ်နည်းယောဇနာရာ၌ ပထမနည်း အလို ယထာဟံ အစရှိသော ဝါကျသည် ဥပမာဝါကျဖြစ်၍ ဥပမာ၊ ဥပမေယျထင်အောင် ယောဇနာလိုက်ပေ၏။ ။ ဒုတိယနည်းအလို ယထာဟံ အစရှိသော ဝါကျသည် ဟေတုဝါကျ ဖြစ်၍ ဟေတုဖလထင်အောင် ယောဇနာခဲ့ပေ၏]

တမေနံ၊ တံဇနံ အာယသ္မန္တံ အာနန္ဒံ၊ ထိုအရှင်အာနန္ဒာကို။ အညတရာ၊ အမျိုးအနွယ်အားဖြင့် မထင်ရှားသော။ ဒေဝတာ၊ နတ်သားသည်။ ဘန္တေအာနန္ဒ၊ အရှင်ဘုရားအာနန္ဒာ။ တုမှေ၊ အရှင်ဘုရား တို့သည်။ ဧဝံ၊ ဤသို့။ ဝါ၊ သည့်နယ်။ ဝါ၊ သို့ကလောက်။ ပရိဒေဝမာနာ၊ ငိုကြွေးမြည်တမ်းကုန် ခဲ့သော်။ ကထံ၊ အဘယ်သို့။ ဝါ၊ အဘယ်ပုံ။ ဝါ၊ အဘယ်သို့သောအပြားအားဖြင့်။ အညေ၊ အရှင် ဘုရားတို့မှတစ်ပါးကုန်သော။ သတ္တေ၊ သတ္တဝါတို့ကို။ အဿာသေဿထ၊ သက်သာရာကို ရစေနိုင်ပါ ကုန်အံ့နည်း။ ဣတိ၊ ဤသို့။ သံဝေဇေသိ၊ ထိတ်လန့်စေပြီ။

တစ်နည်း။ ။ ဣတိ၊ ဤသို့။ ဝတွာ၊ ပြောဆို၍။ သံဝေဇေသိ၊ ထိတ်လန့်စေပြီ။ သော အာယသ္မာအာနန္ဒော၊ သည်။ တဿာဒေဝတာယ၊ ထိုနတ်သား၏။ ဝစနေန၊ စကားဖြင့်။ ဝါ၊ စကားကြောင့်။ သံဝိဂ္ဂဟဒယော၊ ထိတ်လန့်သောစိတ်နှလုံးရှိသည်။ ဟုတွာ၊ ဖြစ်၍။ သန္တမ္ပိတွာ၊ ထောက်ပံ့ခိုင်မာစေ၍။ တထာဂတဿ၊ ၏။ ပရိနိဗ္ဗာနတော၊ ပရိနိဗ္ဗာန် စံတော်မူရာကာလမှ။ ပဘုတိ၊ စ၍။ ဌာနနိသဇ္ဇဗဟုလတ္တာ၊ များသောရပ်ခြင်း, ထိုင်ခြင်းရှိသည်၏အဖြစ်ကြောင့်။ ဥဿန္နဓာတုကံ၊ များသော သလိပ်, သည်းခြေ, လေ ဟူသော ဓာတ်ရှိသော။ ဝါ၊ များသော သလိပ်, သည်းခြေ,

http://www.dhammadownload.com

လေ ဟူသော အပြစ်ရှိသော။ ကာယဲ၊ ကိုယ်တော်ကို။ သမသာသေတုံ၊ သက်သာခွင့် ရစေခြင်းငှာ။ ဝါ၊ သက်သာရာ ရစေခြင်းငှာ။ ဒုတိယဒိဝသေ၊ နတ်၏ ထိတ်လန့်စေရာနေ့မှ နှစ်ရက်တို့၏ ပြည့်ကြောင်းဖြစ်သောနေ့၌။ ဝါ၊ ဇေတဝန်ကျောင်းတော်တွင်းသို့ ဝင်ရာနေ့မှ နှစ်ရက်တို့၏ ပြည့်ကြောင်းဖြစ်သောနေ့၌။ ခီရဝိရေစနံ၊ နို့ရည်ဖြင့်ထုံအပ်သော ဝမ်းလျှောဆေးကို။ ပိဝိတွာ၊ သောက်၍။ ဝိဟာရေ ယေဝ၊ ကျောင်း၌သာလျှင်။ နိသီဒိ၊ နေပြီ။ ။

ယံဘေသဇ္ဇပါနံ၊ အကြောင်ဆေးသောက်ခြင်းကို။ သန္ဓာယ၊ ရည်ရွယ်၍။ သုဘေနမာဏဝေန ။ပ။ ဥပသင်္ကမေယျာမာတိ၊ ဟူ၍၊ ဝါ၊ ဟူသော။ ဧတံဝစနံ၊ ဤစကားကို။ အဝေါစ၊ မိန့်တော်မူပြီ။ အာယသ္မာ အာနန္ဒော၊ သည်။ သုဘေန၊ သုဘအမည်ရှိသော။ မာဏဝေန၊ လုလင်ဟူသည်။ ပဟိတံ၊ စေလွှတ်အပ်သော။ မာဏဝကံ၊ လုလင်ငယ်ကို။ ဧတံဝစနံ၊ ဤစကားကို။ အဝေါစ၊ မိန့်တော်မူပြီ။ ကိံ၊ အဘယ်သို့။ အဝေါစ၊ သနည်း။ မာဏဝက၊ လုလင်ငယ်။ အယံကာလော၊ ဤအခါသည်။ အကာလောခေါ၊ အခါမဟုတ်သေးသည်သာ။ ကသ္မာ၊ အဘယ့်ကြောင့်။ အယံကာလော၊ သည်။ အကာလောခေါ၊ အခါမဟုတ်သေးသနည်း။ ယသ္မာ၊ အကြောင်ကြောင့်။ မေ၊ ငါ့အား။ ဝါ၊ ငါသည်။ အဇ္ဇ၊ ဤနေ့၌။ ဝါ၊ ယနေ့၌။ ပိတာ၊ သောက်အပ်ပြီးသော။ ဘေသဇ္ဇမတ္တာ၊ အနည်းငယ်သောဆေးသည်။ အတ္ထိ၊ ရှိ၏။ တသ္မာ၊ ထိုသို့ သောက်အပ်ပြီးသော အနည်းငယ်သောဆေး ရှိသည်၏အဖြစ်ကြောင့်။ အယံကာလော၊ ဤအခါသည်။ အကာလောခေါ၊ အခါမဟုတ်သေးသည်သာ။ သွေ၊ နက်ဖြန်။ မယံ၊ ငါတို့သည်။ အပ္ပေဝနာမ ဥပသင်္ကမေယျာမ အပိ၊ အကယ်၍ ချဉ်းကပ်နိုင်ကုန်ငြားအံ့ လည်း မသိ, စွမ်းနိုင်ခဲ့သော် ချဉ်းကပ်ဖြစ်ကုန်လိမ့်လတ္တံ့။ ဣတိ၊ ဤသို့။ အဝေါစ၊ ပြီ။ ဧတဒေဝ ဘေသဇ္ဇပါနံ၊ ကိုသာလျှင်။ သန္ဓာယ၊ ၍။ မယာပိ၊ သည်လည်း။ ဒုတိယဒိဝသေ ခီရဝိရေစနံ ပိဝိတွာ ဝိဟာရေယေဝ နိသီဒိတိ၊ ဟူ၍။ ဝါ၊ သော။ ဣဒံဝစနံ၊ ကို။ ဟေဋ္ဌာ၊ ၌။ ဝုတ္တံ၊ ပြီ။

မှတ်ချက်။ ။ [ဘေသဇ္ဇမတ္တာ ဟူသောပုဒ်၌ မတ္တာသုခ ပရိစ္ဆာဂါဟူသော ပုဗ္ဗပိလောတိက၊ ကမ္မဝတ္ထု ဓမ္မပဒ လာမတ္တာသဒ္ဒါကဲ့သို့ ဤမတ္တာသဒ္ဒါသည်လည်း အပွတ္ထအနက်ရှိ၏။ သွေပိ ဟူသောပုဒ်၌ အပိသဒ္ဒါကား အနည်းငယ် ခွင့်ပြုခြင်း (မန္ဒာနုညာအနက်ကို ရှုငဲ့ခြင်း အနက်ရှိ၏) ဟု ဝဇီရဗုဒ္ဓိဋီကာ၌ ဆိုသည့်အတိုင်း ယောဇနာခဲ့ပေ၏]

ဒုတိယဒိဝသေ၊ ဝမ်းလျှောဆေးကို သောက်ပြီးရာနေ့မှ နှစ်ရက်တို့၏ ပြည့်ကြောင်းဖြစ်သောနေ့၌။ စေတကတ္ထေရေန၊ စေတကထေရ်ဖြင့်။ ပစ္ဆာသမဏေန၊ နောက်လိုက်ရဟန်းဖြင့်။ ဂန္တွာ၊ သွား၍။

တစ်နည်း။ ။ စေတကတ္ထေရေန၊ စေတီယတိုင်း၌ ဖြစ်သည်၏အဖြစ်ကြောင့် စေတကထေရ် အမည်ရှိသော။ ပစ္ဆာသမဏေန၊ နောက်လိုက်ရဟန်းဖြင့်။ ဂန္တွာ၊ ၍။

တစ်နည်း။ ။ ပစ္ဆာသမဏေန၊ နောက်လိုက်ရဟန်းဖြစ်သော။ စေတကတ္ထေရေန၊ ဖြင့်။ ဂန္တွာ၊ ၍။

တစ်နည်း။ ။ စေတကတ္ထေရေန၊ သော။ ပစ္ဆာသမဏေန၊ နောက်လိုက်ရဟန်းနှင့်တကွ။ ဂန္တွာ၊ ၍။

http://www.dhammadownload.com

တစ်နည်း။ ။ ပစ္စာသမဏောန၊ နောက်လိုက်ရဟန်းဖြစ်သော။ စေတကတ္ထေရေန၊ စေတက ထေရ်နှင့်တကွ။ ဂန္ဆာ၊ ၍။

တစ်နည်း။ ။ စေတကတ္ထေရေန၊ သော။ ပစ္စာသမဏောန၊ နောက်လိုက်ရဟန်းနှင့်။ သဒ္ဒိ၊ တကွ။ ဂန္ဆာ၊ ၍။

တစ်နည်း။ ။ စေတကတ္ထေရေန၊ စေတကထေရ်ကို။ ပစ္စာသမဏောန၊ နောက်လိုက်ရဟန်းကို။ ကတွာ၊ ပြု၍။ ဂန္ဆာ၊ ၍။

တစ်နည်း။ ။ စေတကတ္ထေရေန၊ ကို။ ပစ္စာသမဏောန၊ နောက်လိုက်ရဟန်းအဖြစ်ဖြင့်။ ဂဟေတွာ၊ ခေါ်၍။

တစ်နည်း။ ။ စေတကတ္ထေရေန၊ စေတကထေရ်ဟူသော။ ပစ္စာသမဏောန၊ နောက်လိုက်ရဟန်း ရှိသည်ဖြစ်၍။ ဂန္ဆာ၊ ၍။ သုဘေန၊ သုဘအမည်ရှိသော။ မာဏဝေန၊ လုလင်သည်။ ပုဋ္ဌော၊ မေးအပ်သည်။ ဟုတွာ၊ ၍။ ဣမသ္မိံ ဒီဃနိကာယေ၊ ဤဒီဃနိကာယ်၌။ သုဘသုတ္တံနာမ၊ သုဘသုတ် အမည်ရှိသော။ ဒသမံ၊ ဆယ်သုတ်တို့၏ ပြည့်ကြောင်းဖြစ်သော။ သုတ္တံ၊ သုတ်ကို။ အဘာသိ၊ ဟောတော်မူပြီ။

မှတ်ချက်။ ။ [စေတကတ္ထေရေန ပစ္စာသမဏောန။ ။ ဟူသောပါဠိဝယ် ၉ နည်း ယောဇနာရာ၌ ပထမနည်းကို ဘိက္ခုဝိဘင်း ပတ္တဝဂ် နိဿဂ္ဂိယပါစိတ် ဥနပဉ္စဗန္ဓနသိက္ခာပုဒ်လာ ဥနပဉ္စဗန္ဓနေန ပတ္တေန။ ။ ဟူသောပုဒ်ကဲ့သို့ ဣတ္ထမ္ဘူတ လက္ခဏအနက်ကို ရည်ရွယ်၍ ယောဇနာလိုက်ပေ၏။ ဤပထမယောဇနာနည်း၌ စေတကတ္ထေရေန ဟူသောပုဒ်ကား သာမည ဣတ္ထမ္ဘူတ လက္ခဏတ္ထပုဒ်တည်း။ ပစ္စာသမဏောန ဟူသောပုဒ်ကား ဝိသေသဣတ္ထမ္ဘူတ လက္ခဏတ္ထပုဒ်တည်း ဟု မှတ်ယူရမည်။ ။ ဒုတိယနည်းကို ဝိသေသန ဝိသေသျတ္ထကို ရည်ရွယ်၍ ယောဇနာလိုက်ပေ၏။ ။ တတိယနည်းကို ဝိသေသန ဝိသေသိတဗ္ဗဘဝေါ ပန ယထာကာမံ ဟောဟိ။ ။ ဟူသော စိတ္တုပ္ပါဒကဏ္ဍ ဝိတက္ကတိက်အဖွင့် မူလဋ္ဌီကာနှင့် အညီ ဝိသေသန ဝိသေသျ ရှေ့နောက်ပြန်၍ ယောဇနာလိုက်ပေ၏။ ။

စတုတ္ထနည်းကို ဒေဝဒတ္တေန ကောကာလိကေန ဂန္ဆတိ ကဲ့သို့ သဟတ္ထကိုရည်ရွယ်၍ ယောဇနာလိုက်ပေ၏။

ပဉ္စမနည်းကား တတိယနည်း၌ ဆိုခဲ့ပြီးသောနည်းကို မှီ၍ သိရမည်။

ဆဋ္ဌနည်းကို သဒ္ဒိ ဟု ပါဌသေသထည့်၍ ယောဇနာလိုက်ပေ၏။

သတ္တမနည်း, အဋ္ဌမနည်းကိုကား အဓိပ္ပါယ ဝိဘာဝနတ္ထာဟိ အတ္ထယောဇနာ ဟူသော သီလက္ခန်ဋီကာသစ်အတိုင်း အဓိပ္ပာယ် ပေါ်လွင်ထင်ရှားစေခြင်းငှာ ပါဌသေသထည့်၍ ယောဇနာလိုက်ပေ၏။

နဝမနည်းကိုကား ဘိန္နေန သီသေန ဘိန္နသီသာ ဟုတွာ ကဲ့သို့ ဣတ္ထမ္ဘူတ လက္ခဏတ္ထ ထင်ရှားအောင် ယောဇနာခဲ့ပေ၏။

ဤကဲ့သို့သော အရာများကို ဤနည်းချည်းသာ မှတ်ယူရမည်]

http://www.dhammadownload.com

အထပစ္စာ၊ သုဘသုတ်ကို ဟောတော်မူပြီးရာ ကာလမှနောက်၌။ အာနန္ဒတ္ထေရော၊ သည်။ ဇေတဝနမဟာဝိဟာရေ၊ ဇေတဝန်ကျောင်းတိုက်ကြီး၌။ ခဏ္ဍဖုလ္လပဋိသန်ရဏ်၊ ကျိုးသည် ပွင့်သည်ကို အသစ်တစ်ဖန် ပြုပြင်စီရင်ခြင်းကို။ ဝါ၊ ကျိုးသည်ပဲ့သည်ကို အသစ်တစ်ဖန် ပြုပြင်စီရင်ခြင်းကို။ ကာရာပေတွာ၊ ပြုစေ၍။ ဝသူပနာယိကာယ၊ ဝါသို့ကပ်ရာနေ့သည်။ ဝါ၊ ဝါဆိုရာနေ့သည်။ ဥပကဋ္ဌာယ၊ နီးလတ်သော်။ အာယသ္မာ အာနန္ဒော၊ သည်။ ဘိက္ခူသံဃံ၊ ရဟန်းအပေါင်းကို။ သြဟာယ၊ ပယ်စွန့်၍။ ရာဇဂဟံ၊ ရာဇဂြိုဟ်သို့။ ဂတော၊ ကြွသွားတော်မူပြီ။ အာယသ္မာ အာနန္ဒော၊ သည်။ ဘိက္ခူသံဃံ၊ ကို။ သြဟာယ၊ ပယ်စွန့်၍။ ရာဇဂဟံ၊ သို့။ ဂတောယထာ၊ သို့။ တထာ၊ ထို့အတူ။ အညော၊ အရှင်အာနန္ဒာထေရ်မှတစ်ပါးကုန်သော။ ဓမ္မသင်္ဂါဟကာ၊ သုတ်, အဘိဓမ္မာ, ဝိနည်းကို ပေါင်းစုရွတ်ကာ သင်္ဂါယနာ တင်တတ်ကုန်သော။ ဘိက္ခူပိ၊ တို့သည်လည်း။ ဘိက္ခူသံဃံ၊ ကို။ သြဟာယ၊ ပယ်စွန့်ကြကုန်၍။ ရာဇဂဟံ၊ ပြည်သို့။ ဂတာ၊ ကြွသွားတော်မူကြကုန်ပြီ။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

ဟိ၊ ရှေ့နောက်စကား မကွဲပြားဘဲ တစ်သားတည်းရှိ တိုက်ဆိုင်မိအောင် ကျမ်းညှိဝင်ကာ စဉ်အလာဖြင့် ထင်စွာပြအံ့။

တစ်နည်း။ ။ တံဝစနံ၊ နက်လေးခဲရပ် တမျဉ်းခတ်သို့ ကြပ်ကြပ်သိုသို ဖွင့်ဆိုအပ်ပြီးသော ထိုငါ့စကားသည်။ ဣမိနာဝစနေန၊ ဤဆိုအပ်လတ္တံ့သော ဒဋ္ဌကရဏာ အာဂမဝစနဖြင့်။ ဟိသစ္စံ၊ မှန်၏။ ။ တစ်နည်း။ ။ ဟိယုတ္တံ၊ သင့်မြတ်၏။ ကသ္မာ၊ အဘယ့်ကြောင့်။ တံဝစနံ၊ နက်လေးခဲရပ် တမျဉ်းခတ်သို့ ကြပ်ကြပ်သိုသို ဖွင့်ဆိုအပ်ပြီးသော ထိုငါ့စကားသည်။ ဣမိနာဝစနေန၊ ဤဆိုအပ်လတ္တံ့သော ဒဋ္ဌကရဏာ အာဂမဝစနဖြင့်။ ဟိသစ္စံ၊ မှန်သနည်း။ ။ တစ်နည်း။ ။ ဟိယုတ္တံ၊ သင့်မြတ်သနည်း။ ဟိယသ္မာ၊ အကြင်ကြောင့်။ ဧဝံ၊ ဤသို့။ ဝါ၊ ဤဆိုအပ်ပြီးသောနည်းဖြင့်။ ဂတော၊ ကြွသွားတော်မူကြကုန်သော။ တောဘိက္ခူ၊ တို့ကို။ သန္ဓာယ၊ ရည်ရွယ်၍။ အထခေါ ထေရာ ဘိက္ခူ ။ပ။ သင်္ဂါယိတ္ထန္တိ၊ ဟူ၍။ ဝါ၊ ဟူသော။ ဣဒံသုတ္တံ၊ ဤပါဠိကို။ ပဋ္ဌသတိက သံဂီတိက္ခန္ဓကေ၊ ၌။ အာယသ္မတာ ဥပါလိတ္ထေရေန၊ သည်။ ဝုတ္တံ၊ ပြီ။ တသ္မာ၊ ထို့ကြောင့်။ တံဝစနံ၊ နက်လေးခဲရပ် တမျဉ်းခတ်သို့ ကြပ်ကြပ်သိုသို ဖွင့်ဆိုအပ်ပြီးသော ထိုငါ့စကားသည်။ ဣမိနာဝစနေန၊ ဤဆိုအပ်ပြီးသော ဒဋ္ဌကရဏာ အာဂမဝစနဖြင့်။ ဟိသစ္စံ၊ မှန်၏။ ။ တစ်နည်း။ ။ ဟိယုတ္တံ၊ သင့်မြတ်၏။

အထတသ္မိံကာလေ၊ ဝါဆိုခါနီးရာ ထိုအခါ၌။ ထေရာ၊ ထေရ်ဖြစ်ကုန်သော။ ဘိက္ခူ၊ တို့သည်။ ဓမ္မဉ္စ၊ ကိုလည်းကောင်း။ ဝိနယဉ္စ၊ ကိုလည်းကောင်း။ သင်္ဂီယိတုံ၊ ငှာ။ ရာဇဂဟံ၊ သို့။ အဂမံသု၊ သွားကြကုန်ပြီ။ ။ သာဓကအနက်။

တေထေရာ၊ ထိုငါးရာသောထေရ်တို့သည်။ အာသဋ္ဌိပုဏ္ဏမာယံ၊ နွယ်တာလပြည့်နေ့၌။ ဝါ၊ ဝါဆိုလပြည့်နေ့၌။ ဥပေါသထံ၊ ဥပုသ်ကို။ ကတွာ၊ ပြုကြကုန်၍။ ပါဋိပဒဒိဝသေ၊ အထွက်တစ်ရက်နေ့၌။ ဝါ၊ ဝါဆိုလဆုတ် တစ်ရက်နေ့၌။ သန္နိပတိတွာ၊ ကောင်းစွာကျရောက်ကြကုန်၍။ ဝါ၊ စည်းဝေးကြကုန်၍။ ဝဿံ၊ ဝါသို့။ ဥပဂစ္ဆိသု၊ ကပ်ရောက်ကြကုန်ပြီ။ ယေန သမယေန၊ အကြင်အခါ၌။ တေထေရာ၊ ထိုငါးရာသောထေရ်တို့သည်။ အာသဋ္ဌိပုဏ္ဏမာယံ၊ နွယ်တာလပြည့်နေ့၌။ ဝါ၊

http://www.dhammadownload.com

ဝါဆိုလပြည့်နေ့၌။ ဥပေါသထံ၊ ဥပုသ်ကို။ ကတွာ၊ ပြုကြကုန်၍။ ပါဋိဠဒဒိဝသေ၊ အထွက်တစ်ရက်နေ့၌။ ဝါ၊ ဝါဆိုလဆုတ် တစ်ရက်နေ့၌။ သန္နိပတိတွာ၊ ၍။ ဝဿံ၊ ဝါသို့။ ဥပဂစ္ဆိသု၊ ကုန်ပြီ။ တေန ခေါပန သမယေန၊ ငါးရာသောရဟန်းတို့၏ ဝါဆိုလပြည့်နေ့၌ ဥပုသ်ကို ပြုကြကုန်၍ အထွက်တစ်ရက်နေ့၌ စည်းဝေးကြကုန်၍ ဝါသို့ကပ်ရာ ထိုအခါ၌။ ရာဇဂဟံ၊ ကို။ ပရိဝါရေတွာ၊ ခြံရံကြကုန်၍။ ဌိတာ၊ တည်ကုန်သော။ အဋ္ဌာရသ၊ တစ်ဆယ့်ရှစ်ရပ်ကုန်သော။ မဟာဝိဟာရာ၊ ကျောင်းကြီးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဝါ၊ ရှိကုန်၏။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ တေမဟာဝိဟာရာ၊ ထိုကျောင်းကြီးတို့သည်။ ဆဋ္ဌိတ ပတိတ ဥက္လာပါ၊ စွန့်လည်းစွန့်ပစ်ထားအပ်, ပြုတ်လည်းပြုတ်ကျ, ပုပ်လည်းပုပ်ဆွေးကုန်သည်။ ဝါ၊ စွန့်လည်းစွန့်ပစ်ထားအပ်, ပြိုလည်းပြို, စွန့်ပစ်ထားအပ်သော အမှိုက်အပေါင်းလည်း ရှိကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။

ဟိ၊ အလွန်ကျဉ်းဘိ ဂုဠတ်ရှိ၍ မသိမိပွာ လီနတ္ထာကို ကျယ်စွာချဲ့ပိမ့်။ ။

တစ်နည်း။ ။ ကသ္မာ၊ အဘယ့်ကြောင့်။ သဗ္ဗေပိ၊ ကုန်သော။ တေမဟာဝိဟာရာ၊ တို့သည်။ ဆဋ္ဌိတ ပတိတ ဥက္လာပါ၊ ကုန်သည်။ အဟေသုံ၊ ကုန်သနည်း။ ဣတိအယံ၊ ကား။ ပုစ္ဆာ၊ တည်း။

ဟိယသ္မာ၊ အကြင်ကြောင့်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ပရိနိဗ္ဗာနေ၊ ပရိနိဗ္ဗာန် ပြုတော်မူခြင်းကြောင့်။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ဘိက္ခူ၊ တို့သည်။ အတ္တနော အတ္တနော၊ မိမိမိမိ၏။ ပတ္တစီဝရံ၊ ကို။ အာဒါယ၊ ယူကြကုန်၍။ ဝိဟာရေစ၊ ကျောင်းတို့ကိုလည်းကောင်း။ ပရိဝေဏေစ၊ ပရဝုဏ်တို့ကိုလည်းကောင်း။ ဆဋ္ဌေတွာ၊ စွန့်ပစ်ကြကုန်၍။ အဂမံသု၊ သွားကြကုန်ပြီ။ တသ္မာ၊ ကြောင့်။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ တေမဟာဝိဟာရာ၊ ထိုကျောင်းကြီးတို့သည်။ ဆဋ္ဌိတ ပတိတ ဥက္လာပါ၊ စွန့်လည်းစွန့်ပစ်ထားအပ်, ပြုတ်လည်းပြုတ်ကျ, ပုပ်လည်းပုပ်ဆွေးကုန်သည်။ ဝါ၊ စွန့်လည်းစွန့်ပစ်ထားအပ်, ပြိုလည်းပြို, စွန့်ပစ်ထားအပ်သော အမှိုက်အပေါင်းလည်း ရှိကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ ဣတိအယံ၊ ကား။ ဝိဿဇ္ဇနာ၊ တည်း။

အဋ္ဌာရသသု၊ ကုန်သော။ တတ္ထတေသု မဟာဝိဟာရေသု၊ ထိုကျောင်းကြီးတို့၌။ ကတိကဝတ္တံ၊ ကတိကဝတ်ကို။ ဝါ၊ စည်းကမ်းပိုင်းခြားထားခြင်းဟူသော ကျင့်ဝတ်ကို။ ကုရုမာနာ၊ ပြုလိုကြကုန်သော။ ထေရာ၊ ထေရ်တို့သည်။

တစ်နည်း။ ။ တတ္ထတသ္မိ ဆဋ္ဌိတ ပတိတ ဥက္လာပဘာဝေ၊ ထိုစွန့်လည်းစွန့်ပစ်ထားအပ်, ပြုတ်လည်းပြုတ်ကျ, ပုပ်လည်းပုပ်ဆွေးကုန်သည်၏အဖြစ်သည်။ ဝါ၊ ထိုစွန့်လည်းစွန့်ပစ်ထားအပ်, ပြိုလည်းပြို, စွန့်ပစ်ထားအပ်သော အမှိုက်အပေါင်းလည်း ရှိကုန်သည်၏အဖြစ်သည်။ သတိ၊ ရှိခဲ့သော်။ ။

တစ်နည်း။ ။ တတ္ထတသ္မိ ဆဋ္ဌိတ ပတိတ ဥက္လာပဘာဝေ၊ ထိုစွန့်လည်းစွန့်ပစ်ထားအပ်, ပြုတ်လည်းပြုတ်ကျ, ပုပ်လည်းပုပ်ဆွေးကုန်သည်၏အဖြစ်ကြောင့်။ ဝါ၊ ထိုစွန့်လည်းစွန့်ပစ်ထားအပ်, ပြိုလည်းပြို, စွန့်ပစ်ထားအပ်သော အမှိုက်အပေါင်းလည်း ရှိကုန်သည်၏အဖြစ်ကြောင့်။ (ကုရုမာနာ စိန္တေသုံ၌ စပ်) ကတိကဝတ္တံ၊ ကို။ ဝါ၊ စည်းကမ်းပိုင်းခြားထားခြင်းပြုခြင်းဟူသော ကျင့်ဝတ်ကို။ ကုရုမာနာ၊ ပြုလိုကြကုန်သော။ ထေရာ၊ တို့သည်။ ဘဂဝတော၊ ၏။ ဝစနပူဇနတ္ထံစ၊ စကားတော်ကို

http://www.dhammadownload.com

ပူဇော်ရခြင်းငှာလည်းကောင်း။ ဝါ၊ စကားတော်ကို ပူဇော်ရခြင်း အကျိုးငှာလည်းကောင်း။ တိတ္ထိယဝါဒ ပရိမောစနတ္ထံစ၊ မိမိတို့ကို တိတ္ထိတို့၏ ကဲ့ရဲ့ပြစ်တင်ခြင်းမှ လွတ်စေရခြင်းငှာလည်းကောင်း။ ဝါ၊ မိမိတို့ကို တိတ္ထိတို့၏ ကဲ့ရဲ့ပြစ်တင်ခြင်းမှ လွတ်စေရခြင်း အကျိုးငှာလည်းကောင်း။ မယံ၊ ငါတို့သည်။ ပဌမံမာသံ၊ ရှေးဦးစွာသောလပတ်လုံး။ ဝါ၊ ဝါဆိုလပတ်လုံး။ ခဏ္ဍဖုလ္လပဋိသန်ရဏ်၊ ကျိုးသည်ပွင့်သည်ကို အသစ်တစ်ဖန် ပြုပြင်စီရင်ခြင်းကို။ ဝါ၊ ကျိုးသည်ပဲ့သည်ကို အသစ်တစ်ဖန် ပြုပြင်စီရင်ခြင်းကို။ ကရောမ၊ ပြုကြကုန်စို့။ ဣတိ၊ ဤသို့။ စိန္တေသုံ၊ ကြံကြကုန်ပြီ။

မှတ်ချက်။ ။ [တတ္ထ ကတိကဝတ္တံ ကုရုမာနာ ထေရာ ။ပ။ စိန္တေသုံ။ ။ ဟူသော ဤသီလကွန် အဋ္ဌကထာပါဠိကား ပါရာဇိကဏ် အဋ္ဌကထာနှင့် မတူခဲ့။ မတူပုံကား- ပါရာဇိကဏ် အဋ္ဌကထာ၌ တတ္ထ ထေရာဟူ၍သာ ရှိခဲ့၏။ ကတိကဝတ္တံ ကုရုမာနာ ဟူ၍ မရှိခဲ့။ ဤကား မတူပုံတည်း။

တတ္ထာတိ တေသုဝိဟာရေသု ခဏ္ဍဖုလ္လပဋိသန်ရဏန္တိ ဣမိနာ သမ္ဗန္ဓော ဟု သာရတ္ထဒီပနီ ဋီကာ၌ ဆို၏။ ထိုစကားသည် မသင့်။ အဘယ့်ကြောင့် မသင့်သနည်း။ တတ္ထ ထေရာ ဘဂဝတော ဝစနပူဇနတ္ထံ။ တိတ္ထိယဝါဒပရိမောစနတ္ထဉ္စ ပထမံမာသံ ခဏ္ဍဖုလ္လပဋိသန်ရဏံ ကရောမာတိ စိန္တေသုံ ဟူသောဝါကျဝယ် တတ္ထ ။ပ။ တိတ္ထိယဝါဒပရိမောစနတ္ထဉ္စ စိန္တေသုံ ဝါကျကား အာကာရဝန္တ ဝါကျတည်း။ ပဌမံမာသံ ခဏ္ဍဖုလ္လပဋိသန်ရဏံ ကရောမဝါကျကား စိန္တနာကာရဝါကျတည်း။ ဣတိသဒ္ဒါ အာကာရတ္ထ ဇောတကနိပါတ်တည်း။ ထိုအာကာရဝန္တ ဝါကျ အာကာရဝါကျများကား အချင်းချင်းမတူကြ။ အဘယ့်ကြောင့်နည်း။ အာကာရဝန္တ ဝါကျက အပြင်ဝါကျ၊ အာကာရဝါကျက အတွင်းဝါကျ ဖြစ်သောကြောင့်တည်း။ ထိုအာကာရဝန္တ အပြင်ဝါကျမှာရှိသော တတ္ထ ဟူသောပုဒ်ကို ခဏ္ဍဖုလ္လပဋိသန်ရဏံဟူသော အတွင်းဝါကျပုဒ်၌ မစပ်သင့်သောကြောင့် ထိုသာရတ္ထဒီပနီဋီကာဆရာစကားသည် မသင့်သတည်း။ ။ ဤသီလကွန် အဋ္ဌကထာပါဠိ၌ကား တတ္ထဟူသောပုဒ်ကို ကုရုမာနာ စိန္တေသုံ ဟူသော အာကာရဝန္တ အပြင်ဝါကျမှာရှိကြသော ပုဒ်တို့နှင့် စပ်သင့်၏။ ဤကား တတ္ထာတိတေသု ဝိဟာရေသု ဟူသော သံဝဏ္ဏနာနှင့်အညီ ကြံအပ်သောနည်းတည်း။ ဤသို့ အပြင်ဝါကျက ပုဒ်များကို အတွင်းဝါကျသို့ ဝင်၍စပ်သောနည်းမျိုးကို ဤသာရတ္ထဒီပနီဋီကာ, သာရတ္ထ ဒီပနီဋီကာဆရာ၏တပည့် ဗုဒ္ဓနာဂထေရ် စိရင်အပ်သော ကခ်ိဋီကာသစ်တို့မှတစ်ပါး အခြား သောကျမ်းများ၌ မမှတ်မိဖူးပေ။ ။ ဥပနိက္ခိတ္တံ ဘဏ္ဍံ ဒေဟိ မေ ဘဏ္ဍာနိ ဝုစ္စမာနောနာဟံ ဂဏှာမီတိ ဘဏာတိ။ ။ ဤကား အဒိန္နာဒါန သိက္ခာပုဒ်အဖွင့် ကခ်ါဝိတရဏီ အဋ္ဌကထာပါဠိတည်း။ ဤအဋ္ဌကထာပါဠိ၌ ဥပနိက္ခိတ္တံ ဘဏ္ဍံ ဝုစ္စမာနော ဘဏာတိ ဟူသောပါဠိများကား အာကာရဝန္တ အပြင်ဝါကျတည်း။ ဒေဟိ မေ ဘဏ္ဍာနိ ဟူသောဝါကျကား ဝုစ္စမာနော ဟူသော အာကာရဝန္တ အပြင်ဝါကျလာ ကြိယာ၏ ဝစနာကာရ အတွင်းဝါကျတည်း။ နာဟံ ဂဏှာမီတိ ဝါကျကား ဘဏာတိ ဟူသော အာကာရ ဝန္တ အပြင်ဝါကျလာ ကြိယာ၏ ဘဏနာကာရ အတွင်းဝါကျတည်း။ ဤအဋ္ဌကထာပါဠိ၌လည်း အပြင်ဝါကျရှိ ပုဒ်အချင်းချင်း

http://www.dhammadownload.com

သာ စပ်သင့်စပ်ထိုက်၏။ အပြင်ဝါကျရှိပုဒ်ကို အတွင်းဝါကျရှိကြိယာ၌ မစပ်သင့် မစပ်ထိုက်။ ။ ယောဘိက္ခု၊ သည်။ ဥပနိက္ခိတ္တံ၊ အပ်နှံ၍ထားအပ်သော။ ဘဏ္ဍံ၊ ဘဏ္ဍာကို။ ။ ဝုစ္စမာနော။ ။ ဟူသော အပြင်ဝါကျရှိ ကြိယာနှင့် စပ်ရမည်။ ။ တွံ၊ သည်။ မေ၊ ၏။ ဘဏ္ဍံ၊ ကို။ ဒေဟိ၊ လော့။ ဣတိ၊ ဤသို့။ ဝုစ္စမာနော၊ ပြောဆို၍ တောင်းရမ်းအပ်သည်ရှိသော်။ ။ ဤဝုစ္စမာနော ဟူသောပုဒ်၌ တတိယပါရာဇိက သိက္ခာပုဒ်၊ ပရိယေသေယျ ဟူသောပုဒ်၌ ပရိယေသိတွာ ဥပနိက္ခိပေယျ ဟူသော အတ္ထာတိသယ နည်းကဲ့သို့ ဝတ္တာယာစိယမာနော ဟူသော အတ္ထာတိသယနည်းကို မှတ်ယူသင့်၏။ အဟံ၊ သည်။ တေ၊ ၏။ ဘဏ္ဍံ၊ ကို။ ။ ယောဂပြင်၍လိုက်စပ်။ ။ န ဂဏှာမိ၊ မယူရပါ။ ဣတိ၊ သို့။ ဘဏာတိ၊ ပြောဆိုအံ့။ တဿဘိက္ခုနော၊ အား။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ဤသို့ ယောဇနာသင့်၏။ ။ ကခ်ါဋ္ဌိကာသစ်၌ကား ဥပနိက္ခိတ္တံ ဘဏ္ဍန္တိ သင်္ဂါပနတ္ထာယ အတ္တနောဟတ္ထေ၊ ပရေဟိ ထပိတံ ဘဏ္ဍံ၊ အဟံ နဂဏှာမိတိ သမ္မန္နေ၊။ ။ ဟု ဆို၏။ သာရတ္ထဒီပနီ ဋီကာစကားအတိုင်း မှတ်။ ဤပထမယောဇနာနည်းကိုလည်း တတ္ထာတိတေသု ဝိဟာရေသု။ ။ ဟူသော သာရတ္ထဒီပနီ ဋီကာစကားကိုမှီ၍ ယောဇနာအပ်သော ယောဇနာနည်းတည်း။ ငါတို့ကား အောက်ကဆိုခဲ့ပြီးသော တတ္ထေ ကေစိ ဘိက္ခူ ဆန္ဒာဂမနံဝိယ အစရှိသောပါဠိ၌- တတ္ထာတိ တသ္မိံ ဝိဿတ္ထာဒိဘာဝေ သတိ။ အတိဝိဿတ္ထေ သကျကုလ ပသုတ တထာဂတ ပါတု ဘာဝတောတိ ဝုတ္တံ ဟောတိ။ ။ဟု သီလကွန်ဋီကာသစ်၌ ဖွင့်သကဲ့သို့ ထို့အတူ တတ္ထာတိ တသ္မိံ ဆဋ္ဌိတ ပတိတ ဥက္ကာပဘာဝေသတိ ဆဋ္ဌိတ ပတိတ ဥက္ကာပဘာဝတောတိ ဝုတ္တံ ဟောတိ။ ။ ဟူ၍သာ ဖွင့်သင့်၏ဟု ထင်မိပေကုန်၏။ ဤသို့ ထင်သည့်အတိုင်း ဒုတိယ, တတိယနည်းများကို ယောဇနာလိုက်ပေ၏။ သီလကွန်ဋီကာ ဟောင်း, ဋီကာသစ်တို့၌ မဖွင့်ခဲ့]

ဟိ၊ အလွန်ကျဉ်းဘိ ဝုဋ္ဌရှိ၍ မသိမိပွာ လိနတ္ထာကို ကျယ်စွာခဲ့ပိမ့်။ တိတ္ထိယာ၊ တိတ္ထိတို့သည်။ ဧဝံ၊ ဤသို့။ ဝဒေယျုံ၊ ပြောဆိုကြကုန်ရာ၏။ ကိံ၊ သို့။ ဝဒေယျုံ၊ ပြောဆိုကြကုန်ရာသနည်း။ သမဏာသ ဂေါတမာသ၊ ရဟန်းဂေါတမ၏။ သာဝကာ၊ တပည့်တို့သည်။ သတ္ထရိ၊ ဆရာဖြစ်သော ရှင်ဂေါတမသည်။ ဠီတေယေဝ၊ တည်စဉ်သာလျှင်။ ဝါ၊ အသက်ထင်ရှား ရှိစဉ်ကသာလျှင်။ ဝိဟာရေ၊ ကျောင်းတို့ကို။ ပဋိဇဂ္ဂိသု၊ သုတ်သင်ကြကုန်ပြီ။ သတ္ထရိ၊ ဆရာဖြစ်သော ရှင်ဂေါတမသည်။ ပရိနိဗ္ဗုတေ၊ သော်။ ဝိဟာရေ၊ ကျောင်းတို့ကို။ ဆဋ္ဌေသုံ၊ စွန့်ပစ်ကြကုန်ပြီ။ ကုလာနံ၊ အမျိုးတို့၏။ မဟာ၊ များသော။ ဓနပရိစ္စာဂေါ၊ ဥစ္စာကို စွန့်ကြခြင်းသည်။ ဝါ၊ စွန့်ကြအပ်သော ဥစ္စာသည်။ ဝိနဿတိ၊ ပျက်စီးခဲ့၏။ ဝါ၊ ပျက်စီးလေစွတကား။ ဝါ၊ ပျက်စီးလေစွသြ။ ဝါ၊ ပျက်စီးကုန်ပြီတကား။ ဣတိဧဝံ၊ သို့။ ဝဒေယျုံ၊ ပြောဆိုကြကုန်၏။ တေသံ တိတ္ထိယာနံ၊ တို့၏။ ဝါဒပရိမောစနတ္ထံစ၊ ကဲ့ရဲ့ပြစ်တင်ခြင်းမှ လွတ်ရခြင်းငှာလည်း။ ဝါ၊ ကဲ့ရဲ့ပြစ်တင်ခြင်းမှ လွတ်ရခြင်းအကျိုးငှာလည်း။ စိန္တေသုံ၊ ကြံကြကုန်ပြီ။ ဣတိ ဣဒံ အတ္ထဇာတံ၊ ဤသို့သော ဥဒ္ဒကတ္ထသည်။ ဝါ၊ ဤသို့သော ဥဒ္ဒကတ္ထကို။ ဝုတ္တံ၊ ဆိုအပ်သည်။ ဝါ၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။

စပန၊ အထူးတစ်ဖန် စကားကျန်ကို ဖော်လှန်ထုတ်ကာ ဆက်ပြပါအံ့။ ဧဝံ၊ ဤသို့။ စိန္တယိတွာ၊ ကြံကြကုန်ပြီး၍။ ကတိကဝတ္တံ၊ ကို။ ကရိသု၊ ပြုကြကုန်ပြီ။ ယံ ကတိကဝတ္တံ၊ ကို။ သန္ဓာယ၊

http://www.dhammadownload.com

ရည်ရွယ်၍။ အထခေါ ထေရာနံ ဘိက္ခူနံ ။ပ။ သင်္ဂီယိသာမာတိ၊ အထခေါ ထေရာနံ ဘိက္ခူနံ ။ပ။ သင်္ဂီယိသာမ ဟူ၍။ ဝါ၊ ဟူသော။ ဧတံဝစနံ၊ ဤစကားကို။ ပဋ္ဌသတိက သင်္ဂီတိက္ခန္ဓကေ၊ စူဠဝဂ္ဂ ပဋ္ဌသတိက သင်္ဂီတိက္ခန္ဓကဋ္ဌ။ အာယသ္မတာ ဥပါလိတ္ထေရေန၊ အရှင်ဥပါလိထေရ်သည်။ ဝုတ္တံ၊ ပြီ။ တဒေဝကတိကဝတ္တံ၊ ထိုကတိကဝတ်ကိုသာလျှင်။ သန္ဓာယ၊ ၍။ မယာပိ၊ ငါသည်လည်း။ ဝါ၊ ငါလဲပဲ။ ဧဝံစိန္တယိတ္ထာစ ပန ကတိကဝတ္တံ ကရိ်သူတို၊ ဧဝံစိန္တယိတ္ထာစ ပန ကတိကဝတ္တံ ကရိ်သု ဟူ၍။ ဝါ၊ ဟူသော။ ဣဒံဝစနံ၊ ဤစကားကို။ ဟေဋ္ဌာ၊ အောက်၌။ ဝါ၊ အောက်က။ ဝုတ္တံ၊ ဆိုအပ်ပြီ။ ဝါ၊ ဆိုခဲ့ပြီ။

အထပစ္ဆာ၊ ဝါဆိုကြပြီးရာကာလမှ နောက်၌။ ထေရာနံ၊ ထေရ်ဖြစ်ကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဧတံ ပရိဝိတက္ကနံ၊ ဤသို့သောအကြံသည်။ အဟောသိ၊ ဖြစ်ပြီ။ ကိံ၊ အဘယ်သို့သော အကြံသည်။ အဟောသိ၊ ဖြစ်သနည်း။ အာဝုသော၊ ငါ့ရှင်တို့။ ဘဂဝတာ၊ သည်။ ခဏ္ဍဖုလ္လပဋိသခ်္ခရဏံ၊ ကို။ ဝဏ္ဏိတံ၊ ချီးမွမ်းတော်မူအပ်ပြီ။ ။ အာဝုသော၊ တို့။ ဟန္ဒ၊ ယခု။ မယံ၊ တို့သည်။ ပဌမံမာသံ၊ ရှေးဦးစွာသောလပတ်လုံး။ ဝါ၊ နွယ်တာလပတ်လုံး။ ဝါ၊ ဝါဆိုလပတ်လုံး။ ခဏ္ဍဖုလ္လပဋိသခ်္ခရဏံ၊ ကို။ ကရောမ၊ ပြုကြကုန်စို့။ မဏ္ဍိမံ၊ မဏ္ဍိမလပတ်လုံး။ ဝါ၊ နံကာလပတ်လုံး။ ဝါ၊ ဝါခေါင်လပတ်လုံး။ သန္နိပတိတွာ၊ ကောင်းစွာကျရောက်ကြကုန်၍။ ဝါ၊ စည်းဝေးကြကုန်၍။ ဓမ္မဉ္စ၊ သုတ်,အဘိဓမ္မာကိုလည်းကောင်း။ ဝိနယဉ္စ၊ ဝိနည်းကိုလည်းကောင်း။ သင်္ဂီယိသာမ၊ ပေါင်းစုရွတ်ကာ သင်္ဂီယနာ တင်ကြကုန်စို့။ ဣတိဧတံ ပရိဝိတက္ကနံ၊ ဤသို့သောအကြံသည်။ အဟောသိ၊ ဖြစ်ပြီ။ ဣတိ၊ သို့။ ပရိဝိတက္ကယိတွာ၊ ကုန်၍။ တေထေရာ၊ တို့သည်။ ဒုတိယဒိဝသေ၊ ကြံပြီးရာနေ့မှ နှစ်ရက်တို့၏ ပြည့်ကြောင်းဖြစ်သောနေ့၌။ ဂန္တွာ၊ သွားကြကုန်၍။ ရာဇဂဟေ၊ မင်း၏ နန်းတော်တံခါး၌။ အဋ္ဌံသု၊ ရပ်တည်ကြကုန်ပြီ။ ရာဇာ၊ အရာတသတ်မင်းသည်။ အာဂန္တွာ၊ လာ၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဘန္တေ၊ အရှင်ဘုရားတို့။ တုမှေ၊ အရှင်ဘုရားတို့သည်။ ကိံ၊ အဘယ့်ကြောင့်။ အာဂတာ၊ ကြွလာတော်မူကြကုန်သည်။ အတ္ထ၊ ဖြစ်ကြပါကုန်သနည်း။ ဣတိ၊ ဤသို့။ အတ္တနာ၊ ကိုယ်တိုင်။ ကတ္တဗ္ဗကိစ္စံ၊ ပြုအပ်, ပြုသင့်, ပြုထိုက်သောကိစ္စကို။ ပုစ္ဆိ၊ မေးလျှောက်ပြီ။ ။ ထေရာ၊ တို့သည်။ အဌာရသ မဟာဝိဟာရ ပဋိသခ်္ခရဏတ္ထာယ၊ တစ်ဆယ့်ရှစ်ရပ်သော ကျောင်းကြီးတို့ကို အသစ်တစ်ဖန် ပြုပြင်စီရင်ရခြင်း အကျိုးငှာ။ ဟတ္ထကမ္မံ၊ လက်အမှုကို။ ပဋ္ဌဝေဒေသုံ၊ သိစေကြကုန်ပြီ။ ရာဇာ၊ အရာတသတ်မင်းသည်။ ဟတ္ထကမ္မကာရကေ၊ လက်အမှုကို ပြုတတ်ကုန်သော။ မနုဿေ၊ လူတို့ကို။ အဒါသိ၊ ပေးပြီ။ ထေရာ၊ တို့သည်။ ပဌမံမာသံ၊ ရှေးဦးစွာသောလပတ်လုံး။ ဝါ၊ နွယ်တာလပတ်လုံး။ ဝါ၊ ဝါဆိုလပတ်လုံး။ သဗ္ဗဝိဟာရေ၊ အလုံးစုံသောကျောင်းတို့ကို။ ပဋိသခ်္ခာပေတွာ၊ အသစ်တစ်ဖန် ပြုပြင်စီရင်စေကြကုန်ပြီး၍။ ရညော၊ အရာတသတ်မင်းအား။ အာရောစေသုံ၊ ပြောဆိုကြကုန်ပြီ။ ကိံ၊ သို့။ အာရောစေသုံ၊ ပြောဆိုကြကုန်သနည်း။ မဟာရာဇ၊ ဒကာတော်မင်းမြတ်။

တစ်နည်း။ ။ မဟိ၊ မြေအပြင်၌။ အရိ၊ ရန်အပေါင်းကို။ အဇ၊ အောင်တတ်သော ဒကာတော်။ ဝိဟာရပဋိသခ်္ခရဏံ၊ ကျောင်းတို့ကို အသစ်တစ်ဖန် ပြုပြင်စီရင်ခြင်းသည်။ နိဋ္ဌိတံ၊ ပြီးဆုံးခဲ့ပြီ။ ဣဒါနိ၊ ဤအခါ၌။ ဝါ၊ ယခုအခါ၌။ မယံ၊ တို့သည်။ ဓမ္မဝိနယသင်္ဂဟံ၊ သုတ်, အဘိဓမ္မာ, ဝိနည်းကို ပေါင်းစုရွတ်ကာ သင်္ဂီယနာတင်ခြင်းကို။ ကရောမ၊ ပြုကုန်တော့အံ့။ ဝါ၊ ပြုလိုကုန်၏။ ဣတိ၊ ဤသို့။ အာရောစေသုံ၊ ပြောဆိုကြကုန်ပြီ။

http://www.dhammadownload.com

၌၀၊ ဤသို့။ ဝုတ္တော၊ ထေရ်တို့က ပြောဆိုအပ်သည်ရှိသော်။ ရာဇာ၊ အဇာတသတ်မင်းသည်။ အာဟ၊ လျှောက်ပြီ။ ကိံ၊ အဘယ်သို့။ အာဟ၊ လျှောက်သနည်း။ ဘန္တေ၊ အရှင်ဘုရားတို့။ သာဓု၊ ကောင်းလှပါပြီ။ တုမှေ၊ အရှင်ဘုရားတို့သည်။ ဝိဿဋ္ဌာ၊ စွန့်လွှတ်အပ်သော စိတ်ရှိကြကုန်သည်။ ဝါ၊ ရွံရှာခြင်းကင်း ရဲတင်းသောစိတ် ရှိကြကုန်သည်။ ဟုတ္တာ၊ ဖြစ်ကုန်၍။ ကရောထ၊ ပြုတော်မူကြပါကုန်လော့။ မယှံ၊ အကျွန်ုပ်၏။ အာဏာစက္ကံ၊ အာဏာစက်သည်။ ဝါ၊ အပိတ်အပင် အဆီး အတား အကန့်အကွက် အနှောင့်အယှက်မရှိဘဲ ဖြစ်တတ်သောအာဏာသည်။ ဟောတု၊ ဖြစ်ပါစေလော့။ တုမှာကံစ၊ အရှင်ဘုရားတို့၏လည်း။ ဓမ္မစက္ကံ၊ စမ္မစက်သည်။ ဝါ၊ အပိတ်အပင် အဆီးအတား အကန့်အကွက် အနှောင့်အယှက်မရှိဘဲ ဖြစ်တတ်သော ပဋိဝေဓဉာဏ် ဒေသနာဉာဏ်တည်းဟူသော တရားသည်။ ဟောတု၊ ဖြစ်ပါစေလော့။ ဘန္တေ၊ အရှင်ဘုရားတို့။ တုမှေ၊ အရှင်ဘုရားတို့သည်။ မံ၊ အကျွန်ုပ်ကို။ အာဏာပေထ၊ စေခိုင်းတော်မူကြပါကုန်လော့။ အဟံ၊ သည်။ ကိံ၊ ဘယ်အမှုကို။ ကရောမိ၊ ပြုရပါအံ့နည်း။ ဣတိ၊ ဤသို့။ အာဟ၊ လျှောက်ပြီ။ ၏၀၊ ဤသို့။ ဝုတ္တော၊ အဇာတသတ်မင်းက လျှောက်အပ်သည်ရှိသော်။ တေထေရာ၊ တို့သည်။ အာဟံသု၊ ပြောဆိုကြကုန်ပြီ။ ကိံ၊ အဘယ်သို့။ အာဟံသု၊ နည်း။ မဟာရာဇ၊ ဒကာတော်မင်းမြတ်။ တွံ၊ သည်။ သင်္ဃံ၊ သင်္ဃာယနာကို။ ကရောန္တာနံ၊ ပြုကြကုန်သော။ ဘိက္ခူနံ၊ တို့၏။ သန္နိသဇ္ဇဉာနံ၊ စည်းဝေး၍ နေထိုင်ရာအရပ်ကို။ ကရောဟိ၊ ပြုလော့။ ဣတိ၊ ဤသို့။ အာဟံသု၊ ပြောဆိုကြကုန်ပြီ။ ၏၀၊ ဤသို့။ ဝုတ္တော၊ ထေရ်တို့က ပြောဆိုအပ်သည်ရှိသော်။ ရာဇာ၊ အဇာတသတ်မင်းသည်။ အာဟ၊ လျှောက်ပြီ။ ကိံ၊ အဘယ်သို့။ အာဟ၊ လျှောက်သနည်း။ ဘန္တေ၊ အရှင်ဘုရားတို့။ ကတ္ထ၊ ၌။ အဟံ၊ သည်။ သင်္ဃံ၊ ကို။ ကရောန္တာနံ၊ ကုန်သော။ ဘိက္ခူနံ၊ တို့၏။ သန္နိသဇ္ဇဉာနံ၊ ကို။ ကရောမိ၊ ပြုရပါအံ့နည်း။ ဣတိ၊ သို့။ အာဟ၊ လျှောက်ပြီ။ ၏၀၊ ဤသို့။ ဝုတ္တော၊ အဇာတသတ်မင်းက လျှောက်အပ်သည်ရှိသော်။ တေထေရာ၊ တို့သည်။ အာဟံသု၊ ပြောဆိုကြကုန်ပြီ။ ကိံ၊ အဘယ်သို့။ အာဟံသု၊ ပြောဆိုကြကုန်သနည်း။ မဟာရာဇ၊ ဒကာတော်မင်းမြတ်။ ဝေဘာရပဗ္ဗတပဿေ၊ ဝေဘာရတောင်နံရံ၌။ သတ္တပဏ္ဏိဂုဟာဒ္ဝါရေ၊ စရည်းပင်ရှိရာ လိုဏ်တံခါး၌။ သင်္ဃံ၊ ကို။ ကရောန္တာနံ၊ ကုန်သော။ ဘိက္ခူနံ၊ တို့၏။ သန္နိသဇ္ဇဉာနံ၊ စည်းဝေး၍ နေရာအရပ်သည်။ ဝါ၊ စည်းဝေး၍ နေရာအရပ်ကို။ ကာတုံ၊ ပြုခြင်းငှာ။ ဝါ၊ ပြုခြင်းသည်။ ယုတ္တံ၊ သင့်မြတ်၏။

အဇာတသတ္တု၊ အဇာတသတ္တု အမည်ရှိသော။ ဝါ၊ မဖွားမီကပင် ခမည်းတော်ဖြစ်သော ဗိမ္ဗိသာရမင်းကြီး၏ရန်သူ ဖြစ်လတ္တံ့ဟု နိမိတ်ဖတ်အပ်သည်၏အဖြစ်ကြောင့် အဇာတသတ္တု အမည်ရှိသော။ ရာဇာ၊ မင်းသည်။ ဘန္တေ၊ အရှင်ဘုရားတို့။ သာဓု၊ ကောင်းလှပါပြီ။ ဣတိဟ၊ ဤသို့သာလျှင်။ သမ္မဇ္ဇိတ္ထတ္တာ၊ ဝန်ခံပြီး၍။ ဝိသုကမ္မုနာ၊ ဝိသုကမ္မ အမည်ရှိသော နတ်သားသည်။ ဝါ၊ သိကြားမင်း၏ အမှုလုပ်ငန်းကို အသီးအခြား ပြုပြင်စီရင်တတ်သည်၏အဖြစ်ကြောင့် ဝိသုကမ္မ အမည်ရှိသော နတ်သားသည်။ နိမ္မိတသဒိသံ၊ ဖန်ဆင်းအပ်သည်နှင့်တူသော။ သုဝိဘတ္တာဘိတ္ထိထမ္ဘသောပါနံ၊ ကောင်းစွာဝေဖန်အပ်သော နံရံ, ကောင်းစွာဝေဖန်အပ်သော သီတိုင်, ကောင်းစွာဝေဖန်အပ်သော စောင်းတန်းလှေကားရှိသော။ နာနာဝိဓ မာလာကမ္မလတာကမ္မဝိစိတ္တံ၊ အထူးထူးအပြားပြားသော ခြူးပန်းမှုဖြင့် ဆန်းလည်းဆန်းကြယ် အထူးထူးအပြားပြားသော ခြူးနွယ်မှုဖြင့် ဆန်းလည်း

http://www.dhammadownload.com

ဆန်းကြယ်သော။ ရာဇဘဝနဝိဘူတိ၊ မင်း၏ရွှေနန်းတော်၏ ပြည့်စုံခြင်းကို။ ဝါ၊ မင်း၏ရွှေနန်းတော်၏ တင့်တယ်ခြင်းကို။ အဘိဘဝန္တိက္ကဝစ၊ လွန်မိုးနိုပ်စက်သကဲ့သို့လည်းဖြစ်သော။ ဒေဝဝိမာနသိရီ၊ နတ်ဗိမာန်၏ အသရေကို။ ဝါ၊ နတ်ဗိမာန်၏ တင့်တယ်ခြင်းကို။ အဝဟသန္တိက္ကဝစ၊ ပြက်ရယ်ပြုသကဲ့သို့လည်းဖြစ်သော။ သိရိယာ၊ အသရေဖြင့်။ ဝါ၊ တင့်တယ်ခြင်းဖြင့်။ ဇလန္တိက္ကဝစ၊ တောက်ပသကဲ့သို့လည်းဖြစ်သော။ ဒေဝမနုဿနယနဝိဟင်္ဂါနံ၊ နတ်လူတို့၏ မျက်စိတည်းဟူသော ငှက်အပေါင်းတို့၏။ ဝါ၊ နတ်လူတို့၏ ငှက်နှင့်တူသော မျက်စိတို့၏။ ဇကနိပါတ တိတ္ထဲက္ကဝစ၊ တစ်ပေါင်းတည်းကျရောက်ရာ ဆိပ်ကဲ့သို့လည်းဖြစ်သော။ လောကရာမဏေယျကံ၊ လောကဌ် မွေ့လျော်စေတတ်သော ဝတ္ထုအပေါင်းကို။ သမ္မိဇ္ဈိတံက္ကဝစ၊ တစ်ခုတည်းသောအရပ်၌ ပေါင်းစု၍ ထားအပ်သကဲ့သို့လည်းဖြစ်သော။ ။ တစ်နည်း။ ။ သမ္မိဇ္ဈိတမ္မိ၊ တစ်ခုတည်းသောအရပ်၌ ပေါင်းစုထားအပ်သော။ လောကရာမဏေယျကံက္ကဝစ၊ လောကဌ် မွေ့လျော်စေတတ်သော ဝတ္ထုအပေါင်းကဲ့သို့လည်းဖြစ်သော။ ဒဋ္ဌဗ္ဗသာရမဇ္ဈံ၊ ကြည့်ရှုထိုက်သော အာရုံအပေါင်းတို့တွင် မြတ်လည်းမြတ်၊ ကြည်လည်းကြည်လင်သော။ ဝါ၊ ကြည့်ရှုထိုက်သော မြတ်သောတန်ဆာရှိသော။ မဇ္ဈပံ၊ မဇ္ဈပ်ကို။ ကာရာပေတွာ၊ ပြုစေပြီး၍။ ဝိဝိဓကုသုမဒါ မောလမ္ဗကဝိနိဂ္ဂလန္တစာရုဝိတာနဒ္ဓ၊ အထူးထူးအပြားပြားသော တွဲလျားကျသော ပန်းဆိုင်းတို့ကို အထူးအားဖြင့် ထွက်စေတတ်သော တင့်တယ်သော ဗိတာန်လည်းရှိသော။ နာနာရတနဝိစိတ္တမဏ္ဍိ ကောဋိမတလံက္ကဝ၊ အထူးထူးသော ရတနာတို့ဖြင့် ဆန်းကြယ်ပတ္တမြားကို ခတ်၍ပြုအပ်သော အပြင်ကဲ့သို့။ ဝါ၊ အထူးထူးသော ရတနာတို့ဖြင့် ဆန်းကြယ်ခတ်၍ ပြုအပ်သော ပတ္တမြားအပြင်ကဲ့သို့။ နာနာပုပ္ဖူပဟာရဝိစိတ္တ သုပရိနိဋ္ဌိတဘူမိကမ္မဋ္ဌ၊ အထူးထူးသော ပန်းပူဇော်ခြင်းတို့ဖြင့်လည်း ဆန်းကြယ် ကောင်းစွာ ပြီးပြီးသော မြေအမှုလည်းရှိသော။ နံမဇ္ဈံပံ၊ ထိုမဇ္ဈပ်ကို။ ဗြဟ္မဝိမာနသဒိသံ၊ ဗြဟ္မာမင်း၏ ဗိမာန်နှင့်တူစွာ။ ဝါ၊ ဗြဟ္မာမင်း၏ ဗိမာန်နှင့်တူအောင်။ အလင်္ကရိတ္တာ၊ တန်ဆာဆင်ပြီး၍။ တသ္မိံ မဟာမဇ္ဈပေ၊ ထိုမဟာမဇ္ဈပ်၌။ ပဋ္ဌသတာနံ၊ ငါးရာကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဝါ၊ ရဟန်းတို့ဖို့။

ဘဒ္ဒမုခ၊ ဆရာ။ ရာဇဂဟဿစ နာဠန္ဒာယစ ဝိဝရေတိ အဇ္ဈော၊ ကို။ ဇ္ဈေတသ္မိံပါဠေ၊ ဠ်။ ကိဉ္စာပိ ဝေဒိတဗ္ဗော၊ အကယ်၍ကား သိအပ်ပေ၏။ ပန၊ ထိုသို့ပင် သိအပ်ပါသော်လည်း။ အန္တရာသဒ္ဒေန၊ အန္တရာသဒ္ဒါနှင့်။ ယုတ္တတ္တာ၊ ယှဉ်သည်၏အဖြစ်ကြောင့်။ ဥပယောဂဝစနံ၊ ကို။ အာယသ္မတာ အာနန္ဒတ္ထေရေန၊ သည်။ ကတံ၊ ပြုတော်မူအပ်ပြီ။ သာမိဝစနံ၊ ကို။ နကတံ၊ ပြုတော်မမူအပ်။ ဣတိအယံ၊ သည်ကား။ သောဓနာ၊ တည်း။ ။ စ၊ မပြတ်စပ်လာ၊ ဝါကျတ္ထာကို၊ ဆက်ကာပြပိမ့်။ ဤဒိသေသု၊ ဤကဲ့သို့ ရှုအပ်သော သဘောရှိကုန်သော။ ဌာနေသု၊ အရာတို့ဠ်။ အက္ခရစိန္တကာ၊ အက္ခရာကို ကြံတတ်ကုန်သော သဒ္ဒါဆရာတို့သည်။ ဝါ၊ အက္ခရာပုဒ်ပါဠ်၊ ရုပ်ဓာတ် ပစ္စည်း၊ အနည်းနည်းကို၊ သိပ်သည်းသတ်မှတ်၊ ကြံဆတတ်သော သဒ္ဒါဆရာတို့သည်။ ။ ဂါမံ၊ ရွာ၏။ အန္တရာစ၊ အကြားဠ်လည်းကောင်း။ နဒီ၊ မြစ်၏။ အန္တရာစ၊ အကြားဠ်လည်းကောင်း။ ယာတိ၊ သွား၏။ ဣတိ ဇဝံ၊ သို့။ ဇကမေဝ၊ တစ်ခုတည်းသာလျှင်ဖြစ်သော။ အန္တရာသဒ္ဒံ၊ အန္တရာသဒ္ဒါကို။ ပယုဇ္ဇန္တိ၊ ယှဉ်ကြကုန်၏။ သောအန္တရာသဒ္ဒေါ၊ ထိုအန္တရာသဒ္ဒါသည်။ ဝါ၊ ထိုအန္တရာသဒ္ဒါကို။ ဒုတိယပဒေနပိ၊ နဒီ-ဟူသော ဒုတိယပုဒ်နှင့်လည်း။ ယောဇေတဗ္ဗော၊ ယှဉ်အပ်, ယှဉ်သင့်, ယှဉ်ထိုက်သည်။ ဟောတိ၊ ၏။ တသ္မိံ အန္တရာသဒ္ဒေ၊ ထိုအန္တရာသဒ္ဒါကို။ ဒုတိယပဒေန၊ နှင့်။ အယောဇိယမာနေ၊ မယှဉ်အပ်သည်ရှိသော်။ ဥပယောဂဝစနံ၊ သည်။ နပါပုဏာတိ၊ မရောက်။ ။ (ပန။ ။ ဝိသေသတ္ထ။ ။ တစ်နည်း။ ။ ပက္ခန္တရ)။ ။

ဤဇဂဟမသ္မိံ ပါဠေ၊ ဠ်။ နိဝိဒ္ဓော၊ သော။ အန္တရာသဒ္ဒေါ၊ ကို။ ဒုတိယပဒေန၊ နှင့်။ ယောဇေ

http://www.dhammadownload.com

တွာ ဧဝ၊ ယှဉ်၍သာလျှင်။ အာယသ္မတော အာနန္ဒတ္ထေရေန၊ သည်။ ဝုတ္တော၊ ပြီ။ ဣတိ၊ သို့။ ဧဒံ တဗ္ဗော၊ ၏။ အဒ္ဓါနမဂ္ဂပ္ပဋိပန္နောဟောတီတိ၊ ဟူသည်ကား။ အဒ္ဓါနသဒ်္ဒါတံ၊ အဒ္ဓါနဟု ဆိုအပ်သော။ ဝါ၊ အရှည်ဟု ဆိုအပ်သော။ မဂ်၊ ခရီးသို့။ ပဋိပန္နော၊ ကြွသွားတော်မူသည်။ ဟောတိ၊ ဖြစ်၏။ ဒီဃမဂ်၊ ရှည်သောခရီးသို့။ ပဋိပန္နော၊ သည်။ ဟောတိ၊ ၏။ ဣတိအယံအတ္ထော၊ ဤအနက်ကို။ ဧဝံတဗ္ဗော၊ ၏။ ဟိ၊ မပြတ်စပ်လာ၊ ဝါကျတ္ထာကို၊ ဆက်ကာပြပိမ့်။ အဒ္ဓါန ဂမန သမယသ၊ ကာဏမာတာ သိက္ခာပုဒ်၌လာသော အဒ္ဓါနဂမနသမယသဒ္ဒါ၏။ ဝိဘင်္ဂေ၊ ဝိဘင်းပါ၌တော်၌။ အမုယောဇနံ ဂစ္ဆိဿာမီတိ ဘုဉ္ဇိတဗ္ဗန္တိ အာဒိဝစနတော၊ အမုယောဇနံ ဂစ္ဆိဿာမီတိ ဘုဉ္ဇိတဗ္ဗံ-ဤသို့အစရှိသော မြတ်စွာဘုရား၏ စကားတော်ကြောင့်။ ဝါ၊ အမုယောဇနံ ဂစ္ဆိဿာမီတိ ဘုဉ္ဇိတဗ္ဗံ-ဤသို့အစရှိသော ပါဠိကို ဟောတော်မူခြင်းကြောင့်။ ဝါ၊ အမုယောဇနံ ဂစ္ဆိဿာမီတိ ဘုဉ္ဇိတဗ္ဗံ-ဤသို့အစရှိသော ပါဠိဖြင့် ယူဇနာခွဲ၏ အဒ္ဓါနမဂ္ဂမည်သည်၏ အဖြစ်ကို ဟောတော်မူခြင်းကြောင့်။ အမုယောဇနမ္မိ၊ ယူဇနာခွဲသည်လည်း။ အဒ္ဓါနမဂ္ဂေါ၊ အဒ္ဓါနမဂ္ဂမည်သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဝိညာယတိ၊ ၏။ ။ (အဟံ၊ သည်။ အမုယောဇနံ၊ ယူဇနာခွဲရှိသောခရီးသို့။ ဂစ္ဆိဿာမိ၊ သွားရတော့အံ့။ ဣတိမနသိကတွာ၊ ဤသို့ နှလုံးသွင်း၍။ ဘုဉ္ဇိတဗ္ဗံ၊ စားအပ်၏)။ ။ အမုယောဇနံ၊ သည်။ အဒ္ဓါနမဂ္ဂေါ၊ မည်သည်။ ကိန္တာပိ ဟောတိ၊ အကယ်၍ကား ဖြစ်ပေ၏။ ပန၊ ထိုသို့ပင်ဖြစ်ပါသော်လည်း။ ရာဇဂဟတော၊ ရာဇဂြိုဟ်ပြည်မှ။ နာဠန္ဒာ၊ နာဠန္ဒမြို့သည်။ ယောဇနမေဝ၊ တစ်ယူဇနာအတိုင်းအရှည် ရှိသည်သာလျှင်။ ဟောတိ၊ ၏။

မဟတာ ဘိက္ခုသံဃန သဒ္ဓိန္တိဇ္ဈတ္ထေ၊ မဟတာ ဘိက္ခုသံဃန သဒ္ဓိ-ဟူသော ဤပါဌ်၌။ အဝယဝတ္ထော၊ အစိတ်စိတ်ဖြစ်သောအနက်ကို။ ဝါ၊ အစိတ်အစိတ်ဖြစ်သော ပုဒ်တို့၏ အနက်ကို။ ဧဝံ၊ ဤဆိုအပ်လတ္တံ့သောနည်းဖြင့်။ ဧဝံတဗ္ဗော၊ ၏။ မဟတာတိ၊ မဟတာဟူသည်ကား။ ဂုဏမဟတ္တေနပိ၊ ဂုဏ်အားဖြင့် မြတ်သည်၏အဖြစ်ကြောင့်လည်း။ မဟတာ၊ ဂုဏ်အားမြင့်မြတ်သော။ သန်ဘာမဟတ္တေနပိ၊ အရေအတွက်အားဖြင့် များသည်၏ အဖြစ်ကြောင့်လည်း။ မဟတာ၊ အရေအတွက်အားဖြင့် များသော။ ဘိက္ခုသံဃန၊ ရဟန်းတို့၏အပေါင်းနှင့်။ သဒ္ဓိ၊ တကွ။ အဒ္ဓါန မဂ္ဂပ္ပဋိပန္နော၊ အခွန်.ရှည်လျားသောခရီးသို့ ကြွသွားတော်မူသည်။ ဟောတိ၊ ပြီ။ ဟိ၊ အလွန်ကျဉ်းဘိ၊ ဂုဠတ်ရှိ၍၊ မသိမိပွာ၊ လီနတ္ထာကို၊ ကျယ်စွာချဲ့ပိမ့်။ သော ဘိက္ခုသံဃော၊ ထိုရဟန်းအပေါင်းသည်။ ဂုဏေဟိပိ၊ ဂုဏ်တို့ဖြင့်လည်း။ မဟာ၊ မြတ်သည်။ အဟောသိ၊ ပြီ။ ကသ္မာ၊ ကြောင့်။ သောဘိက္ခုသံဃော၊ သည်။ ဂုဏေဟိပိ၊ တို့ဖြင့်လည်း။ မဟာ၊ မြတ်သည်။ အဟောသိ၊ ဖြစ်သနည်း။ ဣတိအယံ၊ သည်ကား။ ပုစ္ဆာ၊ တည်း။ တဿဘိက္ခုသံဃဿ၊ ထိုရဟန်းအပေါင်း၏ အပ္ပိစ္ဆတာဒိဂုဏသမန္နာဂတတ္တာ၊ အပ္ပိစ္ဆတာ အစရှိသော ဂုဏ်တို့နှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့်။ ဝါ၊ ကင်းသောအလို ရှိသည်၏အဖြစ် အစရှိသော ဂုဏ်တို့နှင့် ပြည့်စုံသည်၏အဖြစ်ကြောင့်။ သောဘိက္ခုသံဃော၊ သည်။ ဂုဏေဟိပိ၊ တို့ဖြင့်လည်း။ မဟာ၊ မြတ်သည်။ အဟောသိ၊ ပြီ။ ဣတိအယံ၊ သည်ကား။ ဝိဿဇ္ဇနာ၊ တည်း။

သောဘိက္ခုသံဃော၊ သည်။ သန်ဘာယပိ၊ အရေအတွက်အားဖြင့်လည်း။ မဟာ၊ များသည်။ အဟောသိ၊ ပြီ။ ကသ္မာ၊ ကြောင့်။ သောဘိက္ခုသံဃော၊ သည်။ သန်ဘာယပိ၊ အားဖြင့်လည်း။ မဟာ၊ များသည်။ အဟောသိ၊ ဖြစ်သနည်း။ ဣတိအယံ၊ သည်ကား။ ပုစ္ဆာ၊ တည်း။ တဿဘိက္ခုသံဃဿ၊ ၏။ ပဋိသတသန်ဘာတတ္တာ၊ ငါးရာအရေအတွက် ရှိသည်၏အဖြစ်ကြောင့်။ သောဘိက္ခု

http://www.dhammadownload.com

သံယော၊ သည်။ သန်္ဂါယပိ၊ အားဖြင့်လည်း။ မဟာ၊ များသည်။ အဟောသိ၊ ပြီ။ ဣတိအယံ၊ သည်ကား။ ဝိဿဇ္ဇနာ၊ တည်း။ ဘိက္ခုန်၊ ရဟန်းတို့၏။ သံယော၊ အပေါင်းတည်း။ ဘိက္ခုသံယော၊ ရဟန်းတို့၏အပေါင်း။ တေနဘိက္ခုသံယေန၊ ထိုရဟန်းတို့၏ အပေါင်းနှင့်။ ဒိဋ္ဌိသီလသာမညသမ်ာ တသခ်ါတေန၊ အယူသီလတို့၏ တူမျှသည်၏အဖြစ်ကြောင့် ပေါင်းအပ်၏ဟူ၍ ဆိုအပ်သော။ သမဏာ ဂဏေန၊ ရဟန်းတို့၏ အပေါင်းနှင့်။ သဒ္ဓိ၊ တကွ။ အဒ္ဓါနမဂ္ဂပ္ပဋိပန္နော၊ သည်။ ဟောတိ၊ ၏။ ဣတိအယံ၊ ဤဆိုအပ်ပြီးသည်ကား။ အတ္ထော၊ တည်း။ သဒ္ဓိန္တိ၊ ကား။ ဧကတော၊ တစ်ပေါင်းတည်း။ အဒ္ဓါနမဂ္ဂပ္ပဋိပန္နော၊ သည်။ ဟောတိ၊ ၏။

ပဋိမတ္တေဟိဘိက္ခုသတေဟိတိဧတ္ထ၊ ၌။ ဝစနတ္ထော၊ ကို။ ဝါ၊ သဒ္ဒါ၏ အနက်ကို။ ဧဝံ၊ ဖြင့်။ ဝေဒိတဗ္ဗော၊ ၏။ ဧတေသံဘိက္ခုသတာနံ၊ ဤအရာသော ရဟန်းတို့အား။ ပဋိ၊ ငါးလီကုန်သော။ မတ္တာ၊ အတိုင်းအရှည်တို့သည်။ သန္တိ၊ ကုန်၏။ ဣတိသဒ္ဒါ၊ ဤတိတသ္မာ၊ ထိုသို့ ငါးလီကုန်သော အတိုင်းအရှည်တို့၏ ရှိရာ၏အဖြစ်ကြောင့်။ တာနိဘိက္ခုသတာနိ၊ ထိုအရာသော ရဟန်းတို့သည်။ ပဋိမတ္တာနိ၊ ပဋိမတ္တတို့မည်ကုန်၏။ ပမာဏံ၊ အတိုင်းအရှည်ကို။ မတ္တာတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ တသ္မာ၊ ထိုသို့ အတိုင်းအရှည်ကို မတ္တဟူ၍ ဆိုအပ်သည်၏အဖြစ်ကြောင့်။ ဘောဇနေမတ္တညုတိ၊ ဟူ၍။ ဝုတ္တော၊ သော်။ ဘောဇနေ၊ ဘောဇဉ်၌။ မတ္တံ၊ အတိုင်းအရှည်ကို။ ဇာနာတိ၊ သိ၏။ ပမာဏံ၊ အတိုင်းအရှည်ကို။ ဇာနာတိ၊ သိ၏။ ဣတိအယံအတ္ထော၊ သည်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ၊ တူ။ ဣဓ ပိဣမသ္မိံပါဒေ၊ ပဋိမတ္တေဟိဘိက္ခုသတေဟိ-ဟူသော ဤပါဠိ၌လည်း။ တေသံဘိက္ခုသတာနံ၊ ထို အရာသော ရဟန်းတို့အား။ * ပဋိ၊ ကုန်သော။ မတ္တာ၊ အတိုင်းအရှည်တို့သည်။ သန္တိ၊ ကုန်၏။ ပဋိ၊ ကုန်သော။ ပမာဏာ၊ တို့သည်။ သန္တိ၊ ကုန်၏။ ဣတိဧဝံ၊ သို့။ အတ္ထော၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏။ ဘိက္ခုန်၊ ရဟန်းတို့၏။ သတာနိ၊ အရာတို့တည်း။ ဘိက္ခုသတာနိ၊ ရဟန်းတို့၏ အရာတို့။ ပဋိမတ္တေဟိ၊ ငါးလီကုန်သော အတိုင်းအရှည်တို့ ရှိရာဖြစ်ကုန်သော။ တေဟိဘိက္ခုသတေဟိ၊ ထိုအရာသော ရဟန်းတို့နှင့်။ သဒ္ဒါ၊ တကွ။ အဒ္ဓါနမဂ္ဂပ္ပဋိပန္နော၊ သည်။ ဟောတိ၊ ပြီ။

သုပွိယောပိခေါ ပရိဗ္ဗာဇကောဟိဧတ္ထ၊ ၌။ နိဝိဋ္ဌံ၊ တည်သော။ သုပွိယောတိ ဣဒံနာမံ၊ သုပွိယ-ဟူသော ဤအမည်သည်။ တဿပရိဗ္ဗာဇကဿ၊ ထိုပရိဗိုဇ်၏။ နာမံ၊ အမည်တည်း။ ပိကာရော၊ ပိသဒ္ဒါသည်။ မဂ္ဂပ္ပဋိပန္နသဘာဂတာယ၊ ခရီးသွားသောပုဂ္ဂိုလ်တို့၏ တူသောအဖို့ ရှိကုန်သည်၏ အဖြစ်ကြောင့်။ ဝါ၊ ခရီးသွားသော ပုဂ္ဂိုလ်ချင်း သဘောတူကုန်သည်၏ အဖြစ်ကြောင့်။ ပုဂ္ဂလသမွိဏ္ဍနတ္ထော၊ ပုဂ္ဂိုလ်ကိုပေါင်းခြင်း အနက်ရှိ၏။ ပဒသန္ဓိကရော၊ ပုဒ်စပ်ခြင်းကို ပြုတတ်သော။ ခေါကာရော၊ ခေါသဒ္ဒါကို။ ဗျဉ္ဇနသိလိဋ္ဌတာဝသေန၊ သဒ္ဒါ၏ ပြေပြစ်သည်၏အဖြစ်၏ အစွမ်းအားဖြင့်။ ဝုတ္တော၊ ပြီ။ ပရိဗ္ဗာဇကောတိ၊ ကား။ သဗ္ဗယဿ၊ သဗ္ဗယပရိဗိုဇ်၏။ အန္တေဝါသီ၊ အနီးဌာနေလေ့ရှိသော။ ဆန္နပရိဗ္ဗာဇကော၊ အဝတ်ဖြူဖြင့် ဖုံးလွှမ်းအပ်သော ပရိဗိုဇ်သည်။ ဝါ၊ အဝတ်ဖြူကို ဝတ်သော ပရိဗိုဇ်သည်။ အဒ္ဓါနမဂ္ဂပ္ပဋိပန္နော၊ သည်။ ဟောတိ၊ ပြီ။ ဣဒံပိဏ္ဍတ္ထဇာတံ၊ ဤသို့သော ပိဏ္ဍတ္ထသည်။ ဝါ၊ ကို။ ဝုတ္တံ၊ ဆိုအပ်သည်။ ဝါ၊ ဆိုလိုသည်။ ဟောတိ၊ ၏။ ကိံ၊

* **မှတ်ချက်**။ ။ (ဤဝါကျ၌၊ ။ ပဋိမတ္တာပဋိပမာဏာ။ ။ ဟူသော ပါဠိအရာ၌ ပဋိပမာဏ-ဟုပါဠိအချို့ ရှိကြ၏။ ပဋိပမာဏာဟု အာဒီဃနှင့် ရှိမှသင့်မည်။ နိကိုအာပြု။ ။ သီလက္ခန်ဒီကာသစ်၌ကား နိကျေသည်ဟု ဆို၏။ ။ ပုနပဋိမတ္တာပမာဏာတိဗျာသော၊ နိကာရလောပေါစေတ္ထနပုံသကလိင်္ဂတ္တာ)

http://www.dhammadownload.com

သို့။ ဝုတ္တံ၊ သည်။ ဝါ၊ သည်။ ဟောတိ၊ နည်း။ ယဒါ၊ အကြောင်အခါ၌။ ဘဂဝါ၊ သည်။ တံအဒ္ဓါ နမဂ္ဂံ၊ ထို အဓွန်.ရှည်လျားသော ခရီးသို့၊ ပဋိပန္နော၊ ကြွသွားတော်မူပြီ။ တဒါ၊ မြတ်စွာဘုရား၏ အဓွန်.ရှည်လျားသောခရီးသို့ ကြွသွားတော်မူရာ ထိုအခါ၌။ သုပွိယော၊ သုပွိယာအမည်ရှိသော။ ပရိဗ္ဗာဇကောပိ၊ သည်လည်း။ အဒ္ဓါနမဂ္ဂပ္ပဋိပန္နော၊ အဓွန်.ရှည်လျားသော ခရီးသို့၊ ပဋိပန္နော၊ သွားသည်။ အဟောသိ၊ ပြီ။ ဣတိ၊ သို့။ ဝုတ္တံ၊ သည်။ ဝါ၊ သည်။ ဟောတိ၊ ၏။

အာစရိယ၊ အရှင်အဋ္ဌကထာဆရာ။ ပါဠိယံ၊ ပါဠိတော်၌။ ဟောတိတိ၊ ဟူ၍ ဝါ၊ ဟူသော။ ပစ္စုပ္ပန္နဝစနံ၊ ပစ္စုပ္ပန်ဟောသဒ္ဒါကို။ ဝုတ္တံနနု၊ ဟောတော်မူအပ်ပြီး သည်မဟုတ်တုံလော။ တသ္မာ ထိုသို့ ပါဠိတော်၌ ဟောတိဟူသော ပစ္စုပ္ပန်ဟော သဒ္ဒါကို ဟောတော်မူအပ်ပြီးသည်၏ အဖြစ်ကြောင့်။ အဟောသိတိဣဒံဝစနံ၊ အဟောသိဟူသော ဤအတိတ်ဟောသဒ္ဒါသည်။ ကထံယုတ္တံ၊ အဘယ်မှာ သင့်မြတ်နိုင်ပါအံ့နည်း။ ဝါ၊ အဘယ်ကြောင့် သင့်မြတ်နိုင်ပါချိမ့်နည်း။ ဣတိအယံ၊ သည်ကား။ စောဒနာ၊ စောဒနာခြင်းတည်း။ ဘဒြမုခ၊ ဆရာ။ တံဝစနံ၊ အဟောသိဟူ၍ မှတ်မှတ်သားသား သိထင်ရှားအောင် ပိုင်းခြား၍ ဆိုအပ်ပြီးသော ထို ဝါ့စကားသည်။ ဣမိနာဝစနေန၊ ဤယုတ္တိဝစန ဖြင့်။ ဟိသစ္စမေဝ၊ မှန်သည်သာ။ ။ (တစ်နည်း)။ ။ ဟိယုတ္တမေဝ၊ သင့်မြတ်သည်သာ။ ကသ္မာ၊ ကြောင့်။ တံဝစနံ၊ အဟောသိဟူ၍ မှတ်မှတ်သားသား သိထင်ရှားအောင် ပိုင်းခြား၍ ဆိုအပ်ပြီးသော ထိုဝါ့စကားသည်။ ဣမိနာဝစနေန၊ ဖြင့်။ ဟိသစ္စံ၊ မှန်သနည်း။ (တစ်နည်း)။ ။ ဟိယုတ္တံ၊ သင့်မြတ်သနည်း။ ဟိယသ္မာ၊ ကြောင့်။ ဇတ္ထဇတသ္မိပါဠေ၊ အဒ္ဓါနမဂ္ဂပ္ပဋိပန္နောဟောတိ-ဟူသော ဤပါဠိ၌၌။ နိဝိဋ္ဌော၊ သော။ ဟောတိသဒ္ဒေါ၊ ဟောတိသဒ္ဒါသည်။ အတီတကာလတ္ထော၊ အတိတ်ကာလဟူသော အနက်ရှိသည်။ ဟောတိ၊ ၏။ တသ္မာ၊ ထိုသို့ ဟောတိသဒ္ဒါ၏ အတိတ်ကာလဟူသော အနက်ရှိသည်၏ အဖြစ်ကြောင့်။ တံဝစနံ၊ အဟောသိဟူ၍ မှတ်မှတ်သားသား သိထင်ရှားအောင် ပိုင်းခြား၍ ဆိုအပ်ပြီးသော ထိုဝါ့စကားသည်။ ဣမိနာဝစနေန၊ ဖြင့်။ ဟိသစ္စမေဝ၊ မှန်သည်သာ။ (တစ်နည်း)။ ။ ဟိယုတ္တမေဝ၊ သင့်မြတ်သည်သာ။

(တစ်နည်း)။ ။ အာစရိယ၊ ဆရာ။ ပါဠိယံ၊ ပါဠိတော်၌။ အဒ္ဓါနမဂ္ဂပ္ပဋိပန္နော ဟောတိတိ၊ ဟူ၍။ ဝါ၊ ဟူသော။ ပစ္စုပ္ပန္နဝစနံ၊ ပစ္စုပ္ပန်ဟောသဒ္ဒါကို။ ဝုတ္တံနနု၊ တုံလော။ တသ္မာ၊ ထိုသို့ အဒ္ဓါနမဂ္ဂပ္ပဋိပန္နောဟောတိ ဟူသော ပစ္စုပ္ပန်ဟောသဒ္ဒါကို ဟောတော်မူအပ်ပြီးသည်၏အဖြစ်ကြောင့်။ အဋ္ဌကထာယံပိ၊ အဋ္ဌကထာ၌လည်း။ အဒ္ဓါနမဂ္ဂပ္ပဋိပန္နောဟောတိတိဇဝ၊ ဟူ၍သာ။ ဝတ္တွဇ္ဇံ၊ ဆိုအပ်, ဆိုသင့်, ဆိုထိုက်၏။ အဒ္ဓါနမဂ္ဂပ္ပဋိပန္နောအဟောသိတိ၊ ဟူ၍။ နဝတ္တွဇ္ဇံ၊ မဆိုအပ်, မဆိုသင့်, မဆိုထိုက်။ အထ၊ ထိုသို့ အဒ္ဓါနမဂ္ဂပ္ပဋိပန္နောဟောတိဟူ၍သာ ဆိုအပ်, ဆိုသင့်, ဆိုထိုက်၍ အဒ္ဓါနမဂ္ဂပ္ပဋိပန္နောအဟောသိ-ဟူ၍ မဆိုအပ်, မဆိုသင့်, မဆိုထိုက်ပါပဲလျက်။ ကသ္မာ၊ ကြောင့်။ အဒ္ဓါနမဂ္ဂပ္ပဋိပန္နောအဟောသိတိ၊ ဟူ၍။ ဝါ၊ ဟူသော။ အတီတဝစနံ၊ အတိတ်ဟောသဒ္ဒါကို။ အာစရိယေန၊ အဋ္ဌကထာဆရာသည်။ ဝုတ္တံ၊ နည်း။ အဒ္ဓါနမဂ္ဂပ္ပဋိပန္နောဟောတိတိ၊ ဟူ၍။ ဝါ၊ ဟူသော။ ပစ္စုပ္ပန္နဝစနံ၊ ပစ္စုပ္ပန်ဟောသဒ္ဒါကို။ နဝုတ္တံ၊ နည်း။ ဣတိအယံ၊ သည်ကား။ စောဒနာ၊ တည်း။ ဘဒြမုခ၊ ဆရာ။ ပါဠိယံ၊ ၌။ အဒ္ဓါနမဂ္ဂပ္ပဋိပန္နောဟောတိတိ၊ ဟူ၍ ဝါ၊ ဟူသော။ ပစ္စုပ္ပန္နဝစနဿ၊ ပစ္စုပ္ပန်ဟော သဒ္ဒါ၏။ ဝါ၊ ကို။ ဝုတ္တဘာဝေ၊ ဆိုအပ်သည်၏အဖြစ်သည်။ သမာနေပိ၊ ဖြစ်ပင်

http://www.dhammadownload.com

ဖြစ်ပါသော်လည်း။ ဟိယသ္မာ၊ အကြောင်ကြောင့်။ ဇာတေသို့ပါဠေ၊ အဒ္ဓါနမဂ္ဂပ္ပဋိပန္နောဟောတိ ဟူသော ဤပါဠိဒ္ဒ်။ နိဝိဋ္ဌော၊ သော။ ဟောတိသဒ္ဒေါ၊ သည်။ အတီတကာလတ္ထော၊ အတိတ်ကာလ ဟူသော အနက်ရှိသည်။ ဟောတိ၊ ၏။ တသ္မာ၊ ထိုသို့ ဟောတိသဒ္ဒါ၏ အတိတ်ကာလ အနက် ရှိသည်။ ဟောတိ၊ ၏။ တသ္မာ၊ ထိုသို့ ဟောတိသဒ္ဒါ၏ အတိတ်ကာလ အနက်ရှိသည်၏အဖြစ် ကြောင့်။ အဒ္ဓါနမဂ္ဂပ္ပဋိပန္နောအဟောသိတိ၊ ဟူ၍။ ဝါ၊ ဟူသော။ အတီတဝစနံ၊ အတိတ်ဟောသဒ္ဒါ ကို။ မယာ၊ ငါသည်။ ဝုတ္တံ၊ ပြီ။ အဒ္ဓါနမဂ္ဂပ္ပဋိပန္နောဟောတိတိ၊ ဟူ၍။ ဝါ၊ ဟူသော။ ပစ္စုပ္ပန္နဝစနံ၊ ကို။ နဝုတ္တံ၊ အပ်။ ဣတိအယံ၊ သည်ကား။ သောဓနာ၊ တည်း။

သဒ္ဒိ အန္တေဝါသိနာ ဗြဟ္မဒတ္တေနမာဏဝေနာတိဇာတ္ထော၊ ပါဠိဒ္ဒ်။ အဝယဝတ္ထော၊ အစိတ်အစိတ် ဖြစ်သော အနက်ကို။ ဝါ၊ အစိတ်အစိတ်ဖြစ်သော ပုဒ်တို့၏အနက်ကို။ ဇဝံ၊ ဖြင့်။ ဝေဒိတဗ္ဗော၊ ၏။ * ယောမာဏဝေါ၊ အကြောင်လုလင်သည်။ အန္တေ၊ အနီး၌။ ဝသတိ၊ နေတတ်၏။ ဣတိတသ္မာ၊ ထိုသို့ အနီး၌ နေတတ်သည်၏အဖြစ်ကြောင့်။ သောမာဏဝေါ၊ ထိုလုလင်သည်။ အန္တေဝါသီ၊ အန္တေဝါသိမည်၏။ ယောမာဏဝေါ၊ သည်။ သမီပစာရော၊ အနီး၌ သွားလာတတ်သော။ သန္တိကာဝစာရော၊ အနီး၌ ကျင်လည်ကျက်စား သွားလာတတ်သော။ သိသော၊ တပည့်တည်း။ ဣတိတသ္မာ၊ ထိုသို့ အနီး၌ သွားလာတတ်သော တပည့်၏အဖြစ်ကြောင့်။ သောမာဏဝေါ၊ သည်။ အန္တေဝါသီ၊ မည်၏။ ဣတိအယံ၊ ဤသမီပစာရော, သန္တိကာ ဝစာရောသိသော ဟူသော သဒ္ဒါသည်။ အတ္ထော၊ အန္တေဝသတိဟူသော သဒ္ဒါ၏အနက်ရှိသော သဒ္ဒါတည်း။ ဝါ၊ အန္တေဝသတိဟူသော သဒ္ဒါ၏ အနက်ကို ဟောသော သဒ္ဒါတည်း။

(တစ်နည်း)။ ။ ဣတိအယံ၊ ဤသမီပစာရော, သန္တိကာဝစာရောသိသောဟူသော ဒြဗ်အနက်သည်။ အတ္ထော၊ အန္တေဝသတိဟူသော သဒ္ဒါ၏အနက်တည်း။

---

* **မှတ်ချက်**။ ။ (အန္တေဝသတိတိအန္တေဝါသီ။ ။ ဟူသော ဝါကျ၏နောက်မှာရှိသော သမီပစာရော, သန္တိကာဝစာရောသိသော-ဟူသော သံဝဏ္ဏနာပုဒ်များသည် အန္တေဝါသီဟူသော နိပ္ပန္နပုဒ်၏ သံဝဏ္ဏနာပုဒ်များ မဟုတ်ကြ။ အန္တေဝသတိဟူသော ဝိဂြိုဟ်ဝါကျ၏ သံဝဏ္ဏနာပုဒ်များသာ ဖြစ်ခဲ့၏။ ထို့ကြောင့် ဝိဂြိုဟ်ဝါကျယော နောကဲ့သို့ ဤသံဝဏ္ဏနာပုဒ်များ၌လည်း အန္တေဝါသီဟူသော နိပ္ပန္နပုဒ်နှင့် စပ်၍ ယောနောလိုက်၏။

အတ္ထော-ပုဒ်ကို ယောဇနောရာမှာလည်း။ ။ ပဋိစ္စတေသ္မာ တေတိပစ္စယော။ အပစ္စက္ခာယနံ ဝတ္တုတိတိအတ္ထော။ ဟူသော ဥဒ္ဒေသဝါရအဖွင့်, ပဒ္ဓာန်းအဋ္ဌကထာအဖွင့်။ ။ တေတိတေတသအတ္ထောဝတ္တုတိတိ။ ။ ဟူသော ပဒ္ဓာန်း မူလဋီကာ။ ။ အတ္ထော တေသ အတ္ထိတိ အတ္ထော၊ အတ္ထာဘိဓာယိဝစနန္တိဝုတ္တံ-တေတိ တေသ အတ္ထောဝတ္ထုတိတိ။ တသ္မာအတ္ထောတိ အတ္ထဝစနန္တိဝုတ္တံ ဟောတိ။ အထဝါ တေတိတေတသ အတ္ထောတိ တေတိ တေသပဒဿ အတ္ထော။ ဝတ္ထုတိတိ ဝတ္ထုဝတ္ထုနကိရိယာ။ ။ ၄င်းအဖွင့်အနုဋီကာတို့ကို မှီ၍ ယောနောလိုက်၏။ ဝတ္ထုတိတိ အယံ သဒ္ဒေါ၊ ဝတ္ထုတိ-ဟူသော ဤသဒ္ဒါသည်။ တေတိတေတသပဒဿ၊ တေ-ဟူသော ဤပုဒ်၏။ အတ္ထော၊ အနက်ရှိသော သဒ္ဒါတည်း။ ဝါ၊ အနက်ကိုဟောသော သဒ္ဒါတည်း။ ။ (တစ်နည်း) ဝတ္ထုတိတိတ္ထော၊ ဝတ္ထုတိ-ဟူသော ဤပုဒ်၌။ အန္တတ္ထဘူတာ၊ အန္တတ္ထ ဖြစ်၍ဖြစ်သော။ ဝါ၊ အတ္တင်းနက်ဖြစ်၍ဖြစ်သော။ ဝါ၊ ပုဒ်နက်ဖြစ်၍ဖြစ်သော။ ဝါ၊ ဓာတ်နက်ဖြစ်၍ဖြစ်သော။ ဝတ္ထုနကိရိယာ၊ ဖြစ်ခြင်းကိရိယာသည်။ တေတိတေတသပဒဿ၊ တေ-ဟူသော ဤပုဒ်၏။ အတ္ထော၊ အနက်တည်း။ ။ (တစ်နည်း)။ ။ ဝတ္ထုတိ၊ ဖြစ်တတ်တည်တတ်၏။ ဣတိအယံ၊ ဤဝတ္ထုနကိရိယာသည်။ တေတိတေတသပဒဿ၊ ၏။ အတ္ထော၊ အနက်တည်း။ ။ ဟု အနုဋီကာနှင့် ညီအောင် မူလဋီကာကို ယောနောရမည်။ အရာတိုင်း နည်းယူရမည်)

http://www.dhammadownload.com

ဗြဟ္မဒတ္တောတိက္ကဒံနာမံ၊ ဗြဟ္မဒတ္တ-ဟူသော ဤအမည်သည်။ တဿမာဏဝဿ၊ ထိုလူလင်၏။ နာမံ၊ တည်း။

သတ္တောပိ၊ သတ္တဝါကိုလည်းကောင်း။ စောရောပိ၊ ခိုးသူကိုလည်းကောင်း။ တရဏောပိ၊ လုလင်ပျိုကိုလည်းကောင်း။ မာဏဝေါတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ဟိ၊ အလွန်ကျဉ်းဘိ... ပိမံ။

စောဒိတာဒေဝူတေဟိ၊ ယေပမဇ္ဈန္တိမာဏဝါ။ တေဒီဃရတ္တံ သောစန္တိ၊ ဟိနကာယူပဂါနရာတိ အာဒီသု၊ စောဒိတာ။ ပ။ ဟိနကာယူပဂါနရာ-ဤသို့ ဥပရိပဏ္ဏာသ အင်္ဂုတ္တိရ်လာ ဒေဝဒူတ-အစရှိကုန်သော သာဓကပါဠ်တို့၌။ သတ္တောဂ၊ ကို။ မာဏဝေါတိ၊ ဟူ၍။ ဝုတ္တော၊ ဟောတော်မူအပ်ပြီ။

(ယေမာဏဝါ၊ အကြင်သတ္တဝါတို့သည်။ ဝါ၊ အကြင်သတ္တဝါတို့ကို။ ဒေဝဒူတေဟိ၊ ငယ်, အို, နာ, သေ၊ ကာရဏေဟု၊ ငါးထွေသော သေမင်း၏ တမန်တို့သည်။ ဝါ၊ ငယ်, အို, နာ, သေ၊ ကာရဏေဟု၊ ငါးထွေသော ဝိသုဒ္ဓိနတ်နှင့်တူသော တမန်တို့သည်။ ဝါ၊ ငယ်, အို, နာ, သေ၊ ကာရဏေဟု၊ ငါးထွေသော ဝိသုဒ္ဓိနတ်တို့၏ တမန်တို့သည်။ စောဒိတာ၊ တိုက်တွန်းနှိုးဆော်အပ်ကုန်သည်။ သမာနာ၊ ဖြစ်ကုန်လျက်။ ပမဇ္ဈန္တိ၊ မေ့လျော့ကြကုန်၏။ နရာ၊ သတ္တဝါဟု ဆိုအပ်ကုန်သော။ တေမာဏဝါ၊ ထိုသတ္တဝါတို့သည်။ ဟိနကာယူပဂါ၊ ယုတ်ညံ့သော အပါယ်သတ္တဝါအပေါင်းသို့ ကပ်ရောက်ကြရကုန်သည်။ ဟုတ္တာ၊ ဖြစ်ကုန်၍။ ဒီဃရတ္တံ၊ ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး။ သောစန္တိ။ စိုးရိမ်ပူဆွေးကြရကုန်၏။ ။ သာဓကပါဠ်အနက်)

မာဏဝေဟိပိ သဟဂစ္ဆန္တိ၊ ကတကမ္မေဟိပိ အကတကမ္မေဟိပိတိ အာဒီသု၊ မာဏဝေဟိပိ။ ပ။ အကတကမ္မေဟိပိ-ဤသို့ အစရှိကုန်သော သာဓကပါဠ်တို့၌။ စောရော၊ ခိုးသူကို။ မာဏဝေါတိ၊ ဟူ၍။ ဝုတ္တော၊ ဟောတော်မူအပ်ပြီ။

(ကတကမ္မေဟိပိ၊ ပြုအပ်ပြီးသော ခိုးမှုရှိသည်လည်း ဖြစ်ကုန်သော။ အကတကမ္မေဟိပိ၊ ပြုအပ်ပြီးသော ခိုးမှုမရှိသည်လည်း ဖြစ်ကုန်သော။ မာဏဝေဟိပိ၊ ခိုးသူတို့နှင့်လည်း။ သဟ၊ တကွ။ ဂစ္ဆန္တိ၊ ကုန်၏။ ။ သာဓကပါဠ်အနက်)

အမ္မဇ္ဇောမာဏဝေါ, အင်္ဂကောမာဏဝေါတိ အာဒီသု၊ အမ္မဇ္ဇော။ ပ။ မာဏဝေါ-ဤသို့ အစရှိကုန်သော သာဓကပါဠ်တို့၌။ တရဏော၊ လုလင်ပျိုကို။ မာဏဝေါတိ၊ ဟူ၍။ ဝုတ္တော၊ ပြီ။

(အမ္မဇ္ဇော၊ အမ္မဇ္ဇအမည်ရှိသော။ မာဏဝေါ၊ လုလင်။ အင်္ဂကော၊ အင်္ဂအမည်ရှိသော။ မာဏဝေါ၊ လုလင်။ ။ သာဓကပါဠ်အနက်)

ဣဓပိဣမသ္မိံပဒေ၊ ဤမာဏဝေနဟူသော ပုဒ်၌လည်း။ အယမေဝအတ္ထော၊ ဤတရဏဟူသော အနက်ကိုသာလျှင်။ ဝေဒိတဗ္ဗော၊ ၏။ ။ ဟိ၊ မထင်ကွယ်မြုပ်၊ မိဟုယ်ငုပ်ကို၊ ဖော်ထုတ်ယူမှု၊ ထင်အောင်ပြုခဲ့။ ဣဒံပိဏ္ဍတ္ထဇာတံ၊ သည်။ ဝါ၊ ကို။ ဝုတ္တံ၊ ဆိုအပ်သည်။ ဝါ၊ ဆိုလိုသည်။ ဟောတိ၊ ၏။ ကိံ၊ သို့။ ဝုတ္တံ၊ သည်။ ဟောတိ၊ နည်း။ ဗြဟ္မဒတ္တောနနာမ၊ ဗြဟ္မဒတ္တအမည်ရှိသော။ တရဏန္တေဝါသိနာ၊ နပျိုသော အနီးနေ တပည့်နှင့်။ သဒ္ဓိံ၊ တကွ။ အဒ္ဓါနမဂ္ဂပွဋိပန္နော၊ သည်။ ဟောတိ၊ ပြီ။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ သည်။ ဟောတိ၊ ၏။

တတြာတိ၊ ကား။ တသ္မိံ အဒ္ဓါနမဂ္ဂေ၊ ထိုအဓွန့်ရှည်လျားသောခရီး၌။ အဝဏ္ဏံ၊ ကျေးဇူးမဲ့

http://www.dhammadownload.com

ကဲ့ရဲ့ခြင်းကို။ ဝါ၊ ကျေးဇူးမဲ့ ကဲ့ရဲ့အပ်သောအပြစ်ကို။ ဘာသတိ၊ ပြောဆို၏။ ဝါ၊ တစ်နည်းကား။ ဒ္မီသု၊ နှစ်ယောက်ကုန်သော။ တေသုဇနေသု၊ ထိုဆရာတပည့်တို့တွင်။ သုပွိယော၊ သော။ ပရိဗ္ဗာဇကော၊ သဉ္စယ၏ တပည့်ဖြစ်သော အဝတ်ဖြူကို ဝတ်သော ပရိဗိုဇ်သည်။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ကဲ့ရဲ့ခြင်းကို။ ဝါ၊ ကျေးဇူးမဲ့ ကဲ့ရဲ့အပ်သောအပြစ်ကို။ ဘာသတိ၊ ၏။ ။ သုဒန္တိကျဒံပဒံ၊ သုဒံ-ဟူသော ဤပုဒ်သည်။ နိပါတမတ္တံ၊ နိပါတ်မျှတည်း။ ဝါ၊ နိပါတ်သာလျှင်တည်း။

* အနေကပရိယာယေနာတိဇ္ဇ၊ ၌။ အတ္ထုဒ္ဒေသတော၊ မှ။ ဝါ၊ အနက်ကို ညွှန်ပြရာကာလ မှ။ တာဝ၊ ရှေးဦးစွာ။ အတ္ထုဒ္ဒါရော၊ အနက်ကို ထုတ်ဆောင်ခြင်းကို။ ဇဝံ၊ ဖြင့်။ ဝေဒိတဗ္ဗော၊ ၏။ အနေကပရိယာယေနာတိဇ္ဇ၊ ၌။ နိဝိဋ္ဌော၊ သော။ ပရိယာယသဒ္ဒေါ၊ ပရိယာယသဒ္ဒါသည်။ ဝါရ ဒေသနာကာရဏောသု၊ အလှည့်အကြိမ်ဟူသောအနက်, ဒေသနာဟူသောအနက်, အကြောင်းဟူသော အနက်တို့၌။ ဝတ္တတိ၊ ဖြစ်၏။ ။ ဟိ၊ အလွန်ကျဉ်းဘိ... ပိမ့်။ ကဿနုခေါအာနန္ဒ အဇ္ဇပရိယာယော ဘိက္ခုနိယော ဩဝဒိတုန္တိ အာဒီသု၊ ကဿနုခေါ။ ပ။ ဩဝဒိတုံ-ဤသို့ အစရှိကုန်သော သာဓကပါဠိတို့၌။ နိဝိဋ္ဌော၊ သော။ ပရိယာယသဒ္ဒေါ၊ သည်။ ဒေသနာယံ၊ ဒေသနာဟူသော အနက်၌။ ဝတ္တတိ၊ ၏။ ။ (တွံ၊ သည်။ နံသုတ္တံ၊ ထိုသုတ်ကို။ မဓုပိဏ္ဍိကပရိယာယောတိ၊ ဒေသေတဗ္ဗအနက်ကို ထက်ဝန်းကျင်မှ သိစေတတ်သော မဓုပိဏ္ဍိကသုတ္တန်ဒေသနာဟူ၍။ ဓာရေဟိ၊ မှတ်လော့။ ။ သာဓကပါဠိအနက်)

ဣမိနာပဓေါ တေ ရာဇညပရိယာယေန ဇဝံဟောတူတိ အာဒီသု၊ ဣမိနာပဓေါ။ ပ။ ဟောတု-ဤသို့ ဒီဃနိကာယ် မဟာဝဂ္ဂပါယာသိရာဇညသုတ် အစရှိကုန်သော သာဓကပါဠိတို့၌။ နိဝိဋ္ဌော၊ သော။ ပရိယာယသဒ္ဒေါ၊ သည်။ ကာရဏော၊ အကြောင်းဟူသော အနက်၌။ ဝတ္တတိ၊ ၏။

(ရာဇည၊ ရာဇည။ တေ၊ အား။ ဣမိနာပဓေါပရိယာယေန၊ ဤဆိုအပ်ပြီးသော မိမိအကျိုးကိုယူ၍ ဖြစ်တတ်သော အကြောင်းဖြင့်လည်း။ ဇဝံ၊ ဤသို့ ပစ္စုပ္ပန်လောက, တမလွန်လောက မရှိဟူသော အယူသည်။ ဟောတု၊ ဖြစ်ပစေ။ ။ သာဓကပါဠိအနက်)

ဣဓပိဣမသ္မိံပိပါဒေ၊ အနေကပရိယာယေန ဟူသော ဤပါဠိ၌လည်း။ နိဝိဋ္ဌော၊ သော။ သွာယံ-သောအယံပရိယာယသဒ္ဒေါ၊ သည်။ ကာရဏော၊ ၌။ ဝတ္တတိ၊ ဖြစ်၏။ တသ္မာ၊ ထိုသို့ ပရိယာယသဒ္ဒါ၏ အကြောင်းဟူသော အနက်၌ ဖြစ်သည်၏အဖြစ်ကြောင့်။ ဇတ္ထဇေတသ္မိံပါဠေ

---

* **မှတ်ချက်။** ။ (ဝါရ, ဒေသနာ, ကာရဏ အနက်ရှိသော ပရိယာယသဒ္ဒါ၏ ဝိဂ္ဂဟများကို။ ။ ပရိယာယတိ ပရိဝတ္တတိတိ ပရိယာယော၊ ဝါရော။ ။ ပရိယာယတိဒေသေတဗ္ဗမတ္ထံပဋိပါဒေတီတိပရိယာယော၊ ဒေသနာ။ ။ ပရိယာယတိ အတ္တနောဖလံ ပရိဂ္ဂဟေတ္ဝာ ပဝတ္တတီတိ ပရိယာယော၊ ကာရဏံ။ ။ ဟု ဋီကာဟောင်း, ဋီကာသစ်တို့၌ ဆို၏)

http://www.dhammadownload.com

အနေကပရိယာယေနဟူသော ဤပါဠိဌ်၌။ အယံအတ္ထော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ အနေကဝိဓေန၊ များသောအပြားရှိသော။ ကာရဏေန၊ အကြောင်းဖြင့်။ ဘာသတိ၊ ၏။ ဣတိအယံအတ္ထော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ ဗဟူဟိ၊ များစွာကုန်သော။ ကာရဏေဟိ၊ အကြောင်းတို့ဖြင့်။ ဘာသတိ၊ ၏။ ဣတိဣဒံအတ္ထဇာတံ၊ ဤသို့သော ဥဒ္ဒကတ္ထသည်။ ဝါ၊ ဤသို့သော ဥဒ္ဒကတ္ထကို။ ဝုတ္တံ၊ သည်။ ဟောတိ၊ ၏။

ဗုဒ္ဓဿ အဝဏ္ဏံဘာသတီတိ၊ ကား။ အဝဏ္ဏဝိရဟိတဿ၊ ကဲ့ရဲ့အပ်သော အပြစ်မှကင်းသော။ အပရိမာဏဝဏ္ဏသမန္နာဂတဿ၊ အတိုင်းအရှည်မရှိ ချီးမွမ်းအပ်သော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူသော။ ဘဂဝတော၊ ခြောက်ပါးသော ဘုန်းရှိတော်မူသော။ ဗုဒ္ဓဿပိ၊ မြတ်စွာဘုရား၏လည်း။ ဝါ၊ မြတ်စွာဘုရားကိုလည်း။ လောကေ၊ ၌။ ဇာတိဝုမ္မေသု၊ ဇာတ်အားဖြင့် ကြီးကုန်သော။ ပုဂ္ဂလေသု၊ တို့၌။ ကတ္တာဇ္ဇ၊ ပြုအပ်, ပြုသင့်, ပြုထိုက်သော။ ယံအဘိဝါဒနာဒိသာမိစိကမ္မံ၊ အကြင်ရှိခိုးခြင်းအစရှိသော အရိုအသေပြုမှုကို။ သာမဂ္ဂိရသောတိ၊ ဟူ၍။ ဝါ၊ တကွဖြစ်သော ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သာယာအပ်သော အရသာဟူ၍။ ဝါ၊ ညီညွတ်သော ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သာယာအပ်သော အရသာဟူ၍။ ဝုစ္စတိ၊ ၏။ တံအဘိဝါဒနာဒိသာမိစိကမ္မံ၊ ထိုရှိခိုးခြင်း အစရှိသော အရိုအသေပြုမှုသည်။ ဂေါတမဿ၊ ဂေါတမအနွယ်ရှိသော။ သမဏဿ၊ ရဟန်းအား။ နတ္ထိ၊ မရှိခဲ့။ တာသွာ၊ ထိုသို့ သာမဂ္ဂိရသဟူ၍ ဆိုအပ်သော အဘိဝါဒန အစရှိသော သာမိစိကမ္မ၏ မရှိသည်၏ အဖြစ်ကြောင့်။ ဂေါတမော၊ သော။ သာမဏ္ဏော၊ သည်။ ။ (တစ်နည်း)။ ။ သမဏ္ဏောဂေါတမော၊ သည်။ * အရသရူပေါ၊ ကြီးသောပုဂ္ဂိုလ်တို့အား ပြုအပ်သော ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ်ချီမှု, အရိုအသေပြုမှုဟု ဆိုအပ်သော သာမဂ္ဂိရသကို သာယာခြင်းသဘော မရှိခဲ့။ နိဗ္ဗော ဂေါ၊ ကြီးသောပုဂ္ဂိုလ်တို့အား ပြုအပ်သော ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ်ချီမှု, အရိုအသေပြုမှုဟုဆိုအပ်သော သာမဂ္ဂိရသကို ခံစားခြင်း မရှိခဲ့။ အကြိယဝါဒေါ၊ ကြီးသောပုဂ္ဂိုလ်တို့အား ပြုအပ်သော ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီမှု၊ အရိုအသေပြုမှုဟု ဆိုအပ်သော သာမဂ္ဂိရသကို မပြုအပ်ဟု ပြောဆိုတတ်၏။ ဥစ္ဆေဒဝါဒေါ၊ ကြီးသောပုဂ္ဂိုလ်တို့အား ပြုအပ်သော ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ်ချီမှု, အရိုအသေပြုမှုဟုဆိုအပ်သော သာမဂ္ဂိရသကို ဖြတ်အပ်ဟူ၍ ပြောဆိုတတ်၏။ ဇေဂုစ္ဆီ၊ ကြီးသောပုဂ္ဂိုလ်တို့အား ပြုအပ်သောရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ်ချီမှု, အရိုအသေပြုမှုဟု ဆိုအပ်သော သာမဂ္ဂိရသကို စက်ဆုပ်တတ်၏။

ဝေနယိကော၊ ကြီးသောပုဂ္ဂိုလ်တို့အား ပြုအပ်သောရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ်ချီမှု, အရိုအသေပြုမှုဟု ဆိုအပ်သော သာမဂ္ဂိရသကို ဖျက်ဆီးတတ်၏။ ဝါ၊ ကြီးသောပုဂ္ဂိုလ်တို့အား ပြုအပ်သောရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ်ချီမှု, အရိုအသေပြုမှုဟု ဆိုအပ်သော သာမဂ္ဂိရသကို မပြုခြင်းကြောင့် နိပ်ထိုက်သော ပုဂ္ဂိုလ်ပေတည်း။ တပဿီ၊ ကြီးသော ပုဂ္ဂိုလ်တို့အား ပြုအပ်သောရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ်ချီမှု, အရိုအသေပြုမှုဟု ဆိုအပ်သော သာမဂ္ဂိရသကို မပြုခြင်းကြောင့် ကြီးသောပုဂ္ဂိုလ်တို့ကို ပူပန်စေတတ်သော အကျင့်ရှိခဲ့၏။ ဝါ၊ ကြီးသော

---

* **မှတ်ချက်**။ ။ (အရသရူပေါ-အစရှိသော ပုဒ်တို့၏ အနက်ကို ပါရာဇိကဏ်ဝေဏ္ဏနာဇ္ဈာပါဠိ အဋ္ဌကထာဋီကာများကို ကြည့်ရှု၍ မှတ်ယူရမည်)

http://www.dhammadownload.com

ပုဂ္ဂိုလ်တို့အား ပြုအပ်သောရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ်ချီမူ, အရိုအသေပြုမူဟု ဆိုအပ်သော သာမဂ္ဂိရသကို မပြုခြင်းကြောင့် အထီးကျန်သော ပုဂ္ဂိုလ်ပေတည်း။ အပဂဇ္ဈော၊ ကြီးသော ပုဂ္ဂိုလ်တို့အား ပြုအပ်သောရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ်ချီမူ, အရိုအသေပြုမူဟု ဆိုအပ်သော သာမဂ္ဂိရသကို မပြုခြင်းကြောင့် နတ်ပြည် ပဋိသန္ဓေမှ ကင်းခဲ့၏။ ဝါ၊ ကြီးသောပုဂ္ဂိုလ်တို့အား ပြုအပ်သောရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ်ချီမူ, အရိုအသေပြုမူဟု ဆိုအပ်သော သာမဂ္ဂိရသကို မပြုခြင်းကြောင့် ယုတ်သော ပဋိသန္ဓေ ရှိခဲ့၏။

ဂေါတမဿ၊ သော။ သမဏဿ၊ အား။ ။ (တစ်နည်း)။ ။ သမဏဿ ဂေါတမဿ၊ ရဟန်းဂေါတမအား။ မနုဿမမ္မာ၊ လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက်။ ဥတ္တရိ၊ လွန်သော။ အလမရိယဉာဏဒဿနဝိသေသော၊ ကိလေသာကို ဖျက်ဆီးခြင်းငှာ စွမ်းနိုင်သော ကိလေသာမြူမှေး၊ ညစ်အကြေးမှ၊ ကင်းဝေးစင်ကြယ်သော သိမြင်တတ်သော သဗ္ဗညုတဉာဏ်အထူးသည်။ ဝါ၊ အရိယာဖြစ်ခြင်းငှာ စွမ်းနိုင်သော သိမြင်တတ်သော သဗ္ဗညုတဉာဏ်အထူးသည်။ နတ္ထိ၊ မရှိ။ ဂေါတမော၊ သော။ သာမဏော၊ သည်။ ။ (တစ်နည်း)။ ။ သမဏောဂေါတမော၊ ရဟန်းဂေါတမသည်။ တက္ကပရိယာဟတံ၊ ဝိတက်ဖြင့် ထက်ဝန်းကျင်မှ ဆောင်အပ်သော။ ဝါ၊ ဝိတက်ဖြင့် ထက်ဝန်းကျင်မှ ခေါက်အပ်သော။ ဝီမံသာနုစရိတံ၊ ဝီမံသဖြင့် အဖန်ဖန် စုံစမ်းဆင်ခြင်အပ်သော။ သယံပဋိဘာနံ၊ မိမိဉာဏ်အား ထင်လာတိုင်းသော။ မမ္မံ၊ တရားကို။ ဒေသေတိ၊ ၏။ (တစ်နည်း)။ ။ ဂေါတမော၊ သော။ သမဏော၊ သည်။ ။ (တစ်နည်း)။ ။ သမဏောဂေါတမော၊ သည်။ ဝိတက္ကပရိယာဟတံ၊ ဝိတက်ဖြင့် ထက်ဝန်းကျင်မှ ဆောင်၍ဆောင်၍။ ဝါ၊ ဝိတက်ဖြင့် ထက်ဝန်းကျင်မှ ခေါက်၍ခေါက်၍။ ဝီမံသာနုစရိတံ၊ ဝီမံသဖြင့် အဖန်ဖန် စုံစမ်းဆင်ခြင်၍ စုံစမ်းဆင်ခြင်၍။ သယံပဋိဘာနံ၊ မိမိဉာဏ်အား ထင်လာတိုင်းသော။ မမ္မံ၊ ကို။ ဒေသေတိ၊ ၏။ ဂေါတမော၊ သော။ သမဏော၊ သည်။ ။ (တစ်နည်း)။ ။ သမဏောဂေါတမော၊ သည်။ နသဗ္ဗညူ၊ တစ်ခုမကြွင်း၊ ခပင်းဥသုံ၊ အလုံးစုံသော ဥေယျဓံကို သိတတ်သော ဘုရားမဟုတ်ခဲ့။ နလောကဝိဒူ၊ လောကသုံးဘုံ၊ အလုံးစုံကို၊ အကုန်အစင် သိမြင်တတ်သော ဘုရားမဟုတ်ခဲ့။ နအနုတ္တရော၊ အတု မရှိသော ပုဂ္ဂိုလ်မဟုတ်ခဲ့။ နအဂ္ဂပုဂ္ဂလော၊ မြတ်သောပုဂ္ဂိုလ် မဟုတ်ခဲ့။ ဣတိဇဝံ၊ သို့။ တံတံ အကာရဏမေဝ၊ ထိုထိုအကြောင်းမဟုတ်သော တရားကိုသာလျှင်။ ဝါ၊ ထိုထို မသင့်မြတ်သော အကြောင်းကိုသာလျှင်။ ကာရဏန္တိ၊ အကြောင်းဟူ၍ ဝတ္တာ၊ ပြောဆို၍။ တထာတထာ၊ ထိုထိုသို့သော အခြင်းအရာအားဖြင့်။ * အဝဏ္ဏံ၊ ကျေးဇူးမဲ့ ကဲ့ရဲ့ခြင်းကို။ ဝါ၊ ကျေးဇူးမဲ့ ကဲ့ရဲ့အပ်သော အပြစ်ကို။ ဒေါသံ၊ အပြစ်ကို။ နိန္ဒံ၊ ကဲ့ရဲ့ခြင်းကို။ ဘာသတိ၊ ၏။

---

* **မှတ်ချက်**။ ။ (ဝဏ္ဏ သဒ္ဒါ၏ ဂုဏအနက်, ပဟံသာအနက်တို့၌ ဖြစ်ခြင်းကြောင့် ဂုဏ၏ ဆန့်ကျင်ဘက်ဖြစ်သော ဒေါသကို ရည်ရွယ်၍။ ။ အဝဏ္ဏဒေါသံ။ ။ ဟု ။ ။ ပသံသာ အနက်၏ ဆန့်ကျင်ဘက်ဖြစ်သော နိန္ဒကို ရည်ရွယ်၍။ ။ နိန္ဒံ။ ။ ဟုဆိုအပ်၏။ ။ ဝဏ္ဏသဒ္ဒါ၏ ဂုဏအနက်ကို ဟောခိုက်။ ။ ဝဏ္ဏီယတိထောမီယတီတိ ဝဏ္ဏော၊ ဂုဏော။ ။ ဟု ကမ္မသာဓိပြုပြီး၍။ ။ နဝဏ္ဏော အဝဏ္ဏော၊ ဒေါသော။ ။ ဟုတပ္ပုရိသ်ပြုအပ်၏။ ။ ပသံသာ အနက်ကိုဟောခိုက်။ ။ ဝဏ္ဏီယတေ ပသံသီယတေဝဏ္ဏနံဝါ၊ ပသံသနံဝဏ္ဏော၊ ပသံသာ။ ။ ဟု ဘာဝသာဓိပြုပြီး၍။ ။ နဝဏ္ဏော အဝဏ္ဏော၊ နိန္ဒာ။ ။ ဟု တပ္ပုရိသ် ပြုအပ်၏)

http://www.dhammadownload.com

စ၊ လီနဓိပွာ၊ ဆက်ဆံရာကို။ ဥပမာဆောင်၊ ထင်အောင်ပြပိမ့်။ ဗုဒ္ဓသ၊ မြတ်စွာဘုရား၏။ ဝါ၊ ကို။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ ကဲ့ရဲ့အပ်သောအပြစ်ကို။ ဝါ၊ ကျေးဇူးမဲ့ ကဲ့ရဲ့ခြင်းကို။ ဒေါသံ၊ အပြစ်ကို။ နိန္ဒံ၊ ကဲ့ရဲ့ခြင်းကို။ ဘာသတိယထာ၊ ပြောဆိုသကဲ့သို့။ ဧဝံ၊ တူ။ ဓမ္မသပိ၊ တရားတော်၏လည်း။ ဝါ၊ တရားတော်ကိုလည်း။ တံတံအကာရဏာမေဝ၊ ထိုထို အကြောင်း မဟုတ်သော တရားကိုသာလျှင်။ ဝါ၊ ထိုထို မသင့်မြတ်သော အကြောင်းကိုသာလျှင်။ ကာရဏာတော၊ အကြောင်းအား ဖြင့်။ ဝါ၊ အကြောင်းဟူ၍။ ဝတ္တာ၊ ပြောဆို၍။ ဂေါတမဿ၊ ဂေါတမအနွယ်ရှိသော။ သမဏဿ၊ ရဟန်းသည်။ ။ (တစ်နည်း)။ ။ သမဏဿဂေါတမဿ၊ ရဟန်းဂေါတမသည်။ ဓမ္မော၊ တရားကို။ ဒုရာချာတော၊ မကောင်းသဖြင့် ဟောအပ်ပြီ။ ဒုပ္ပဋိဝေဒိတော၊ မကောင်းသဖြင့် သိစေအပ်ပြီ။ အနိယျာနိကော၊ သံသရာဝဋ်ဆင်းရဲမှ ထုတ်ဆောင်လျက် မသွားတတ်။ အနုပသမသံဝတ္တနိကော၊ သံသရာဝဋ်ဒုက္ခ၏ ငြိမ်းအေးခြင်းကို မဖြစ်စေတတ်။ ဣတိ၊ ဤသို့။ တထာတထာ၊ ထိုထိုသို့သော အခြင်းအရာအားဖြင့်။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ ကဲ့ရဲ့အပ်သောအပြစ်ကို။ ဝါ၊ ကျေးဇူးမဲ့ ကဲ့ရဲ့ခြင်းကို။ ဘာသတိ၊ ၏။ စ၊ သည်သာမကသေး။ ဓမ္မဿ၊ တရားတော်၏။ ဝါ၊ ကို။ အဝဏ္ဏံ၊ ကို။ ဝါ၊ ကို။ ဘာသတိယထာ၊ ကဲ့သို့။ ဧဝံ၊ တူ။ သံဃသပိ၊ သံဃာတော်၏လည်း။ ဝါ၊ သံဃာတော်ကိုလည်း။ ယံဝါတံဝါ၊ ဟုတ်ဟုတ်ငြားငြား၊ မှတ်မထားသည့်၊ တစ်ပါးပါးသော်လည်းဖြစ်, တစ်ပါးပါးသော်လည်းဖြစ်သော။ အကာရဏာမေဝ၊ အကြောင်းမဟုတ်သော တရားကိုသာလျှင်။ ဝါ၊ မသင့်မြတ်သော အကြောင်းကိုသာလျှင်။ ကာရဏာတော၊ အကြောင်းအားဖြင့်။ ဝါ၊ အကြောင်းဟူ၍။ ဝတ္တာ၊ ၍။ ဂေါတမဿ၊ သော။ သမဏဿ၊ ၏။

(တစ်နည်း)။ ။ သမဏဿဂေါတမဿ၊ ၏။ သာဝကသံဃော၊ တပည့်အပေါင်းသည်။ မိစ္ဆာပဋိပန္နော၊ ချွတ်ယွင်းဖောက်ပြန် မဟုတ်မမှန်သောအားဖြင့် ကျင့်ခဲ့၏။ ဝါ၊ ချွတ်ယွင်းဖောက်ပြန် မဟုတ်မမှန်သော အကျင့်ကို ကျင့်ခဲ့၏။ ကုဋ္ဌလပဋိပန္နော၊ ကောက်ကျစ်သောအကျင့်ကို ကျင့်ခဲ့၏။ ပစ္စနီကပဋိပဒံ၊ ကိုးပါးသော လောကုတ္တရာတရား၏ ဆန့်ကျင်ဘက်ဖြစ်သော အကျင့်ကို။ အနနုလောမပဋိပဒံ၊ ကိုးပါးသော လောကုတ္တရာတရားအား မလျော်သောအကျင့်ကို။ အဓမ္မာနုလောမပဋိပဒံ၊ ကိုးပါးသော လောကုတ္တရာတရားအား မလျော်သောအကျင့်ကို။ ဝါ၊ နိဗ္ဗာန်အား မလျော်သောအကျင့်ကို။ ပဋိပန္နော၊ ကျင့်ခဲ့၏။ ဣတိ၊ သို့။ တထာတထာ၊ ထိုထိုသို့သော အခြင်းအရာအားဖြင့်။ အဝဏ္ဏံ၊ ကို။ ဝါ၊ ကို။ ဘာသတိ၊ ၏။ ပန၊ မူလအနက်၊ ဆန့်ကျင်ဘက်ကို၊ မှတ်ချက်ချက်ာ၊ ပြဆိုပါအံ့။ အဿပရိဗ္ဗာဇကဿ၊ ထို သုပ္ပိယပရိဗိုဇ်၏။ အန္တေဝါသီ၊ အနီး၌နေတတ်သော။ မာဏဝေါ၊ လူလင်သည်။ အမှာကံ၊ ငါတို့၏။ အာစရိယော၊ သည်။ အပရာမသိတဗ္ဗံ၊ မသုံးသပ်အပ်သော အရိယူပဝါဒကံကို။ ပရာမသတိ၊ သုံးသပ်ခဲ့၏။ အနက္ကမိတဗ္ဗံ၊ မနင်းအပ်သော အရိယူပဝါဒကံကို။ အက္ကမတိ၊ နင်းခဲ့၏။ သွာယံ-သောအယံအာစရိယော၊ ထို ငါတို့ဆရာသည် အဂ္ဂိ၊ မီးကို။ ဂိလန္တောဝိယစ၊ မျိုသကဲ့သို့လည်းကောင်း။ ဟတ္ထေန၊ လက်ဖြင့်။ အသိဓာရံ၊ သန်လျက်သွားကို။ ပရာမသန္တောဝိယစ၊ သုံးသပ်သကဲ့သို့လည်းကောင်း။ မုဋ္ဌိနာ၊ လက်ဆုပ်ဖြင့်။ သိနေရုံ၊ မြင်းမိုရ်တောင်ကို။ ပဒါလေတုကာမောဝိယစ၊ ဖောက်ခွဲခြင်းငှာ အလိုရှိသကဲ့သို့လည်းကောင်း။ ကကစဒန္တ

http://www.dhammadownload.com

ပန္ဓိယံ၊ လွသွားအစဉ်၌။ ကိုဋ္ဌမာနောဝိယစ၊ ကစားသကဲ့သို့လည်းကောင်း။ * ပဘိန္နမဒံ၊ မျက်စိသိုနား၊ အရပ်အားဖြင့်၊ သုံးပါးသောအပြားတို့ဖြင့် ပျက်ပြားသော မာန်ယစ်ခြင်းရှိသော။ ဝါ၊ မျက်စိသိုနား၊ အရပ်အားဖြင့်၊ သုံးပါးသော အပြားတို့ဖြင့် မုန်ယိုသော။ စဏ္ဍဟတ္ထိ၊ ကြမ်းတမ်းသောဆင်ကို။ ဟတ္ထေန၊ လက်ဖြင့်။ ဂဏ္ဍန္တောဝိယစ၊ ကိုင်သကဲ့သို့လည်းကောင်း။ ဝဏ္ဏာရဟသေဝ၊ ချီးမွမ်းခြင်းငှာ ထိုက်သည်သာလျှင်ဖြစ်သော။ ရတနတ္တယဿ၊ ရတနာတို့၏ သုံးပါးတို့၏ အပေါင်း၏။ ဝါ၊ ကို။ အဝဏ္ဏံ၊ ကို။ ဝါ၊ ကို။ ဘာသမာနော၊ ပြောဆိုသည်၏အဖြစ်ကြောင့်။ ဝါ၊ ပြောဆိုခြင်းကြောင့်။ အနယဗျသနံ၊ အကျိုးမဲ့ပျက်စီးခြင်းသို့။ ပါပုဏိဿတိ၊ ရောက်ရှာလိမ့်လတ္တံ့။

ခေါပန၊ စင်စစ်ကန် အမှန်အားဖြင့်။ အာစရိယေ၊ သည်။ ဂူထံ၊ မစင်ကို။ အက္ကမန္တေဝါ၊ နင်းခဲ့သော်လည်းကောင်း။ အဂ္ဂိ၊ ကို။ အက္ကမန္တေဝါ၊ နင်းခဲ့သော်လည်းကောင်း။ ကဏ္ဍကံ၊ ဆူးကို။ အက္ကမန္တေဝါ၊ သော်လည်းကောင်း။ ကဏှသပ္ပံ၊ မြွေဟောက်ကို။ အက္ကမန္တေဝါ၊ သော်လည်းကောင်း။ သူလံ၊ တံကျင်သို့။ အဘိရူဟန္တေဝါ၊ တက်ခဲ့သော်လည်းကောင်း။ * ဟလာဟလံ၊ ခဏမကြာ၊ အမြန်သာလျှင်၊ ပြင်းစွာ ညှဉ်းဆဲ နှိပ်စက်တတ်သော အဆိပ်အပေါင်းတို့ထက် အထူးအားဖြင့် ညှဉ်းဆဲနှိပ်စက်တတ်သော။ ဝါ၊ လတ်တလော သေစေတတ်သော။ ဝိသံ၊ အဆိပ်ကို။ ခါဒန္တေဝါ၊ ခဲစားခဲ့သော်လည်းကောင်း။ ခါရောဒကံ၊ ခါးသောရေကို။ ဝါ၊ ခါးသောရေဖြင့်။ ။ (တစ်နည်း)။ ။ ခရောဒကံ၊ ကြမ်းတမ်းသောရေကို။ ဝါ၊ ကြမ်းတမ်းသောရေဖြင့်။ ပက္ခလန္တေဝါ၊ ဆေးကြောခဲ့သော်လည်းကောင်း။ နရကပပါတံ၊ နရက်ချောက်သို့။ ပပတန္တေဝါ၊ ကျခဲ့သော်လည်းကောင်း။ အန္တေဝါသိနာ၊ အနီးနေ တပည့်သည်။ တံသဗ္ဗံ၊ ထိုအလုံးစုံသော အပြုအမူသည်။ ဝါ၊ ကို။ အနုကာတဗ္ဗံ၊ အတုလိုက်၍ ပြုအပ်သည်။ နဟောတိ၊ ခဲ့။

မာဏဝ၊ လင်။ ဟိ၊ အတုမလိုက်သင့်ပုံ၊ အကြောင်းစုံကို၊ အကုန်အစင်၊ ထင်စွာပြအံ့။ သတ္တာ၊ သတ္တဝါတို့သည်။ ကမ္မဿကာ၊ ကံ-ဟူသော ကိုယ့်ဥစ္စာရှိကုန်သည်။ ဝါ၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။ သတ္တာ၊ တို့သည်။ အတ္တနော၊ မိမိ၏။ ကမ္မာနုရူပမေဝ၊ ကံအားလျော်သည်သာလျှင် ဖြစ်သော။ ဂတိ၊ ဂတိသို့။ ဂစ္ဆန္တိ၊ လားကြ ရောက်ကြရကုန်၏။ ပိတာ၊ အဘသည်။ ပုတ္တဿ၊ သား၏။ ကမ္မေန၊ ကံဖြင့်။ နေဝဂစ္ဆတိ၊ လားရသည် မဟုတ်။ ပုတ္တောဝါ၊ သားသည်သော်လည်း။ ပိတု၊ ၏။ ကမ္မေန၊ ဖြင့်။ နဂစ္ဆတိ၊ လားရသည်မဟုတ်။ မာတာ၊ အမိသည်။ ပုတ္တဿ၊ သား၏။ ကမ္မေန၊ ဖြင့်။ နဂစ္ဆတိ၊ မဟုတ်။ ပုတ္တော၊ သည်။ မာတုယာ၊ ၏။ ကမ္မေန၊ ဖြင့်။ နဂစ္ဆတိ၊ မဟုတ်။ ဘာတာ၊ မောင်ကြီး,မောင်ငယ်သည်။ ဘဂိနိယာ၊ အစ်မ,

---

* **မှတ်ချက်**။ ။ (ပဘိန္နမဒံ။ ။ ဟူသောပုဒ်ကို။ ။ အကွိုကဏ္ဍကောသသခ်ါတ ဌာနဝသေန တီဟိ ပကာရေဟိ ဘိန္နောမဒေါ်ယသာတီပဘိန္နမဒေါ၊ တံ။ ။ ဟု ဗဟုဗ္ဗီဟိသမာသ် ပြုအပ်၏)

* **မှတ်ချက်**။ ။ (ဟလာဟလံ။ ။ ဟူသောပုဒ်ကို။ ။ ဟနတီတိဟလော၊ အ။ နာသလော။ ဟလာနမွိဟလော ဟလာဟလော။ မဒ္ဓေဒီဃော။ ။ ဟူသော ဘူကဏ္ဍ ပါတာလဝဂ် အဘိဓာန်ဋ္ဌကာ။ ဟလာဟလန္တိ တခ်ဏာညေဝ မာရာဏကံ ဝိသံ။ ဟနတီတိဟလော။ နကာရဿလကာရဂ်ကတွာ။ ဟလာနမွိဟလော ဟလာဟလော။ မဒ္ဓေဒီဃသေန။ ဟူသော သီလက္ခန်ဓိကာသဒ်တို့ကို မှီ၍ ယောဇနာလိုက်၏။

ခါရောဒကံ-ဟူသော ပါဠိ၌လည်း ခါရောဒကံ-ဟူ၍လည်းကောင်း, ခရောဒကံ-ဟူ၍လည်းကောင်း ပါဠိနှစ်ထွေ ရှိ၍ နှစ်မျိုး ယောဇနာလိုက်၏)

http://www.dhammadownload.com

နမ၏။ ကမ္မေန၊ ဖြင့်။ နဂစ္ဆတိ၊ မဟုတ်။ ဘဂိနီ၊ အစ်မ, နမသည်။ ဘာတု၊ မောင်ကြီး,မောင်ငယ်
၏။ ကမ္မေန၊ ဖြင့်။ နဂစ္ဆတိ၊ မဟုတ်။ အာစရိယော၊ သည်။ အန္တေဝါသိနော၊ ၏။ ကမ္မေန၊ ဖြင့်။
နဂစ္ဆတိ၊ မဟုတ်။ အန္တေဝါသီ၊ သည်။ အာစရိယဿ၊ ၏။ ကမ္မေန၊ ဖြင့်။ နဂစ္ဆတိ၊ မဟုတ်။
မယံ့စ၊ ငါ၏လည်း။ အာစရိယော၊ သည်။ တိဏ္ဏံ၊ သုံးပါးကုန်သော။ ရတနာနံ၊ ရတနာတို့၏ ဝါ၊
တို့ကို။ အဝဏ္ဏံ၊ ကို။ ဝါ၊ ကို။ ဘာသတိ၊ ၏။

ခေါပန၊ အားဖြင့်။ အရိယူပဝါဒေါ၊ အရိယာပုဂ္ဂိုလ်တို့ကို ကဲ့ရဲ့ စွပ်စွဲခြင်းသည်။ မဟာသာဝ
ဇ္ဈောခေါ၊ ကြီးသောအပြစ်နှင့်တကွ ဖြစ်သည်သာ။ ဝါ၊ ကြီးသောအပြစ် ရှိသည်သာ။ ဣတိဧဝံ၊
သို့။ ယောနိသော၊ အလိုရှိအပ်, တောင့်တအပ်သော စီးပွားချမ်းသာ အဖြာဖြာကို ရခြင်း၏ အကြောင်း
အားဖြင့်။ ဥမ္မုဇ္ဇီတွာ၊ အရိယူပဝါဒကံမှ ပေါ်ထွက်၍။ ဝါ၊ နလုံးသွင်း၍။ အာစရိယဝါဒံ၊ ကို။ မဒ္ဒ
မာနော၊ နှိမ်နင်းလျက်။ သမ္မာ၊ ကောင်းစွာ။ ကာရဏမေဝ၊ အကြောင်းကိုသာလျှင်။ ကာရဏတော၊
အားဖြင့်။ ဝါ၊ ဟူ၍။ အပဒိသန္တော၊ ရည်ညွှန်းလျက်။ အနေကပရိယာယေန၊ များစွာသော အကြောင်း
ဖြင့်။ တိဏ္ဏံ၊ သုံးပါးကုန်သော။ ရတနာနံ၊ ရတနာတို့၏။ ဝါ၊ တို့ကို။ ဝဏ္ဏံ၊ ချီးမွမ်းအပ်သော
ဂုဏ်ကျေးဇူးကို။ ဝါ၊ ချီးမွမ်းခြင်းကို။ ဘာသိတုံ၊ ပြောဆိုခြင်းငှာ။ အာရဒ္ဓေါ၊ အားထုတ်အပ်ပြီ။
ယထာ၊ လောကတန္တု၊ ပုံရှာပြုသော်။ ပဏ္ဍိတဇာတိကော၊ ပညာရှိသည်၏ အဖြစ်ဟူသော သဘော
ရှိသော။ အညော၊ ဖြဟ္မဒတ္တလုလင်မှ တစ်ပါးသော။ ကုလပုတ္တော၊ အမျိုးကောင်းသားသည်။
အနေကပရိယာယေန၊ ဖြင့်။ တိဏ္ဏံ၊ ကုန်သော။ ရတနာနံ၊ တို့၏။ ဝါ၊ တို့ကို။ ဝဏ္ဏံ၊ ကို။ ဝါ၊
ကို။ ဘာသိတုံ၊ ငှာ။ အာရဒ္ဓေါယထာ၊ သို့။ တထာ၊ တူ။ အနေက ပရိယာယေန၊ ဖြင့်။ တိဏ္ဏံ၊
ကုန်သော။ ရတနာနံ၊ တို့၏။ ဝါ၊ တို့ကို၊ ဝဏ္ဏံ၊ ကို။ ဝါ၊ ကို။ ဘာသိတုံ၊ ငှာ။ အာရဒ္ဓေါ၊ ပြီ။

တေန၊ ထို့ကြောင့်။ သုပ္ပိယဿပန ပရိဇ္ဈာဇကဿ အန္တေဝါသီဖြဟ္မဒတ္တောမာဏဝေါ အနေ
ကပရိယာယေန ဗုဒ္ဓဿဝဏ္ဏံ ဘာသတိ၊ ဓမ္မဿဝဏ္ဏံဘာသတိ၊ သံဃဿဝဏ္ဏံ ဘာသတိတိ၊ ဟူ၍။
အာယသ္မတာ အာနန္ဒတ္ထေရေန၊ သည်။ ဝုတ္တံ၊ ပြီ။

တတ္ထတသ္မိံပါဠေ၊ သုပ္ပိယဿ ပန ပရိဇ္ဈာဇကဿ-အစရှိသော ထိုပါဠိ၌။ နိဝိဋ္ဌော၊ သော။
ဝဏ္ဏောတိအယံသဒ္ဒေါ၊ ဝဏ္ဏ-ဟူသော ဤသဒ္ဒါသည်။ ဝါ၊ ကို။ * သဏ္ဌာနဇာတိရူပါယတနကာရ
ဏပမာဏဂုဏပသံသာဒီသု၊ သဏ္ဌာန်ဟူသောအနက်, အမျိုးဇာတ်ဟူသောအနက်, ရူပါယတန
ဟူသောအနက်, အကြောင်းဟူသောအနက်, အတိုင်းအရှည်ဟူသောအနက်, ဂုဏ်ကျေးဇူးဟူသော
အနက်, ချီးမွမ်းခြင်းဟူသောအနက် အစရှိသော အနက်တို့၌။ ဒီဿတိ၊ ထင်၏။ ဝါ၊ ရူအပ်၏။
တတ္ထတေသုသဏ္ဌာ နာဒီသု၊ ထိုသဏ္ဌာန် အစရှိသည်တို့တွင်။ မဟန္တံသပ္ပိရာဇဝဏ္ဏံ အဘိနိမ္မနိတ္ထာတိ

---

* **မှတ်ချက်**။ ။ (သဏ္ဌာန-ဟော-ဝဏ္ဏ အစရှိသော ပုဒ်၌ ဝိဂ္ဂဟကား။ ။ ဝဏ္ဏိတဗ္ဗောအယံ ဤဒိသော
တိ ပကာသေတဗ္ဗောတိဝဏ္ဏော၊ သဏ္ဌာနံ။ ။ ဝဏ္ဏီယတိ အသင်္ခံရတော ဝဝတ္ထပီယတီတိဝဏ္ဏော၊ ဇာတိ။ ။
ဝဏ္ဏေတိ ဝိကာရမာ ပန္နမာနံ ဟဒယဂ််တဘာဝံပကာသေတီတိဝဏ္ဏော၊ ရူပါယတနံ။ ။ ဝဏ္ဏီယတိဖလ မေတေန
ယထာသဘာဝတောဝိဘာဝီယတီတိဝဏ္ဏော၊ ကာရဏံ။ ။ ဝဏ္ဏီယတိ အပွမဟန္တာဒိဝသေနပမီယတီတိဝဏ္ဏော၊
ပမာဏံ။ ။ ဝဏ္ဏီယတိပသံသီယတီတိ ဝဏ္ဏော၊ ဂုဏော။ ။ ဝဏ္ဏနံဂုဏသံကိတ္တနံဝဏ္ဏော၊ ပသံသာ။ ။
ယထာဂ္ဂမံ ဝိဂ္ဂယောယံ)

http://www.dhammadownload.com

အာဒီသု၊ မဟန္တံ။ ပ။ အဘိနိမ္မိနိတွာ-ဟူသော ဘိကၠုသံယုတ် အစရှိသော သာဓကပါဠိတို့၌။ သဏ္ဌာနံ၊ သဏ္ဌာန်ကို။ ဝဏ္ဏောတိ၊ ဝဏ္ဏဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(မဟန္တံ၊ ကြီးစွာသော။ သပ္ပရာဇဝဏ္ဏံ၊ ထင်စွာပြအပ်သော မြွေမင်း၏ အဆင်းသဏ္ဌာန်ကို။ အဘိနိမ္မိနိတွာ၊ ဖန်ဆင်း၍။ ဥပသင်္ကမိ၊ ချဉ်းကပ်ပြီ။ ။ သာဓကပါဠိအနက်)

ဗြဟ္မဏောဝသေဋ္ဌောဝဏ္ဏော၊ ဟိနောအညောဝမ္ဗော်တိအာဒီသု၊ ဗြာဟ္မဏောဝ။ ပ။ ဝဏ္ဏောဟူသော အမွှန်သုတ် အစရှိကုန်သော သာဓကပါဠိတို့၌။ ဇာတိ၊ အမျိုးဇာတ်ကို။ ဝဏ္ဏောတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ။ (ဗြဟ္မဏောဝ၊ ပုဏ္ဏားသာလျှင်ဖြစ်သော။ ဝဏ္ဏော၊ မရောမယှက် ပိုင်းခြားမှတ်သားအပ်သော အမျိုးဇာတ်သည်။ သေဋ္ဌော၊ မြတ်၏။ အညော၊ ပုဏ္ဏားမျိုးမှတစ်ပါးသော။ ဝဏ္ဏော၊ မရောမယှက် ပိုင်းခြားမှတ်သားအပ်သော အမျိုးဇာတ်သည်။ ဟိနော၊ ယုတ်ညံ့အောက်ကျခဲ့၏။ ။ သာဓကပါဠိအနက်)။ ။ ပရမာယဝဏ္ဏပေါက္ခရတာယသမန္နာဂတောတိအာဒီသု၊ ပရမာယ ပ သမန္နာဂတောဟူသော အမွှန်သုတ် အစရှိကုန်သော သာဓကပါဠိတို့၌။ ရူပါယတနံ၊ ရူပါယတနကို။ ဝါ၊ အဆင်းကို။ ဝဏ္ဏောတိ၊ ဟူ၍ ဝုစ္စတိ၊ ၏။ ။ ပရမာယ၊ မြတ်သော။ ဝဏ္ဏပေါက္ခရတာယ၊ ဖောက်ပြန်ခြင်းသို့ ရောက်တတ်သောအဆင်း၏ ကောင်းသည်၏အဖြစ်နှင့်။ ဝါ၊ ဖောက်ပြန်ခြင်းသို့ ရောက်တတ်သော အဆင်းကိုယ်နှင့်။ သမန္နာဂတော၊ ကောင်းစွာ လျော်စွာ ယှဉ်သည်။ ဝါ၊ ပြည့်စုံသည်။ ဟောတိ၊ ၏ ။ သာဓပါဠိအနက်)

နဟရာမိ နဘဉ္ဇာမိ၊ အာရာသိယ်ာမိဝါရိဇံ။ အထကေနနုစဇ္ဇောန၊ ဂန္ဓဿေနောတိ ဝုစ္စတီတိ အာဒီသု၊ နဟရာမိ။ ပ။ ဂန္ဓဿေနောတိ ဝုစ္စတိဟူသော ဒေဝတာသံယုတ် အစရှိသော သာဓကပါဠိတို့၌။ ကာရဏံ၊ အကြောင်းကို။ ဝဏ္ဏောတိ၊ ဟူ၍၊ ဝုစ္စတိ၊ ၏။

(ဒေဝတေ၊ နတ်သမီး။ အဟံ၊ ငါသည်။ ဝါရိဇံ၊ ရွှေ့ဖြစ်သော ကြာပန်းကို။ နဟရာမိ၊ မဆောင်လည်း မဆောင်ရပါ။ နဘဉ္ဇာမိ၊ မချိုးလည်း မချိုးဖဲ့ရပါ။ အာရာ၊ အဝေးမှ။ သိယ်ာမိ၊ နမ်းရုံသာ နမ်းရပါ၏။ အထ၊ ထိုသို့ ဆောင်လည်းမဆောင်ရ၊ ချိုးလည်း မချိုးဖဲ့ရ ဝေးဝေးကြီးကသာ နမ်းရပါလျက်။ ကေနဝဏ္ဏေန၊ အကျိုးကို ထင်စွာပြကြောင်းဖြစ်သော အဘယ်အကြောင်းကြောင့်။ ဂန္ဓဿေနောတိ၊ ဟူ၍။ ဝါ၊ နံ့သာသူခိုးယူ၍။ ဝုစ္စတိန၊ ဆိုအပ်သတဲ့နည်း။ ။ သာဓကပါဠိအနက်)။ တယောပတ္တသ ဝဏ္ဏာတိ အာဒီသု၊ တယောပတ္တသဝဏ္ဏာဟူသော ဘိက္ခုဝိဘင်း ပတ္တသိက္ခာပုဒ် အစရှိသော သာဓကပါဠိတို့၌။ ပမာဏံ၊ အတိုင်းအရှည်ကို။ ဝဏ္ဏောတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ။ (ပတ္တသ၊ သပိတ်၏။ ဝဏ္ဏော၊ အငယ်, အလတ်, အကြီးအားဖြင့် နှိုင်းယှဉ်အပ်သော အတိုင်းအရှည်တို့သည်။ တယော၊ သုံးပါးတို့သည်။ ဟောန္တိ၊ ကုန်၏။ ။ သာဓကပါဠိအနက်)

ကဒါသညုဠာပနတေ ဂဟပတိဂ္ဂမဿသမဏဿ ဂေါတမဿ ဝဏ္ဏောတိအာဒီသု၊ ကဒါသညုဠာပန။ ပ။ ဝဏ္ဏောဟူသော မဇ္ဈိမပဏ္ဏာသဥပါလိသုတ် အစရှိကုန်သော သာဓကပါဠိတို့၌။ ဂုဏော၊ ဂုဏ်ကျေးဇူးကို။ ဝဏ္ဏောတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

(ဂဟပတိ၊ အိမ်ရှင်သူကြွယ်ဥပါလိ။ တေ၊ သင်သည်။ ကဒါ၊ အဘယ်အခါ၌။ ဂ္ဂမဿသမဏဿဂေါတမဿ၊ ဤရဟန်းဂေါတမ၏။ ဝဏ္ဏော၊ ချီးမွမ်းအပ်သော ဂုဏ်ကျေးဇူးတို့ကို။ သညုဠာပန၊ သိကုံးအပ်ကုန်သနည်း။ ။ သာဓကပါဠိအနက်)

http://www.dhammadownload.com

ဝဏ္ဏာရဟဿဝဏ္ဏံ ဘာသတိတိ အာဒိသု၊ ဝဏ္ဏာရဟဿဝဏ္ဏံဘာသတိ- ဤသို့ အစရှိသော သာဓကပါဠိတို့၌။ ပသံသာ၊ ချီးမွမ်းခြင်းကို။ ဝဇ္ဇောတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

(ဝဏ္ဏာရဟဿ၊ ချီးမွမ်းခြင်းငှာ ထိုက်သောပုဂ္ဂိုလ်၏။ ဝဏ္ဏံ၊ ချီးမွမ်းအပ်သော ဂုဏ်ကျေးဇူးကို။ ဘာသတိ၊ ၏။ ။ သာဓကပါဠိအနက်)

ဣတ္ထမသို့ပါဠေ၊ သုပ္ပိယဿပန အစရှိသော ဤပါဠိ၌။ ဂုဏောပိ၊ ဂုဏ်ကျေးဇူးကိုလည်းကောင်း။ ပသံသာပိ၊ ချီးမွမ်းခြင်းကိုလည်းကောင်း။ ဝဇ္ဇောတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

ကိရ သဒ္ဒါ-ဝိတ္ထာရ။ ။ (တစ်နည်း)။ ။ ကိရ၊ အဆင့်စကား၊ ကြားသိရဖူးသည်ကား။ အယံမာဏဝေါ၊ ဤဖြဟ္မဒတ္တလုလင်သည်။ ဘူတမေဝ၊ ထင်ရှားရှိသည်သာလျှင်ဖြစ်သော။ ဝါ၊ ဟုတ်မှန်သည်သာလျှင်ဖြစ်သော။ ကာရဏံ၊ အကြောင်းကို။ အပဒိသန္တော၊ ရည်ညွှန်းလျက်။ အနေကပရိယာယေန၊ ဖြင့်။ ရတနတ္တယဿ၊ ရတနာတို့၏ သုံးပါးတို့၏ အပေါင်း၏ ဝါ၊ ကို။ ဂုဏူပသဉ္ဇိတံ၊ ဂုဏ်ကျေးဇူးနှင့်စပ်သော။ ပသံသံ၊ ချီးမွမ်းခြင်းကို။ အာဘာသိ၊ ပြောဆိုပြီ။ တတ္ထတသ္မိံဝဏ္ဏဘာသနေ၊ ထိုချီးမွမ်းအပ်သော ဂုဏ်ကျေးဇူးကို ပြောဆိုရာ၌။ ဣတိပိသောဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါတိ အာဒိနာ၊ ဣတိပိသော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ-ဤသို့အစရှိသော။ နယေနစ၊ နည်းဖြင့်လည်းကောင်း။ ယေတေဘိက္ခဝေဗုဒ္ဓေပသန္နာ၊ အဂ္ဂေတေပသန္နာတိအာဒိနာ၊ ယေတေဘိက္ခဝေ ဗုဒ္ဓေပသန္နာ၊ အဂ္ဂေတေပသန္နာ-ဤသို့အစရှိသော။ နယေနစ၊ ဖြင့်လည်းကောင်း။ ဧကပုဂ္ဂလော ဘိက္ခဝေလောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ အသမော အသမသမောတိ အာဒိနာ၊ ဧကပုဂ္ဂလော။ ပ။ အသမသမော-ဤသို့ အစရှိသော။ နယေနစ၊ ဖြင့်လည်းကောင်း။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏၊ ဝါ၊ ကို။ ဝဇ္ဇောဂ၊ ကို။ ဝါ၊ ကို။ ဝေဒိတဗ္ဗော၊ ၏။

(သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤအကြောင်းကြောင့်လည်း။ အရဟံ၊ အရဟာမည်တော်မူ၏။ သောဘဂဝါ၊ သည်။ ဣတိပိ၊ ကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓေ မည်တော်မူ၏။ ဘိက္ခဝေ၊ တို့။ ယေတေပုဂ္ဂလာ၊ အကြင်ပုဂ္ဂိုလ်တို့သည်။ ဗုဒ္ဓေ၊ မြတ်စွာဘုရား၌။ ပသန္နာ၊ ကြည်ညိုကြကုန်အံ့။ တေပုဂ္ဂလာ၊ တို့သည်။ အဂ္ဂေ၊ မြတ်သောပုဂ္ဂိုလ်၌။ ပသန္နာ၊ ကြည်ညိုကြကုန်ပြီ။ ။ ဘိက္ခဝေ၊ တို့။ အသမော၊ တစ်စုံတစ်ယောက်သော သတ္တဝါနှင့်မတူသော။ အသမသမော၊ တစ်စုံတစ်ယောက်သော သတ္တဝါနှင့်မတူသော ရွေးဘုရားတို့နှင့်သာ တူတော်မူသော။ ဧကပုဂ္ဂလော၊ တစ်ယောက်တည်းသော ပုဂ္ဂိုလ်သည်။ ဝါ၊ မြတ်သောပုဂ္ဂိုလ်သည်။ လောကေ၊ သတ္တလောကဉ်၌။ ဥပ္ပဇ္ဇမာနော၊ ဖြစ်နိုင်သည်ရှိသော်။ ဥပ္ပဇ္ဇတိ၊ ဖြစ်နိုင်၏)။ ။ သွာက္ခာတော ဘဂဝတာ ဓမ္မောတိစ၊ သွာက္ခာတော ဘဂဝတာဓမ္မော-ဟူ၍လည်းကောင်း။ အာလယသမုဂ္ဃါတော ဝဋ္ဋူပစ္ဆေဒေါတိစ၊ ဟူ၍လည်းကောင်း။ ယေတေဘိက္ခဝေ အရိယေ အဋ္ဌင်္ဂိကေမဂ္ဂေ ပသန္နာ၊ အဂ္ဂေတေ ပသန္နာတိစ၊ ဟူ၍လည်းကောင်း။ အာဂတေဟိ၊ လာကုန်သော။ ဧဝမာဒီဟိ၊ ဤသို့ အစရှိကုန်သော။ နယေဟိ၊ တို့ဖြင့်။ ဓမ္မဿ၊ ၏။ ဝါ၊ ကို။ ဝဇ္ဇောဂ၊ ကို။ ဝါ၊ ကို။ ဝေဒိတဗ္ဗော၊ ၏။

(ဘဂဝတာ၊ သည်။ ဓမ္မော၊ ဆယ်ပါးသော တရားတော်ကို။ သွာက္ခာတော၊ ကောင်းစွာဟောတော်မူအပ်ပြီ။ ဓမ္မော၊ ဆယ်ပါးသော တရားတော်သည်။ အာလယသမုဂ္ဃါတော၊ ငါးပါးအာရုံ၊ ကာမဂုဏ်၌၊ အဟုန်ပြင်းစွာ၊ ငြိတွယ်ပျော်ပါး၊ မွေ့လျော်သောအားဖြင့်၊ ခံစားတတ်သော တဏှာကို ပယ်ဖျက်တတ်၏။ ဝဋ္ဋူပစ္ဆေဒေါ၊ တောဘူမက ဝဋ်ဒုက္ခကို ပယ်ဖျက်တတ်၏။ ဘိက္ခဝေ၊ တို့။

http://www.dhammadownload.com

ယေတေပုဂ္ဂလာ၊ တို့သည်။ အရိယေ၊ ကိလေသာမြူမှေး၊ ညစ်အကြေးမှ၊ ကင်းဝေးစင်ကြယ်သော။ ဝါ၊ ကိလေသာတည်းဟူသော ရန်သူတို့၏ ကင်းကြောင်းဖြစ်သော။ အဋ္ဌင်္ဂိကေ၊ ရှစ်ပါးသော အင်္ဂါရှိသော။ မဂ္ဂေ၊ ၌။ ပသန္နာ၊ ကုန်ပြီ။ တေပုဂ္ဂလာ၊ တို့သည်။ အဂ္ဂေ၊ မြတ်သောတရား၌။ ပသန္နာ၊ ကုန်ပြီ)

ပန၊ အဖို့တစ်ပါး၊ အနက်သွားကို၊ ပိုင်းခြားပြအံ့။ သုပွဋိပန္နော ဘဂဝတော သာဝကသံဃော တိစ၊ သုပွဋိပန္နော ဘဂဝတော သာဝကသံဃော-ဟူ၍လည်းကောင်း။ ယေတေဘိက္ခဝေသံဃေပသန္နာ၊ အဂ္ဂေ တေ ပသန္နာတိစ၊ ဟူ၍လည်းကောင်း။ အာဂတေဟိ၊ ကုန်သော။ ဧဝမာဒီဟိ၊ ကုန်သော။ နယေဟိ၊ တို့ဖြင့်။ သံဃသ၊ ၏။ ဝါ၊ ကို။ ဝဏ္ဏော၊ ကို။ ဝါ၊ ကို။ ဝေဒိတဗ္ဗော၊ ၏။

(ဘဂဝတော၊ ၏။ သာဝကသံဃော၊ တပည့်အပေါင်းသည်။ သုပွဋိပန္နော၊ ကောင်းစွာကျင့်၏။ ဝါ၊ ကောင်းသော အကျင့်ကို ကျင့်၏။ ။ ဘိက္ခဝေ၊ တို့။ ယေတေပုဂ္ဂလာ၊ တို့သည်။ သံဃေ၊ ၌။ ပသန္နာ၊ ကုန်ပြီ။ တေပုဂ္ဂလာ၊ တို့သည်။ အဂ္ဂေ၊ မြတ်သောသံဃာ၌။ ပသန္နာ၊ ကုန်ပြီ) ပန၊ ပြတ်ပြီးခဲ့ရာ၊ ဝါကျထွာကို၊ ဆက်ကာပြပိမ့်။ ပကာသေတုံ၊ ထင်စွာပြခြင်းငှာ။ ပဟော နွေ့နှ၊ စွမ်းနိုင်သော။ ဓမ္မကထိကေန၊ သည်။ ပဋ္ဌ၊ ကုန်သော။ နိကာယေ၊ နိကာယ်တို့သို့လည်းကောင်း။ နဝင်္ဂ၊ ကိုးပါးသော အင်္ဂါရှိသော။ သတ္ထုသာသနံ၊ မြတ်စွာဘုရား၏ သာသနာတော်သို့လည်းကောင်း။ စတုရာသီတိမဓ္မက္ခန္ဓသဟဿာနိ၊ ရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာတို့သို့လည်းကောင်း။ ဩဂါဟိတွာ၊ ဉာဏ်ဖြင့် သက်ဝင်၍။ ဗုဒ္ဓါဒီနံ၊ တို့၏။ ဝါ၊ တို့ကို။ ဝဏ္ဏော၊ ကို။ ဝါ၊ ကို။ ပကာသေတဗ္ဗော၊ ၏။ ဣမသ္မိဉ္စာနေ၊ ဤဝဏ္ဏပကာသနအရာ၌ ဗုဒ္ဓါဒီနံ၊ တို့၏။ ဂုဏော၊ တို့ကို။ ပကာသေန္တော၊ ထင်စွာပြသော။ ပဂ္ဂလော၊ သည်။ ဝါ၊ ကို။ ဓမ္မကထိကော၊ သည်။ အတိတ္ထေ၊ ဆိပ်မဟုတ်သောအရပ်၌။ ဝါ၊ သို့။ ပက္ခန္ဒေန၊ ပြေးဝင်ခဲ့ ပြီ။ ဣတိ၊ ဤသို့။ ဝတ္တုံ၊ ပြောဆိုခြင်းငှာ။ နသက္ကာ၊ မတတ်ကောင်း။ တံဝစနံ၊ နက်လေးခဲရပ်၊ တမျှဉ်းခတ်သို့၊ ကြပ်ကြပ်သိုသို့၊ ဖွင့်ဆိုအပ်ပြီးသော ထိုငါ့စကားသည်။ ဣမိနာဝစနေန၊ ဤဆိုအပ်လတ္တံ့သော ဒဋ္ဌိကရဏာယုတ္တိဝစနဖြင့်။ ဟိသစ္စံ၊ မှန်၏။ ။ (တစ်နည်း)။ ။ ဟိယုတ္တံ၊ သင့်မြတ်၏။ ကသ္မာ၊ ကြောင့်။ တံဝစနံ၊ သည်။ ဣမိနာဝစနေန၊ ဖြင့်။ ဟိသစ္စံ၊ မှန်သနည်း။ ။ (တစ်နည်း) ဟိယုတ္တံ၊ သင့်မြတ်သနည်း။ ယသ္မာ၊ အကြောင်ကြောင့်။ ဤဒိသေသု၊ ဤကဲ့သို့ ရှုအပ်သော သဘော ရှိကုန်သော။ ဌာနေသု၊ အရာတို့၌။ ဓမ္မကထိကဿ၊ ၏။ ထာမော၊ ဉာဏ်စွမ်းသတ္တိကို။ ဝေဒိတဗ္ဗော၊ ၏။ တသ္မာ၊ ထို့ကြောင့်။ တံဝစနံ၊ နက်လေးခဲရပ်၊ တမျှဉ်းခတ်သို့၊ ကြပ်ကြပ်သိုသို့၊ ဖွင့်ဆိုအပ် ပြီးသော ထိုငါ့စကားသည်။ ဣမိနာဝစနေန၊ ဤဆိုအပ်ပြီးသော ဒဋ္ဌိကရဏာယုတ္တိဝစနဖြင့်။ ဟိသစ္စံ၊ မှန်၏။ ။ (တစ်နည်း)။ ။ ဟိယုတ္တံ၊ သင့်မြတ်၏။ ပန၊ ပြတ်ပြီးခဲ့ရာ၊ ဝါကျထွာကို ဆက်ကာ ပြပိမ့်။ ဗြဟ္မဒတ္တော၊ သော။ မာဏဝေါ၊ သည်။ အနုသဝါဒိမတ္တသမ္မန္ဓိတေန၊ အဆင့်ကြားခြင်း အစရှိသည်မျှနှင့် ဆက်စပ်အပ်သော။ အတ္တနော၊ မိမိ၏။ ထာမေန၊ ဉာဏ်စွမ်းသတ္တိဖြင့်။ ရတနတ္တ ယသ၊ ၏။ ဝါ၊ ကို။ ဝဏ္ဏံ၊ ကို။ ဝါ၊ ကို။ ဘာသတိ၊ ၏။

ဣတိဟ တေ ဥဘော အာစရိယန္တေဝါသီတိ၊ ကား။ ဧဝံ၊ ဤသို့။ ဒွေ၊ နှစ်ယောက်ကုန်သော။ တေအာစရိယန္တေဝါသိကာ၊ ထိုဆရာတပည့်တို့သည်။ အနုဗန္ဓာ၊ အစဉ်လိုက်သွားကြကုန်သည်။ ဟောန္တိ၊ ကုန်၏။ အညမညဿာတိ၊ ကား။ အညောအညဿ၊ တစ်ယောက်သည် တစ်ယောက်

http://www.dhammadownload.com

၏။ ဥဇုဝိပစ္စနီကဝါဒါ၊ ဖြောင့်ဖြောင့်မတ်မတ် အထူးထူး အပြားပြားသော ဆန့်ကျင်ဘက်ဖြစ်သော စကားကို ပြောဆိုကြကုန်သည်။ ဟုတ္တာ၊ ကုန်၍။ အနုဗန္ဓာ၊ အစဉ်လိုက်သွားကြကုန်သည်။ ဝါ၊ တကောက်ကောက် လိုက်သွားကြကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဥဇုဝိပစ္စနီကဝါဒါတိ၊ ကား။ ဤသကဖို့၊ စဉ်းငယ်လည်း။ အပရိဟရိတ္တာ၊ မရှောင်လွှဲကြကုန်မူ၍။ ဝိဝိဓပစ္စနီကဝါဒါ၊ အထူးထူး အပြားပြားသော ဆန့်ကျင်ဘက်ဖြစ်သော စကားကို ပြောဆိုကြကုန်သည်။ အနေကဝါရံ၊ အကြိမ်များစွာ။ ဝိရုဒ္ဓဝါဒါဧဝ၊ ဆန့်ကျင်ဘက်ဖြစ်သော စကားကို ပြောဆိုကြကုန်သည်သာလျှင်။ ဟုတ္တာ၊ ကုန်၍။ အနုဗန္ဓာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ တည်း။

ဟိ၊ အလွန်ကျဉ်းဘိ၊ ဂုဠတ်ရှိ၍၊ မသိဓိပ္ပါ၊ လီနတ္ထာကို၊ ကျယ်စွာချဲ့ပိမ့်။ အာစရိယေန၊ ဆရာသည်။ ဝါ၊ ဆရာဖြစ်သော သုပ္ပိယပရိဗ္ဗိဇ်သည်။ ရတနတ္တယဿ၊ ၏။ ဝါ၊ ကို။ အဝဏ္ဏေ၊ ကို။ ဘာသိတေ၊ ပြောဆိုအပ်သည်ရှိသော်။ အန္တေဝါသီ၊ အနီးနေ တပည့်ဖြစ်သော ဗြဟ္မဒတ္တလုလင်သည်။ ဝဏ္ဏံ၊ ကို။ ဘာသတိ၊ ပြောဆို၏။ ပုန၊ နောက်ထပ်တစ်ဖန်။ ဣတရော၊ ဤတပည့်မှ တစ်ပါးသော ဆရာသည်။ အဝဏ္ဏံ၊ ကို။ ဘာသတိ၊ ပြောဆိုပြန်၏။ ဣတရော၊ ဤဆရာမှတစ်ပါးသော တပည့်သည်။ ဝဏ္ဏံ၊ ကို။ ဘာသတိ၊ ပြောဆိုပြန်၏။ ဣတိဧဝံ၊ သို့။ အာစရိယော၊ ဆရာသည်။ သာရပ္ပလကေ၊ အနှစ်ဖြစ်၍ ဖြစ်သော ပျဉ်ချပ်၌။ ဝါ၊ မြတ်သောပျဉ်ချပ်၌။ ဝိသရကမ္မအာဏိ၊ အဆိပ်သစ်သားဖြစ်၍ ဖြစ်သော မယ်နကို။ ဝါ၊ အဆိပ်သစ်သား ဖြစ်၍ဖြစ်သောစို့ကို။ ကောဋ္ဌယမာနောဝိယ၊ ရိုက်နှက်သကဲ့သို့။ တထာ၊ တူ။ ပုနပ္ပုနံ၊ တစ်ဖန်တစ်ဖန်။ ဝါ၊ အကြိမ်ကြိမ် အဖန်ဖန်။ ရတနတ္တယဿ၊ ၏။ ဝါ၊ ကို။ အဝဏ္ဏံ၊ ကို။ ဘာသတိ၊ ၏။ ပန၊ မူလအနက်၊ ဆန့်ကျင်ဘက်ကို၊ မှတ်ချက်ချကာ၊ ပြဆိုပါအံ့။ အန္တေဝါသီ၊ အနီးနေတပည့်သည်။ သုဝဏ္ဏရဇတမဏိမယာယ၊ ရွှေ၊ ငွေ၊ ပတ္တမြားတို့ဖြင့် ပြီးသော။ အာဏိယာ၊ မယ်နဖြင့်။ ဝါ၊ စို့ဖြင့်။ တံအာဏိ၊ ထိုအဆိပ်သစ်သားဖြစ်၍ဖြစ်သော မယ်နကို။ ဝါ၊ ထိုအဆိပ်သစ်သားဖြစ်၍ ဖြစ်သောစို့ကို။ ပဋိဗာဟယမာနောဝိယ၊ တားမြစ်သကဲ့သို့။ တထာ၊ တူ။ ပုနပ္ပုနံ၊ တစ်ဖန်တစ်ဖန်။ ဝါ၊ အကြိမ်ကြိမ် အဖန်ဖန်။ ရတနတ္တယဿ၊ ၏။ ဝါ၊ ကို။ ဝဏ္ဏံ၊ ကို။ ဘာသတိ၊ ၏။ တေန၊ ထို့ကြောင့်။ ဥဇုဝိပစ္စနီကဝါဒါတိ၊ ဟူ၍။ အာယသ္မတာ အာနန္ဒတ္ထေရေန၊ သည်။ ဝုတ္တံ၊ ဆိုအပ်ပြီ။

ဘဂဝန်ပိဋ္ဌိတော ပိဋ္ဌိတော အနုဗန္ဓာဟောန္တိ ဘိက္ခုသံဃဿာတိ၊ ကား။ ဘဂဝန္တဿအနု၊ မြတ်စွာဘုရား၏လည်းကောင်း။ ဘိက္ခုသံဃဿအနု၊ ရဟန်းအပေါင်း၏လည်းကောင်း။ ပစ္ဆတော ပစ္ဆတော၊ နောက်မှ နောက်မှ။ ဝါ၊ နောက်က နောက်က။ ဒဿနံ၊ မြင်ရခြင်းကို။ အဝိဇဟန္တာ၊ မစွန့်ကြကုန်ဘဲ။ ဣရိယာပထာနုဗန္ဓနေန၊ ဣရိယာပုထ်သို့ အစဉ်လိုက်သောအားဖြင့်။ အနုဗန္ဓာ၊ အစဉ်လိုက်သွားကြကုန်သည်။ ဝါ၊ တကောက်ကောက် လိုက်သွားကြကုန်သည်။ ဟောန္တိ၊ ကုန်၏။ သီသာနုလောကိနော၊ မိမိဦးခေါင်းဖြင့် အစဉ် ကြည့်ရှုလေ့ရှိကုန်သည်။ ဝါ၊ မြတ်စွာဘုရား သံဃာတော်၏ဦးခေါင်းကို အစဉ်ကြည့်ရှုလေ့ရှိကုန်သည်။ ဟုတ္တာ၊ ကုန်၍။ အနုဂတာ၊ အစဉ်လိုက် သွားကြကုန်သည်။ ဝါ၊ တကောက်ကောက် လိုက်သွားကြကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဣတိအယံ၊ ပြီးသည်ကား။ အတ္ထော၊ တည်း။

ပန၊ အာဘော်မကျ၊ သံသယကြောင့်၊ ဒွိဟကင်း၊ ငြောင့်တံသင်းကို၊ ပယ်ရှင်းဆွဲနုတ်၊ မေးဖြေပုဒ်ကို၊ ဖွင့်ထုတ်ပြပိမ့်။ ကသ္မာ၊ အဘယ်ကြောင့်။ ဘဂဝါ၊ သည်။ တံအဒ္ဓါနံ၊ ထိုအဖွဲ့ရှည်

http://www.dhammadownload.com

လျားသော ခရီးသို့။ ပဋိပန္နော၊ ကြွသွားတော်မူရသတဲ့နည်း။ စ၊ သည်သာမကသေး။ ကသ္မာ၊ ကြောင့်။ သုပွိယော၊ သည်။ အနုဗန္ဓော၊ အစဉ်လိုက်သွားရသတဲ့နည်း။ ဝါ၊ တကောက်ကောက် လိုက်သွားရသတဲ့နည်း။ စ၊ စဉ်းငယ်ဆိုဘွယ်ရှိသေး၏။ ကသ္မာ၊ ကြောင့်။ သောသုပွိယော၊ သည်။ ရတနတ္တယဿ၊ ၏။ ဝါ၊ ကို။ အဝဏ္ဏံ၊ ကို။ ဘာသတိ၊ နည်း။ ဣတိအယံ၊ သည်ကား။ ပုစ္ဆာ၊ တည်း။ သုပွိယဿ၊ ၏။ အနုဗန္ဓနာဒိကာလတော၊ အစဉ်လိုက်သွားရာ ကာလ အစရှိသောအခါမှ။ တာဝ၊ ရှေးဦးစွာ။ ဘဂဝတော၊ ၏။ ပဋိပန္နကာလော၊ ကြွသွားတော်မူရာအခါကို။ ဧဝံ၊ ဖြင့်။ ဝေဒိတဗ္ဗော၊ ၏။ ဘဂဝါ၊ သည်။ တသ္မိကာလေ၊ အခွန့်ရှည်လျားသော ခရီးသို့ ကြွသွားတော်မူရာ ထိုအခါ၌။ ရာဇဂဟပရိဝတ္တကေသု၊ ရာဇဂြိုဟ်ပြည်ကို လည်၍ တည်ကုန်သော။ အဒ္ဒာရသသု၊ တစ်ဆယ့်ရှစ်ကျောင်းကုန်သော။ မဟာဝိဟာရေသု၊ ကျောင်းကြီးတို့တွင်။ အညတရသ္မိံ၊ အမှတ် မထား တစ်ပါးပါးသော။ မဟာဝိဟာရေ၊ ကျောင်းကြီး၌။ ဝသိတ္ထာ၊ နေတော်မူ၍။ ပါတောဝ၊ စောစောကသာလျှင်။ သရီရပဋိဇဂ္ဂနံ၊ ကိုယ်ကိုသုခ်သင်ခြင်းကို။ ကတ္တာ၊ ပြုတော်မူ၍။ ဘိက္ခာစာရ ဝေလာယံ၊ ဆွမ်းခံ လှည့်လည်ရာအခါ၌။ ဘိက္ခုသံဃပရိဝုတော၊ ရဟန်းအပေါင်းသည် ခြံရံအပ်သည်။ ဟုတ္တာ၊ ၍။ ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ စရတိ၊ လှည့်လည်တော်မူ၏။ သောဘဂဝါ၊ ထိုရာဇဂြိုဟ်ပြည်၌ နေ၍ ဆွမ်းခံ လှည့်လည်တော်မူသော မြတ်စွာဘုရားသည်။ တံဒိဝသံ၊ ထိုအခွန့်ရှည်လျားသော ခရီးသို့ သွားမည့်နေ့၌။ ဘိက္ခုသံဃဿ၊ အား။ သုလဘပိဏ္ဍ ပါတံ၊ ရလွယ်သော ဆွမ်းရှိသည်ကို။ ကတ္တာ၊ ပြုတော်မူ၍။ ပစ္ဆာဘတ္တံ၊ ပစ္ဆာဘတ်အခါ၌။ ဝါ၊ ဆွမ်းစားပြီးရာ ကာလ၏ နောက်အဖို့ဖြစ်သောအခါ၌။ ပိဏ္ဍပါတပဋိက္ကန္တော၊ ဆွမ်းစားရာအရပ်မှ ဖဲတော်မူခဲ့ပြီးသည်။ သမာနော၊ ဖြစ်သည်ရှိသော်။ ဘိက္ခုသံဃံ၊ ရဟန်းအပေါင်းကို။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းကို။ ဂါဟာပေတွာ၊ ယူစေတော်မူ၍။ အဟံ၊ ငါဘုရားသည်။ နာဠန္ဒံ၊ နာဠန္ဒမြို့သို့။ ဂမိဿာမိ၊ ကြွသွားတော်မူရတော့အံ့။ ဣတိမနသိကတွာ၊ ဤသို့နှလုံးသွင်းတော်မူ၍။ ရာဇဂဟတော၊ မှ။ နိက္ခမိတွာ၊ ထွက်တော်မူ၍။ တံအဒ္ဓါနံ၊ ထိုအခွန့်ရှည်လျားသော ခရီးသို့။ ပဋိပန္နော၊ ကြွသွား တော်မူပြီ။ သုပွိယောပိ၊ သည်လည်း။ တသ္မိကာလေ၊ ထိုအခွန့်ရှည်လျားသော ခရီးသို့ သွားရာအခါ ၌။ ရာဇဂဟပရိဝတ္တကေ၊ ရာဇဂြိုဟ်ပြည်ကို လည်၍တည်သော။ အညတရသ္မိံ၊ သော။ ပရိဗ္ဗာဇကာ ရာမေ၊ ပရိဗိုဇ်တို့၏ အာရာမ်၌။ ဝသိတ္ထာ၊ နေ၍။ ပရိဗ္ဗာဇက ပရိဝုတော၊ ပရိဗိုဇ်အပေါင်းသည် ခြံရံအပ်သည်။ ဟုတ္တာ၊ ၍။ ရာဇဂဟေ၊ ၌။ ဘိက္ခာယ၊ ထမင်းအလို့ငှာ။ စရတိ၊ ၏။ သောပိပရိဗ္ဗာ ဇကော၊ သည်လည်း။ တံဒိဝသံ၊ ထိုအခွန့်ရှည်လျားသော ခရီးသို့ သွားမည့်နေ့၌။ ပရိဗ္ဗာဇကပရိ သာယ၊ အား။ ဝါ၊ ၏။ သုလဘဘိက္ခံ၊ ရလွယ်သော ထမင်းရှိသည်ကို။ ကတ္တာ၊ ၍။ ဘုတ္တာပါတရာ သော၊ စားအပ်ပြီးသော နံနက်စာ ထမင်းရှိသည်။ ဟုတ္တာ၊ ၍။ ပရိဗ္ဗာဇကော၊ တိုကို့။ ပရိဗ္ဗာဇက ပရိက္ခာရံ၊ ကို။ ဂါဟာပေတွာ၊ ယူစေ၍။ အဟံ၊ သည်။ နာဠန္ဒံ၊ သို့။ ဂမိဿာမိ၊ အံ့။ ဣစ္စေဝ၊ ဤသို့ နှလုံးသွင်း၍သာလျှင်။ ဘဂဝတော၊ ၏။ တံမဂ္ဂံ၊ သို့။ ပဋိပန္နဘာဝံ၊ ကြွသွားတော်မူသည်၏ အဖြစ်ကို။ အဇနေ္ဓာဝ၊ မသိပဲလျက်သာလျှင်။ အနုဗန္ဓော၊ အစဉ်လိုက်သွားပြီ။ ပန၊ စကားသာမန်၊ လျှင်းပါးရန်ကို၊ ပယ်လှန်အထူး၊ ပြဆိုဦးအံ့။ ဘဂဝတော၊ ၏။ တံမဂ္ဂံ၊ သို့။ ပဋိပန္နဘာဝံ၊ ကို။ သစေဇာနေယျ၊ အကယ်၍ သိငြားအံ့။ ဧဝံဇာနန္တေ၊ သော်။ နာနုဗန္ဓေယျ၊ အစဉ်မလိုက်သွားရာ။

http://www.dhammadownload.com

ဝါ၊ အစဉ်လိုက်မည် မဟုတ်ရာ။ သောပရိဗ္ဗာဇ ကော၊ သည်။ အဇာနိတ္တာဝ၊ မသိမူ၍သာလျှင်။ ဂစ္ဆန္တော၊ သွားသည်ရှိသော်။ ဂီဝံ၊ လည်ကို။ ဥက္ခိ ပိတ္တာ၊ ချီမြှောက်၍။ ဩလောကယမာနော၊ ကြည့်လိုက်သည်ရှိသော်။ ရတ္တာကမ္မလပရိက္ခိတ္တံ၊ နီမြန်းသော ကမ္မလာသည်ကာရံအပ်သော။ ဇင်္ဃ ကနကဂိရိသိခရံ၊ ရွှရွသွားတတ်သော ရွှေတောင်ထွတ်ကို။ ပဿတိဝိယ၊ မြင်ရသကဲ့သို့။ တထာ၊ တူ။ ဗုဒ္ဓသိရိယာ၊ မြတ်စွာဘုရား၏ အသရေတော်ဖြင့်။ သောဘမာနံ၊ တင့်တယ်တော်မူသော။ ဘဂဝန္တံ၊ ကို။ အဒ္ဒသ၊ မြင်ရပြီ။

ကိရ၊ အလွန်ကျဉ်းဘိ၊ ဂုဠတ်ရှိ၍၊ မသိခိပွါ၊ လိနတ္ထာကို၊ ကျယ်စွာချဲ့ပိမ့်။ တသ္မိသမယေ၊ မြတ်စွာဘုရား အဓွန့်ရှည်လျားသော ခရီးသို့ ကြွသွားတော်မူရာ ထိုအခါ၌။ ဒသဗလဿ၊ မြတ်စွာဘုရား၏ သရီရတော၊ ကိုယ်တော်မှ။ နိက္ခမိတ္တာ၊ ထွက်ကုန်၍။ ဆဗ္ဗဏ္ဏရသ္မိယော၊ နီလ၊ ပီတ၊ လောဟိတ၊ သြဒါတ၊ မဇ္ဇိဋ္ဌ၊ ပဘဿရအားဖြင့် ခြောက်ပါးသော အဆင်းရှိသော ရောင်ခြည်တော်တို့သည်။ သမန္တာ၊ ထက်ဝန်းကျင် အရပ်မှ။ အသီတိဟတ္ထပွမာဏော၊ အတောင် ၈၀ အတိုင်း အရှည်ရှိကုန်သော။ ပဒေသေ၊ အရပ်တို့သို့။ အာဓာဝန္တိ၊ ရွှေးရွပြေးသွားကုန်၏။ ဝိဓာဝန္တိ၊ အထူးထူး အပြားပြား ပြေးသွားကုန်၏။ ဝါ၊ ထိုမှ ဤမှ ပြေးသွားကုန်၏။ တံဝန္တန္တရံ၊ ထိုမြတ်စွာဘုရား ရောက်အပ်သော တောအရပ်၏ အကြားသည်။ ရတနာဝေဠုရတနာဒါမ ရတနစုဏ္ဏဝိပ္ပ ကိဏ္ဏဝိယစ၊ ရတနာဦးစောက်ပန်း၊ ရတနာပန်းကုံး၊ ရတနာမှုန့်တို့ဖြင့် အထူးထူး အပြားပြား ဖရိဖရဲ ဖြန့်ကြဲသကဲ့သို့လည်းကောင်း။ ဝါ၊ ရတနာဦးစောက်ပန်း၊ ရတနာပန်းကုံး၊ ရတနာမှုန့်တို့ဖြင့် အထူးထူး အပြားပြား ဖရိဖရဲဖြန့်ကြဲသည်နှင့် တူသည်လည်းကောင်း။ ပသာရိတရတန စိတ္တကဋ္ဌနပဋ္ဌံ့ကဝစ၊ ဖြန့်အပ်သောရတနာတို့ဖြင့် ဆန်းကြယ်သော ရွှေပုဆိုးကဲ့သို့လည်းကောင်း။ ဝါ၊ ဖြန့်အပ်သော ရတနာတို့ဖြင့် ဆန်းကြယ်သော ရွှေပုဆိုးနှင့်တူသည်လည်းကောင်း။ ရတ္တသုဝဏ္ဏ ရသနိသိဉ္စမာနံ့ကဝစ၊ နီသောရွှေရည်တို့ဖြင့် သွန်းလောင်းအပ်သကဲ့သို့လည်းကောင်း။ ဝါ၊ တူသည်လည်းကောင်း။ ဥက္ကာသတနိပါတသမာ ကုလံ့ကဝစ၊ အရာသောဥက္ကာတို့၏ ကျခြင်းဖြင့် နှောင့်ယှက်သကဲ့သို့လည်းကောင်း။ ဝါ၊ တူသည်လည်းကောင်း။ နိရန္တရဝိပ္ပကိဏ္ဏက ဏိကာရပုပ္ဖံ့ကဝစ၊ မပြတ်မလပ် အပြားအားဖြင့် ရောပြွမ်းသော မဟာလှေကားပန်းကဲ့သို့လည်းကောင်း။ ဝါ၊ တူသည်လည်းကောင်း။ ဝါ ယုဝေဂက္ခိတ္တစီနပိဋ္ဌစုဏ္ဏံ့ကဝစ၊ လေ၏အဟုန်သည် ပစ်လွှင့်အပ်သော ဆုန်းမှုန့်ကဲ့သို့လည်းကောင်း။ ဝါ၊ တူသည်လည်းကောင်း။ ဝါ၊ လေ၏ အဟုန်သည် ပစ်လွှင့်အပ်သော စိန့်တိုင်း၌ဖြစ်သော ဟင်းသပြဒါးမှုန့်ကဲ့သို့လည်းကောင်း။ ဝါ၊ တူသည်လည်းကောင်း။ ဣန္ဒနဓနုဝိန္ဒုလတာ တာရကဂဏပဘာယ၊ သိကြား၏ လင်းလေး၊ သက်တင်ရေး၊ လျှပ်စစ်နွယ်ကြယ်အပေါင်း၏ အရောင်အဝန်းသည်။ ဝိဗ္ဘရိတဝိစ္ဆရိတံ့ကဝစ၊ ဖြန့်အပ်သည်ဖြစ်၍ ပြိုးပြိုးပြက်ပြက် တလက်လက် ထွက်အပ်သကဲ့သို့လည်းကောင်း။ ဝါ၊ တူသည်လည်းကောင်း။ ဟောတိ၊ ၏။ စပန၊ အထူးတစ်ဖန်၊ စကားကျန်ကို၊ ဖော်လှန်ထုတ်ကာ၊ ဆက်ပြပါအံ့။ ။ (တစ်နည်း။ ။ စပန၊ အဖို့တစ်ပါး…အံ့။ ဝါ၊ လမ်းခရီး၏ တင့်တယ်ပုံမှတစ်ပါး ကိုယ်တော်၏ တင့်တယ်ပုံကို ဆိုဦးအံ့။ အသီတိအနုဗျဉ္ဇနာ နုရဉ္ဇိတံ၊ ၈၀ သောလက္ခဏာငယ်တို့ဖြင့် တပ်ဆိုးအပ်သော။ ဘဂဝတော၊ ၏။ သရီရံ၊ ကိုယ်တော်သည်။ ဝိကသိတကမလုပ္ပလံ၊ ပွင့်ခြင်းသို့ ရောက်သော ကြာအပေါင်းရှိသော။ ဝါ၊ ပွင့်ခြင်းသို့ ရောက်သော

http://www.dhammadownload.com

ကြာပဒုမ္မာ, ကြာပုဏ္ဍရိက်, ကြာညို, ကြာနီ, ကြာဖြူရှိသော။ သရဲ၊ အိုင်ကို။ သိရိယာ၊ အသရေဖြင့်။ အဝဟသန္တိကဝစ၊ ပြက်ရယ် ပြုသကဲ့သို့လည်းကောင်း။ ဝါ၊ ပြက်ရယ်ပြုသည်နှင့် တူသည် လည်းကောင်း။ သဗ္ဗပါလိဖုလ္လံ၊ အလုံးစုံ ထက်ဝန်းကျင်မှ ပွင့်သော။ ဝါ၊ ပင်လုံးကျွတ်ပွင့်သော။ ဝါ၊ တစ်ပင်လုံးပွင့်သော။ ပါရိစ္ဆတ္တက်၊ ဝန်းကျင်ပတ်လည် ထီးသို့ တည်သော ပင်လယ်က သစ်ပင်ကို။ သိရိယာ၊ အသရေဖြင့်။ အဝဟသန္တိကဝစ၊ ပြက်ရယ်ပြုသကဲ့သို့လည်းကောင်း။ ဝါ၊ တူသည် လည်းကောင်း။ တာရာမရီစိဝိကသိတံ၊ ကြယ်အပေါင်း၏ အရောင်ဖြင့် ပွင့်ခြင်းသို့ရောက်သော။ ဂဂနတလံ၊ ကောင်းကင်အပြင်ကို။ သိရိယာ၊ အသရေဖြင့်။ အဝဟသန္တိကဝစ၊ ပြက်ရယ်ပြုသကဲ့သို့ လည်းကောင်း။ ဝါ၊ တူသည်လည်းကောင်း။ ဟောတိ၊ ၏။ စ၊ သည်သာမကသေး။ အဿဘဂဝတော၊ ၏။ ဗြာမပွဘာပရိက္ခေပ ဝိလာသိနီ၊ တစ်လံမျှကဲ့သို့ထင်ရသော။ အတောင် ၈၀ အတိုင်းအရှည် ရှိသော အရောင်အဝန်းဖြင့် တင့်တယ်သော။ ဒွတ္တိံသဝရလက္ခဏာမာလာ၊ ၃၂ ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာအစဉ်သည်။ ဂန္ဓေတွာ၊ သီကုံး၍။ ထပိတဒွတ္တိံ သစန္ဓမာလာယ၊ ထားအပ်သော ၃၂ ခုသော လအစဉ်၏။ သိရိစ၊ အသရေကိုလည်းကောင်း။ ဒွတ္တိံသသူရိယ မာလာယ၊ ၃၂ ခုသော နေအစဉ်၏။ သိရိစ၊ အသရေကိုလည်းကောင်း။ ပဋိပါဋိယာ၊ အစဉ်အားဖြင့်။ ထပိတဒွတ္တိံသစက္က ဝတ္တိဒွတ္တိံသ သက္ကဒေဝရာဇဒွတ္တိံသ မဟာဗြဟ္မာနံ၊ ထားအပ်သော ၃၂ ယောက်သော စကြာမင်း, ၃၂ ယောက်သော သိကြားနတ်မင်း, ၃၂ ယောက်သော ဗြဟ္မာကြီးတို့၏။ သိရိစ၊ အသရေရေကို လည်းကောင်း။ သိရိယာ၊ အသရေဖြင့်။ အဘိဘဝန်္တိက္ကဝ၊ လွှမ်းမိုးသကဲ့သို့။ ဝါ၊ လွှမ်းမိုးသည်နှင့် တူသည်။ ဟောတိ၊ ၏။ စပန၊ အထူးတစ်ဖန်... အံ့။

(တစ်နည်း)။ ။ စ ပန၊ အဖို့တစ်ပါး... အံ့။ ဝါ၊ ပရိဝါရိတမြတ်စွာဘုရား၏ တင့်တယ်ပုံမှတစ်ပါး ပရိဝါရက ရဟန်းတို့၏ တင့်တယ်ပုံကို ဆိုဦးအံ့။ ။ တံဘဂဝန္တံ၊ ကို။ ပရိဝါရေတွာ၊ ခြံရံကြကုန်၍။ ဋ္ဌိတာ၊ တည်ကုန်သော။ သဗ္ဗေဝ၊ တစ်ယောက်မကြွင်း၊ ခပင်းဉသုံ၊ အလုံးစုံသာ လျှင် ဖြစ်ကုန်သော။ ဘိက္ခူ၊ တို့သည်။ အပ္ပိစ္ဆာ၊ ကင်းသောတဏှာ ရှိကြကုန်သည်။ သန္တုဋ္ဌာ၊ မိမိ ဥစ္စာဖြစ်သော ပစ္စည်းဖြင့် ရောင့်ရဲကြကုန်သည်။ ဝါ၊ တရားနှင့်အညီ ရောင့်ရဲကြကုန်သည်။ ဝါ၊ ထင်ရှားရှိသော ပစ္စည်းဖြင့် ရောင့်ရဲကြကုန်သည်။ ပဝိဝိတ္တာ၊ အပေါင်းအဖော် ကိလေသာတို့မှ ကင်းဆိတ်ကုန်သည်။ အသံသဋ္ဌာ၊ လူတို့နှင့် မရောနော မဆက်ဆံကုန်သည်။ စောဒကာ၊ စောဒနာ တတ်ကြကုန်သည်။ ဝါ၊ အပြစ်တင်တတ်ကြကုန်သည်။ ပါပဂရဟိနော၊ မကောင်းမှုကို ကဲ့ရဲ့,တတ် ကြကုန်သည်။ ဝတ္တာရော၊ ပြောဆိုတတ်ကြကုန်သည်။ ဝစနက္ခမာ၊ တစ်ပါးသော ပုဂ္ဂိုလ်တို့၏ စကားပြောဆိုခြင်းငှာ ခံကုန်သည်။ သီလသမ္ပန္နာ၊ လောကီသီလ, လောကုတ္တရာသီလနှင့် ပြည့်စုံကြကုန်သည်။ သမာဓိသမ္ပန္နာ၊ လောကီသမာဓိ, လောကုတ္တရာသမာဓိနှင့် ပြည့်စုံကြကုန်သည်။ ပညာသမ္ပန္နာ၊ လောကီပညာ, လောကုတ္တရာပညာနှင့် ပြည့်စုံကြကုန်သည်။ ဝိမုတ္တိသမ္ပန္နာ၊ ကိလေသာ တို့မှ လွတ်ပြီးသော ဖိုလ်ဉာဏ်နှင့် ပြည့်စုံကြကုန်သည်။ ဝိမုတ္တိဉာဏဒဿနသမ္ပန္နာ၊ ကိလေသာတို့မှ လွတ်ပြီးသော ဖိုလ်ဉာဏ်ကို သိမြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်နှင့် ပြည့်စုံကြကုန်သည်။ ဟောန္တိ၊ ကုန်၏။ တေသံ ဘိက္ခူနံ၊ တို့၏။ မဇ္ဈေ၊ အလယ်၌။ ဘဂဝါ၊ သည်။ ရတ္တာ ကမ္မလပါကာရပရိက္ခိတ္တော၊ နီသောကမ္မလာတည်းဟူသော တံတိုင်းဖြင့် ထက်ဝန်းကျင်မှ ခြံရံအပ်သော။ ဝါ၊ နီသော ကမ္မလာ

http://www.dhammadownload.com

တည်းဟူသော တံတိုင်းဖြင့် ထက်ဝန်းကျင်မှ ကာရံအပ်သော။ ကဋ္ဌန ထမ်္ဘော၊ ရွှေတိုင်သည်။ စက္ခုန္ဒြိ၊ မျက်စိတို့ကို။ ပီဏယတိဝိယစ၊ ပြည့်ဖြိုးစေသကဲ့သို့လည်းကောင်း။ ရတ္တပဒုမသဏ္ဍမဏ္ဍဂတာ၊ နီသောပဒုမာကြာတော အလယ်သို့ရောက်သော။ သုဝဏ္ဏနာဝါ၊ ရွှေလှေသည်။ စက္ခုန္ဒြိ၊ တို့ကို။ ပီဏယတိ ဝိယစ၊ သကဲ့သို့လည်းကောင်း။ ပဝါဠဓေဒိကာ ပရိက္ခိတ္တော၊ သန္တာပွတ်တိုင်တို့ဖြင့် ထက်ဝန်းကျင်မှ ခြံရံအပ်သော။ ဝါ၊ သန္တာပွတ်တိုင်တို့ဖြင့် ထက်ဝန်းကျင်မှ ကာရံအပ်သော။ အဂ္ဂိက္ခန္ဓော၊ မီးကျီးစုသည်။ ဝါ၊ မီးပုံကြီးသည်။ စက္ခုန္ဒြိ၊ တို့ကို။ ပီဏယတိဝိယစ၊ သကဲ့သို့လည်းကောင်း။ တာရာဂဏပရိဝါရိတော၊ ကြယ်အပေါင်းသည် ခြံရံအပ်သော။ ပုဏ္ဏစန္ဒော၊ လပြည့်ဝန်းသည်။ စက္ခုန္ဒြိ၊ တို့ကို။ ပီဏယတိဝိယစ၊ သကဲ့သို့လည်းကောင်း။ တထာ၊ ထို့အတူ။ မဂဝတ္ထိနံပိ၊ သားငှက်တို့၏သော်လည်း။ စက္ခုန္ဒြိ၊ တို့ကို။ ပီဏယတိ၊ ပြည့်ဖြိုးစေတော်မူနိုင်၏။ ဒေဝမနုဿာနံ၊ နတ်လူတို့၏။ စက္ခုန္ဒြိ၊ တို့ကို။ ပဂေဝ၊ ရှေးဦးမဆွ အစကသာလျှင်။ ပီဏယတိ၊ ပြည့်ဖြိုးစေတော်မူနိုင်၏။ (တစ်နည်း)။ ဒေဝမနုဿာနံ၊ တို့၏။ စက္ခုန္ဒြိ၊ တို့ကို။ ပီဏယနေ၊ ပြည့်ဖြိုးစေခြင်း၌။ ဝါ ဒေါ၊ စကားတစ်ခုပြုလုပ် ပြောဆိုဘွယ်သည်။ ပဂေဝ အာဘယ်မှာလျှင်ရှိပါတော့အံ့နည်း။ နတ္ထိ ဧဝ၊ မရှိတော့သည်သာ။

စပန၊ အထူးတစ်ဖန်… အံ့။ တသ္မိဒိဝသေ၊ ထိုအခွန့်ရှည်လျားသော ခရီးသို့ သွားရာနေ့၌။ ယေဘုယ္ယေန၊ များသောအားဖြင့်။ သုဝမ္မဝမ္မိတာ၊ ကောင်းသော ချပ်ဝတ်တန်ဆာဖြင့် ဝတ်ဆင်ဖွဲ့စည်းအပ်ကုန်သော။ ဂန္ဓဟတ္ထိနော၊ ဂန္ဓဆင်တို့သည်။ ပရိဝေါရေန္တိဝိယ၊ ခြံရံကြကုန်သကဲ့သို့။ တထာ၊ တူ။ ဝိဂတဒေါသာ၊ ကင်းပြီးသော ဒေါသရှိကြကုန်သော။ ဝန္တဒေါသာ၊ ထွေးအန်အပ်ပြီးသော ဒေါသရှိကြကုန်သော။ ဘိန္နကိလေသာ၊ ဖျက်ဆီးအပ်ပြီးသော ကိလေသာရှိကြကုန်သော။ ဝိဇိတ္ဓ ဧဋ္ဌာ၊ ဖြေရှင်းအပ်ပြီးသော တဏှာတည်းဟူသော အရှုပ်အထွေး ရှိကြကုန်သော။ ဆိန္နဇန္ဇနာ၊ ဖြတ်အပ်ပြီးသော တဏှာတည်းဟူသော အနှောင်အဖွဲ့ရှိကြကုန်သော။ အသီတိမဟာထေရာ၊ ရှစ်ကျိပ်သော မဟာထေရ်တို့သည်။ * မေဃဝဏ္ဏော၊ ဆည်းဆာရောင်သမ်း၊ ကြာနီပန်းသို့၊ နီမြန်းသော အဆင်းရှိသော မိုးတိမ်အဆင်းရှိသော။ ပံသုကူလံ၊ ပံသုကူ သင်္ကန်းကို။ ဧကံသံ၊ လက်ဝဲတစ်ဖက်၊ ပခုံးထက်၌။ ကရိတွာ၊ ထားကြကုန်၍။ ဝါ၊ တင်ကြကုန်၍။ ။ (တစ်နည်း)။ ။ ဧကံသံကရိကွာ၊ လက်ကန်တော့ထိုးကြကုန်၍။ ကတ္တာရဒဏ္ဍံ၊ တောင်ဝှေးကို။ အာဒါယ၊ ယူကြကုန်၍။ ဘဂဝန္တံ၊ ကို။ ပရိဝါရယိသု၊ ခြံရံကြကုန်ပြီ။

---

ဘဂဝါ၊ သည်။ ကတဘတ္တကိစ္စော၊ ပြုအပ်ပြီးသော ဆွမ်းစားခြင်းကိစ္စ ရှိတော်မူသည်။ ဟုတွာ၊ ၍။ တေသံသတ္တာနံ။ ထိုသတ္တဝါတို့၏။ စိတ္တသန္တာနာနိ၊ စိတ်အစဉ်တို့ကို။ ဩလောကေတွာ၊ ကြည့်တော်မူ၍။ ယထာ၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ ဓမ္မေ၊ ကို။ ဒေသိယမာနေ၊ ဟောတော်မူအပ်သည်ရှိသော်။ ကေစိ၊ အချို့ကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ သရဏေဂမနေသု၊ သရဏဂုံတို့၌။ ပတိဋ္ဌဟန္တိ၊ တည်ရကုန်၏။ ကေစိ၊ ကုန်သော။ သတ္တာ၊ တို့သည်။ ပဉ္စသု၊ ကုန်သော။ သီလေသု၊ တို့၌။ ပတိဋ္ဌဟန္တိ၊ ကုန်၏။ ကေစိ၊ ကုန်သော။ သတ္တာ၊ တို့သည်။ သောတာပတ္တိသကဒါဂါမိအနာဂါမိဖလာနံ၊ သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်တို့တွင်။ အညတရသ္မိံ၊ အမှတ်မထား တစ်ပါးပါးသော။ ဖလေ၊ ဖိုလ်၌။ ပတိဋ္ဌဟန္တိ၊ ကုန်၏။ ကေစိ၊ ကုန်သော။ သတ္တာ၊ တို့သည်။ ပဗ္ဗဇိတွာ၊ ရဟန်းပြုကြကုန်၍။ အဂ္ဂဖလေ၊ မြတ်သောဖိုလ်ဟု ဆိုအပ်သော။ အရဟတ္တေ၊ အရဟတ္တဖိုလ်၌။ ပတိဋ္ဌဟန္တိ၊ ကုန်၏။ တထာ၊ ထိုသရဏဂုံ, သီလ, လေးပါးသော ဖိုလ်တို့၌ တည်နိုင်လောက်အောင်သော အခြင်းအရာအားဖြင့်။ ဓမ္မံ၊ ကို။ ဒေသေတိ၊ ဟောတော်မူ၏။ ဣတိဣမာနိ၊ ဤသည်တို့တည်း။ ဇဝံ၊ သို့။ မဟာဇနံ၊ များစွာသော လူအပေါင်းကို။

http://www.dhammadownload.com

အနုဂ္ဂဟေတွာ၊ ချီးမြှောက်ထောက်ပံ့တော်မူပြီး၍။ အာသနာ၊ နေရာမှ။ ဥဋ္ဌာယ၊ ထတော်မူ၍။ ဝိဟာရံ၊ ကျောင်းသို့။ ဂစ္ဆတိ၊ ကြွသွားတော်မူ၏။

တတ္ထတသ္မိဝိဟာရေ၊ ထိုကျောင်းသို့။ ဂန္ဒာ၊ ကြွသွားတော်မူ၍။ ဘိက္ခူနံ၊ တို့၏။ ဘတ္တကိစ္စ ပရိယောသာနံ၊ ဆွမ်းစားခြင်းကိစ္စ၏ ပြီးဆုံးခြင်းကို။ အာဂမယမာနော၊ စဉ်းငယ်အတန် သည်းခံတော်မူလျက်။ ဝါ၊ ဆိုင်းငံ့တော်မူလျက်။ မဏ္ဍလမာဠေ၊ တန်ဆောင်းဝန်း၌။ ပညတ္တဝရဗုဒ္ဓါသနေ၊ ခင်းထားအပ်သော မြတ်သော မြတ်စွာဘုရားတို့၏နေရာ၌။ နိသီဒိ၊ နေတော်မူပြီ။ တတော ကာလတော၊ ထိုနေတော်မူပြီးရာကာလမှ။ ပရံ၊ နောက်၌။ ဘိက္ခူနံ၊ တို့၏။ ဘတ္တကိစ္စ ပရိယောသာနေ၊ ဆွမ်းစားခြင်းကိစ္စ၏ ပြီးဆုံးရာအခါ၌။ ဥပဋ္ဌာကော၊ အလုပ်အကျွေးဖြစ်သော ရဟန်းသည်။ ဘဂဝတော၊ အား။ နိဝေဒေတိ၊ လျှောက်ထား၏။ အထတသ္မိံကာလေ၊ အလုပ်အကျွေး ရဟန်းက လျှောက်ထားရာ ထိုအခါ၌။ ဘဂဝါ၊ သည်။ ဂန္ဓကုဋိံ၊ ဂန္ဓကုဋိတိုက်တော်သို့။ ပဝိသတိ၊ ဝင်တော်မူ၏။ ဝါ၊ ဝင်ခြင်းငှာ ကြွသွားတော်မူ၏။ ဣဒံ၊ ပြီးသည်ကား။ ပစ္ဆာဘတ္တကိစ္စာဒိတော၊ ပစ္ဆာဘတ်ကိစ္စ အစရှိသည်မှ။ တာဝ၊ ရှေးဦးစွာ။ ဝုတ္တံ၊ ဆိုအပ်သော။ ပုရေဘတ္တကိစ္စံ၊ ပုရေဘတ်ကိစ္စတည်း။ အထတသ္မိံကာလေ၊ မြတ်စွာဘုရား၏ ဂန္ဓကုဋိတိုက်သို့ ဝင်ခြင်းငှာ ကြွသွားတော်မူရာ ထိုအခါ၌။ ဘဂဝါ၊ သည်။ ဧဝံ၊ သို့။ ကတပုရေဘတ္တကိစ္စော၊ ပြုအပ်ပြီးသော ပုရေဘတ်ကိစ္စ ရှိတော်မူသည်။ ဟုတွာ၊ ဖြစ်တော်မူ၍။ ဂန္ဓကုဋိယာ၊ ဂန္ဓကုဋိတိုက်တော်၏။ ဥပဋ္ဌာနေ၊ အနီးဖြစ်သောအရပ်၌။ နိသီဒိတွာ၊ နေတော်မူ၍။ ပါဒေ၊ ခြေတော်တို့ကို။ ပက္ခာလေတွာ၊ ဆေးကြောတော်မူ၍။ ပါဒပီဌေ၊ ခြေဆေးအင်းပျဉ်၌။ ဌတွာ၊ ရပ်တော်မူ၍။ ဘိက္ခသံဃံ၊ ရဟန်းအပေါင်းကို။ သြဝဒတိ၊ ဆုံးမတော်မူ၏။

ကိံ၊ သို့။ သြဝဒတိ၊ နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ယသ္မာ၊ အကြင်ကြောင့်။ လောကသ္မိံ၊ လောက၌။ ဗုဒ္ဓုပ္ပါဒေါ၊ မြတ်စွာဘုရားတို့၏ ပွင့်တော်မူရာ နဝမကွဏ်းကို။ ဒုလ္လဘော၊ ဆင်းရဲသဖြင့် ရအပ်၏။ ဝါ၊ ရခြင်းငှာ ခဲယဉ်း၏။ ဝါ၊ ရနိုင်ခဲ၏။ ဗုဒ္ဓုပ္ပါဒေ၊ ကို။ လဗ္ဘမာနေပိ၊ ရအပ်ပါသော်လည်း။ မနုဿတ္တပဋိလာဘော၊ လူ၏အဖြစ်ကို ရခြင်းကို။ ဝါ၊ ရအပ်သော လူ၏အဖြစ်ကို။ ဒုလ္လဘော၊ ဆင်းရဲသဖြင့် ရအပ်၏။ ဝါ၊ ရခြင်းငှာ ခဲယဉ်း၏။ ဝါ၊ ရနိုင်ခဲ၏။ မနုဿတ္တပဋိလာဘေ၊ လူ၏အဖြစ်ကို ရခြင်းကို။ ဝါ၊ ရအပ်သော လူ၏အဖြစ်ကို။ လဗ္ဘမာနေပိ၊ ရအပ်ပြန်သော်လည်း * သမ္မတ္တိ၊ ပြည့်စုံသော ပတိရူပဒေသဝါသ၊ ကျွန်ဖြစ်ယောဂကလ္လ၊ သဒ္ဓါအစရှိသော ဂုဏ်ကျေးဇူးကို။ ဒုလ္လဘာ၊ ဆင်းရဲသဖြင့် ရအပ်၏။ သမ္မတ္တိယာ၊ ပြည့်စုံသော ပတိရူပဒေသဝါသ၊ ကျွန်ဖြစ်ယောဂ

---

* **မှတ်ချက်**။ ။ (ဤ)ဒုလ္လဘတရား ငါးပါးတွင်။ ။ ဒုလ္လဘာသမ္မတ္တိ။ ။ ဟူသော ပါဠိအရာ၌။ ။ ဒုလ္လဘာ သဒ္ဓါသမ္မတ္တိ။ ။ ဟူ၍ မူ-တို့၌ ရှိကြ၏။ တရားစာအုပ်များ၌လည်း ရေးသားကြ၏။ သို့ရှိကြ, ရေးသားကြသော်လည်း။ ။ ဒုလ္လဘာသမ္မတ္တိတိ သတိပိ မနုဿတ္တပဋိလာဘေ ပတိရူပဒေသဝါသ ကျွန်ဖြစ်ယောဂကလ္လသဒ္ဓါပဋိလာဘာဘဒယောဂုဏာဒုလ္လဘာတိ အတ္ထော။ ။ ဟူသော ဋီကာဟောင်း, သစ်တို့နှင့် မညီ။ ။ ဋီကာသစ်၌ကား။ ။ ဒုလ္လဘာသမ္မတ္တိတိ သတိပိ... ပ... ပဋိလာဘာဒယော သမ္မတ္တိ သဒ်္ဓါတာ ဂုဏာ ဒုလ္လဘာတိအတ္ထော။ ။ ဟု သမ္မတ္တိသဒ်္ဓါတာ တစ်ပုဒ်ပိုလျက် ရှိ၏။ ။ ပေါတ္ထကေသုပန ဒုလ္လဘာ သဒ္ဓါသမ္မတ္တိပါဒ္ဓေါဒိဿတိ သောအယုတ္တောဝ။ ။ ဟု ဋီကာသစ်၌ အထင်အရှားပယ်၏။ အကယ်၍ သဒ္ဓါသမ္မတိ-ပုဒ်ရှိခဲ့အံ့၊ သဒ္ဓါတစ်ပါးကို သာရသည်ဖြစ်၍ အရာကျဉ်းခဲ့၏။ သမ္မတ္တိရှိခဲ့လျှင်-သင့်လျော်သော အရပ်၌နေရခြင်း (ပတိရူပဒေသဝါသ) စကျွ စသော ကွန်ဒြေတို့၏ မချို့တဲ့သည်၏အဖြစ် (ကျွန်ဖြစ်ယောဂကလ္လ) သဒ္ဓါကိုရခြင်း (သဒ္ဓါပဋိလာဘ)

http://www.dhammadownload.com

ကလ္လ, သဒ္ဒါ အစရှိသော ဂုဏ်ကျေးဇူးကို။ လဗ္ဘမာနာယပိ၊ ရအပ်ပြန်သော်လည်း။ ပဗ္ဗဇ္ဇာ၊ ရဟန်း၏အဖြစ်ကို။ ဒုလ္လဘာ၊ ဆင်းရဲသဖြင့် ရအပ်၏။ ပဗ္ဗဇ္ဇာယ၊ ရဟန်း၏အဖြစ်ကို။ လဗ္ဘမာနာယပိ၊ ရအပ်ပြန်သော်လည်း။ သဒ္ဓမ္မသဝနံ၊ သူတော်ကောင်းတို့၏ တရားကို ကြားနာရခြင်းကို။ ဒုလ္လဘံ၊ ဆင်းရဲသဖြင့် ရအပ်၏။ ဝါ၊ ရခြင်းငှာ ခဲယဉ်း၏။ ဝါ၊ ရနိုင်ခဲ၏။ ကျတိတသ္မာ၊ ကြောင့်။ တုမှေ၊ သင်ချစ်သားတို့သည်။ အပွမာဒေန၊ မမေ့မလျော့ကြောင်း ဖြစ်သောသတိဖြင့်။ သမ္မာဒေထ၊ အဓိသီလ၊ ဓိစိတ္တနှင့်၊ ဓိကပညာ၊ သုံးသိက္ခာကို၊ ကောင်းစွာပြည့်စုံစေကြကုန်လော့။ ကျတိ။ သို့။ ဩဝဒတိ၊ ဆုံးမတော်မူ၏။

တတ္ထတသ္မိံဩဝဒနကာလေ၊ ထိုဆုံးမရာအခါ၌။ တတ္ထတေသု ဘိက္ခူသု၊ တို့တွင်။ ကေစိ၊ အချို့ကုန်သော။ ဘိက္ခူ၊ တို့သည်။ ဘဂဝန္တံ၊ ကို။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ပုစ္ဆန္တိ၊ မေးလျှောက်ကြကုန်၏။ ဘဂဝါပိ၊ သည်လည်း။ တေသံဘိက္ခူနံ၊ တို့အား။ ဝါ၊ တို့၏။ စရိယာနုရူပံ၊ စရိုက်အားလျော်သော။ ကမ္မဋ္ဌာနံ၊ ကို။ ဒေတိ၊ ပေးတော်မူ၏။ တတောကာလတော၊ ထိုကမ္မဋ္ဌာန်း ပေးပြီးရာကာလမှ။ ပရံ၊ ၌။ သမ္ဖေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဘိက္ခူ၊ တို့သည်။ ဘဂဝန္တံ၊ ကို။ ဝန္ဒိတွာ၊ ရှိခိုးကြကုန်၍။ အတ္တနော အတ္တနော၊ မိမိ၏ မိမိ၏။ ရတ္တိဋ္ဌာနဒိဝါဌာနာနိ၊ ညဉ့်နေရာအရပ်, နေ့နေရာအရပ်တို့သို့။ ပစ္ဆန္တိ၊ သွားကြကုန်၏။ ကေစိ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ အရညံ၊ တောသို့။ ဂစ္ဆန္တိ၊ ကုန်၏။ ကေစိ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ ရုက္ခမူလံ၊ သစ်ပင်၏အနီးသို့။ ဝါ၊ သစ်ပင်၏အောက်သို့။ ဂစ္ဆန္တိ၊ ကုန်၏။ ကေစိ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ စာတုမဟာရာဇိကဘဝနံ၊ စာတုမဟာရာဇ် နတ်ပြည်သို့။ ဂစ္ဆန္တိ၊ ကုန်၏။ ကေစိ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ တာဝတိံသာဘဝနံ၊ တာဝတိံသာနတ်ပြည်သို့။ ဂစ္ဆန္တိ၊ ကုန်၏။ ကေစိ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ ယာမဘဝနံ၊ ယာမာနတ်ပြည်သို့။ ဂစ္ဆန္တိ၊ ကုန်၏။ ကေစိ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ တုသိတာဘဝနံ၊ တုသိတာနတ်ပြည်သို့။ ဂစ္ဆန္တိ၊ ကုန်၏။ ကေစိ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ နိမ္မာနရတိဘဝနံ၊ နိမ္မာနရတိနတ်ပြည်သို့။ ဂစ္ဆန္တိ၊ ကုန်၏။ ကေစိ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ ဝသဝတ္တိဘဝနံ၊ ဝသဝတ္တိနတ်ပြည်သို့။ ဂစ္ဆန္တိ၊ ကုန်၏။ ကျတိ၊ သို့။ ဝေဒိတဗ္ဗာ၊ ကုန်၏။

တတောကာလတော၊ ထိုရဟန်းတို့ ပြန်သွားပြီးရာကာလမှ။ ပရံ၊ ၌။ ဘဂဝါ၊ သည်။ ဂန္ဓကုဋ္ဌိ၊ သို့။ ပဝိသိတ္ဝာ၊ ဝင်တော်မူ၍။ ဒက္ခိဏေန၊ လက်ယာဖြစ်သော။ ပဿေန၊ နံဘေးဖြင့်။

စသော သမ္ဗတ္တိဂုဏ်များကို ရသည်ဖြစ်၍ အရာကျယ်ခဲ့၏။ ။ ထို့ကြောင့်။ ။ ဒုလ္လဘာသမ္ဗတ္တိ။ ။ ပါဠိသာသင့်မြတ်၏။ ဤဒုလ္လဘငါးရပ်ကို ပြတတ်သော ပါဠိသည်လည်း ပါဠိတော်များ၌ သင်္ဂီယနာမတင်ခဲ့။ အဋ္ဌကထာများ၌သာ ဗုဒ္ဓကိစ္စကြီး ငါးပါးတွင် ပုရောဘတ္တကိစ္စ၏အဆုံး-ပစ္ဆာဘတ္တကိစ္စ၏ အစ၌ ပကိဏ္ဏက ဒေသနာအဖြစ်ဖြင့် လာ၏။ ထိုဒုလ္လဘပကိဏ္ဏကဒေသနာ၌ လိုရင်းအချုပ်ကား-အပွမာဒဟု ဆိုအပ်သော သတိသာတည်း။ ထိုသတိဟု ဆိုအပ်သော အပွမာဒကို ကုသိုလ်ကို အားထုတ်ရေး၌ သတ္တဝါအပေါင်းတို့အား အလွန်ကျေးဇူးများသော တရားဖြစ်၍ ပုရောဘတ္တကိစ္စအဆုံး-ပစ္ဆာဘတ္တကိစ္စအစ၌ လေးဆယ့်ငါးဝါ ကာလပတ်လုံး နေ့တိုင်း နေ့တိုင်း ဟောတော်မူသည့်အပြင် ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ်, ဓမ္မပဒ စသော ခုဒ္ဒကနိကာယ်များ၌ အထပ်ထပ် ဟောတော်မူအပ်သည်ကို တွေ့မြင်ရပေ၏။ နောက်ဆုံး ပရိနိဗ္ဗာန်စံခါနီး၌လည်း။ ဟန္ဒဒါနိဘိက္ခဝေ အာမန္တယာမိဝေါ၊ ဝယဓမ္မာသင်္ခါရာ၊ အပွမာဒေန သမ္ပာဒေထ။ ။ ဟု ပစ္ဆိမဗုဒ္ဓဝစန၏အဖြစ်ဖြင့် ဟောတော်မူခဲ့၏။ ထို့ကြောင့် အပွမာဒဟု ဆိုအပ်သော သတိတရားကို လက်ကိုင်ထားကြရန် အရေးကြီးလှ၏)

http://www.dhammadownload.com

သတော၊ အောက်မေ့တတ်သော သတိရှိတော်မူသည်။ သမ္မဇာနော၊ ကောင်းစွာ အပြားအားဖြင့် သိတတ်သောဉာဏ် ပညာရှိတော်မူသည်။ ဟုတ္တာ၊ ဖြစ်တော်မူ၍၊ မုဟုတ္တံ၊ တမုဟုတ်မျှ။ သီဟသေယျံ၊ မြတ်သောအိပ်ခြင်းကို။ ဝါ၊ ခြသေ့မင်း၏ အိပ်ခြင်းနှင့်တူသော အိပ်ခြင်းကို။ ကပ္ပေတုံ၊ ပြုခြင်းငှာ။ သစေအာကင်္ခတိ၊ အကယ်၍ အလိုရှိတော်မူခဲ့အံ့။ ဇဝံ အာကင်္ခန္တေ၊ ဤသို့အလိုရှိခဲ့သော်။ ဒက္ခိဏေန၊ သော။ ပဿေန၊ နံဘေးဖြင့်။ သတော၊ သည်။ သမ္မဇာနော၊ သည်။ ဟုတ္တာ၊ ၍။ မုဟုတ္တံ၊ မျှ။ သီဟသေယျံ၊ ကို။ ကပ္ပေတိ၊ ပြုတော်မူ၏။ အထပစ္ဆာ၊ ကျိန်းစက်တော်မူပြီးရာကာလမှ နောက်၌။ သမဿာသိတကာယော၊ သက်သာစေအပ်ပြီးသော ကိုယ်တော်ရှိတော်မူသည်။ ဝါ၊ ထောက်ပံ့ခိုင်မာစေအပ်ပြီးသော ကိုယ်တော်ရှိတော်မူသည်။ ဟုတ္တာ၊ ဖြစ်တော်မူ၍။ ဝုဋ္ဌဟိတ္တာ၊ ထတော်မူ၍။ ဒုတိယဘာဂေ၊ နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သောအဖို့၌။ လောကံ၊ သတ္တလောကကို။ ဝေါလောကေတိ၊ ကြည့်တော်မူ၏။ တတိယဘာဂေ၊ သုံးခုတို့၏ ပြည့်ကြောင်းဖြစ်သောအဖို့၌။ ယဂါမံဝါ၊ အကြင် ရွာကိုသော်လည်းကောင်း။ ယံနိဂမံဝါ၊ အကြင်နိဂုံးသို့လည်းကောင်း။ ဥပနိဿာယ၊ မှီတော်မူ၍။ ဝိဟရတိ၊ ၏။ တတ္ထတသ္မိဂါမေဝါ၊ ထိုရွာ၌သော်လည်းကောင်း။ တတ္ထတသ္မိနိဂမေဝါ၊ ထိုနိဂုံး၌သော်လည်းကောင်း။ မဟာဇနော၊ များစွာသော လူအပေါင်းသည်။ ပုရေဘတ္တံ၊ ပုရေဘတ်အခါ၌။ ဝါ၊ ဆွမ်းစားရာကာလမှ ရှေ့အဖို့ဖြစ်သောအခါ၌။ ဝါ၊ ဆွမ်းစားရာကာလ၏ ရှေ့အဖို့ဖြစ်သောအခါ၌။ ဒါနံ၊ ပေးလှူအပ်သော ပစ္စည်းဝတ္ထုကို။ ဝါ၊ ပေးလှူကြောင်းဖြစ်သော စေတနာကို။ ဒတ္တာ၊ ပေးလှူ၍။ ဝါ၊ ဖြူစင်စေ၍။ ပစ္စာဘတ္တံ၊ ပစ္စာဘတ်အခါ၌။ ဝါ၊ ဆွမ်းစားပြီးရာကာလမှ နောက်အဖို့ဖြစ်သောအခါ၌။ ဝါ၊ ဆွမ်းစားပြီးရာကာလ၏ နောက်အဖို့ဖြစ်သောအခါ၌။ သုနိဝတ္ထော၊ ကောင်းစွာဝတ်လျက်။ သုပါရုတော၊ ကောင်းစွာရုံလျက်။ ဂန္ဓပုပ္ဖာဒီနိ၊ နံ့သာ, ပန်း အစရှိသည်တို့ကို။ အာဒါယ၊ ယူ၍။ ဝိဟာရေ၊ ကျောင်း၌။ သန္နိပတတိ၊ ကောင်းစွာ ကျရောက်၏။ ဝါ၊ စည်းဝေး၏။

တတော ကာလတော၊ ထိုကျရောက်ပြီးရာကာလမှ။ ပရံ၊ ၌။ ဘဂဝါ၊ သည်။ သမ္မတ္တပရိသာယ၊ ကောင်းစွာရောက်လာသော ပရိသတ်အား။ အနုရူပနေ၊ လျော်သော။ ပါဋိဟာရိယေန၊ တန်ခိုးပြာဋိဟာဖြင့်။ ဂန္ဓာ၊ ကြွသွားတော်မူ၍။ ဓမ္မသဘာယံ၊ တရားကိုတကွ ပြောဆိုရာဖြစ်သော တရားသဘင်၌။ ပညတ္တဝရဗုဒ္ဓါသနေ၊ ခင်းထားအပ်သော မြတ်သော မြတ်စွာဘုရားတို့၏နေရာ၌။ နိသဇ္ဇ၊ ထိုင်တော်မူ၍။ ကာလယုတ္တံ၊ သင့်လျော် လျောက်ပတ် ကောင်းမြတ်သောအခါနှင့်ယှဉ်သော။ ဝါ၊ အခါအားလျော်သော။ သမယယုတ္တံ၊ သင့်လျော်လျောက်ပတ် ကောင်းမြတ်သောအခါနှင့်ယှဉ်သော။ ဝါ၊ အခါအားလျော်သော။ ။ (တစ်နည်း)။ ။ ကာလယုတ္တံ၊ သင့်လျော်လျောက်ပတ် ကောင်းမြတ်သောအခါနှင့်ယှဉ်သော။ ဝါ၊ အခါအားလျော်သော။ သမယယုတ္တံ၊ အတ္ထုပ္ပတ္တိနှင့်ယှဉ်သော။ ဝါ၊ အတ္ထုပ္ပတ္တိအားလျော်သော။ ဝါ၊ အကြောင်းဥဒါဟရဏ်တို့နှင့်ယှဉ်သော။ ဓမ္မံ၊ ကို။ ဒေသေတိ၊ ဟောတော်မူ၏။ အထပစ္ဆာ၊ တရားဟောတော်မူပြီးရာ ကာလမှနောက်၌။ * ကာလံ၊

---

* **မှတ်ချက်။** ။ (ကာလံ ဝိဒိတ္တာ။ ။ ပါဠိအရာ၌။ ။ သမယံ ဝိဒိတ္တာ။ ။ ဟု အချို့သော မူတို့၌ ရှိကြသေး၏။ ထိုပါဠိကို။ ။ သောပစ္ဆာပမာဒလိခိတော။ ။ ဟု ဋီကာသစ်၌ ဆို၏။ သံယုတ္တနိကာယ်၊ သဂါထာဝဂ္ဂ၊ ဗြာဟ္မဏသံယုတ်၊ ဒုတိယဝဂ်၊ ပဌမကသိဏသုတ် အဋ္ဌကထာ၌လည်း။ ။ ကာလံဝိဒိတ္တာ။ ။ ဟူ၍ပင် ရှိ၏)

http://www.dhammadownload.com

အခါကို။ ဝိဒိတွာ၊ သိတော်မူ၍။ ပရိသံ၊ ပရိသတ်ကို။ ဥယျောဇေသိ၊ တိုက်တွန်းတော်မူပြီ။ ဝါ၊ ပြန်လွှတ်တော်မူပြီ။

မနုဿာ၊ တို့သည်။ ဘဂဝန္တံ၊ ကို။ ဝန္ဒိတွာ၊ ရှိခိုးကြကုန်၍။ ပက္ကမန္တိ၊ ဖဲသွားကြကုန်၏။ ကြဒံ၊ ပြီးသည်ကား။ ပစ္ဆာဘတ္တကိစ္စံ၊ တည်း။ သောဘဂဝါ၊ သည်။ ဧဝံ၊ သို့။ နိဋ္ဌိတပစ္ဆာဘတ္တကိစ္စော၊ ပြီးဆုံးပြီးသော ပစ္ဆာဘတ်ကိစ္စ ရှိတော်မူသည်။ ဟုတွာ၊ ၍။ ဂတ္တာနိ၊ ကိုယ်တော်တို့ကို။ သြသိဉ္စိတုကာမော၊ ရေသွန်းလောင်းခြင်းငှာ အလိုရှိတော်မူသည်။ သစေဟောတိ၊ အကယ်၍ ဖြစ်အံ့။ ဧဝံသတိ၊ သော်။ ဗုဒ္ဓါသနာ၊ မြတ်စွာဘုရား၏နေရာမှ။ ဝုဋ္ဌာယ၊ ထတော်မူ၍။ နာနကောဋ္ဌကံ၊ ရေချိုးအုံသို့။ ပဝိသိတွာ၊ ဝင်တော်မူ၍။ ဥပဋ္ဌာကေန၊ အလုပ်အကျွေးဖြစ်သော ရဟန်းသည်။ ပဋိယာဒိတဥဒကေန၊ စီရင်အပ်ပြီးသောရေဖြင့်။ ဂတ္တာနိ၊ ကိုယ်တော်တို့ကို။ ဥတုံ၊ အငွေ့ကို။ ဂဏှာပေတိ၊ ယူစေ၏။ ဥပဋ္ဌာကောပိ၊ အလုပ်အကျွေးဖြစ်သော ရဟန်းသည်လည်း။ ဗုဒ္ဓါသနံ၊ မြတ်စွာဘုရား၏နေရာကို။ အာနေတွာ၊ ဆောင်၍။ ဂန္ဓကုဋိပရိဝေဏေ၊ ဂန္ဓကုဋိပရိဝုဏ်၌။ ပညပေတိ၊ ခင်းထား၏။

ဘဂဝါ၊ သည်။ သုရတ္တဒုပဒုံ၊ ကောင်းစွာ ဆိုးအပ်ပြီးသော ဒုပဒ္ဒတော်ကို။ ဝါ၊ ကောင်းစွာ ဆိုးအပ်သော နှစ်ထပ်သင်းပိုင်ကို။ နိဝါသေတွာ၊ ဝတ်တော်မူ၍။ ကာယဗန္ဓနံ၊ ခါးပန်းကြိုးကို။ ဗန္ဓိတွာ၊ ဖွဲ့တော်မူ၍။ ဥတ္တရာသင်္ဂံ၊ အထက်သတ်မှတ်၊ ပခုံးရပ်၌၊ ငြိကပ်တင်လွှမ်းအပ်သော ကိုယ်ဝတ်ဧကံသကို။ ကတွာ၊ တင်တော်မူ၍။ တတ္ထတသ္မိံ ဂန္ဓကုဋိပရိဝေဏေ၊ သို့။ ဂန္ဓာ၊ ကြွသွားတော်မူ၍။ ဧကကောဝ၊ အဖော်မမှီး၊ ကိုယ်တော်တစ်ပါးတည်းသာလျှင်။ မုဟုတ္တံ၊ တစ်မုဟုတ်မျှ။ ပဋိသလ္လီနော၊ အာရုံများစွာ၊ ဖဲကြဉ်ခွာ၍၊ သင့်ရာသတ်မှတ်၊ ဖလသမာပတ်၌၊ ငြိကပ်စွဲလမ်းတော်မူသည်။ ဟုတွာ၊ ၍။ နိသီဒတိ၊ နေတော်မူ၏။ အထတသ္မိံကာလေ၊ မြတ်စွာဘုရား၏ ထိုင်နေတော်မူရာ ထိုအခါ၌။ ဘိက္ခူ၊ တို့သည်။ တတောတတောဌာနတော၊ ထိုထို မိမိ မိမိတို့ နေရာအရပ်မှ။ အာဂမ္မ၊ လာကြကုန်၍။ ဘဂဝတော၊ အား။ ဥပဋ္ဌာနံ၊ ဆည်းကပ်ခစားရာအရပ်သို့။ ဝါ၊ ဆည်းကပ်ခစားခြင်းငှာ။ အာဂစ္ဆန္တိ၊ လာကြကုန်၏။ * တတ္ထတသ္မိံပုရိမယာမေ၊ ထိုပုရိမယာမ်၌။ တတ္ထတသ္မိံ ဌာနေ၊ မြတ်စွာဘုရား ထိုင်နေတော်မူရာ ထိုအရပ်၌။ တတ္ထတေသုဘိက္ခူသု၊ တို့တွင်။ ဧကစ္စေ၊ အချို့ကုန်သော။ ဘိက္ခူ၊ တို့သည်။ ပဥ္ဉံ၊ ပြဿနာကို။ ပုစ္ဆန္တိ၊ မေးလျှောက်ကြကုန်၏။ ဧကစ္စေ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ပုစ္ဆန္တိ၊ ကုန်၏။ ဧကစ္စေ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ ဓမ္မသဝနံ၊ တရားနာခြင်းကို။ ယာစန္တိ၊ တောင်းပန်လျှောက်ထားကြကုန်၏။ ဘဂဝါ၊ သည်။ တေသံဘိက္ခူနံ၊ တို့၏။ အဓိပ္ပာယံ၊ အလိုကို။ သမ္မဒေဿော၊ ပြည့်စုံစေတော်မူလျက်။ ပုရိမယာမံ၊ ပုရိမယာမ်ကို။ ဝီတိနာမေတိ၊ လွန်စေတော်မူ၏။ ကြဒံကိစ္စံ၊ ဤဆိုအပ်ပြီးသောကိစ္စသည်။ ပုရိမယာမကိစ္စံ၊ ပုရိမယာမကိစ္စပေတည်း။

ပန၊ အဖို့တစ်ပါး…အံ့။ ဝါ၊ ပုရိမယာမကိစ္စမှတစ်ပါး မရှိမယာမကိစ္စကို ဆိုဦးအံ့။ ပုရိမယာမကိစ္စ ပရိယောသာနေ၊ ပုရိမယာမကိစ္စ၏ ပြီးဆုံးရာအခါ၌။ ဘိက္ခူသု၊ တို့သည်။ ဘဂဝန္တံ၊

---

* **မှတ်ချက်။** ။ (ဤဝါကျဝယ်။ ။ တတ္ထ။ ။ ဟူသောပုဒ်ကို တန္တနည်း၊ သိလေသနည်းအားဖြင့် သုံးထပ်ယောဇနာလိုက်၏။ အရာတိုင်းနည်းယူ)

http://www.dhammadownload.com

ကို။ ဝန္ဒိတွာ၊ ရှိခိုးကြကုန်၍။ ပက္ကန္တေသု၊ ဖဲသွားကုန်ပြီးသည်ရှိသော်။ သကလဒသသဟဿီလောက ဓာတုဒေဝတာယော၊ အလုံးစုံသော တစ်သောင်းသော လောကဓာတ်၌ နေကြကုန်သော နတ်ဗြဟ္မာ တို့သည်။ ဩကာသံ၊ အခွင့်ကို။ လဘမာနာ၊ ရကြကုန်သည်ရှိသော်။ ဘဂဝန္တံ၊ ကို။ ဝါ၊ သို့။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်ကြကုန်၍။ ယထာဘိသန်တံ၊ အကြင်အကြင် စီရင်အပ်ပြီးသော။ ပဉ္ဟံ၊ ပြဿနာကို။ ယထာဘိသန်တံ၊ အကြင်အကြင် ပြုပြင်စီရင်အပ်သည့်အတိုင်း။ ဝါ၊ ပြုပြင်စီရင်အပ်သည်အားလျော်စွာ။ ပုစ္ဆန္တိ၊ မေးလျှောက်ကြကုန်၏။ အန္တမသော၊ အောက်ထစ်ပိုင်းခြား၊ အဆုံးရှိယှဉ်သောအားဖြင့်။ စတုရက္ခရံ၊ လေးလုံးသော အက္ခရာရှိသော။ ပဥ်ပိ၊ ကိုလည်း။ ပုစ္ဆန္တိ၊ ကုန်၏။ ဘဂဝါ၊ သည်။ တာသံဒေဝတာနံ၊ ထိုနတ်တို့၏။ ပဉ်၊ ကို။ ဝိဿဇ္ဇေသု၊ ဖြေဆိုတော်မူလျက်။ မဇ္ဈိမယာမံ။ မဇ္ဈိမယာမ်ကို။ ဝီတိနာမေတိ၊ လွန်စေတော်မူ၏။ ဣဒံကိစ္စံ၊ ဤဆိုအပ်ပြီးသော ကိစ္စသည်။ မဇ္ဈိမယာမကိစ္စံ၊ မဇ္ဈိမယာမကိစ္စပေတည်း။

ပန၊ အဖို့တစ်ပါး···အံ့။ ဝါ၊ မဇ္ဈိမယာမကိစ္စမှတစ်ပါး ပစ္ဆိမယာမကိစ္စကိုဆိုဦးအံ့။ * ပစ္ဆိမယာမံ၊ ပစ္ဆိမယာမ်ကို။ တယော၊ သုံးပါးကုန်သော။ ကောဋ္ဌာသေ၊ အဖို့တို့ကို။ ကတွာ၊ ပြုတော်မူ၍။ ပုရေဘတ္တတော၊ ပုရေဘတ်အခါမှ။ ဝါ၊ ဆွမ်းစားရာကာလမှ ရှေးဖြစ်သောအခါမှ။ ဝါ၊ ဆွမ်းစားရာကာလ၏ ရှေးဖြစ်သောအခါမှ။ ပဋ္ဌာယ၊ စ၍။ နိသဇ္ဇာယ၊ ထိုင်ခြင်းသည်။ ပီဠိတသေ၊ နှိပ်စက်အပ်သော။ သရီရသေ၊ ကိုယ်တော်၏။ ဝါ၊ ကိုယ်တော်ကို။ ကိလာသုဘာဝမောစနတ္ထံစ၊ ပင်ပန်းသည်၏အဖြစ်မှ လွတ်ရခြင်းအကျိုးငှာလည်း။ ဝါ၊ ပင်ပန်းသည်၏အဖြစ်မှ လွတ်စေရခြင်းအကျိုးငှာလည်း။ ဇကံ၊ တစ်ခုသော။ ကောဋ္ဌာသံ၊ အဖို့ကို။ စကံမေန၊ စကြိုးဖြင့်။ ဝီတိနာမေတိ၊ လွန်စေတော်မူ၏။ ဒုတိယကောဋ္ဌာသေ၊ နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော အဖို့၌။ ဂန္ဓကုဋိ၊ ဂန္ဓကုဋိတိုက်တော်သို့။ ပဝိသိတွာ၊ ဝင်တော်မူ၍။ ဒက္ခိဏေန၊ လက်ယာဖြစ်သော။ ပဿေန၊ နံဘေးဖြင့်။ သတော၊ အောက်မေ့တတ်သော သတိရှိတော်မူသည်။ သမ္ပဇာနော၊ ကောင်းစွာအပြားအားဖြင့် သိတတ်သော ဉာဏ်ပညာရှိတော်မူသည်။ ဟုတွာ၊ ၍။ သီဟသေယျံ၊ မြတ်သောအိပ်ခြင်းကို။ ကပ္ပေတိ၊ ပြုတော်မူ၏။

တတိယကောဋ္ဌာသေ၊ သုံးခုတို့၏ ပြည့်ကြောင်းဖြစ်သော အဖို့၌။ ပစ္ဆုဋ္ဌာယ၊ စောစောထတော်မူ၍။ နိသီဒိတွာ၊ ထိုင်တော်မူ၍။ ပုရိမဗုဒ္ဓါနံ၊ ရှေးဘုရားတို့၏။ သန္တိကေ၊ အထံ၌။ ဒါနသီလာဒိဝသေန၊ ဒါန, သီလ အစရှိသည်တို့၏ အစွမ်းအားဖြင့်။ ကတာဓိကာရပုဂ္ဂလဿနတ္ထံ၊ ပြုအပ်ပြီးသော လွန်ကဲသော ကောင်းမှုရှိသော ပုဂ္ဂိုလ်တို့ကို ကြည့်ရှုရခြင်းငှာ။ ဝါ၊ ပြုအပ်ပြီးသော လွန်ကဲသောကောင်းမှုရှိသော ပုဂ္ဂိုလ်တို့ကို ကြည့်ရှုရခြင်း အကျိုးငှာ။ ဗုဒ္ဓစက္ခုနာ၊ မြတ်စွာဘုရား၏ မျက်လုံးတော်ဖြင့်။ ဝါ၊ ဣန္ဒြိယပရောပရိယတ္တိဉာဏ်, အာသယာနုသယဉာဏ်ဟု ဆိုအပ်သော မြတ်စွာဘုရား၏ မျက်လုံးတော်ဖြင့်။ လောကံ၊ သတ္တလောကကို။ ဝေါလောကေတိ၊ ကြည့်တော်

---

* **မှတ်ချက်**။ ။ (ပစ္ဆိမယာမံ ပန တယော ကောဋ္ဌာသေ။ ။ ဟူသော ပါဠိဝယ်။ ။ ပစ္ဆိမယာမကိစ္စံ ပန။ ။ ဟု အချို့မူတို့၌ ကိစ္စသဒ္ဒါနှင့် ရှိကြ၏။ ကိစ္စကို သုံးမျိုးခွဲသည် မဟုတ်။ ပစ္ဆိမယာမကိုသာ သုံးမျိုးခွဲသောအရာဖြစ်၍။ ။ ပစ္ဆိမယာမံ ပန။ ။ ဟူသော ပါဠိသာ သင့်မြတ်၏။ သံယုတ္တနိကာယ်၊ သဂါထာဝဂ္ဂ ဗြာဟ္မဏသံယုတ်၊ ကသိသုတ် အဋ္ဌကထာ၌လည်း။ ပစ္ဆိမယာမံ။ ။ ဟူ၍သာ ပါဠိရှိခဲ့၏)

http://www.dhammadownload.com

မူ၏။ ဣဒံကိစ္စံ၊ ဤဆိုအပ်ပြီးသော ကိစ္စသည်။ ပစ္ဆိမယာမ ကိစ္စံ၊ တည်း။ ။ ပန။ ။ ဝိသေသတ္ထ။ ။ (တစ်နည်း)။ ။ ပက္ခန္တရ။ ။ တသ္မိဒံဝသေ၊ ထိုဗြဟ္မဇာလသုတ်ကို ဟောတော်မူရာနေ့၌။ ဘဂဝါ၊ သည်။ ပုရေဘတ္တကိစ္စံ၊ ပုရေဘတ်ကိစ္စကို။ ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ ပရိယောသာပေတွာ၊ ပြီးဆုံးစေတော်မူ၍။ ပစ္ဆာဘတ္တေ၊ ပစ္ဆာဘတ်အခါ၌။ မဂ္ဂံ၊ ခရီးသို့။ အာဂတော၊ ကြွလာတော်မူပြီ။ ပုရိမယာမေ၊ ပုရိမယာမ်၌။ ဘိက္ခူနံ၊ တို့အား။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ဝါ၊ ရအပ်သော တရားထူးတို့၏ တည်ရာဖြစ်သော ဘာဝနာကံအလုပ်ကို။ ကထေတွာ၊ ဟောတော်မူ၍။ မဇ္ဈိမယာမေ၊ ၌။ ဒေဝတာနံ၊ တို့၏။ ပဉ္ဉံ၊ ပြဿနာကို။ ဝိဿဇ္ဇေတွာ၊ ဖြေဆိုတော်မူပြီး၍။ ပစ္ဆိမယာမေ၊ ၌။ စင်္ကံမံ၊ စင်္ကြံသို့။ အာရုယှ၊ တက်တော်မူ၍။ စင်္ကံမမာနော၊ စင်္ကြံသွားတော်မူလျက်။ ပဉ္စန္နံဘိက္ခုသတာနံ၊ ငါးရာသောရဟန်းတို့၏။ သဗ္ဗညုတညာဏံ၊ ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ပဝတ္တံ၊ ဖြစ်သော။ ဣမံကထံ၊ ဤစကားကို။ သဗ္ဗညုတညာဏေနေဝ၊ ဖြင့်သာလျှင်။ သုတွာ၊ ကြားတော်မူ၍။ အညာသိ၊ သိတော်မူပြီ။ ဣတိအယံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ ဝိဿဇ္ဇနာ၊ အကျယ်ဖြစ်သော အဖြေတည်း။

တေန၊ ထို့ကြောင့်။ ပစ္ဆိမယာမကိစ္စံကရောန္တော အညာသီတိ၊ ဟူ၍။ ဝါ-ဟူသော စကားရပ်ကို။ မယာ၊ သည်။ ဝုတ္တံ၊ ဆိုအပ်ပြီ။ ။ စပန၊ အထူးတစ်ဖန်… ဆက်ပြပါအံ့။ ဥ တွာ၊ သိခြင်းကြောင့်။ ဝါ၊ သိသည်ရှိသော်။ အဿဘဂဝတော၊ အား။ ဇေတံပရိဝိတက္ကန်၊ ဤသို့သောအကြံသည်။ အဟောသိ၊ ဖြစ်ပြီ။ ကိံ၊ အဘယ်သို့သောအကြံသည်။ အဟောသိ၊ ဖြစ်သနည်း။ ဣဓမေဘိက္ခူ၊ တို့သည်။ မယ္ဟံ၊ ငါဘုရား၏။ သဗ္ဗညုတညာဏံ၊ ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ဂုဏံ၊ ဂုဏ်ကျေးဇူးကို။ ကထေန္တိ၊ ပြောဆိုကြကုန်၏။ စ၊ ထိုသို့ပင် ပြောဆိုကြပါသော်လည်း။ ဇေတသံဘိက္ခူနံ၊ ဤရဟန်းတို့အား။ သဗ္ဗညုတညာဏကိစ္စံ၊ သဗ္ဗညုတဉာဏ်တော်၏ ကိစ္စသည်။ နပါကဋံ၊ မထင်ရှားခဲ့။ မယှမေဝ၊ ငါဘုရားအားသာလျှင်။ ပါကဋံ၊ ထင်ရှားခဲ့၏။ ပန၊ စင်စစ်သော်ကား။ မယိ၊ ငါဘုရားသည်။ ဂတေ၊ ကြွသွားတော်မူသည်ရှိသော်။ ဇေတဘိက္ခူ၊ တို့သည်။ အတ္တနော၊ မိမိ၏။ ကထံ၊ စကားကို။ နိရန္တရံ၊ အကြားမပြတ်၊ ကွက်မလပ်အောင်။ အာရောစေဿန္တိ၊ လျှောက်ထားကြကုန်လိမ့်လတ္တံ့။ တတော၊ ထိုသို့လျှောက်ထားခြင်းကြောင့်။ နေသံဘိက္ခူနံ၊ ထိုရဟန်းတို့အား။ အဟံ၊ ငါဘုရားသည်။ တံကထံ၊ ထိုရဟန်းတို့ လျှောက်ထားအပ်သော စကားကို။ အတ္ထုပ္ပတ္တိ၊ ကို။ ဝါ၊ ဖြစ်ပေါ်လာသော အကြောင်းကို။ ကတွာ၊ ပြုတော်မူ၍။ တိဝိဓသီလံ၊ သုံးပါးအပြားရှိသော သီလကို။ ဝိဘဇေန္တော၊ ဝေဖန်တော်မူလျက်။ ဒွါသဋ္ဌိယာ၊ ခြောက်ဆယ့်နှစ်ပါးသော။ ဒ္ဒာနေသု၊ ဒိဋ္ဌဂတအရာတို့၌။ အပ္ပဋိဝတ္တိယံ၊ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် မဖြစ်စေအပ်နိုင်သော။ သီဟနာဒံ၊ ခြင်္သေ့မင်း၏ ဟောက်သံနှင့်တူသော ဟောက်သံကို။ နဒန္တော၊ ဟောက်တော်မူလျက်။ ပစ္ဆာယာကာရံ၊ ကျေးဇူးပြုပုံ အခြင်းအရာရှိသော ပဋိစ္ဆသမုပ္ပါဒ်ကို။ သမောဓာနေတွာ၊ ပေါင်း၍။ ဗုဒ္ဓဂုဏေ၊ မြတ်စွာဘုရား၏ ဂုဏ်တော်ကျေးဇူးတော်တို့ကို။ ပါကဋေ၊ ထင်ရှားသည်တို့ကို။ ကတွာ။ ပြုတော်မူ၍။ သိနေရုံ၊ မြင်းမိုရ်တောင်ကို။ ဥက္ခိပေန္တော၀ိယစ၊ မြှောက်ချီသကဲ့သို့လည်းကောင်း။ သုဝဏ္ဏကူဋေန၊ ရွှေတူဖြင့်။ နဘံ၊ ကောင်းကင်ကို။ ပဟရန္တော၀ိယစ၊ ရိုက်နှက်ပုတ်ခတ်သကဲ့သို့လည်းကောင်း။ ဒဿဿဟဿိ လောကဓာတုကမ္ပနံ၊ တစ်သောင်းသော လောကဓာတ်ကို တုန်လှုပ်စေတတ်သော။ ဗြဟ္မဇာလသုတ္တန္တံ၊

http://www.dhammadownload.com

ဇြဟ္မဇာလသုတ္တန်ကို။ အရဟတ္တနိကူဋ္ဌေန အရဟတ္တဖိုလ်တည်းဟူသော အထွဋ်ဖြင့်။ နိဋ္ဌာပေန္တော၊ ပြီးဆုံးစေတော်မူလျက်။ ဒေသေသာမိ၊ ဟောတော်မူရတော့အံ့။ မေ၊ ငါဘုရား၏။

သာပနဒေသနာ၊ ထိုဒေသနာတော်သည်ကား။ မေ၊ ငါဘုရားသည်။ ပရိနိဗ္ဗုတသာပိ၊ ပရိနိဗ္ဗာန် စံပင်စံတော်မူပါသော်လည်း။ ပဋ္ဌဝဿသဟဿာနိ၊ အနှစ်ငါးထောင်တို့ ကာလပတ်လုံး။ သတ္တာနံ၊ သတ္တဝါတို့ကို။ အမတမဟာနိဗ္ဗာနံ၊ အမတမဟာနိဗ္ဗာန်သို့။ သမ္ပာပိကာ၊ ရောက်စေတတ်သည်။ ဘဝိဿတိ၊ ဖြစ်လိမ့်လတ္တံ့။ ဣတိဧတံပရိဝိတက္ကန်၊ ဤသို့သောအကြံသည်။ အဟောသိ၊ ပြီ။ ဧဝံ၊ ဤသို့။ စိန္တေတွာ၊ ကြံတော်မူပြီး၍။ ယေနဒိသာဘာဂေန၊ အကြင်အရပ်မျက်နှာအဖို့ဖြင့်။ မဏ္ဍလမာဠော၊ တန်ဆောင်းဝန်းသို့။ ဥပသင်္ကမိတမ္ဘော၊ ချဉ်းကပ်အပ်၏။ တေနဒိသာဘာဂေန၊ ထိုအရပ်မျက်နှာအဖို့ဖြင့်။ မဏ္ဍလမာဠံ၊ သို့။ ဥပသင်္ကမိ၊ ချဉ်းကပ်တော်မူ၏။

ယေနမဏ္ဍလမာဠော တေနုပသင်္ကမီတိဧတ္ထ၊ ဟူသော ဤပါဠိ၌။ ယေနာတိ၊ ကား။ ယေနဒိသာဘာဂေန၊ အကြင်အရပ်မျက်နှာအဖို့ဖြင့်။ မဏ္ဍလမာဠော၊ တန်ဆောင်းဝန်းသို့။ ဥပသင်္ကမိတမ္ဘော၊ ချဉ်းကပ်အပ်၏။ တေနဒိသာဘာဂေန၊ ဖြင့်။ မဏ္ဍလမာဠံ၊ သို့။ ဥပသင်္ကမိ၊ ချဉ်းကပ်တော်မူပြီ။ ဝါ၊ တစ်နည်းကား။ ဧတံပဒဒွယံ၊ ဤ ယေန, တေန ဟူသော ပုဒ်တို့၏ နှစ်ပါးတို့၏ အပေါင်းသည်။ ဘုမ္မတ္ထေ၊ သတ္တမီဝိဘတ်အနက်၌။ ကရဏဝစနံ၊ ကရိဏ်းဝိဘတ်ရှိသော ပုဒ်တည်း။ ။ (တစ်နည်း)။ ။ ဧတံဝစနံ၊ ယ,တ သဒ္ဒါနောင်သက်အပ်သော ဤဝိဘတ်သည်။ ဘုမ္မတ္ထေ၊ သတ္တမီအနက်၌။ ဝိဟိတံ၊ စီရင်အပ်သော။ ဝါ၊ သက်အပ်သော။ ကရဏဝစနံ၊ ကရိဏ်းဝိဘတ်တည်း။ ယသ္မိံပဒေသေ၊ အကြင်အရပ်၌။ သောမဏ္ဍလမာဠော၊ သည်။ အတ္ထိ၊ ရှိ၏။ တတ္ထတသ္မိံပဒေသေ၊ ထိုတန်ဆောင်းဝန်းရှိရာအရပ်သို့။ ဂတော၊ ကြွသွားတော်မူ၏။ ဝါ၊ ချဉ်းကပ်တော်မူ၏။ ဣတိအယံ၊ ပြီးသည်ကား။ ဧတ္ထဧတသ္မိံပါဠေ၊ ယေနမဏ္ဍလမာဠော တေနုပသင်္ကမိ ဟူသော ဤပါဠိ၌။ အတ္ထော၊ တည်း။

ပညတ္တေအာသနေ နိသီဒီတိဧတံဝစနံ၊ ဟူသော ဤသဒ္ဒါကို။ ကံအာသနံ၊ အာဘယ်နေရာကို။ သန္ဓာယ၊ ရည်ရွယ်၍။ အာယသ္မတာအာနန္ဒတ္ထေရေန၊ သည်။ ဝုတ္တံ၊ နည်း။ ဣတိအယံ၊ သည်ကား။ ပုစ္ဆာတည်း။ ကိရ၊ အဖြေကင်းကွာ၊ မေးပုစ္ဆာကို၊ ကျယ်စွာချဲ့ပိမ့်။ ဗုဒ္ဓကာလေ၊ မြတ်စွာဘုရား၏ လက်ထက်တော်အခါ၌။ ယတ္ထယတ္ထယသ္မိံ ယသ္မိံဌာနေ၊ အကြင်အကြင်အရပ်၌။ ဧကော၊ တစ်ပါးသော။ ဘိက္ခုပိ၊ သည်လည်း။ ဝိဟရတိ၊ နေ၏။ သဗ္ဗတ္ထသဗ္ဗသ္မိံ၊ အလုံးစုံသော။ တတ္ထတတ္ထတတ္ထသ္မိံ တသ္မိံဌာနေ၊ ထိုထိုအရပ်၌။ ဗုဒ္ဓါသနံ၊ မြတ်စွာဘုရားတို့၏နေရာသည်။ ဝါ၊ မြတ်စွာဘုရားတို့၏ နေရာကို။ ပညတ္တမေဝ၊ ခင်းထားအပ်ပြီးသည်သာလျှင်။ ဟောတိ၊ ၏။ ကသ္မာ၊ အဘယ်ကြောင့်။ ဗုဒ္ဓကာလေ၊ ၌။ ယတ္ထယတ္ထယသ္မိံ ယသ္မိံဌာနေ၊ ၌။ ဧကော၊ သော။ ဘိက္ခုပိ၊ သည်လည်း။ ဝိဟရတိ၊ ၏။ သဗ္ဗတ္ထသဗ္ဗသ္မိံ၊ သော။ တတ္ထတတ္ထတတ္ထသ္မိံ တသ္မိံဌာနေ၊ ၌။ ဗုဒ္ဓါသနံ၊ သည်။ ဝါ၊ ကို။ ပညတ္တမေဝ၊ ပြီးသည်သာလျှင်။ ဟောတိ၊ နည်း။ ဣတိအယံ၊ သည်ကား။ ပုစ္ဆာ၊ တည်း။ ကိရယသ္မာ၊ အကြင်ကြောင့်။ ဘဂဝါ၊ သည်။ အတ္တနော၊ ကိုယ်တော်၏။ သန္တိကေ၊ အထံ၌။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ဂဟေတွာ၊ ယူကြကုန်၍။ ဖာသုကဋ္ဌာနေ၊ ချမ်းသာရာအရပ်၌။ ဝိဟရန္တေ၊ နေကုန်သော။ ဘိက္ခူ၊ တို့ကို။ မနသိ၊ စိတ်၌။ ကရောတိ၊ ထားတော်မူ၏။

http://www.dhammadownload.com

(တစ်နည်း)။ ။ မနသိ ကရောတိ၊ နှလုံးသွင်းတော်မူ၏။ ကိ၊ အဘယ်သို့။ မနသိကရောတိ၊ နှလုံးသွင်းတော်မူသနည်း။ အသုကော၊ ထိုအမည်ရှိသော။ ဘိက္ခု၊ သည်။ မယှံ၊ ငါဘုရား၏။ သန္တိကေ၊ အထံ၌။ ကမ္မဋ္ဌာနံ၊ ကို။ ဂဟေတွာ၊ ယူ၍။ ဂတော၊ သွားပြီ။ သောဘိက္ခု၊ သည်။ ဝိသေသံ၊ တရားထူးကို။ နိဗ္ဗတ္တေတုံ၊ ဖြစ်စေခြင်းငှာ၊ သက္ခိဿတိနုခေါ၊ စွမ်းနိုင်လတ္တံ့လော။ နောဝါသက္ခိဿတိနုခေါ၊ မစွမ်းနိုင်လတ္တံ့သော။ ဣတိ၊ သို့။ မနသိကရောတိ၊ နှလုံးသွင်းတော်မူ၏။ အထတသ္မိံကာလေ၊ နှလုံးသွင်းတော်မူရာ ထိုအခါ၌။ ကမ္မဋ္ဌာနံ၊ ကို။ ဝိဿဇ္ဇိတွာ၊ စွန့်လွှတ်၍။ အကုသလဝိတက္ကံ၊ အကုသိုလ်ဖြစ်သော ဝိတက်ကို။ ဝိတက္ကယမာနံ၊ ကြံသော။ နံဘိက္ခု၊ ထိုရဟန်းကို။ အထပဿတိ၊ အကယ်၍ မြင်တော်မူအံ့။ တတော၊ ထိုသို့ မြင်တော်မူသည်၏ အဖြစ်ကြောင့်။ ကထံဟိ၊ အဘယ်ကြောင့်။ မာဒိသဿ၊ ငါကဲ့သို့ ရှုအပ်သော သဘောရှိသော။ သတ္ထု၊ မြတ်စွာဘုရား၏။ သန္တိကေ၊ အထံ၌။ ကမ္မဋ္ဌာနံ၊ ကို။ ဂဟေတွာ၊ ၍။ ဝိဟရန္တဿ၊ နေသော။ ဣမံ ကုလပုတ္တံ၊ ဤအမျိုးကောင်းသားကို။ အကုသလဝိတက္ကာ၊ အကုသိုလ်ဖြစ်သော ဝိတက်တို့သည်။ အဘိဘဝိတွာ၊ လွှမ်းမိုးနှိပ်စက်ကြကုန်၍။ အနမတဂ္ဂေ၊ သိအပ်သော အစမရှိသော။ ဝါ၊ မသိအပ်သော အစရှိသော။ ဝဋ္ဋဒုက္ခေ။ ဝဋ်ဆင်းရဲ၌။ သံသာရေန္တိနာမ၊ ကျင်လည်စေရကုန်ဘိသနည်း။ ဣတိမနသိကတွာ၊ ဤသို့နှလုံးသွင်းတော်မူ၍။ တဿကုလပုတ္တဿ၊ ထိုအမျိုးကောင်းသားကို။ အနုဂ္ဂဟတ္ထံ၊ ချီးမြှောက်ထောက်ပံ့ရခြင်းငှာ။ ဝါ၊ အကျိုးငှာ။ တတ္ထေဝတသ္မိံဧဝဌာနေ၊ ထိုရဟန်းရှိရာအရပ်၌သာလျှင်။ အတ္တာနံ။ ကိုယ်တော်ကို။ ဒဿေတွာ၊ ပြတော်မူ၍။ တံကုလပုတ္တံ၊ ထိုအမျိုးကောင်းသားကို။ ဩဝဒိတွာ၊ ဆုံးမတော်မူပြီး၍။ အာကာသံ၊ ကောင်းကင်သို့။ ဝါ၊ ကောင်းကင်၌။ ဥပ္ပတိတွာ၊ ပျံတက်တော်မူ၍။ ပုန၊ နောက်ထပ်တစ်ဖန်။ အတ္တာနော၊ ကိုယ်တော်၏။ ဝသနဋ္ဌာနမေဝ၊ နေရာအရပ်သို့သာလျှင်။ ဂစ္ဆတိ၊ ကြွသွားတော်မူ၏။

အထတသ္မိံကာလေ၊ ကြွသွားတော်မူရာ ထိုအခါ၌။ ဧဝံ၊ သို့။ ဩဝဒိယမာနာ၊ ဆုံးမအပ်ကုန်သော။ တေဘိက္ခူ၊ တို့သည်။ စိန္တယိသု၊ ကြံကြကုန်ပြီ။ ကိ၊ အဘယ်သို့။ စိန္တယိသု၊ ကြံကြကုန်သနည်း။ သတ္ထာ၊ မြတ်စွာဘုရားသည်။ အမှာကံ၊ ငါတို့၏။ မနံ၊ စိတ်ကို။ ဇာနိတွာ၊ သိတော်မူ၍။ အာဂန္တွာ၊ ကြွလာတော်မူ၍။ အမှာကံ၊ ငါတို့၏။ သမီပေ၊ အနီး၌။ ဌိတံယေဝ၊ ရပ်တော်မူသည်သာလျှင်ဖြစ်သော။ အတ္တာနံ၊ ကိုယ်တော်ကို။ ဒဿေတိ၊ ပြတော်မူ၏။ တသ္မိံခဏေ၊ ကိုယ်တော့်ကို ပြတော်မူရာ ထိုခဏ၌။ ဘန္တေ၊ မြတ်စွာဘုရား။ တုမှေ၊ တို့သည်။ ဣဓဣဓမသ္မိံအာသနေ၊ ဤနေရာ၌။ နိသီဒထ၊ နေထိုင်တော်မူကြပါကုန်လော့။ ဣဓဣဓမသ္မိံအာသနေ၊ ဤနေရာ၌။ နိသီဒထ၊ နေထိုင်တော်မူကြပါကုန်လော့။ ဣတိ၊ သို့။ အာသနပရိယေသနံနာမ၊ နေရာကို ရှာမှီးရခြင်းမည်သည်။ ဘာရော၊ ဝန်လေးလှ၏။ ဣတိ၊ သို့။ စိန္တယိသု၊ ကြံကြကုန်ပြီ။ ဣတိ၊ သို့။ စိန္တေတွာ၊ ကြံကြကုန်ပြီး၍။ တေဘိက္ခူ၊ တို့သည်။ အာသနံ၊ နေရာကို။ ပညပေတွာဝ၊ ခင်းကြကုန်၍သာလျှင်။ ဝိဟရန္တိ၊ နေကြရကုန်၏။

ယဿဘိက္ခုနော၊ အကြင်ရဟန်းအား။ ပိဋ္ဌံ၊ အင်းပျဉ်သည်။ အတ္ထိ၊ ရှိအံ့။ သောဘိက္ခု၊ ထိုရဟန်းသည်။ တံပိဋ္ဌံ၊ ထိုအင်းပျဉ်ကို။ ပညပေတိ၊ ခင်းထား၏။ ယဿဘိက္ခုနော၊ အား။ ပိဋ္ဌံ၊ သည်။ နတ္ထိ၊ မရှိခဲ့အံ့။ သောဘိက္ခု၊ သည်။ မဉ္စံဝါ၊ ညောင်စောင်းကိုသော်လည်းကောင်း။ ဖလကံဝါ၊

http://www.dhammadownload.com

ပျဉ်ချပ်ကိုသော်လည်းကောင်း။ ကဋ္ဌဝါ၊ သစ်သားကိုသော်လည်းကောင်း။ ပါသာဏ်ဝါ၊ ကျောက်ကို သော်လည်းကောင်း။ ဝါလုကပုဋ္ဌဝါ၊ သဲစုကိုလည်းကောင်း။ ဝါ၊ သဲပုံကိုလည်းကောင်း။ ပညပေတိ၊ ခင်းထား၏။ တံမဋ္ဌဝါ၊ ထိုညောင်စောင်းကိုသော်လည်းကောင်း။ တံဖလကံဝါ၊ ထိုပျဉ်ချပ်ကိုသော် လည်းကောင်း။ တံကဋ္ဌဝါ၊ ထိုသစ်သားကိုသော်လည်းကောင်း။ တံပါသာဏ်ဝါ၊ ထိုကျောက်ကိုသော် လည်းကောင်း။ တံဝါလုကပုဋ္ဌဝါ၊ ထိုသဲစုကိုသော်လည်းကောင်း။ ဝါ၊ ထိုသဲပုံကိုသော်လည်းကောင်း။ အလဘမာနာ၊ မရကြကုန်သည်ရှိသော်။ ပုရာဏပဏ္ဏာနိပိ၊ ဟောင်းနွမ်းသော သစ်ရွက်တို့ကိုသော် လည်း။ သင်္ကိုတ္တာ၊ စုရုံးကြကုန်၍။ တတ္ထတေသု ပုရာဏပဏ္ဏေသု၊ ထိုဟောင်းနွမ်းသော သစ်ရွက် တို့၌။ ပံသုကူလံ၊ ပံသုကူသင်္ကိန်းကို။ ပတ္ထရိတ္တာ၊ ဖြန့်ခင်းကြကုန်၍။ ထပေန္တိ၊ ထားကြကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဗုဒ္ဓကာလေ၊ မြတ်စွာဘုရားလက်ထက်တော်အခါ၌။ ယတ္ထ ယတ္ထ ယသ္မိံ ယသ္မိံ ဌာနေ၊ အကြင် အကြင်အရပ်၌။ ဧကော၊ သော။ ဘိက္ခုပိ၊ သည်လည်း။ ဝိဟရတိ၊ ၏။ သဗ္ဗတ္ထသဗ္ဗသ္မိံ၊ သော။ တတ္ထ တတ္ထ တသ္မိံ တသ္မိံ ဌာနေ၊ ထိုထိုအရပ်၌။ ဗုဒ္ဓါသနံ၊ မြတ်စွာဘုရား တို့၏နေရာသည်။ ဝါ၊ ကို။ ပညတ္တမေဝ၊ ခင်းထားအပ်ပြီးသည်သာလျှင်။ ဟောတိ၊ ၏။ ဣတိအယံ၊ ပြီးသည်ကား။ ဝိဿဇ္ဇနာ၊ အဖြေတည်း။

ပန။ ။ ဝိသေသတ္ထ။ ။ (တစ်နည်း)။ ။ ပကာသနရ။ ။ ဣမ ဣမသ္မိံဉယျာနေ၊ ဤ အမွှလင်္ဂကဉယျာဉ်၌။ ရညော၊ မင်း၏။ နိသီဒနာသနမေဝ၊ ထိုင်နေရာဖြစ်သော နေရာသည်သာလျှင်။ အတ္ထိ၊ ၏။ တံနိသီဒနာသနံ၊ ထိုထိုင်နေရာ နေရာကို။ ပမ္ပေါဇ္ဇေတွာ၊ ခါကြကုန်၍။ ပညပေတွာ၊ ခင်းထားကြကုန်၍။ ပရိဝါရေတွာ၊ ခြံရံကြကုန်၍။ တေဘိက္ခူ၊ တို့သည်။ ဘဂဝတော၊ ၏။ အဓိ မုတ္တိကဉာဏံ၊ အလိုနှလုံးသွင်းကို သိတတ်သောဉာဏ်ကို။ အာရဗ္ဘ၊ အကြောင်းပြုကြကုန်၍။ ဂုဏံ။ ဂုဏ်ကျေးဇူးကို။ ထောမယမာနာ၊ ချီးမွမ်းကြကုန်လျက်။ နိသီဒိံသု၊ နေကြကုန်ပြီ။ တံအာသနံ၊ ထို မင်း၏နေရာကို။ သန္ဓာယ၊ ရည်ရွယ်၍။ ပညတ္တေ အာသနေ နိသီဒိတိ၊ ဟူ၍။ အာယသ္မတာ အာနန္ဒတ္ထေရေန၊ သည်။ ဝုတ္တံ၊ ပြီ။ ဣတိအယံ၊ ပြီးသည်ကား။ ဝိဿဇ္ဇနာ၊ အကျယ်ဖြစ်သောအဖြေ တည်း။

ပန၊ မပြတ်စပ်လာ... ပိမ့်။ ဧဝံ၊ သို့။ နိသိန္နော၊ နေတော်မူသော။ ဘဂဝါ၊ သည်။ ဇာနန္တော ယေဝ၊ သိတော်မူလျက်သာလျှင်။ ကထာသမုဋ္ဌာပနတ္ထံ၊ စကားကို ဖြစ်စေရခြင်းငှာ။ ဝါ၊ စကားကို ဖြစ်စေရခြင်း အကျိုးငှာ။ ဘိက္ခူ၊ တို့ကို။ ပုစ္ဆိ၊ မေးတော်မူပြီ။ တေစဘိက္ခူ၊ တို့သည်လည်း။ အဿဘဂဝတော၊ အား။ သဗ္ဗံ၊ အလုံးစုံသော။ ပဝတ္တိံ၊ ဖြစ်ပုံအခြင်းအရာကို။ ကထယိံသု၊ လျှောက် ထားကြကုန်ပြီ။ တေန၊ ထို့ကြောင့်။ နိသဇ္ဇခေါ ဘဂဝါတိ အာဒိ၊ ဤသို့ အစရှိသော ပါဠိကို။ အာယသ္မတာ အာနန္ဒာတ္ထေရေန၊ သည်။ ဝုတ္တံ၊ ပြီ။ တတ္ထတသ္မိံပါဠေ၊ နိသဇ္ဇ ခေါ ဘဂဝါ အစရှိ သော ထိုပါဠိ၌။ ကာယနုတ္ထာတိ၊ ကား။ တုမှေ၊ သင်ချစ်သားတို့သည်။ ကတမာယ၊ အဘယ်မည် သော။ ကထာယ၊ စကားဖြင့်။ သန္နိသိန္နာ၊ ကောင်းစွာထိုင်ကြကုန်သည်။ ဝါ၊ ကောင်းစွာ နေကြ ကုန်သည်။ ဘဝထန၊ ဖြစ်ကြကုန်သနည်း။ ဣတိအယံ၊ ပြီးသည်ကား။ အတ္ထော၊ တည်း။ ကာယ နေတ္ထာတိပိ၊ ကာယနေတ္ထဟူ၍လည်း။ ပါဠိ၊ ပါဠိသည်။ ကတ္ထစိပေါတ္ထကေ၊ အချို့သောပေ၌။ ဝါ၊ အချို့သောစာအုပ်၌။ အတ္ထိ၊ ရှိတတ်သေး၏။ တဿာပါဠိယာ၊ ထိုကာယနေတ္ထ-ဟူသော ပါဠို၏။

http://www.dhammadownload.com

တုမှေ၊ တို့.သည်။ ဧတ္ထဧတေသ္ဝိဋ္ဌာနေ၊ ဤအရပ်၌။ ကတမာယ၊ သော။ ကထာယ၊ ဖြင့်။ သန္ဓိသိန္နာန္၊ ကောင်းစွာနေကြကုန်သနည်း။ ဣတိအယံ၊ ပြီးသည်ကား။ အတ္ထော၊ တည်း။

ကာယနောတ္ထာတိပိ၊ ကာယနောတ္ထဟူ၍လည်း။ ပါဠို၊ သည်။ ကတ္ထစိပေါတ္ထကေ၊ ၌။ အတ္ထိ၊ သေး၏။ တဿာပိပါဠိယာ၊ ထိုကာယနောတ္ထဟူသော ပါဠို၏လည်း။ ပုရိမော၊ ရှေးဖြစ်သော။ အတ္ထောယေဝ၊ အနက်ကိုသာလျှင်။ ဝေဒိတဗ္ဗော၊ သိအပ်၏။ * အန္တရာကထာတိ၊ ကား။ ကမ္မဋ္ဌာန မနသိကာရ ဥဒ္ဒေသပရိပုစ္ဆာဒီန်၊ ကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်း၊ ပါဠိကို သင်ယူခြင်း၊ အဋ္ဌကထာ ကို သင်ယူခြင်း အစရှိသည်တို့.မှ။ အန္တရာ၊ တစ်ပါးသော။ အညာ၊ တစ်ပါးသော။ ဧကာ၊ တစ်ပါး သော။ ကထာ၊ စကားကို။ ဝိပွကတာ၊ အပြားအားဖြင့် ပြုခြင်းမှကင်းသနည်း။ ဝါ၊ ကင်းပြီးသော အပြားအားဖြင့် ပြုခြင်းရှိသနည်း။ ဝါ၊ ပြုအပ်ပြီး မဟုတ်သနည်း။ ဝါ၊ ပြုအပ်ဆဲနည်း။ ဝါ၊ ပြု၍ မပြီးသေးသနည်း။ ။ (တစ်နည်း)။ ။ ကမ္မဋ္ဌာနမနသိကာရ ဥဒ္ဒေသပရိပုစ္ဆာဒီန်၊ ကမ္မဋ္ဌာန်းကို

---

* **မှတ်ချက်**။ ။ (အန္တရာသဒ္ဒါ၏ အညာ အနက်ကို ရည်ရွယ်၍။ ။ အညာဧကော။ ။ ဟု ဖွင့်ဆို၏။ (တစ်နည်း)။ ။ အန္တရာသဒ္ဒါ၏ ဝေမ၎အနက်ကို ရည်ရွယ်၍။ ။ အညာဧကော။ ။ ဟု ဖွင့်ဆို၏။ ။ ဤကာဟောင်း၊ ဤကာသစ်တို့.အဆို။ ။ ထိုအန္တရာသဒ္ဒါ၏ အညအနက်၊ ဝေမ၎အနက်နှင့်လျော်အောင် ယောဇနာလိုက်၏။ သို့ ယောဇနာရာမှာ-ဉာဏာဝမုနအကျိုးငှာ နိယမ၊ အနိယမနှင့်တကွ သုံးနည်းယောဇနာလိုက်၏။

ဝိပွကတာ။ ။ ဟူသောပုဒ်၌လည်း။ ။ ပကာရေန၊ ကရဏေ ပကတော၊ တတော ဝိဂတာ။ ဝိဂတံ ဝါ ပကတံ ယသ္မာတိဝိပွကတာ၊ အပရိနိဋ္ဌိတာ။ ။ ဟု ဤကာသစ်၌ ဝိဂြိဟ်ဆို၏။ ဤဤကာသစ်နည်းကို ယူ၍ နှစ်နည်းယောဇနာခဲ့၏။ ဤဤကာသစ်နည်း၌-ပကတ-ပုဒ်ကို ဘာဝသာဓနပြုလုပ်ခြင်းကို သင့်မြတ်၏ဟု မထင်မြင်ခဲ့။ ငါတို့.ကား-ပ-သဒ္ဒါကို ပကာရတ္ထဖြစ်စေ၊ ဓာတုတ္ထာနုဝတ္တကဖြစ်စေ၊ ဝိသဒ္ဒါကို ပဋိသေဓတ္ထ, တ-ပစ္စည်းကို ကမ္မသာဓနတ္ထဟု ကြံ၍။ ။ ပကရီယိတ္ထာ တိပကတာ။ ။ နှ ပကတာ ဝိပွကတာ၊ အပရိနိဋ္ဌိတာ။ ။ ဟု ပြုသင့်၏ဟူ၍သာ ထင်မိပေကုန်၏။ ထို့ကြောင့် အတ္ထနောမတိအားဖြင့် နောက်နည်းများကို ယောဇနာခဲ့ပေကုန်၏။ ပါထိကဝဂ်၊ ဥဒုမ္ဗရိကသုတ် ဤကာဋ္ဌကား။ ။ ပကတာဟုတ္တာ ဝိဇ္ဇိန္နာ ဝိပွကတာတိ အာဟအပရိနိဋ္ဌိတာဝဟုတ္တာ ဋ္ဌိတာတိ။ ။ ဟုဆို၏။ ဤဤကာဋ္ဌ-ပကတာ-ဟူသောပုဒ်ဝယ်-ပ-ဥပသဂ္ဂပုဒ်ကို။ ။ ကဒ္ဓေ, ကိ, နှ၊ နော, အ, ဓလု၊ မာ·လံ-ဟု မှတ်၊ ရှစ်နိပါတ်၊ မြစ်လတ်ပဋိသိဓ်။ ။ ဟူသော နိယံသစ်အတိုင်း-ယဒ္ဓေ-နိပါတ်ပုဒ်, ကိ-နိပါတ်ပုဒ်,နှ-နိပါတ်ပုဒ်, နော-နိပါတ်ပုဒ်,အ-နိပါတ်ပုဒ်, ဓလု-နိပါတ်ပုဒ်, မာ-နိပါတ်ပုဒ်, အလံ-နိပါတ်ပုဒ်-ဤရှစ်ပါးသော နိပါတ်ပုဒ်များသည် ပဋိသေဓတ္ထဧောတက နိပါတ်များတည်း။ ။ ဒု, ပရာ, နိ၊ ဥ, ဝိ, အပ၊ ပ-ခွန်ရ၊ ဥပ-ပဋိသိဓ်။ ။ ဟူသော နိယံသစ်အတိုင်း-ဒု-ဥပသဂ္ဂပုဒ်, ပရာ-ဥပသဂ္ဂပုဒ်, နိ-ဥပသဂ္ဂပုဒ်, ဥ-ဥပသဂ္ဂပုဒ်, ဝိ-ဥပသဂ္ဂပုဒ်,အပ-ဥပသဂ္ဂပုဒ်,ပ-ဥပသဂ္ဂပုဒ်-ဤခုနစ်ပါးသော ဥပသဂ္ဂပုဒ်များသည် ပဋိသေဓတ္ထဧောတက ဥပသဂ္ဂပုဒ်များတည်း။ ဤဆိုခဲ့ပြီးသော ခုနစ်ပါးသော ဥပသဂ္ဂပုဒ်တို့.တွင် ပရိဝါ၊ ဥဗ္ဘာဟိကဝဂ်၊ ဥပါလိပဉ္စာလာ-ပသာရေတာ, မောဟေတာ-ဟူသော ပုဒ်တို့.တွင်-ပသာရေတာပုဒ်ဝယ်-ပ-ဥပသဂ္ဂကဲ့သို့ ပဋိသေဓတ္ထဧောတက-ဥပသဂ္ဂဟူ၍ မှတ်ရမည်။

ပကတာ၊ ပြုအပ်ပြီးမဟုတ်သည်။ ဝါ၊ ပြုအပ်ဆဲသည်။ ဝါ၊ ပြု၍ မပြီးသေးသည်။ ဟုတ္တာ၊ ဖြစ်၍။ ဝိစ္ဆိန္နာ၊ ဘုရားကြွလတ်အကြောင်းဟပ်၍ ပြတ်စဲသော။ ကထာ၊ စကားသည်။ ဝိပွကတာ၊ ဝိပွကတာမည်၏။ ဣတိတသ္မာ၊ ကြောင့်။ အပရိနိဋ္ဌိတာဝဟုတ္တာ ဋ္ဌိတာတိ၊ ဟူ၍။ သင်္ဂီဟကာရော၊ သည်။ အာဟ၊ မိန့်ပြီ။ ။ ဤသို့ဤကာဋ္ဌ ယောဇနာရမည်။ ။ ဤဤကာအလို ဝိပွကတာပုဒ်ကို။ ။ ဝိပွကတာ၊ ပြုအပ်ပြီးမဟုတ်ဘဲ ပြတ်စဲသော။ ဝါ၊ ပြုအပ်ဆဲ ပြတ်စဲသော။ ဝါ၊ ပြု၍ မပြီးသေးမီ ပြတ်စဲသော။ ဝါ၊ ပြောဆိုအပ်စဉ် ပြတ်စဲသော၊ ကထာ၊ စကားသည်။ ကာစပန၊ အဘယ်နည်း။ ။ ဟု ယောဇနာရမည်။ ။ အနက်အဓိပ္ပာယ် ဖြောင့်မတ်လှ၏)

http://www.dhammadownload.com

နှလုံးသွင်းခြင်း, ပါဠိကို သင်ယူခြင်း, အဋ္ဌကထာကို သင်ယူခြင်း အစရှိသည်တို့၏။ အန္တရာ၊ အကြား၌။ အညာ၊ တစ်ပါးသော။ ဧကာ၊ တစ်ပါးသော။ ကထာ၊ စကားကို။ ဝိပွကတာ၊ အပြားအားဖြင့် ပြုခြင်းမှ ကင်းသနည်း။ ဝါ၊ ကင်းပြီးသော အပြားအားဖြင့် ပြုခြင်းရှိသနည်း။ ဝါ၊ ပြုအပ်ပြီး မဟုတ်သနည်း။ ဝါ၊ ပြုအပ်ဆဲနည်း။ ဝါ၊ ပြု၍မပြီးသေးသနည်း။ ဝိပွကတာတိ၊ ကား။ မမ၊ ငါဘုရား၏။ အာဂမနပစ္စယာ၊ ကြွလာတော်မူခြင်းဟူသော အကြောင်းကြောင့်။ အပရိနိဋ္ဌိတာ၊ အပြီးအဆုံးသို့ မရောက်သေးသနည်း။ သိခံ၊ အပြီးအဆုံးသို့။ အပ္ပတ္တာ၊ မရောက်သေးသနည်း။ တေနပဒေန၊ ထိုဝိပွကတာဟူသောပုဒ်ဖြင့်။ ကိ အတ္ထံ၊ အဘယ်အနက်ကို။ ဘဂဝါ၊ သည်။ ဒဿေတိ၊ ပြတော်မူသနည်း။

အဟံ၊ ငါဘုရားသည်။ တုမှာကံ၊ သင်ချစ်သားတို့၏။ ကထာဘဂိတ္ထံ၊ စကားကို ဖျက်ဆီးခြင်းငှာ။ ဝါ၊ စကားကို ဖျက်ဆီးရခြင်းအကျိုးငှာ။ နအာဂတော၊ ကြွလာတော်မူသည်မဟုတ်။ ပန၊ အဟုတ်အမှန်ကား။ အဟံ၊ ငါဘုရားသည်။ သဗ္ဗညုတာယ၊ တစ်ခုမကြွင်း၊ ခပင်းဉဿုံ၊ အလုံးစုံသော၊ ဥေ ယျငါးတန်၊ တရားမှန်ကို၊ ဇကန်သိတတ်သည်၏ အဖြစ်ဟူသော သဗ္ဗညုတဉာဏ်ဖြင့်။ တုမှာကံ၊ သင်ချစ်သားတို့၏။ ကထံ၊ စကားကို။ နိဋ္ဌာပေတွာ၊ ပြီးဆုံးစေ၍။ မတ္ထကပတ္တံ၊ အထွဋ်အထိပ်သို့ ရောက်သည်ကို။ ကတွာ၊ ပြုတော်မူ၍။ ဒဿာမိ၊ ပေးတော်မူရတော့အံ့။ ဣတိမနသိကတွာ၊ ဤသို့ နှလုံးသွင်းတော်မူ၍။ အာဂတော၊ ကြွလာတော်မူပြီ။ ဣတိဣမံအတ္ထံ၊ ဤအနက်ကို။ ဒဿေတိ၊ ပြတော်မူ၏။ ဣတိ၊ သို့။ နိသဒ္ဒေဝ၊ ထိုင်တော်မူ၍သာလျှင်။ သဗ္ဗညုပဝါရဏံ၊ သဗ္ဗညုဘုရားတို့၏ ဖိတ်ခြင်းကို။ ပဝါရေတိ၊ ဖိတ်တော်မူ၏။

အယံခေါနောဘန္တေအန္တရာဝိပွကတာ၊ အထဘဂဝါအနုပွတ္တောတိဇ္ဈာပိ၊ ဟူသော ဤပါဠိ၌လည်း။ အယံ၊ ဤဆိုအပ်လတ္တံ့သည်ကား။ အဓိပ္ပာယော၊ အဓိပ္ပာယ်တည်း။ ဝါ၊ ရဟန်းတို့၏ အလိုတည်း။ ဝါ၊ ရဟန်းတို့သည် အလိုရှိအပ်သောအနက်တည်း။ ဘန္တေ၊ မြတ်စွာဘုရား။ အမှာကံ၊ အကျွန်ုပ်တို့အား။ ဝါ၊ အကျွန်ုပ်တို့၏။ ဝါ၊ အကျွန်ုပ်တို့သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သဗ္ဗညုတညာဏံ၊ သဗ္ဗညုတဉာဏ်တော်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ အယံဂုဏကထာ၊ ဤဂုဏ်ကျေးဇူးကို ပြောဆိုကြောင်းဖြစ်သော စကားသည်။ ဝါ၊ ဤဂုဏ်ကျေးဇူးကို ပြောဆိုကြောင်းဖြစ်သော စကားကို။ ဝိပွကတာ၊ အပြားအားဖြင့် ပြုခြင်းမှ ကင်းပါ၏။ ဝါ၊ ကင်းပြီးသော အပြားအားဖြင့် ပြုခြင်းရှိပါ၏။ ဝါ၊ ပြုအပ်ပြီးမဟုတ်ပါ။ ဝါ၊ ပြုအပ်ဆဲပါ။ ဝါ၊ ပြု၍ မပြီးသေးပါ။ ရာဇကထာ ဒီကာ၊ ရာဇကထာ အစရှိသော။ ဝါ၊ မင်းကိုအကြောင်းပြု၍ ပြောဆိုအပ်သော စကားအစရှိသော။ တိရစ္ဆာနကထာ၊ တိရစ္ဆာနကထာသည်။ ဝါ၊ ကို။ ဝါ၊ မဂ်ဖိုလ်နိဗ္ဗာန်၊ ကန့်လန့်ခံ၍၊ ဖီဆန်နှောင့်ယှက်၊ ကန့်ကွက်တားမြစ်တတ်သောစကားကို။ နဝိပွကတာ၊ အပြားအားဖြင့် ပြုခြင်းမှ ကင်းသည်မဟုတ်ပါ။ ဝါ၊ ကင်းပြီးသော အပြားအားဖြင့် ပြုခြင်းရှိသည် မဟုတ်ပါ။ ဝါ၊ ပြုအပ်ပြီး မဟုတ်သည် မဟုတ်ပါ။ ဝါ၊ ပြုအပ်ဆဲမဟုတ်ပါ။ ဝါ၊ ပြု၍ မပြီးသေးသည် မဟုတ်ပါ။

(တစ်နည်း)။ ။ ဘန္တေ၊ မြတ်စွာဘုရား။ အမှာကံ၊ အကျွန်ုပ်တို့အား။ ဝါ၊ တို့၏။ ဝါ၊ တို့သည်။ ဝိပွကတာ၊ အပြားအားဖြင့် ပြုခြင်းမှကင်းသော။ ဝါ၊ ကင်းပြီးသော အပြားအားဖြင့် ပြုခြင်းရှိသော။ ဝါ။ ပြုအပ်ပြီးမဟုတ်သော။ ဝါ၊ ပြုအပ်ဆဲဖြစ်သော။ ဝါ၊ ပြု၍မပြီးသေးသော။

http://www.dhammadownload.com

ကထာ၊ စကားသည်။ အမှာကံ၊ အကျွန်ုပ်တို့၏။ ဘဂဝတော၊ ၏။ သဗ္ဗညုတညာဏ်၊ ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ အယံဂုဏာကထာ၊ ဤဂုဏ်ကျေးဇူးကို ပြောဆိုကြောင်းဖြစ်သော စကား ပါတည်း။ ရာဇကထာဒိကာ၊ သော။ ဝါ၊ မင်းကို အကြောင်းပြု၍ ပြောဆိုအပ်သော စကားအစ ရှိသော။ တိရစ္ဆာနကထာ၊ သည်။ ဝါ၊ မဂ်ဖိုလ်နိဗ္ဗာန်၊ ကန့်လန့်ခံ၍၊ ဖီဆန်နှောင့်ယှက်၊ ကန့်ကွက် တားမြစ်တတ်သော စကားသည်။ နှ၊ မဟုတ်ပါ။ ။ (တစ်နည်း)။ ။ ဘန္တေ၊ ရား။ အမှာကံ၊ တို့အား။ ဝါ၊ တို့၏။ ဝါ၊ တို့သည်။ ယာကထာ၊ အကြောင်စကားသည်။ ဝါ၊ ကို။ ဝိပွကတာ၊ ၏။ ဝိပွကတာ၊ သော။ သာကထာ၊ ထိုစကားသည်။ အမှာကံ၊ တို့၏။ ဘဂဝတော၊ ၏။ သဗ္ဗညုတညာဏ်၊ ကို။ အာရဗ္ဘ၊ ၍။ အယံဂုဏာကထာ၊ ဤဂုဏ်ကျေးဇူးကို ပြောဆိုကြောင်းဖြစ်သော စကားပါတည်း။ ရာဇကထာဒိကာ၊ သော။ တိရစ္ဆာနကထာ၊ သည်။ နှ၊ မဟုတ်ပါ။ အထတသ္မိံကာလေ၊ စကားအစပ်၊ လက်စမသတ်မီ ထိုအခါ၌။ ဘဂဝါ၊ သည်။ အနုပ္ပတ္တော၊ အစဉ်သင့် ရောက်လာတော်မူပါပြီ။ တုမှေ၊ အရှင်ဘုရားတို့သည်။ နော၊ အကျွန်ုပ်တို့အား။ ဝါ၊ တို့၏။ တံကထံ၊ ထိုစကားကို။ ဣဒါနိ၊ ဤအခါ၌။ ဝါ၊ ယခုအခါ၌။ နိဋ္ဌာပေတွာ၊ ပြီးဆုံးစေကြကုန်၍။ ဒေသေထ၊ ဟောတော်မူကြပါကုန်လော့။ ဣတိအယံ၊ ပြီးသည်ကား။ အဓိပ္ပါယော၊ တည်း။ ဝါ၊ ရဟန်းတို့၏အလိုတည်း။ ဝါ၊ ရဟန်းတို့သည် အလိုရှိအပ်သော အနက်တည်း။

စ၊ နိဂုံးစကား၊ ပိုင်းအခြားကို၊ မှတ်သားစိမ့်ငှာ၊ လိနတ္ထာကို၊ ဆက်ကာပြပိမ့်။ ဇတ္တာဝတော၊ ဤမျှလောက် အတိုင်းအရှည်ရှိသော ဇဝံမေသုတံ အစရှိသော သဒ္ဒါအစဉ်ဖြင့်။ ဝါ၊ ဤမျှလောက် အတိုင်းအရှည်ရှိသော တတ္ထ-ဇဝန္တိနိပါတပဒံ-အစရှိသော သဒ္ဒါအစဉ်ဖြင့်။ အာယသ္မတာ အာနန္ဒေန၊ သည်။ ကမလကုလဝယုဇ္ဇလဝိမလ သာဒုရသ သလိလာယ၊ ကြာပဒုမာ၊ ကြာပုဏ္ဏရိက်၊ ကြာဖြူ၊ ကြာနီ၊ ကြာညိုတို့ဖြင့် တောက်ပသော အညစ်အကြေးမှ စင်ကြယ်သော ချိုမြိန်သော အရသာရှိ သော ရေရှိသော။ ပေါက္ခရဏီယာ၊ လေးထောင့်ကန်၏။ ဝါ၊ လေးထောင့်ကန်သို့။ သုခါဝတရဏ္ဍတ္ထံ၊ လွယ်လင့်တကူ သက်ဆင်းရခြင်းငှာ။ ဝါ၊ လွယ်လင့်တကူ သက်ဆင်းရခြင်းအကျိုးငှာ။ ဝါ၊ လွယ်လင့် တကူ သက်ဆင်းရခြင်း အကျိုးရှိသော။ နိမ္မလသိလာတလရစန ဝိသာလသောဘိတရတနသောပါန်၊ အညစ်အကြေး မရှိသော ကျောက်အပြင်ဖြင့်, စီရင်ခြင်းဖြင့်, တင့်တယ်ခြင်းဖြင့်-တင့်တယ်သော ရတနာစောင်းတန်းရှိသော။ ဝါ၊ အညစ်အကြေးမရှိသော ကျောက်အပြင်ဖြင့် စီရင်အပ်သော ကြိယာ၏ တင့်တယ်ခြင်းဖြင့် တင့်တယ်သော ရတနာစောင်းတန်းရှိသော။ ဝါ၊ အညစ်အကြေးမရှိသော ကျောက်အပြင်ဖြင့် စီရင်ခြင်းဖြင့် အလွန်တင့်တယ်သော ရတနာစောင်းတန်းရှိသော။ ဝိပွကိဏ္ဏမုတ္တာ တလသဒိသဝါလုကာ စုဏ္ဏပဏ္ဏရဘူမိဘာဂံ၊ အထူးထူး အပြားပြား ဖရိဖရဲဖြန့်ကြဲသော ပုလဲအပြင် နှင့်တူသော သဲမှုန်တို့ဖြင့် ဖွေးဖွေးဖြူသော မြေအဖို့ရှိသော။ တိတ္ထံဝိယစ၊ ဆိပ်ကမ်းကဲ့သို့လည်း ကောင်း။ ဝါ၊ ဆိပ်ကမ်းနှင့်တူသည်လည်း ဖြစ်သော။ သုဝိဘတ္တာဘိတ္တိဝိစိတြဝေဒိကာပရိက္ခိတ္တာဿ၊ ကောင်းစွာ ဝေဖန်အပ်သောနံရံ, ဆန်းကြယ်သော ပွတ်တိုင်တို့ဖြင့် ထက်ဝန်းကျင်မှ ခြံရံအပ်သော။ ဝါ၊ ကောင်းစွာ ဝေဖန်အပ်သောနံရံ, ဆန်းကြယ်သော ပွတ်တိုင်တို့ဖြင့် ထက်ဝန်းကျင်မှ ကာရံအပ် သော။ နက္ခတ္တပထံ၊ နက္ခတ်တို့၏ သွားလာရာခရီးဖြစ်၍ ဖြစ်သော ကောင်းကင်ကို။ ဖုသိတုကာ မတာဝိယ၊ တွေ့ထိခြင်းငှာ အလိုရှိသည်၏အဖြစ်ကဲ့သို့။ ဝိဇမ္ဘိတာသမုဿယဿ၊ ဖွင့်ဟခြင်းအပေါင်း

http://www.dhammadownload.com

ရှိသော။ ပါသာဒဝရဿ၊ မြတ်သောပြာသာဒ်၏။ ဝါ၊ မြတ်သောပြာသာဒ်သို့။ သုခါရောဟဏတ္ထံ၊ ချမ်းသာလွယ်ကူစွာ တက်ရခြင်းငှာ။ ဝါ၊ လွယ်လင့်တကူ တက်ရခြင်းအကျိုးငှာ။ ဝါ၊ လွယ်လင့်တကူ တက်ရခြင်း အကျိုးရှိသော။ ဒန္တမယသဏ္ဌာမုဒုဖလကကဉ္စနလတာဝိနဒ္ဓမဏိဂဏပဘာသမုဒါယုဇ္ဇလ သောဘံ၊ ဆင်စွယ်ဖြင့်ပြီးသော သိမ်မွေ့နူးညံ့သော ပျဉ်ပြား၏ ရွှေနွယ်တို့ဖြင့် မြွေးယှက်အပ်သော ပတ္တမြားအပေါင်းတို့၏ အရောင်အပေါင်းဖြင့် တောက်ပခြင်းဖြင့် တင့်တယ်သော။ သောပါနံဝိယစ၊ စောင်းတန်းကဲ့သို့လည်းကောင်း။ ဝါ၊ စောင်းတန်းနှင့်တူသည်လည်း ဖြစ်သော။

သုဝဏ္ဏဝလယာနပုရာဒိသဃ်ဋ္ဌနသဒ္ဒသမ္မိဿိတကထိတဟသိတ မဓုရဿရဂေဟဇန ဝိဇမ္ဘိ တဝိစရိတဿ၊ ရွှေလက်ကောက်, ရွှေခြေချင်း အစရှိသည်တို့၏ အချင်းချင်း ထိခိုက်ခြင်းကြောင့် ဖြစ်သောအသံနှင့် ရောနှောသော ပြောဆိုသံ, ရယ်မောသံဟု ဆိုအပ်သော ချိုသာသောအသံရှိသော အိမ်နေသူလူအပေါင်းသည် ဇမ္ဗယ်သည်ဖြစ်၍ လှည့်လည်အပ်သော။ ဝါ၊ ရွှေလက်ကောက်, ရွှေခြေချင်း အစရှိသည်တို့၏ အချင်းချင်း ထိခိုက်ခြင်းကြောင့် ဖြစ်သောအသံနှင့် ရောနှောသော ပြောဆိုသံ, ရယ်မောသံဟု ဆိုအပ်သော ချိုသာသောအသံရှိသော အိမ်နေသူလူအပေါင်း၏ ဇမ္ဗယ် သည်ဖြစ်၍ လှည့်လည်ရာဖြစ်သော။ ဥဒ္ဒါရိဿရိယဝိဘဝသောဘိတဿ၊ မြတ်သည်၏အဖြစ်, အစိုးရ သည်၏အဖြစ် စည်းစိမ်တို့ဖြင့် တင့်တယ်သော။ မဟာဃရဿ၊ ကြီးသောအိမ်၏။ ဝါ၊ ကြီးသော အိမ်သို့။ ဝါ၊ အိမ်ကြီးသို့။ သုခပွဝေသနတ္ထံ၊ လွယ်လင့်တကူ ဝင်ရခြင်းငှာ။ ဝါ၊ လွယ်လင့်တကူ ဝင်ရခြင်းအကျိုးငှာ။ ဝါ၊ လွယ်လင့်တကူ ဝင်ရခြင်းအကျိုးရှိသော။ သုဝဏ္ဏရဇတမဏိမုတ္တာပဝါဠာ ဒိဇတိဝိဿရဝိဇ္ဇောတိတသုပတိဋ္ဌိတဝိသာလဒွါရဇာဟံ၊ ရွှေငွေ ပတ္တမြား ပုလဲသန္ဓာ အစရှိသည်တို့၏ အရောင်တို့ဖြင့် ပြိုးပြိုးပြက်ပြက် တလက်လက် ထွက်သည်ဖြစ်၍ တောက်ပသော, ကောင်းစွာ တည်သော, ကျယ်သောတံခါးဘောင်ရှိသော။ မဟာဒွါရံဝိယစ၊ တံခါးမကြီးကဲ့သို့လည်းကောင်း။ ဝါ၊ တံခါးမကြီးနှင့် တူသည်လည်းဖြစ်သော။ အတ္ထဗျူနသမ္ပန္နဿ၊ အနက်, သဒ္ဒါနှင့်ပြည့်စုံသော။ ဗုဒ္ဓဂုဏာနုဘာဝသံသူစကဿ၊ မြတ်စွာဘုရား၏ ဂုဏ်တော် အာနုဘော်တို့ကို ကောင်းစွာပြတတ် သော။ ဣမဿ သုတ္တဿ၊ ဤဗြဟ္မဇာလသုတ်၏။ ဝါ၊ ဤဗြဟ္မဇာလသုတ်ကို။ သုခါဝဟဏတ္ထံ၊ လွယ်လင့်တကူ သင်ယူရခြင်းငှာ။ ဝါ၊ လွယ်လင့်တကူ သင်ယူရခြင်းအကျိုးငှာ။ ဝါ၊ လွယ်လင့်တကူ သင်ယူရခြင်းအကျိုးရှိသော။ ကာလ ဒေသ ဒေသကဝတ္ထု ပရိသာပဒေသပဋိမဏ္ဍိတံ၊ ဗြဟ္မဇာလသုတ်ကို ဟောရာအခါကို ညွှန်ပြခြင်း, ဗြဟ္မဇာလသုတ်ကို ဟောရာအရပ်ကို ညွှန်ပြခြင်း, ဗြဟ္မဇာလသုတ်ကို ဟောတတ်သော ပုဂ္ဂိုလ်ကို ညွှန်ပြခြင်း, ဗြဟ္မဇာလသုတ်၏ ဝတ္ထုကို ညွှန်ပြခြင်း ဗြဟ္မဇာလသုတ်ကို နာခံတတ်သော ပရိသတ်ကို ညွှန်ပြခြင်းဖြင့် တန်ဆာဆင်အပ်သော။ ယံ နိဒါနံ၊ အကြင်နိဒါန်းကို။ ဘာသိတံ၊ ဆိုအပ်ပြီ။ တဿ နိဒါနဿ၊ ထိုနိဒါန်း၏။ အတ္ထဝဏ္ဏနာ၊ အနက်၏အဖွင့်သည်။ ဝါ၊ အနက်ကို ဖွင့်ရာဖွင့်ကြောင်းဖြစ်သော အဋ္ဌကထာသည်။ သမတ္တာ၊ ပြီးပြီ။

ဤတိ၊ ဤတွင် အဇ္ဈန္တရနိဒါန်းကို ဆိုရာ စကားရပ် ပြီးဆုံးလတ်၍ လက်စသတ်လိုက်ပြီ။
(တစ်နည်း)။ ။ ဤတိ၊ ဤကား အဇ္ဈန္တရနိဒါန်း၏ အပြီးတည်း။
(တစ်နည်း)။ ။ ဤတိ ဤဒံ ပရိသမာပနံ၊ ဤသို့ အဇ္ဈန္တရနိဒါန်းကို အပြီးအဆုံးသို့

http://www.dhammadownload.com

ရောက်စေခြင်းကို။ ဝါ။ ဤသို့ အဗ္ဘန္တရနိဒါန်းကို အပြီးအဆုံးသို့ ရောက်စေခြင်းကို။ ဝါ၊ ဤသို့ အဗ္ဘန္တရနိဒါန်း၏ အပြီးအဆုံးသို့ ရောက်ခြင်းကို။ ဒဠှမ္မံ၊ ရှုမှတ်အပ်၏။

၅။ ။ ဧဝံ၊ ဤသို့။ ဝါ၊ ဤဆိုအပ်ပြီးသောနည်းဖြင့်။ နိဒါနံ၊ နိဒါန်းကို။ ဝဏ္ဏေတွာ၊ ဖွင့်ဆိုပြီး၍။ ဣဒါနိ၊ ဤအခါ၌။ ဝါ၊ ယခုအခါ၌။ မမံဝါ ဘိက္ခဝေပရေ အဝဏ္ဏံ ဘာသေယျန္တိ အာဒိနာ၊ ဤသို့ အစရှိသော။ နယေန၊ နည်းဖြင့်။ ဘဂဝတာ၊ သည်။ နိက္ခိတ္တသဒ္ဒေန၊ ထားတော်မူအပ်သော။ ဝါ၊ ဟောတော်မူအပ်သော။ သုတ္တသဒ္ဒေန၊ သုတ်ကို။ ဝဏ္ဏနာယ၊ ဖွင့်ခြင်းငှာ။ ဝါ၊ ဖွင့်ခြင်း၏။ သြကာသော၊ အခွင့်သည်။ အနုပ္ပတ္တော၊ အစဉ်အားဖြင့် ရောက်ခဲ့၏။ ဝါ၊ အစဉ်သင့်ရောက်ခဲ့၏။ ပန၊ ထိုသို့ပင် ရောက်ပါသော်လည်း။ ။ (တစ်နည်း)။ ။ ပန၊ သိမ်မွေ့သိကတ်၊ ဒုန္နယတ်ကို၊ သိမှတ်စိမ့်ငှာ၊ လိနတ္ထာကို၊ ဆက်ကာပြပိမ့်။ သာဒေသာသုတ္တဝဏ္ဏနာ၊ ထိုသုတ်၏အဖွင့်သည်။ ဝါ၊ ကို။ ဝါ၊ ထိုသုတ်ကို ဖွင့်ရာဖွင့်ကြောင်းဖြစ်သော အဋ္ဌကထာကို။ ယသ္မာ၊ ကြောင့်။ သုတ္တေနိက္ခေပံ၊ သုတ္တေနိက္ခေပကို။ ဝါ၊ သုတ်ကိုထားခြင်းကို။ ဝါ၊ သုတ်ကို ဟောခြင်းကို။ ဝါ၊ ထားအပ်သော သုတ်ကို။ ဝါ၊ ဟောအပ်သောသုတ်ကို။ ဝါ၊ သုတ်ကို ထားကြောင်းဖြစ်သော အကြောင်းကို။ ဝိစာရေတွာ၊ စိစစ်၍။ ဝုစ္စမာနာ၊ ဆိုအပ်သည်ရှိသော်။ ပါကဋာ၊ ထင်ရှားသည်။ ဟောတိ၊ ၏။ တသ္မာ၊ ထိုသို့ သုတ္တနိက္ခေပကို စိစစ်၍ ဆိုအပ်သည်ရှိသော် ထင်ရှားသည်၏ အဖြစ်ကြောင့်။ သုတ္တဝဏ္ဏနာယ၊ သုတ်ကို ဖွင့်ရာကာလမှ။ ဝါ၊ သုတ်ကို ဖွင့်ရာကာလ၏။ တာဝ၊ ရှေးဦးစွာ။ မယံ၊ တို့သည်။ သုတ္တနိက္ခေပံ၊ ကို။ ဝါ၊ သုတ်ကို ထားခြင်းကို။ ဝါ၊ သုတ်ကို ဟောခြင်းကို။ ဝါ၊ ထားအပ်သော သုတ်ကို။ ဝါ၊ ဟောအပ်သောသုတ်ကို။ ဝါ၊ သုတ်ကိုထားကြောင်းဖြစ်သော အကြောင်းကို။ ဝိစာရယိဿာမ၊ စိစစ်ကြရကုန်တော့အံ့။

* ဟိ၊ အလွန်ကျဉ်းဘိ . . . ပိမ့်။ သုတ္တနိက္ခေပါ၊ တို့သည်။ ဝါ၊ သုတ်ကို ထားခြင်းတို့သည်။ ဝါ၊ သုတ်ကို ဟောခြင်းတို့သည်။ ဝါ၊ ထားအပ်သော သုတ်တို့သည်။ ဝါ၊ ဟောအပ်သောသုတ်တို့သည်။ အတ္တဏ္ဌာသယော၊ မိမိ၏အလိုရှိရာဖြစ်သော။ သုတ္တနိက္ခေပေါ၊ လည်းကောင်း။ ဝါ၊ သုတ်ကိုထားခြင်းလည်းကောင်း။ ဝါ၊ သုတ်ကို ဟောခြင်းလည်းကောင်း။ ဝါ၊ ထားအပ်သောသုတ်

---

* **မှတ်ချက်**။ ။ (စတ္တာရောဟိ သုတ္တနိက္ခေပါ-အစရှိသော ဝါကျ၌ နှစ်ဝိကပ်ယောဇနာရာ ပထမဝိကပ်၌ ဝစနတ္ထကို ပြအံ့။ ။ နိက္ခေပန်ကထနံ နိက္ခေပေါ။ (ဘာဝသာဓန)။ ။ သုတ္တသဒ္ဒနိက္ခေပေါ သုတ္တနိက္ခေပေါ၊ သုတ္တဒေသနာ။ (ဆဋ္ဌီတပ္ပုရိသ်သမာသ်)။ ။ နိက္ခိပီယတီတိနိက္ခေပေါ။ (ကမ္မသာဓန)။ ။ သုတ္တမေဝနိက္ခေပေါ သုတ္တနိက္ခေပေါ။ (အဝဓာရဏကမ္မဓာရယ်သမာသ်)။ ။ အတ္တနော အဏ္ဏာသယော အတ္တဏ္ဏာသယော။ (ဆဋ္ဌီတပ္ပုရိသ်မာသ်)။ ။ အတ္တဏ္ဏာသယော အဿအတ္ထိ သုတ္တာဒေသနာ ကာရဏာဘူတောတိ အတ္တဏ္ဏာသယော။ (အဿတ္ထိတဒ္ဓိတ်)။ ။ အတ္တနောအဏ္ဏာသယော ဧတဿာတိဝါ အတ္တဏ္ဏာသယော။ (စတုတ္ထီဗဟုဗ္ဗီဟိသမာသ်။ ။ ပရေသံ အဏ္ဏာသယော ပရဏ္ဏာသယော။ ပရဏ္ဏာသယော အဿ အတ္ထိ သုတ္တာဒေသနာ ကာရဏာဘူတောတိ ပရဏ္ဏာသယော။ ပရေသံအဏ္ဏာသယော ဧတဿာတိဝါ ပရဏ္ဏာသယော။ ပုစ္ဆာယဝသော ပုစ္ဆာဝသော။ (ဆဋ္ဌီတပ္ပုရိသ်သမာထ်)။ ။ ပုစ္ဆာဝသော အဿအတ္ထိ သုတ္တဒေသနာ ကာရဏာဘူတောတိ ပုစ္ဆာဝသိကော။ (အဿတ္ထိတဒ္ဓိတ်)။ ။ အရီယတီအဝ ဂမီယတီတိအတ္ထော။ (ကမ္မသာဓန)။ ။ သုတ္တဒေသနာယဝတ္ထု။ (အဘိဓေယျ)။ ။ အတ္ထသဉ္ဇတ္တိအတ္ထုပ္ပတ္တိ။ (ဆဋ္ဌီတပ္ပုရိသိသမာသ်)။ ။ အတ္ထုပ္ပတ္တိဇ အဋ္ဌုပ္ပတ္တိ တ္ထကာရဿဋကာရံကတ္တာ။ အဋ္ဌုပ္ပတ္တိအဿအတ္ထိ သုတ္တဒေသနာ ကာရဏာဘူတောတိ အဋ္ဌုပ္ပတ္တိကော။ (အဿတ္ထိတဒ္ဓိတ်)။ ။ ဤကား ပဌမဝိကပ်၌ ဝစနတ္ထတည်း။

http://www.dhammadownload.com

လည်းကောင်း။ ဝါ၊ ဟောအပ်သောသုတ်လည်းကောင်း။ ပရဏ္ဍာသယော၊ တစ်ပါးသော ပုဂ္ဂိုလ်တို့၏ အလိုရှိရာဖြစ်သော။ သုတ္တနိက္ခေပေါ၊ လည်းကောင်း။ ပုစ္ဆာဝသိကော၊ ပုစ္ဆာ၏ အစွမ်းသတ္တိရှိရာဖြစ်သော။ သုတ္တနိက္ခေပေါ၊ သုတ္တနိက္ခေပလည်းကောင်း။ အဋ္ဌုပ္ပတ္တိကော၊ အကြောင်း၏ ဖြစ်ပေါ်လာခြင်းရှိရာဖြစ်သော။ ဝါ၊ ဖြစ်ပေါ်လာသော အကြောင်းရှိရာဖြစ်သော။ သုတ္တနိက္ခေပေါ၊ သုတ္တနိက္ခေပလည်းကောင်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ လေးပါးတို့သည်။ ဟောန္တိ၊ ကုန်၏။ ။ (တစ်နည်း)။ ။ သုတ္တနိက္ခေပါ၊ သုတ္တနိက္ခေပတို့သည်။ ဝါ၊ သုတ်ကိုထားကြောင်းဖြစ်သော အကြောင်းတို့သည်။ အတ္တဇ္ဈာသယော၊ မိမိ၏အလိုလည်းကောင်း။ ပရဇ္ဈာသယော၊ တစ်ပါးသော ပုဂ္ဂိုလ်တို့၏ အလိုလည်းကောင်း။ ပုစ္ဆာဝသိကော၊ မေးအပ်သောအနက်၏ အစွမ်းအားဖြင့်ဖြစ်သော ဓမ္မပဋိဂ္ဂါဟကရဟန်းတို့၏ စကားလည်းကောင်း။ အဋ္ဌုပ္ပတ္တိကော၊ ဒေသနာဝတ္ထုဟုဆိုအပ်သော အကြောင်း၏ ဖြစ်ပေါ်လာခြင်းလည်းကောင်း။ ဝါ၊ ဖြစ်ပေါ်လာသော ဒေသနာဝတ္ထုဟု ဆိုအပ်သော အကြောင်းလည်းကောင်း။ ဣတိ၊ သို့။ စတ္တာရော၊ တို့သည်။ ဟောန္တိ၊ ကုန်၏။

စတူသု၊ ကုန်သော။ တတ္ထတေသု သုတ္တနိက္ခေပေသု၊ တို့တွင်။ ယာနိသုတ္တာနိ၊ အကြင်သုတ်တို့ကို။ ဘဂဝါ၊ သည်။ ပရေဟိ၊ တစ်ပါးသော ပုဂ္ဂိုလ်တို့သည်။ ဝါ၊ တစ်ပါးသော ပုဂ္ဂိုလ်တို့က။ အနုဿိဋ္ဌော၊ မတိုက်တွန်းအပ်ဘဲ။ ဝါ၊ မတောင်းပန်အပ်ဘဲ။ ကေဝလံ၊ ပရဏ္ဍာသယ မဖက်သက်သက်။ အတ္တနော၊ ကိုယ်တော်၏။ အဇ္ဈာသယေနေဝ၊ အလိုအားဖြင့်သာလျှင်။ ကထေသိ။ ဟောတော်မူပြီ။ သေယျထိဒံ၊ ထိုအတ္တဇ္ဈာယအားဖြင့် ဟောတော်မူအပ်သော သုတ်တို့ဟူကုန်သည် အဘယ်သည်တို့နည်း။ ။ (တစ်နည်း)။ ။ တာနိသုတ္တာနိ၊ ထိုအတ္တဇ္ဈာသယအားဖြင့် ဟောတော်မူအပ်သောသုတ်တို့သည်။ သေယျထိဒံ၊ အဘယ်သည်တို့နည်း။ ။ (တစ်နည်း)။ ။ ကဒဒံကမာနိသုတ္တာနိ၊ ဤအတ္တဇ္ဈာသယအားဖြင့် ဟောတော်မူအပ်သော သုတ်တို့သည်။ သေယျထာ၊ အဘယ်သည်တို့နည်း။ အာကင်္ခေယျသုတ္တံ၊ အာကင်္ခေယျသုတ်လည်းကောင်း။ ဝတ္ထသုတ္တံ၊ လည်းကောင်း။ မဟာသတိပဋ္ဌာနံ၊ မဟာသတိပဋ္ဌာန်သုတ်လည်းကောင်း။ မဟာသဉ္စာယတနဝိဘင်္ဂသုတ္တံ၊ လည်းကောင်း။ အရိယဝံသသုတ္တံ၊ လည်းကောင်း။ သမ္မပ္ပဓာနသုတ္တန္တဟာရကော၊ သမ္မပ္ပဓာနသုတ္တန်တို့၏ အစဉ်လည်းကောင်း။ ကဒ္ဒိပါဒသုတ္တန္တဟာရကော၊ ကဒ္ဒိပါဒသုတ္တန်တို့၏ အစဉ်လည်းကောင်း။ ကဇ္ဇိယသုတ္တန္တဟာရကော၊ ကဇ္ဇိယသုတ္တန်တို့၏ အစဉ်လည်းကောင်း။ ဗလသုတ္တန္တဟာရကော၊ ဗလသုတ္တန်တို့၏ အစဉ်လည်းကောင်း။ ဗောဇ္ဈင်္ဂသုတ္တန္တဟာရကော၊ မဂ္ဂင်္ဂသုတ္တန်တို့၏ အစဉ်လည်းကောင်း။ ဣတိဧဝမာဒိနိ၊ ဤသို့ အစရှိသည်တို့တည်း။ တေသံသုတ္တာနံ၊ ထိုဆိုအပ်ပြီးသော သုတ်တို့ကို။ နိက္ခေပေါ၊ ထားတော်မူခြင်းသည်။ ဝါ၊ ဟောတော်မူခြင်းသည်။ အတ္တဇ္ဈာသယော၊ ကိုယ်တော်၏ အလိုရှိသည်။ ဟောတိ၊ ၏။

ဒုတိယဝိကပ်၌ ဝစနတ္ထကိုပြအံ့။ ။ နိက္ခိပီယတိသုတ္တံ ဓမ္မေနဝတိနိက္ခေပေါ။ (ကရဏသာဓန)။ ။ အတ္တဇ္ဈာသယာဒိ ဧဝသုတ္တဒေသနာ ကာရဏဘူတော။ (အဘိဓေယျ)။ ။ အတ္တနောအဇ္ဈာသယော အတ္တဇ္ဈာသယော။ (ဆဋ္ဌီတပ္ပုရိသ်သမာသ်။ ။ ပရေသံ အဇ္ဈာသယော ပရဇ္ဈာသယော။ ပုစ္ဆိယတီတိပုစ္ဆာ။ (ကမ္မသာဓန)။ ။ ပုစ္ဆိတမ္မောအတ္ထော။ (အဘိဓေယျ)။ ။ ပုစ္ဆာယဝသေနပဝတ္တံ ပုစ္ဆာဝသိကံ။ (ပဝတ္တတဒ္ဓိတ်)။ ။ ဓမ္မပဋိဂ္ဂါဟကာနံ ဝစနံ။ (အဘိဓေယျ)။ ။ အတ္ထသဒ္ဒဿတ္ထိ အတ္ထျုပ္ပတ္တိ။ အတ္ထျုပ္ပတ္တိယေဝ အဋ္ဌုပ္ပတ္တိကော-သကတ္ထဝုတ္တိဝသေန။ ။ ဤကား ဒုတိယဝိကပ်၌ ဝစနတ္ထတည်း)

http://www.dhammadownload.com

(တစ်နည်း)။ ။ တေသံ သုတ္တာနံ၊ ထိုဆိုအပ်ပြီးသော သုတ်တို့ကို။ နိက္ခေပေါ၊ ထားကြောင်း ဖြစ်သောအကြောင်းသည်။ အတ္တဏ္ဍာသယော၊ မိမိ၏အလိုသည်။ ဟောတိ၊ ၏။ ပန၊ အဖို့တစ်ပါး··· အံ့။ ယာနိသုတ္တာနိ၊ အကြင်သုတ်တို့ကို။ ပရိပက္ကာခေါ ရာဟုလဿ ဝိမုတ္တိပရိပါစနီယာဓမ္မာ၊ ယံ နူနာဟံ ရာဟုလံ ဥတ္တရိ အာသဝါနံ ခယေ ဝိနေယျန္တိ၊ ဟူ၍။ ဧဝံ၊ သို့။ ပရေသံ၊ တစ်ပါးသော ပုဂ္ဂိုလ်တို့၏။ အဏ္ဍာသယံစ၊ အလိုကိုလည်းကောင်း။ ခန္တိစ၊ မြိန်ယှက်သက်ဝင်ခြင်းကိုလည်းကောင်း။ မနံစ၊ စိတ်ကိုလည်းကောင်း။ အဘိနီဟာရံစ၊ စိတ်ကို ရှေးရှုဆောင်ခြင်းကိုလည်းကောင်း။ ဝါ၊ ဆုတောင်းခြင်းကိုလည်းကောင်း။ ဗုဇ္ဈနဘာဝံစ၊ ထိုးထွင်း၍ သိလတ္တံ့သည်၏အဖြစ်ကိုလည်းကောင်း။ အဝေက္ခိတွာ၊ ဆင်ခြင်တော်မူ၍။ ဝါ၊ ရှုဲ့တော်မူ၍။ ပရဏ္ဍာသယဝသေန၊ တစ်ပါးသော ပုဂ္ဂိုလ်တို့၏ အလို၏ အစွမ်းအားဖြင့်။ ကထိတာနိ၊ ဟောတော်မူအပ်ကုန်ပြီ။ ။ (ရာဟုလဿ၊ ၏။ ဝိမုတ္တိပရိပါစနီယာ၊ ကိလေသာတို့မှ လွတ်ပြီးသော အရဟတ္တဖိုလ်ကို ရင့်ကျက်စေတတ်ကုန်သော။ ဓမ္မာ၊ သဒ္ဓိန္ဒြေ အစရှိသော တရားတို့သည်။ ပရိပက္ကာခေါ၊ ရင့်ကျက်ကုန်ပြီးသည်သာ။ အဟံ၊ ငါဘုရားသည်။ ရာဟုလံ၊ ကို။ ဥတ္တရိ၊ အလွန်။ အာသဝါနံ၊ အာသဝေါတရားတို့၏။ ဝါ၊ တို့ကို။ ခယေ၊ ကုန်ကြောင်းဖြစ်သော အရဟတ္တမဂ်၌။ ဝါ၊ ကုန်စေတတ်သော အရဟတ္တမဂ်၌။ ဝါ၊ ကုန်ခြင်းငှာ။ ဝါ၊ ကုန်စေခြင်းငှာ။ ဝိနေယျံ၊ ဆုံးမရပါမူကား။ ယံနူန၊ ကောင်းလေစွ။ ဝါ၊ ကောင်းလေရာ၏။ သာဓကပါဠိအနက်)။ ။ သေယျထိဒံ၊ ထိုပရဏ္ဍာသယ၏ အစွမ်းအားဖြင့် ဟောတော်မူအပ်သော သုတ်တို့ဟူကုန်သည် အဘယ်သည်တို့နည်း။ ။ (ဆိုခဲ့ပြီးသော နည်းကို မှီး၍ ပြည့်စုံအောင်ပေး)။

စူဠဒုက္ခက္ခန္ဓသုတ္တံ၊ သုတ်လည်းကောင်း။ မဟာဒုက္ခက္ခန္ဓသုတ္တံ၊ သုတ်လည်းကောင်း။ မမ္မစက္ကပဝတ္တနံ၊ သုတ်လည်းကောင်း။ ဓာတုဝိဘင်္ဂသုတ္တံ၊ သုတ်လည်းကောင်း။ ဣတိ ဧဝမာဒီနိ၊ ဤသို့ အစရှိသည်တို့တည်း။ တေသံ သုတ္တာနံ၊ ထိုဆို အပ်ပြီးသော သုတ်တို့ကို။ နိက္ခေပေါ၊ ထားတော်မူခြင်းသည်။ ဝါ၊ ဟောတော်မူခြင်းသည်။ ပရဏ္ဍာသယော၊ တစ်ပါးသော ပုဂ္ဂိုလ်တို့၏ အလိုသည်။ ဟောတိ၊ ၏။ ။ (တစ်နည်း)။ ။ တေသံသုတ္တာနံ၊ တို့ကို။ နိက္ခေပေါ၊ ထားကြောင်းဖြစ်သော အကြောင်းသည်။ ပရဏ္ဍာသယော၊ တစ်ပါးသော ပုဂ္ဂိုလ်တို့၏ အလိုသည်။ ဟောတိ၊ ၏။ ပန၊ အဖို့တစ်ပါး··· အံ့။ ဝါ၊ ပရဏ္ဍာသယနိက္ခေပမှတစ်ပါး ပုစ္ဆာဝသိကနိက္ခေပကို ဆိုဦးအံ့။ ဘဂဝန္တံ၊ ကို။ ဝါ၊ သို့။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်ကြကုန်၍။ စတသော၊ လေးပါးကုန်သော၊ ပရိသာ၊ ပရိသတ်တို့လည်းကောင်း။ စတ္တာရော၊ ကုန်သော။ ဝဏ္ဏာ၊ အမျိုးတို့လည်းကောင်း။ နာဂါ၊ နဂါးတို့လည်းကောင်း။ သုဝဏ္ဏာ၊ ဂဠုန်တို့လည်းကောင်း။ ဂန္ဓဗ္ဗာ၊ ဂန္ဓဗ္ဗနတ်တို့လည်းကောင်း။ အသုရာ၊ အသုရာတို့လည်းကောင်း။ ယက္ခာ၊ ဘီလူးတို့လည်းကောင်း။ မဟာရာဇာနော၊ နတ်မင်းကြီးတို့လည်းကောင်း။ တာဝတိံသာဒယော၊ တာဝတိံသာ အစရှိကုန်သော။ ဒေဝါ၊ နတ်တို့လည်းကောင်း။ မဟာဗြဟ္မာ၊ မဟာဗြဟ္မာလည်းကောင်း။ ဣတိဧဝမာဒယော၊ ဤသို့ အစရှိကုန်သော။ ပဂ္ဂလာ၊ တို့သည်။ ဗောဇ္ဈင်္ဂါ ဗောဇ္ဈင်္ဂါတိဘန္တေဝုစ္စန္တိ၊ နိဝရဏာနိဝရဏာတိဘန္တေဝုစ္စတိ၊ ဣမေခေါဘန္တေ ပဉ္စုပါဒါနက္ခန္ဓာ၊ ကိသူဓဝိတ္တံ ပုရိသဿသောဠ္ဆန္တိအာဒိနာ၊ ဤသို့ အစရှိသော။ နယေန၊ နည်းဖြင့်။ ပဠံ၊ ပြဿနာကို။ ပုစ္ဆန္တိ၊ မေးကြကုန်၏။

(ဘန္တေ၊ ဘုရား။ ဗောဇ္ဈင်္ဂါ ဗောဇ္ဈင်္ဂါတိ၊ တို့ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ပါကုန်၏။ နိဝရဏာ နိဝရဏာ

http://www.dhammadownload.com

တိ၊ တို့ဟူ၍။ ဝုစ္စန္တိ၊ ကုန်၏။ ဘန္တေ၊ ရား။ ဣမေဓမ္မာ၊ တို့သည်။ ပဋ္ဌ၊ ကုန်သော။ ဥပါဒါနက္ခန္ဓာခေါ၊ ဥပါဒါနက္ခန္ဓာတို့လော။ ဣဓဣမသ္မိံလောကေ၊ ၌။ ပုရိသဿ၊ ၏။ သေဋ္ဌံ၊ မြတ်သော။ ဝိတ္တံ၊ ဥစ္စာသည်။ ကိံ၊ အဘယ်နည်း။ ။ သာဓကပါဠိအနက်)။ ။ ဇဝံ၊ သို့။ ပုဋ္ဌေန၊ မေးအပ်သော။ ဘဂဝတာ၊ သည်။ ဗောဇ္ဈင်္ဂသံယုတ္တာဒီနိ၊ ဗောဇ္ဈင်္ဂသံယုတ် အစရှိကုန်သော။ ယာနိသုတ္တာနိ၊ အကြင်သုတ်တို့ကို။ ကထိတာနိ၊ ဟောတော်မူအပ်ကုန်ပြီ။ ဝါပန၊ ထိုမှတစ်ပါး။ အညာနိ၊ ဗောဇ္ဈင်္ဂသံယုတ် အစရှိသည်တို့မှ တစ်ပါးကုန်သော။ ဒေဝတာသံယုတ္တ မာရသံယုတ္တ ဗြဟ္မသံယုတ္တသဏ္ဌပဋ္ဌ စူဠဝေဒလ္လ မဟာဝေဒလ္လ သာမညဖလ အာဠဝက သူစိလောမခရလောမသုတ္တာဒီနိ၊ ဒေဝတာသံယုတ်။ ပ။ ခရလောမသုတ် အစရှိကုန်သော။ ယာနိသုတ္တာနိပိ၊ အကြင်သုတ်တို့ကိုလည်း။ ကထိတာနိ၊ အပ်ကုန်ပြီ။ တေသံသုတ္တာနံ၊ တို့ကို။ နိက္ခေပေါ၊ သည်။ ပုစ္ဆာဝသိကော၊ ပုစ္ဆာ၏အစွမ်းရှိသည်။ ဟောတိ၊ ၏။ ။ (တစ်နည်း)။ ။ တေသံသုတ္တာနံ၊ တို့ကို။ နိက္ခေပေါ၊ ထားကြောင်းဖြစ်သော အကြောင်းသည်။ ပုစ္ဆာဝသိကော၊ မေးအပ်သော အနက်၏ အစွမ်းအားဖြင့်ဖြစ်သော ဓမ္မပဋိဂ္ဂဟကပုဂ္ဂိုလ်တို့၏ စကားသည်။ ဟောတိ၊ ၏။ ပန၊ အဖို့တစ်ပါး···အံ့။ ဝါ။ ပုစ္ဆာဝသိကနိက္ခေပမှတစ်ပါး အဋ္ဌုပ္ပတ္တိက နိက္ခေပကို ဆိုဦးအံ့။ ယာနိတာနိသုတ္တာနိ၊ အကြင်သုတ်တို့ကို။ ဥပ္ပန္နံ၊ ဖြစ်ပေါ်လာသော။ ကာရဏံ၊ အကြောင်းကို။ ပဋိစ္စ၊ စွဲ၍။ ကထိတာနိ၊ အပ်ကုန်ပြီ။ သေယျထိဒံ၊ ထိုဖြစ်ပေါ်လာသော အကြောင်းကိုစွဲ၍ ဟောတော်မူအပ်သော သုတ်တို့ဟူကုန်သည် အဘယ်သည်တို့နည်း။ ဓမ္မဒါယာဒံ၊ ဓမ္မဒါယာဒသုတ်လည်းကောင်း။ စူဠသီဟနာဒံ၊ စူဠသီဟနာဒသုတ်လည်းကောင်း။ စန္ဒူပမံ၊ သုတ်လည်းကောင်း။ သူရိယူပမံ၊ သုတ်လည်းကောင်း။ ပုတ္တမံသူပမံ၊ သုတ်လည်းကောင်း။ ဒါရက္ခန္ဓူပမံ၊ သုတ်လည်းကောင်း။ အဂ္ဂက္ခန္ဓူပမံ၊ သုတ်လည်းကောင်း။ ဖေဏပိဏ္ဍူပမံ၊ သုတ်လည်းကောင်း။ ပါရိစ္ဆတ္တကူပမံ၊ သုတ်လည်းကောင်း။ ဣတိဇဝမာဒီနိ၊ တို့တည်း။ တေသံသုတ္တာနံ၊ တို့ကို။ နိက္ခေပေါ၊ သည်။ အဋ္ဌုပ္ပတ္တိကော၊ အကြောင်း၏ ဖြစ်ပေါ်လာခြင်းရှိသည်။ ဝါ၊ ဖြစ်ပေါ်လာသော အကြောင်းရှိသည်။ ဟောတိ၊ ၏။

(တစ်နည်း)။ ။ တေသံသုတ္တာနံ၊ တို့ကို။ နိက္ခေပေါ၊ ထားကြောင်းဖြစ်သော အကြောင်းသည်။ အဋ္ဌုပ္ပတ္တိကော၊ ဒေသနာဝတ္ထုဟု ဆိုအပ်သော အကြောင်း၏ ဖြစ်ပေါ်လာခြင်းသည်။ ဝါ၊ ဖြစ်ပေါ်လာသော ဒေသနာဝတ္ထုဟု ဆိုအပ်သောအကြောင်းသည်။ ဟောတိ၊ ၏။ ဇဝံ၊ သို့။ စတူသု၊ ကုန်သော။ ဇတေသုနိက္ခေပေသု၊ တို့တွင်။ ဣမဿသုတ္တဿ၊ ဤဗြဟ္မာလသုတ်ကို။ နိက္ခေပေါ၊ သည်။ အဋ္ဌုပ္ပတ္တိကော၊ သည်။ ဟောတိ၊ ၏။ ။ (တစ်နည်း)။ ။ ဣမဿသုတ္တဿ၊ ကို။ နိက္ခေပေါ၊ သည်။ အဋ္ဌုပ္ပတ္တိကော၊ သည်။ ဟောတိ၊ ၏။ တံဝစနံ၊ နက်လေးခဲရပ်··· သည်။ ဣမိနာဝစနေန၊ ဤဆိုအပ်လတ္တံ့သော ဒဋ္ဌိကရဏာယုတ္တိဝစနဖြင့်။ ဟိသဒ္ဒံ၊ မှန်၏။ ။ (တစ်နည်း)။ ။ ဟိယုတ္တံ၊ သင့်မြတ်၏။ ကသ္မာ၊ ကြောင့်။ တံဝစနံ၊ သည်။ ဣမိနာဝစနေန၊ ဖြင့်။ ဟိသဒ္ဒံ၊ နည်း။ (တစ်နည်း)။ ။ ဟိယုတ္တံ၊ နည်း။ ယသ္မာ၊ အကြင်ကြောင့်။ အဋ္ဌုပ္ပတ္တိယံ၊ ဒေသနာဝတ္ထုဟုဆိုအပ်သော အကြောင်း၏ ဖြစ်ပေါ်လာခြင်းကြောင့်။ ဣဒံသုတ္တံ၊ ဤဗြဟ္မာလသုတ်ကို။ ဘဂဝတာ၊ သည်။ နိက္ခိတ္တံ၊ ထားတော်မူအပ်ပြီ။ ဝါ၊ ဟောတော်မူအပ်ပြီ။ တသ္မာ၊ ကြောင့်။ တံဝစနံ၊ သည်။ ဣမိနာဝစနေန၊ ဖြင့်။ ဟိသဒ္ဒံ၊ မှန်၏။ ။ (တစ်နည်း)။ ။ ဟိယုတ္တံ၊ သင့်မြတ်၏။ ကတရာယ၊

http://www.dhammadownload.com

အဘယ်မည်သော။ အဋ္ဌပ္ပတ္တိယာ။ ကြောင့်။ ဣဒံသုတ္တံ၊ ကို။ နိက္ခိတ္တံ၊ သနည်း။ ဣတိအယံ၊ သည်ကား။ ပုစ္ဆာ၊ တည်း။ ဝဏ္ဏာဝဏ္ဏော၊ ချီးမွမ်းခြင်း, ကဲ့ရဲ့ခြင်းကြောင့်။ ဣဒံ သုတ္တံ၊ ကို။ ဘဂဝတာ၊ သည်။ နိက္ခိတ္တံ၊ ပြီ။ ဣတိအယံ၊ သည်ကား။ ဝိဿဇ္ဇနာ၊ တည်း။

* ဟိ၊ အဖြေကျဉ်းဘိ၊ ဂုဠတ်ရှိ၍၊ မသိမိပွါ၊ လိနတ္ထာကို၊ ကျယ်စွာချဲ့ပိမ့်။ အာစရိယော၊ သည်။ ရတနတ္တယဿ၊ ၏။ ဝါ၊ ကို။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ ကဲ့ရဲ့အပ်သောအပြစ်ကို။ ဝါ၊ ကျေးဇူးမဲ့ ကဲ့ရဲ့ခြင်းကို။ အဘာသိ၊ ပြောဆိုပြီ။ အန္တေဝါသီ၊ အနီးနေတပည့်ဖြစ်သော ဗြဟ္မဒတ္တလုလင်သည်။ ရတနတ္တယဿ၊ ၏။ ဝါ၊ ကို။ ဝဏ္ဏံ၊ ကို။ ဝါ၊ ကို။ အဘာသိ၊ ပြီ။ ဣတိ၊ သို့။ ဣမံဝဏ္ဏာဝဏ္ဏံ၊ ဤချီးမွမ်းခြင်း, ကဲ့ရဲ့ခြင်းကို။ အဋ္ဌပ္ပတ္တိ၊ အဋ္ဌပ္ပတ္တိကို။ ကတွာ၊ ပြုတော်မူ၍။ ဒေသနာကုသလော၊ ဒေသနာ၌ လိမ္မာတော်မူသော။ ဘဂဝါ၊ သည်။ မမံဝါဘိက္ခဝေ ပရေအဝဏ္ဏံဘာသေယျန္တိ၊ ဟူ၍။ ဝါ၊ သော။ ဒေသနံ၊ ကို။ အာရာဘိ၊ အားထုတ်တော်မူပြီ။

တတ္ထတိဿဒေသနာယံ၊ ထိုဒေသနာ၌။ မမန္တိဣဒံပဒံ၊ မမံဟူသော ဤပုဒ်သည်။ သာမိဝစနံ၊ ဆင်္ခီဝိဘတ်ရှိသောပုဒ်တည်း။ ။ (တစ်နည်း) မမန္တိဣဒံဝစနံ၊ အမှဟူသော လိင်နောင်သက်အပ်သော ဤဝိဘတ်သည်။ သာမိဝစနံ၊ ဆင်္ခီဝိဘတ်တည်း။ မမ၊ ငါဘုရား၏။ ဝါ၊ ငါဘုရားကို။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ ကဲ့ရဲ့အပ်သော အပြစ်ကို။ ဝါ၊ ကျေးဇူးမဲ့ ကဲ့ရဲ့ခြင်းကို။ ဘာသေယျုံ၊ ပြောဆိုကြကုန်ရာ၏။ ဣတိအယံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ အတ္ထော၊ တည်း။ ဝါသဒ္ဒေါ၊ ဝါသဒ္ဒါသည်။ ဝိကပ္ပနတ္ထော၊ အထူးကြဉ်ခြင်းအနက် ရှိ၏။ * ပရေတိ၊ ကား။ ပဋိဝိရုဒ္ဓါ၊ ဆန့်ကျင်ဘက်ဖြစ်ကုန်သော။ သတ္ထာ၊ တို့သည်။ ဝဒေယျုံ၊ ပြောဆိုကြကုန်ရာ၏။

တတြာတိ၊ ကား။ ယေသတ္ထာ၊ အကြင်သတ္ထဝါတို့သည်။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ ကဲ့ရဲ့အပ်သော အပြစ်ကို။ ဝါ၊ ကျေးဇူးမဲ့ကဲ့ရဲ့ခြင်းကို။ ဝဒန္တိ၊ ပြောဆိုကြကုန်၏။ တေသုသတ္တေသု၊ ထိုသတ္တဝါတို့၌။ တုမှေဟိ၊ သင်ချစ်သားတို့သည်။ အာဃာတော၊ စိတ်ကို ပြင်းစွာ နှိပ်စက်တတ်သော ကောပကို။ နကရဏီယော၊ မပြုအပ်, မပြုသင့်, မပြုထိုက်။ န အာဃာတောတိ အာဒီတိ၊ နအာဃာတော-ဤသို့အစရှိကုန်သော။ ပဒေဟိ၊ ပုဒ်တို့ဖြင့်။ တေသံဘိက္ခူနံ၊ ထိုရဟန်းတို့အား။ အာဃာတောယေဝ၊ စိတ်ကို ပြင်းစွာ နှိပ်စက်တတ်သော ကောပသည်သာလျှင်။ ကိဉ္စာပိနတ္ထိ၊ အကယ်၍ကား မရှိပေ။ အထခေါ။ ထိုသို့ပင် မရှိပါသော်လည်း။ အာယတိ၊ နောင်အခါ၌။ ကုလပုတ္တာနံ၊ အမျိုးကောင်းသား

---

* **မှတ်ချက်**။ ။ (အာစရိယော-အစရှိသောဝါကျ၌။ ။ အာဟရိယောဟိ ရတနတ္တယဿ။ ။ ဟု ဟိသဒ္ဒါနှင့်ရှိမှ သင့်လျော်မည်။ မရှိက ဆောင်၍စပ်)

* **မှတ်ချက်**။ ။ (အဟံစေဝခေါပန ဓမ္မံ ဒေသေယျံ၊ ပရေစမေနအာဇာနေယျုံ။ ။ ဤသို့အစရှိသော ပါဠိများ၌-အညအနက်ရှိသော ပရသဒ္ဒါ၏။ ။ ဣဿိယပရောပရိယတ္တိယံ။ ။ ဤသို့အစရှိသော ပါဠိများ၌-အဓိကအနက်ရှိသော ပရသဒ္ဒါ။ ။ ပရတောအာဂမိဿတိ။ ။ ဤသို့ အစရှိသော ပါဠိများ၌-ပစ္ဆာဘာဂအနက်ရှိသော ပရသဒ္ဒါ။ ။ ဥပဓိန္တိ ပရုပဝါဒံ သဟဓမ္မေန သုနိဂ္ဂဟိတံ နိဂ္ဂဟေတွာ။ ။ ဤသို့ အစရှိသော ပါဠိများ၌-ပစ္စနီက အနက်ရှိသော ပရသဒ္ဒါ။ ။ ဤဆိုအပ်ပြီးသော ပရသဒ္ဒါတို့တွင် ဤအရာ၌ ပစ္စနီကအနက်ရှိသော ပရသဒ္ဒါတည်း-ဟု ပြလိုသော အဋ္ဌကထာဆရာသည်။ ။ ပရေတိပဋိဝိရုဒ္ဓါသတ္ထာ။ ။ ဟု မိန့်တော်မူ၏)

http://www.dhammadownload.com

တို့အား။ † ဤဒိသေသု၊ ဤကဲ့သို့ ရှုအပ်သော သဘောရှိကုန်သော။ ဌာနေသုပိ၊ ရတနာသုံးပါးနှင့် စပ်သောအရာတို့၌သော်လည်း။ အကုသလုပ္ပတ္တိ၊ အကုသိုလ်၏ဖြစ်ခြင်းကို။ ပဋိသေဓေန္တော၊ တားမြစ်တော်မူလိုသည်၏ အဖြစ်ကြောင့်။ ဝါ၊ တားမြစ်တော်မူလိုခြင်းကြောင့်။ ဓမ္မနေတ္တိ၊ သဒ္ဓမ္မသို့ ဆောင်တတ်သော ပရိယတ်ကို။ ထပေတိ၊ ထားတော်မူ၏။

တတ္ထတသ္မိပါဠေ၊ နှ အာဃာတော-အစရှိသော ထိုပါဠိ၌။ အဝယဝတ္ထော၊ အစိတ်အစိတ် ဖြစ်သောအနက်ကို။ ဝါ၊ အစိတ်အစိတ်ဖြစ်သော ပုဒ်တို့၏ အနက်ကို။ ဇဝံ၊ သို့။ ဝါ၊ ဖြင့်။ ဝေဒိတဗ္ဗော၊ ၏။ *ယောကောပေါ၊ အကြောင်ကောပသည်။ စိတ္တံ၊ စိတ်ကို။ အာဟနတိ၊ ပြင်းစွာနှိပ်စက်တတ်၏။ ဣတိတသ္မာ၊ ထိုသို့ စိတ်ကို ပြင်းစွာနှိပ်စက်တတ်သည်၏ အဖြစ်ကြောင့်။ သောကောပေါ၊ ထိုကောပသည်။ အာဃာတော။ အာဃာတမည်၏။

